www.burmeseclassic.com

# ရင်မိုး
(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

# ကြယ်တစ်ပွင့်ရဲ့တောက်ပချိန်

www.burmeseclassic.com

www.burmeseclassic.com

ရှင်မိုး(ဆေးတက္ကသိုလ်)

# ကြယ်တစ်ပွင့်ရဲ့တောက်ပချိန်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၅၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၂၀၃၀၈

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET –
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com







# ရှင်မြှီး
## (ဆေးတက္ကသိုလ်)




# ကြယ်တစ်ပွင့်ရဲ့တောက်ပချိန်

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







ခေမခ သည် မဟေမာ၏ ပဝါအနားစနှင့် ဝတ်ထား[illegible]သော ကျောက်နီလက်ကောက် မတော်တဆ သွားငြိသည်ကို [illegible]ဖြတ်ပေးရင်း ချွေးအလိုလိုပြန်ကာ နဖူးပြင်မှ ချွေးတွေစီးကျ[illegible]သည်။

"ဟဲ့ ... မရရင်လည်း ထားလိုက် ခေမာ၊ ငါ လက်ကို သတိထားပြီး မမြောက်ဘဲ နေလိုက်မယ်လေ၊ နင့်ကြည့်ရတာ ချွေးတောင်ပြန်နေပြီ"

မဟေမာက ခေမာ့နဖူးမှ ပြန်တက်လာသော ချွေး[illegible]လက်လက်တွေကို ကြည့်ရင်း ခပ်တိုးတိုး ငုံ့ပြောနေ[illegible]။

"ရပါတယ် ပြီးတော့မှာပါ၊ တော်ကြာ ပဝါလည်းပြဲ လက်ကောက်လည်း ချိတ်ပျက်သွားဆိုရင် နှစ်ခုစလုံးနာနေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်၊ မင်္ဂလာဦးမှာ ဘာပစ္စည်းမှ မပျက်စီးရဘူးတဲ့ မဟေမာရဲ့”

“အံမယ်လေးဟယ် ... အယူမသီးပါနဲ့၊ မတော်တဆဆိုတာ ဖြစ်တတ်တာပဲ”

ထိုအချိန်တွင် မဟေမာ အနား ပြန်လာရပ်သော ကိုသက်အောင်က ...

“ရပြီလား ဟေမာ၊ ပဝါငြိနေသေးလား ...”

ဟု မေးသည်။

“ရပြီ အစ်ကိုသက်အောင်၊ ဒီမှာ ခေမာ ကူပြီးဖြေပေးလိုက်တယ်၊ မဟေမာ ဘာသာဆိုရင် ဆံထုံးတွေ ဝတ်စားထားတာတွေနဲ့ သေသေချာချာ ငုံ့ဖြုတ်ဖို့ တော်တော်အချိန်ယူရမယ် အခုတော့ ခေမာ ဖြုတ်ပေးလိုက်ပြီ”

ခေမာ ဝင်ဖြေလိုက်တော့ ကိုသက်အောင်မှာ ခေမာ နှုတ်ခမ်းပြင်မှာ ချွေးပြန်နေသည်ကို တွေ့သွားပြီး ...

“ဟောဗျာ ... ငါ့ညီမ ချွေးတောင်ပြန်တာကိုး”

ဟု ရေရွတ်လေသည်။

“ခေမာ ဒီနေ့လှနေမှ ဖြစ်မယ်လို့ အမေ မှာထားတာ ဆောရီး ...။ ငါ့ကြောင့် နင် ချွေးပြန်ပြီး အလှပျက်သွားပြီ





“ဟာ ... မဟေမာကလည်း အဲဒီလောက် မလိုပါဘူး၊ အမေ စိတ်ချမ်းသာအောင်သာ ခေမာ နားထောင်နေရတာ၊ ခေမာ့ စိတ်ထဲမှာ သိပ်မပါပါဘူး”

ကိုသက်အောင်က မိနီဘတ်စ်လေးတစ်စီး ကျောင်းထဲ ဝင်လာတာမြင်လျှင် ..

“ဟေမာရေ ရုံးကအဖွဲ့တွေ လာပြီထင်တယ်”

ဟု သတိပေးလိုက်သဖြင့် ခေမာနှင့်စကားပြောနေမှာ စကားပြတ်သွားပါသည်။

ခေမာသည် မဟေမာတို့နှံတွဲ တွဲလျှောက်သွားရာကို ကြည့်နေမိခဲ့သည်။

မဟေမာသည် သူ တကယ်ချစ်သောသူကို ရှာတွေ့ ... ချစ်သူနဲ့ဆိုရင် ဘဝကို ရဲရဲရင်ဆိုင်ရဲတယ်လို့ ကြွေးကြော် ... တွဲသွားခဲ့လေပြီ။

ဒါဖြင့် ခေမာ့အလှည့်ကျရင်ရော ...။ ...။ ခေမာ ... လိုသတ္တိမျိုးနဲ့ ချစ်သူကို လက်တွဲရဲပါမည်လား။ ဒါမှမဟုတ် ... ဘဝမှာ နံပါတ်တစ် မဟုတ်ဘူး။ သူက နံပါတ်နှစ်မှာ ... ဘဝမှာ ငွေကြေးချမ်းသာပြည့်စုံခြင်းက နံပါတ်တစ်လို့ ... ရေရွတ်ပြတဲ့အတိုင်း ခေမာနားဝင်ပြီးတော့များ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ခေမာသည် အခု လောလောဆယ်မှာတော့ အမေ တဖွဖွပြောထားသဖြင့် အမေ စိတ်ချမ်းသာစေရန်အလို့ငှာ အမေက ခေမာနဲ့ဆုံစည်းစေချင်သော လူတစ်ယောက်ကို မသိမသာ မျှော်လင့်စောင့်စားနေရသူသာ ဖြစ်နေပါသည်။

◆ ❤ ◆





**ရာစုသစ်** သည် ဒီနေ့တွေလိုမျိုးဆိုရင် သူငယ်ချင်းတစ်ယောက်ယောက်အိမ်သွားပြီး စာကျက်တာနည်းနည်း အလေလိုက်တာများများလုပ်ပြီး အချိန်ဖြုန်းချင်သူဖြစ်သည်။

သို့သော် ဦးလေးက မနက်အိပ်ရာထတော့ အရေးဆိုလာသည်မှာ ..

"ရာစု ဒီနေ့ အပြင်မထွက်နဲ့တော့ကွာ၊ ငါ့ကို ကားမောင်းလိုက်ပို့ပေးစမ်းပါ၊ ခေါင်းနည်းနည်း ကိုက်နေလို့၊ ဆေးသောက်လိုက်တော့ မမောင်းချင်ဘူး။ မင်းပဲ လိုက်မောင်းပို့လိုက်ကွာ"

"ခေါင်းကိုက်နေလည်း အိမ်မှာနေပေါ့ ဦးလေးရဲ့၊ ဘယ်သွားဦးမလို့လဲ"

"မိတ်ဆွေတစ်ယောက်ရဲ့သမီး မင်္ဂလာဆွမ်းကျွေးဖိတ်ထားလို့ကွာ"

"လက်ဖွဲ့နောက်မှသွားပေးလိုက်ပေါ့၊ မသွားရင် ရသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသွားရင်မဖြစ်တဲ့ မိတ်ဆွေမို့ သွားချင်တာကွ။ မင်းကလည်း အရေးထဲမှာ။ ကားမောင်းဖို့အရေး ဇာတ်စုံခင်းပြနေရဦးမှာလား။ ဘယ်လောက်မှမကြာဘူး။ အလွန်ဆုံး အသွားအပြန်ရော ဟိုမှာထိုင်မှာရော နှစ်နာရီပဲ။ အဲဒီကပြန်လာမှ မင်း သွားချင်ရာသွား"


ဒါနဲ့ပဲ ရာစုသစ်သည် ဦးလေးစကားကို မလွန်ဆန်နိုင်တော့ဘဲ မင်္ဂလာဆွမ်းကျွေးညှိခံပွဲကျင်းပရာ ဘုန်းကြီးကျောင်းတိုက်ကြီးကို ကားမောင်းလိုက်ပို့ရင်း ပါလာခဲ့ရသည်။

ဘုန်းကြီးကျောင်းပေမဲ့ ကျောင်းကသတ်သတ်၊ ညှိခံရာမွှာရုံကသတ်သတ်မို့ ဖိနပ်ချွတ်ဝင်စရာမလိုပါ။ လူတွေအကုန်လုံးလည်း စားပွဲတွေ ကုလားထိုင်တွေနဲ့ ထိုင်ရပါသည်။ ရာစုသစ်သည် ဦးလေးနောက်မှ ပါလာရင်း သတို့သား၊ သတို့သမီးကို ကိုယ်နဲ့လည်း မသိပါဘဲ နှုတ်ဆက်နေရလေသည်။

❖ ❤ ❖







# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## ၁

"သမီးငယ်ရေ ... အဖေ့မိတ်ဆွေ ရှေ့နေကြီး ဦးဆန်းဦးနဲ့ သူ့တူကို နေရာချလိုက်ပါဦး"

ဧည့်သည်တွေ ပြုံကျနေပြီဖြစ်ရာ နေရာချဖို့ တော်တော်လေး အဆင်မပြေချိန်မှာ အဖေက ခေမာ့ကို တာဝန်ပေးလာသဖြင့် ခေမာ ခေါင်းစားသွားပါသည်။

မဟေမာနဲ့ ကိုသက်အောင်တို့က တစ်ရုံးတည်း အလုပ်တူကြသူများဖြစ်ရာ သူတို့ရုံးမှဧည့်သည်တွေ မိနီဘတ်စ်ဖြင့် တစ်ပြုံကြီး တစ်ပြိုင်တည်း ရောက်ချလာသဖြင့် စားပွဲဝိုင်းတွေ အကုန်အပြည့်နီးပါး ဖြစ်ကုန်ပါသည်။

ခေမာသည် ယောကျ်ားသား နှစ်ယောက်တည်းကို မိန်းမတွေချည်းရှိသည့်ဝိုင်းမျိုးထဲလည်း မသွင်းချင်တာမို့ ဘယ်နေ





ရာမှာများ ယောကျ်ားအုပ်စုများမလဲဆိုတာ အပြေးအလွှား စဉ်းစားရှာဖွေမိသည်။

"ဦးလေး လူသိပ်များနေရင်လည်း လက်ဖွဲ့ပေးပြီး နည်းနည်းပါးပါးနှုတ်ဆက်ပြီးရင် ပြန်ကြရအောင်"

ရာစုသစ်သည် စားပွဲတွေ လူပြည့်နေတာမြင်လျှင် ထိုင်ခွင့်ရဖို့အရေး စောင့်နေရတာကို အလိုလို ရှက်လာသည်။ အလှူလာပြီး ထမင်းတစ်နပ် စားရဖို့အရေး စောင့်နေရသည့်ပုံစံကို အလိုလိုနေရင်း ရှက်နေမိသည်။

"ဟာ ... မပြန်ပါနဲ့ ငါ့တူရယ်။ ဒီလိုကြီး ပြန်ရင်တော့ ဘယ်ကောင်းပါ့မလဲ၊ အန်ကယ်လ်နဲ့သမီး နေရာကြည့်ပေးပါဦးမယ် စိတ်မရှိပါနဲ့နော် ဦးဆန်းဦး၊ ခုလေးတင်မှ သမီးကြီးတို့ရုံးကအဖွဲ့တွေ ရောက်လာကြလို့ပါ"

သတို့သမီး၏အဖေဟု သိထားသော အန်ကယ်လ်ကြီးက နားစွန်နားဖျား ကြားသွားပြီး တောင်းပန်လျှင် ရာစုသစ် အားနာသွားမိသည်။ ဦးလေးကလည်း ရာစုသစ်ကို အသံတိတ်ဆုပ္ပဟန်ဖြင့် မျက်စောင်းထိုးကြည့်လေသည်။

ကောင်မလေးကလည်း အဲ ... သတို့သမီး၏ညီမဖြစ်ပုံရသူ ပိုးပြောင်မြန်မာဝတ်စုံ အဝါရောင်လေး ဝတ်ထားသည့် ကောင်မလေးကလည်း ခုနက ရာစုသစ်ကို သာမန်ကာလျှံကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေမဲ့ အခုတော့ အသေအချာလေးကြည့်သည်။ သူမ စိတ်ထဲမှာတော့ တော်တော်လှမူရေးအသိတရား နည်းတဲ့လူ ဟူသော အတွေးမျိုးရှိနေမှာ သေချာပါသည်။ ဘယ်မြန်မာလူမျိုးကမှ အလှူမှာဖြစ်ဖြစ် မင်္ဂလာဆွမ်းကျွေးမှာဖြစ်ဖြစ် လူကျနေလို့ နှုတ်ဆက်ပြီး လှည့်ပြန်တာ မရှိဘူးဟုလည်း ပြောချင်ရသည့် အကြည့်မျိုးဖြစ်ကြောင်း ရာဇသစ် ခံစားလို့ရပါသည်။

ကောင်မလေး၏ရုပ်ရည်မှာ သိပ်ပြီး မှုန်ညက်နေအောင် ဝင်းပတောက်လက်နေအောင် ရှင်းခန့် လင်းခန့်လှနေတာမျိုးတော့မဟုတ်။ သို့သော် ကြည့်လိုက်ရင် ဘယ်လိုလေးမှန်းမသိ စိတ်ဝင်စားစရာ ကောင်းအောင် လှနေကာ တစ်နေကုန်ထိုင်ကြည့်နေချင်စရာ ပုံစံလေးဖြစ်သည်။

ပုံဖော်ထားပုံရသော မျက်ခုံးတန်းတန်းနက်နက်လေးနှင့် အရောင်ခပ်လက်လက်ဖြစ်သော မျက်ဝန်းနက်နက်တို့မှာ သူမ မျက်နှာတွင် အထင်ရှားဆုံးဖြစ်နေသည်။ ဆံပင်ကတော့ ဘယ်လောက်ထိရှည်သည် မသိရပါ။ဒီနေ့တော့ နောက်တွဲဆံထုံးလေးကို ဖန်အုပ်ဆောင်းလှလှလေးအုပ်ပြီး ထုံးထားပါသည်။

ရာဇသစ် မကျေနပ်တာက ကောင်မလေးဟာ ရာဇသစ်ကို အရေးမစိုက်တာပင်။ ရာဇသစ်ဆိုတဲ့ ကောင်လေးဟာ မိန်းကလေးတွေတိုင်း သဘောကျသွားစရာ ရုပ်ရည်ခပ်မိုက်မိုက်





လေးနဲ့ စတိုင်လ်ခပ်မိုမိုလေး ရှိနေရက်နဲ့ ဒီကောင်မလေးက အထူးတလည် အရေးတယူမဖြစ်တာကို ရင်ထဲမှာ နည်းနည်းရောများများပါ မကျေနပ်လှ။

"အဖေ နေရာတစ်နေရာတော့ ခေမာ တွေ့ထားတယ်။ အမေ့မိတ်ဆွေ ဒေါ်မိုးမြင့်နဲ့ သူ့တူ ခုလေးတင် ဝင်ထိုင်တဲ့နေရာလေ"

"ဩော် ... ဟုတ်သားပဲ၊ သမီး အမေ သီးသန့်ချန်ထားတဲ့နေရာပဲ။ ဦးဆန်းဦး ကြွပါ ... ကြွပါ၊ နေရာတစ်ခု စီစဉ်ထားပြီးသားပါ။ ကျွန်တော်လည်း နေကပူ လူကများတော့ ပူအိုက်ပြီး မျက်လုံးတွေပြာကုန်တာနဲ့ ရုတ်တရက် ရှာမတွေ့ဘူးဖြစ်နေတာဗျာ"

"ရပါတယ် ဦးအုပ်စိုးရယ် အားမနာပါနဲ့၊ ဒီလိုဖြစ်တတ်တာ ကျွန်တော် နားလည်ပါတယ်"

ဆွမ်းစားကျောင်းဆောင်ကြီးထဲမှာ မျက်နှာကြက်မှာ ပန်ကာတွေတပ်ထားပေမဲ့ အပြင်မှာရာသီဥတုက ပူလှသဖြင့် အထဲမှာလည်း ပူအိုက်နေပါသည်။ ကောင်မလေးဆိုလျှင် မိတ်ကပ်ခပ်ပါးပါးလိမ်းထားသော မျက်နှာပြင်၌ ချွေးပြန် အဆီဝေ့နေပါသည်။ နှဖူးပြင်ကိုလည်းကောင်း၊ နှုတ်ခမ်းအပေါ်တစ်ဝိုက်ကိုလည်းကောင်း တစ်ရှူးစဖြင့် မကြာခဏ တို့သုတ်နေရတာတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာရသစ် စိတ်ထဲမှာတော့ ငါသာ မင်္ဂလာဆောင်ရင် ဒီလို ပူအိုက်တဲ့ရာသီဥတုမှာ မဆောင်ဘူး။ ပြီးတော့ အခုလိုလည်း ဆွမ်းကျွေးညစာခံတာမလုပ်ဘူး။ သိပ်မဖြုန်းနိုင်ရင်တော့ စားသောက်ဆိုင်တစ်ခုခုမှာ ညစာခံလိုက်မယ်။ စားသောက်ဆိုင်ဆိုလည်း အဲယားကွန်းရှိတဲ့ ဆိုင်မျိုးပေါ့။ ဒါဆို လာရတဲ့လူတွေလည်း အခုလို ပူလောင်အိုက်စပ်နေစရာမလိုဘူး။ ပိုက်ဆံအများကြီးဖြုန်းနိုင်ရင်တော့ နာမည်ကြီး ဟိုတယ်ကြီးတွေမှာ ဆောင်ပြီပေါ့ ဟူသော မဆီမဆိုင်အတွေးကိုတွေးရင်း ဦးလေး အတင်းဝတ်နိုင်း၍ ဝတ်လာရသောတိုက်ပုံကို ချွတ်ပစ်ချင်စိတ်ဖြစ်နေပါသည်။

"သန့်ရေ ... ဒါ ငါ့မိတ်ဆွေ ရှေ့နေကြီး ဦးဆန်းဦးပဲ

သူတို့တူဝရီးကို ဒီဝိုင်းမှာ နေရာချမလို့ကွာ စီစဉ်ပါဦး"

အမေ့မှာ ခေမာကို သူ အထူးတလည် လှမ်းခေါ်နေစရာမလိုပါဘဲ အနားရောက်လာသဖြင့် ဝမ်းသာအားရနဲ့ လက်အသာဆွဲပြီး အမေ မိတ်ဆက်ပေးချင်သူနှင့် မိတ်ဆက်ပေးဖို့ ပါးစပ်ပြင်တုန်း ခေမာ့နောက်မှာပါလာသော အဖေ့ဆီမှ စကားသံကြောင့် အမေ့နှုတ်ဖျားမှ ဘာသံမှတောင် ထွက်ခွင့်မရလိုက်ပါ။

ခေမာသည် TV ကြော်ငြာတွေမှာသာ မြင်ဖူးသော စိန်တွေချည်းပြည့်နေသည့် လည်ဆွဲကြီးကိုလည်းကောင်း၊ လက်ကောက်ကြီးကိုလည်းကောင်း၊ ခုံးထနေသည့် လက်စွပ်ကြီးကိုလည်းကောင်း၊ စိန်တစ်လုံးတည်းနားကပ်တစ်ရန်ကိုလည်းကောင်း ဆင်မြန်းထားသည့် အမေ့မိတ်ဆွေအမျိုးသမီးကြီးကို မြင်လိုက်တာနဲ့ ဒါ ဘယ်သူဆိုတာ ကြိုသိနေပါသည်။

"စိန်တိုက်ကြီးတစ်တိုက်လုံး ပိုင်ထားတာ သမီးရဲ့။ ဒေါ်မိုးမြင့်က တော်ရုံလူကို ပေါင်းတာ မဟုတ်ဘူး။ အင်မတန်မှ လူရွေးတာ၊ သူတို့လိုသူဌေးချင်းတောင် သူနဲ့တည့်တဲ့သူ လက်ချိုးရေလို့ရတယ်၊ သူက အလကားနေရင်း မောက်မာစိတ်ပုပ်နေလို့တော့ မဟုတ်ဘူး။ သူက လူတစ်မျိုး၊ အမှန်ကိုပဲ တဲ့တိုးပြောတော့ သူနဲ့တည့်တဲ့သူ ရှားတာပေါ့။ အခုလောလောဆယ် ဒေါ်မိုးမြင့်ရှာနေတာက သူ့တစ်ဦးတည်းသောတူအတွက် အိမ်ထောင်ဖက် မိန်းကလေးတဲ့။ ချမ်းသာဖို့မလိုဘူး သူ့တူ သဘောကျရင် ပြီးရောတဲ့၊ ဒါကြောင့် အမေကလည်း သမီးအတွက် စိတ်ကူးယဉ်မိတာ"

ခေမာ့ အဖေနဲ့အမေမှာ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလေးတစ်ခုကို တည်ထောင်ထားသူများဖြစ်လေရာ ဒေါ်မိုးမြင့်တို့လို သိန်း ထောင်နဲ့ သောင်းနဲ့ သိန်းနဲ့ သန်းနဲ့ ချီပြီး ချမ်းသာသော သူဌေးမျိုးနဲ့လည်း မကြာခဏ ဆုံကြပါသည်။ ကိုယ်တိုင်က ...ထဲမှာ သိန်းရာဂဏန်းမပြောနဲ့ ဆယ်ဂဏန်းတောင်မှမြဲအောင်







www.burmeseclassic.com

www.burmeseclassic.com



ကိုင်နိုင်ဖို့ မနည်းကြိုးစား ရုန်းကန်နေရလေရာ သိန်းထောင်ချီ ချမ်းသာသော သူဌေးတွေကို အမေ့မှာ အင်မတန်မှ အားကျပါသည်။

အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှာ အစုရှယ်ယာများဖြင့် ခပ်ကျဉ်းကျဉ်းလေးလုပ်သော လုပ်ငန်းမျှသာမို့ ခေမာတို့မှာ သိပ်ပြီး ငွေကြေးပိုလျှံလှတာ မဟုတ်။ ရပ်ကွက်တစ်ခုမှာ တိုက်ခန်းလေးတစ်လွှာပိုင်ပြီး လူတန်းစေ့နေနိုင်ရုံကလွဲလျှင် ငွေပိုငွေလျှံ သိပ်လက်ထဲမရှိသောဘဝမို့ အမေသည် သမီးတွေကိုတော့ ချမ်းချမ်းသာသာ ဖြစ်စေချင်ကြောင်း မကြာခဏ ပြောခဲ့ဖူးပါသည်။

"ဟေမာကတော့ လုပ်ချသွားပြီ၊ အမေမှာထားတဲ့အတိုင်း မရှာဘဲ ကိုယ်နဲ့ဘဝတူထဲက ရွေးလိုက်ပြီကွယ်။ အေးလေ ဘယ်သူမဆို ကိုယ့်ဘဝကိုယ်ပဲပိုင်တာ၊ ကိုယ်ဖြစ်ရင် ကိုယ်ပဲခံရမှာမို့ အမေ အပြစ်မပြောပါဘူး။ တားလည်းမတားပါဘူး။ အမေတို့တုန်းကလည်း ကိုယ့်သဘောနဲ့ကိုယ့်ဘဝကို တည်ထောင်လာတာမို့ မတားပါဘူးလေ၊ ဒါပေမဲ့ သမီးနှစ်ယောက်ရှိတာ တစ်ယောက်ကို ရည်မှန်းတဲ့အတိုင်းမဖြစ်ရင် နောက်တစ်ယောက်ကိုတော့ ဖြစ်စေချင်တယ်ကွယ်"

ဆိုကာ မဟေမာ ကိစ္စ စပြီးစိစဉ်ကြကတည်းက အမေဟာ ခေမာ့အတွက် ကြိုတင်တွေးပူပြီး ဘယ်မှာများ သူဌေးကို





ရှာရနိုင်မလဲလို့ နားစွင့်နေချိန်။ တိုက်ဆိုင်စွာပင် ဒေါ်မိုးမြင့်၏ အမွေစားအမွေခံ ခြံကြီးနဲ့တိုက်ကြီး ပြန်ရောင်းချင်၍ အမေတို့ရဲ့ အကျိုးဆောင်လုပ်ငန်းမှာ လာဆက်သွယ်စကားပြော ဆုံတွေ့ခင်မင်၊ ရင်းနှီး၊ အလုပ်ဖြစ် စသဖြင့် ဆက်တိုက် တစ်ခုပြီးတစ်ခု ဆက်စပ်ပြီးဖြစ်ပျက်လာခဲ့ပါသည်။

"ဒေါ်မိုးမြင့်က အမေ့ကို တော်တော်လေးခင်သွားလို့ အိမ်ကိုတောင် ထမင်းစားဖိတ်တယ်"

ဟုပြောပြီး အဖေနဲ့အမေ ဒေါ်မိုးမြင့်အိမ်မှာ ထမင်းစားသွားကြပြီး အပြန်တွင် အမေ့နှုတ်ဖျားမှာတော့ ဒေါ်မိုးမြင့်၏ တစ်ဦးတည်းသောတူ သူမ၏ မွေးစားသားလည်း ဖြစ်သော "မိုးအာကာ"ဆိုတဲ့ အမည်ဟာ စတင်ရေပန်းစားလာခဲ့တာဖြစ်သည်။

"ဒေါ်မိုးမြင့်ခင်ဗျား သူကတော့ ကျွန်တော်တို့ အကျိုးဆောင်လုပ်ငန်းတွေနဲ့ အမြဲတမ်းနီးပါး ပတ်သက်နေတဲ့ ရှေ့နေကြီး ဦးဆန်းဦးပါ"

"ရှေ့နေကြီး ဦးဆန်းဦးလား၊ ကျွန်မ ကြားဖူးပါတယ်၊ နာမည်ကြီးပါပဲ"

"အခုလို ချီးကျူးတာ ကျေးဇူးပါပဲခင်ဗျာ၊ သူကတော့ ကျွန်တော့်တူလေးပါ ရာစုသစ်တဲ့၊ ရန်ကုန်မှာ ကျောင်းလာတက်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒီမှာလည်း ကျွန်မရဲ့တူသားပါ၊ သားက အင်္ဂလန်မှာ Ph.D(ပီအိပ်ချ်ဒီ) ပြီးလာတာလေ။ စီးပွားရေး ဘာသာနဲ့ပေါ့"

ဒေါ်မိုးမြင့်က ရှေ့နေကြီး၏တူဆိုသူကို အထင်မကြီး ဟန်ဖြင့် သူမ၏တူသား မိုးအာကာ၏ ဂုဏ်ထူးဘွဲ့ထူးကို ကြေညာ ကြွားဝါလိုက်ပါသည်။ ခေမာ သတိထားမိတာကတော့ မိုးအာကာ ဟာ အင်မတန်မှ အေးအေးဆေးဆေးနေတတ်ပုံရပြီး သူ့ကြီးတော် က ထိုသို့ကြွားဝါတာ ခံရသဖြင့် မနေတတ်မထိုင်တတ်ဖြစ်သွား သလိုလို အမူအရာတွေ့ရပါသည်။

အဖေကတော့ အလိုက်မသိတာလား။ ရှေ့နေကြီးကို အားနာသွားလို့လားမသိ။ ကြားထဲဝင်ပြီး ...

"ဦးဆန်းဦးတူလေးကရော ဘယ်မှာကျောင်းတက်နေတာ လဲ"

ဟု စကားအစဖော်ပြီး မေးပေးလျှင် ဦးဆန်းဦးက မဖြေဘဲ သူ၏တူဖြစ်သူက မခံချင်ဟန်ဖြင့် ...

"ကျွန်တော် Final Part I(ဖိုင်နယ်လ်ပါ့တ်ဝမ်း) M.B.,B.S အမ်ဘီဘီအက်(စ)ပါ၊ ဆေး(၁)မှာတက်နေတာပါ"

ခေမာ့စိတ်ထဲမှာတော့ ဝိုးဟု ခပ်လျောင်လျောင်လေး အော်မိသည်။ ဪ ... သူ့ပုံက ဒါကြောင့် သူ့ကိုယ်သူ အထင်





ကြီးပြီး ဂုဏ်တက်နေတဲ့ပုံဖြစ်နေတာကိုး။ ဘာကြောင့်လဲဆိုတော့ ဆေးကျောင်းတက်ရတဲ့သူတွေဟာ အချင်းချင်း ယှဉ်ကြည့်ရင် သာမန်ကျောင်းကိုတက်ရတဲ့သူတွေထက် ရုပ်ကလေးတွေက နည်း နည်းတော့ ပိုပြီးကြွားကြွားဝင့်ဝင့် စိတ်ချတဲ့ဟန်အပြည့်ရှိသလိုလို တွေ့ရတတ်တယ်လို့ ခေမာ ထင်ထား၍ပင်။

"ဒါက သမီးငယ်လေး ခေမာတဲ့။ အကြီးမက ဟေမာ ဆိုတော့ အငယ်ကိုလည်း ကာရန်ညီအောင် ခေမာလို့ နာမည်မှည့်ထားတာလေ ... ဟင်း ဟင်း"

အမေမှာ အမှန်တော့ မိုးအာကာနဲ့ ခေမာ့ကို သီးသန့်မိတ်ဆက်ပေးချင်တာပေမဲ့ အခုတော့ ဒီဝိုင်းထဲမှာ တခြား ဧည့်သည်နှစ်ဦးပါ ရှိနေလေရာ အားလုံးကို ခြုံပြီး မိတ်ဆက်ပေး သလိုလို ဖြစ်နေသည်။ အမေ့ မျက်လုံးတွေက မိုးအာကာဆီပဲ တစ်ချိန်လုံး ဂရုတစိုက် အကဲခတ်နေကာ ခေမာ့ကို မိုးအာကာ ကြည့်မကြည့်ရဲ့လားလို့ ကြားထဲက ဝင်ပူပေးနေပုံရသည်။

ဒေါ်မိုးမြင့်ကတော့ ခေမာ့ကို သေသေချာချာလေး ကြည့်ပြီး ...

"ဪ ... မိန်းမချောလေးပဲ၊ သမီးက ကျောင်းပြီးပြီ လား"

ဟု မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ အန်တီ ပြီးပါပြီ၊ အဝေးသင်နဲ့ပဲ ဘွဲ့တစ်ခု ရအောင် ယူလိုက်ပါတယ်"

"ဘယ်မှာ အလုပ်လုပ်လဲ"

"ခေမာ့သူငယ်ချင်းတွေနဲ့စုပြီး Bakery(ဘေကရီ)ဖွင့်ထားပါ တယ်၊ ဆိုင်က အခုမှ စပြီးဖွင့်ခါစပါ၊ ဒါကြောင့် လူသိ မသိသေးဘူး"

"Bakeryဖွင့်တယ်ဆိုတော့ ကိုယ်တိုင်က မုန့်လုပ်တတ် လား"

ဒီတော့ အမေက ကြွားချင်ဟန်ဖြင့် အလျှင်အမြ ဝင်ပြောတော့သည်။

"သမီးတို့ သူငယ်ချင်းအုပ်စုက ဝါသနာသိပ်ပါကြတာ ဘောင်ဒရီမှာလည်း တက်ဖူးတယ်။ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဌာနကဖွင့်တဲ့ မုန့်လုပ်သင်တန်းလည်း တက်ထား တယ် ဒေါ်မိုးမြင့်ရဲ့"

ဒေါ်မိုးမြင့်က ခေါင်းအသာညိတ်ရင်း မိုးအာကာ ကိုသာ မကြာခဏ အကဲခတ်နေတာတွေ့ရသည်။ သဘော မိုးအာကာ သဘောကျရင် ဒီလိုမိန်းကလေးမျိုးလည်း လက်ခံနိုင် တယ်၊ ဒီတော့ မိုးအာကာ သဘောကျ မကျ အကဲခတ်နေပုံမျိုးဖြ ပါသည်။





ရာစုသစ်သည် ခေမာဟု နာမည်သိလိုက်ရသော ကောင်မလေးရဲ့ အမေဖြစ်သူ ဖန်တီးနေသောဇာတ်လမ်းကို ချက် ချင်း ရိပ်မိသွားကာ ခနဲ့တဲ့တဲ့လေး အသာကျိတ်ပြုံးလိုက်မိသည်။

အင်း ... မဆန်းပါဘူးလေ။ တစ်ကိုယ်လုံး စိန်တွေ သီးနေတဲ့ သူဌေးမကြီးရဲ့တူဆိုတော့လည်း ဘယ်အမေမဆို ကိုယ့် သမီးကို စိတ်ဝင်စားသဘောတကျ ကမ်းလှမ်းစေချင်တာပဲလေ။ ဒါ ဘာမှမဆန်းပါဘူးလေ။ ငါ့လို သာမန်ရှေ့နေကြီးရဲ့တူသား ဆေးကျောင်းသား ပါမွှားကောင်ကိုတော့ ဘယ်ဂရုစိုက်ပါမလဲ ဟား ... ဟား ...။

ခေမာသည် ရှေ့နေကြီး၏တူ ဆေးကျောင်းသားဆို သော ကောင်လေးထံမှ လှစ်ခနဲပြုံးလိုက်သော အပြုံးကိုမြင်လျှင် ရင်ထဲမှာ ဒေါသဖြစ်သွားလျက် သူနဲ့ မျက်လုံးချင်းမဆုံဆုံအောင် ဘမင်ကြည့်ပစ်ကာ မျက်စောင်းကျကျနှန ထိုးလိုက်မိတော့သည်။

ထိုနေ့က ဒေါ်မိုးမြင့်ဟာ နာရီဝက်လောက်တောင် ထိုင်ဘဲ ညှော်ခံကျွေးမွေးသော ထောပတ်ထမင်းကို တစ်ဇွန်းနှစ် ဇွန်းသာ စားပြီကာ ပြန်ပါသည်။ အမေကတော့ ဒေါ်မိုးမြင့်၏ မာစီးဒီး(စ်)ကားဖြူကြီးရှိရာနားအထိ အပြေးအလွှားလိုက်လံနှုတ် ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခေမာကတော့ ရှေ့နေကြီးပိုင်သော S.E(အက်(စ) အီး)ဆလွန်းကားအဟောင်းကို မောင်းပြီး ပြန်သွားသော ရာစုသစ်၏ မထီမဲ့မြင်ဟန်ကို အတော်ကြီးမေ့ပျောက်အောင် ကြိုးစားနေရဆဲဖြစ်သည်။

"မင်းတို့အကြံ ငါသိပါတယ်"ဆိုသော လျှောင်ပြောင်တဲ့သဘောမျိုးပါသည့် အပြုံးကို ခေမာ မုန်းလှပါသည်။ ခက်တာက ထုတ်ဖော်ပြောပြီး ရန်တွေ့လို့လည်း မရဘဲ ငြိမ်နေခဲ့ရတာပင်။





၂

မနက်လင်းလျှင် အိမ်မှအရင်ဆုံးထွက်သူမှာ ခေမာဖြစ်သည်။ ခေမာတို့ သူငယ်ချင်းငါးယောက် စုဖွင့်သော မုန့်ဆိုင်မှာ သမ်းမတန်း တစ်နေရာရှိ အောက်ဆုံးထပ် တိုက်ခန်းကျယ်ကို ငှားပြီးဖွင့်ရတာဖြစ်ပါသည်။ လူစည်ကားသော ရပ်ကွက်ကြီးတစ်ခုမှာ ဆိုင်ဖွင့်ဖို့ ဆိုင်နေရာတည်ဖို့ အခန်းငှားတာကတော့ ခေမာ့တာဝန်ဖြစ်ခဲ့သည်။ ခေမာ့ အဖေအမေတွေက အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းရှိသည်မို့ ခေမာ အခန်းငှားဖို့ရှာရတာ သိပ်မခက်ခဲ့ပါ။

ခေမာတို့ သူငယ်ချင်းအုပ်စုထဲမှာ အများစုကတော့ ငွေကြေး သိပ်အတောင့်တင်းကြီး မဟုတ်ကြဘဲ အခန်းငှား မုန့်ဆိုင်ဖွင့်ဖို့ စွန့်စားရဲကြသည်ကို အားလုံးက အံ့သြကြသည်။ သူငယ်ချင်းငါးယောက်မှာ ပိုက်ဆံအချမ်းသာဆုံးသူက တစ်ဦး


www.burmeseclassic.com

www.burmeseclassic.com



တည်းသာရှိသည်။ ဒီလုပ်ငန်းစဖို့ သူကပဲ အများဆုံး ငွေကုန်ခံထားတာလည်းဖြစ်သည်။

ခေမာရယ်၊ နှင်းနှင်းရီရယ်၊ သဉ္ဇာလွင်ရယ်၊ ခင်လေးငယ်ရယ်၊ မြသော်တာရယ်မှာ မြသော်တာကတော့ ရှမ်းတရုတ်သွေးစပ်ပြီး မိဘတွေကလည်း နယ်စပ်နဲ့ ကုန်သွယ်လုပ်ငန်းရှိလေရာ စီးပွားရေး တော်တော်တောင့်တင်းလှပါသည်။ လုံးချင်းတိုက်အိမ်နှင့် အိမ်စီးကားနှစ်စီးရှိသော အခြေအနေမို့ သူငယ်ချင်းအုပ်စုထဲမှာတော့ ပိုက်ဆံအသုံးနိုင်ဆုံးဖြစ်လေရာ ... မုန့်ဆိုင်ဖွင့်သောအခါ မြသော်တာကပဲ ငွေကြေးအများကြီး စိုက်ထုတ်ထားပါသည်။

ကျန်တဲ့ ခေမာတို့လေးယောက်ကတော့ လူတန်းစေ့နေနိုင်ရုံမိသားစုထဲကမို့ မိဘဆီက တောင်းလို့ရသမျှ၊ ကိုယ်စုထားသမျှလေးတွေသာ ထည့်နိုင်ကာ ..

"ငါတို့ လုပ်အားပိုထည့်မယ် သော်တာရယ်၊ နင်က ပိုက်ဆံပိုထုတ်ထားရတာဆိုတော့ မျှတအောင် ငါတို့ ပိုအလုပ်လုပ်ပေးမယ်"

ဟုလည်း ကတိတွေပေးထားကြသည်။

မုန့်ဆိုင်ကို ပြင်တာဆင်တာကအစ ANGELS (အိန်ဂျယ်လ်(စ)) နတ်သမီးများမုန့်တိုက်ဟုသော ဆိုင်နာမည်ဆိုင်းဘုတ်အပ်တာအဆုံး ခေမာတို့လေးယောက် အားကြီးမာန်တက်လုပ်ထားကြရသည်။





မြသော်တာကတော့ ...

"ငါ ပိုထည့်ရတယ်ရယ်လို့ စိတ်ထဲမှာ မှတ်မထားပါဘူးဟယ်၊ ကျောင်းပြီးတော့ ဘာစီးပွားရေးလုပ်ရမှန်းမသိချိန်မှာ ရင်နှီးမြှုပ်နှံတဲ့သဘောပါ"

ဟုသာ သူငယ်ချင်းတွေ အနေမခက်စေဖို့ ပြောတော့ ပြောပါသည်။

အခုလိုအခြေအနေတွင် မြသော်တာက ဆိုင်ပိုင်ရှင်နီးပါးသဘောဖြစ်နေတာ ကျန်တဲ့လေးယောက်က ဝန်ထမ်းတွေလိုတော့ဖြစ်နေသည်။

ဆိုင်က စဖွင့်ခါစမို့ သိပ်အရောင်းရကြီးမဟုတ်သေးဘဲ ဖောက်သည်လိုက်ပေးထားသော လက်ဖက်ရည်ဆိုင်လို၊ စတိုးဆိုင်လိုမျိုးတွေကသာ တင်ရောင်းပေးထားတာလောက်သာ ရှိသေးလေသည်။

မနက်ဆို ငါးနာရီမှာ ဆိုင်သွားဖွင့်ဖို့ကို အလှည့်ကျတာဝန်ယူကြရသည်။ မြသော်တာတော့ ထိုသို့မနက်အစောကြီး ဆိုင်လာဖွင့်တဲ့အထဲမှာ မပါခိုင်းပါ။

"နင်က မနက်ခုနစ်နာရီခွဲ မုန့်ထွက်တဲ့အချိန်ကျမှ လာပါဟယ်၊ အဲဒီလောက် အပင်ပန်းမခံပါနဲ့၊ ငါတို့လေးယောက် အလှည့်ကျ ဆိုင်ဖွင့်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကို ငါးနာရီလာဖွင့်ရခြင်းမှာ မနက်စောစော မုန့်လုပ်ဖို့ တံခါးလာဖွင့်ရတဲ့သဘောပင်။ ဆိုင်မှာ လက်တိုလက်ဆောင်းခိုင်းသော အကူအနေနဲ့ ကောင်မလေးနှစ်ယောက် ကောင်လေးနှစ်ယောက် ငှားထားရာ သူတို့လည်း အလှည့်ကျ မနက်ငါးနာရီမှာ အလုပ်စ,ရသည်။

အခုက မုန့်လုပ်သူတွေမှာ ခေမာတို့ငါးယောက်ဖြစ်ပြီး ထိုအကူလေးယောက်ကတော့ ဝင်ကူပေးရသူများသာဖြစ်သည်။ မနက်ခုနစ်နာရီခွဲလောက်ဆို မုန့်ထွက်ကာ ထိုအချိန်ကျမှ စတင်ရောင်းချဖို့ ဆိုင်တံခါးကိုဖွင့်ရပါသည်။ ဒါကြောင့် ခေမာဟာ တစ်ရက်ခြားလောက် မနက်အစောကြီးတော့ အိမ်မှထွက်ရလေသည်။

ဒီနေ့တော့ နှင်းနှင်းရီနဲ့ ခင်လေးငယ် ငါးနာရီလာတဲ့အလှည့်ဖြစ်သဖြင့် ခေမာ မနက်ခုနစ်နာရီလောက်မှ အိမ်ကထွက်လာရသည်။ ဆိုင်မှာပဲ တစ်နေကုန်နေ သူငယ်ချင်းတွေနဲ့ပဲ နေ့လယ်စာထမင်းဘူး အတူဖွင့် စုစားရသဖြင့် ထမင်းဘူး၊ ဘာညာထည့်သော ပလတ်စတစ်ခြင်းက တစ်လုံး၊ ပခုံးလွယ်သားရေအိတ်တစ်လုံးဖြင့် ခေမာ အိမ်က ထွက်လျှင် ညနေကျ ဆိုင်ကခြောက်နာရီမှပိတ်၊ တစ်နေ့တာ စာရင်းပြန်စစ်ပြီးမှ ပြန်ကြရသဖြင့် အိမ်ကို ညနေခုနစ်နာရီခွဲလောက်မှ ပြန်ရောက်ပါသည်။





မုန့်ဆိုင်မှာ စနေ၊ တနင်္ဂနွေပါ ပိတ်ရက်မရှိ ဖွင့်သဖြင့် ခေမာ ဘယ်တော့မှ မနားရ။ အဖေနဲ့အမေကတော့ ..

"သမီးက ယောမှာလို ကုမ္ပဏီဝန်ထမ်း လုပ်မှမလုပ်ချင်တာ ပင်ပန်းတာပေါ့၊ ပြီးတော့ ကိုယ့်ဘက်က အရင်းအနှီးထည့်ထားရတယ်ဆိုတဲ့ အသိနဲ့ ဆိုင်က အောင်မြင်ပါ့မလားလို့ တွေးပူရတဲ့ဒုက္ခလည်း ခံစားရတာပေါ့"

ဟူ၍ ခေမာ မနားရသည်ကို ကြည့်ပြီး ဝေဖန်တတ်ပါသည်။

သို့သော် ခေမာ ဘာပဲဖြစ်ဖြစ် အလုပ်လုပ်နေရတာကို ပျော်သည်။ မျှော်လင့်ချက်တစ်မျိုးနှင့် ကိုယ်တတ်ထားတဲ့ မုန့်လုပ်တဲ့အလုပ်ကို လုပ်ရတာ စိတ်ဝင်စားစရာကောင်းပြီး လွတ်လပ်ပေါ့ပါးသည်ဟု ထင်သည်။

"ခေမာ လာပြီဟေ့၊ အတော်ပဲ သတင်းကောင်း ရောက်မဆိုက် ပြောရဦးမယ်"

ခင်လေးငယ်က လှမ်းအော်နေစဉ် ခေမာ့နောက်မှ သဒ္ဓါလွင်ပါ ဝင်လာသည်နှင့် ကြုံသွားသည်။

"သဒ္ဓါပါ လာပြီ၊ သတင်းကောင်း တစ်ပြိုင်တည်းပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဘာသတင်းလဲဟဲ့ ပြောပါဦး"

"ဒီရပ်ကွက်ထဲက မင်္ဂလာဆောင်လေ၊ မြို့နယ်ခန်းမအသေးလေးမှာ ညှော်ခံပွဲလုပ်မှာတဲ့၊ အဲဒါ သတို့သမီးဘက်က ဒီဆိုင်ကမုန့်တွေ ကြိုက်လို့ဆိုပြီး ကိတ်မုန့် အော်ဒါလာမှာတယ်သိလား"

ထိုသတင်းမှာ သူငယ်ချင်းတွေပြောသလို တကယ်သတင်းကောင်းလေးဖြစ်ပါသည်။ ကိုယ့်ဆိုင်ကမုန့်ကို တစ်ယောက်စ နှစ်ယောက်စ ဝယ်စားတာထက် အခုလို ပွဲလေးတစ်ပွဲမှာ လူကစ်ရာ တစ်ရာ့ငါးဆယ်လောက် စားကြည့်မိသွားလျှင် ပိုပြီး နာမည်ရသွားနိုင်စရာရှိ၍ ဖြစ်ပါသည်။

"ဟယ် ... ဒါဖြင့် ငါတို့ဆိုင်က ကြော်ငြာထားတဲ့အတိုင်း ညှော်ခံပွဲတစ်ပွဲစာ မုန့်အော်ဒါမှာရင် ကိတ်မုန့်ဝိုင်းကြီးတစ်ခု မေတ္တာလက်ဆောင်ပေးမယ်ဆိုတော့ ခေမာ့တာဝန်ပဲပေါ့နော်၊ ခေမာက ကိတ်ကို အလှဆင်တာ သိပ်တော်တယ်"

"မင်္ဂလာဆောင် ဆိုတော့ မင်္ဂလာကိတ်ပေါ့၊ မွေးနေ့ဆို မွေးခဲ့နေ့က... ပေါ့၊ သူနဲ့လိုက်ဖက်မဲ့ပုံစံတော့ စာအုပ်ပြန်ကြည့်ပြီး အလှဆုံးပြင်ပြရမယ်၊ ဒါမှ ငါတို့ဆိုင်ကို ပိုပြီး လူကြိုက်များသွားမှာ"





ခေမာ ဝမ်းသာပြီး ခြင်းတောင်းချကာ ချက်ချင်းပဲ ကိတ်မုန့်ပြင်ဆင်ပြုလုပ် အလှဆင်နည်းစာအုပ်ကို ပြေးဖွင့်ရင်း ပြောလိုက်သည်။

ဆိုင်က စဖွင့်ပြီး သုံး,လေး,လလောက်သာ ရှိသေးသဖြင့် ချောက်ချီးချောက်ချက်လောက်သာ ရောင်းနေရသော အခြေအနေကို သူငယ်ချင်းတွေ တစ်ပတ်တစ်ခါ စုပေါင်းတိုင်ပင်မိကြပြီး ..

"အရှုံးပေါ်လို့ ပိတ်ပစ်လိုက်ရရင်တော့ ဒုက္ခပဲ၊ မိဘဆီက ငွေအရင်းအနှီး တောင်းထားရတာလေးတွေ ပြန်တောင် မဆပ်နိုင်တဲ့အပြင် ကုန်သွားရတာကို ရှက်တာ"

ဟု ခင်လေးငယ်က ပူပင်စွာ မကြာခဏလာပြောတတ်ပါသည်။

"မိဘက ဘာမှ အပြစ်ပြောမှာမဟုတ်ဘူး။ ဆွေမျိုးတွေက ဝိုင်းကဲ့ရဲ့ကြမှာ။ အမျိုးထဲမှာ ရွယ်တူပြိုင်ဘက်တွေကအများကြီး"

ဟု၍ နှင်းနှင်းရီက တစ်မျိုးစိတ်ပူပြီးပြောတတ်သည်။

မြသော်တာကတော့ ငွေအရင်းအနှီးအများကြီး စိုက်ထုတ်ထားရပေမဲ့ သိပ်အပူပန်ကြီး မဟုတ်လှဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဆိုင်အဆင်မပြေရင် ဒီဆိုင်ကို တခြားပစ္စည်းတစ်မျိုးမျိုး တင်ရောင်းတဲ့ဆိုင်အဖြစ် ပြောင်းဖွင့်ဖို့စဉ်းစားရမယ်"

ခေမာကတော့ ...

"နင် ပြောတာလွယ်တယ် သော်တာရဲ့၊ တခြားဘာပစ္စည်းရောင်းမလဲ ဆိုတာတော့ တော်တော်စဉ်းစားရမယ်။ စတိုးဆိုင်ဆိုလည်း အရင်းအနှီးက ဒီ့ထက်ပိုများသွားဖို့ပဲရှိတာ။ ငါတို့ မလိုက်နိုင်တော့ဘူး"

ဟု မြသော်တာ၏စိတ်ကူးကို ပြန်ဆွေးနွေးမိပေမဲ့ သဥ္ဇာလွင်ကကျတော့ ..

"ငါကို ပိုက်ဆံအကုန်ခံပြီး သင်ထားတဲ့ ဒီပညာလေးတော့ မပျောက်ပျက်ချင်ဘူးဟယ်၊ ဒီဆိုင် မအောင်မြင်တော့ရင်တော့ ဟိုတယ်ကြီးတစ်ခုခုမှာ ဝင်လုပ်မှဖြစ်မယ်၊ Bakery Chef (ဘေကရီရှက်(ဖ်))အဖြစ် ဝင်လုပ်ရမှာပေါ့"

ဟူ၍ ပညာကို နှမြောသလို ပြောတတ်ပါသည်။

ဒီလိုနဲ့ပဲ သူငယ်ချင်းတစ်သိုက် အတွေးမျိုးစုံ စိတ်ပူပန်ခြင်းမျိုးစုံနဲ့ ဖွင့်ခဲ့ရသော Angels မုန့်ဆိုင်လေးမှာ ဒီနေ့မနက်တော့ ဒီလိုမင်္ဂလာသတင်းလေးနဲ့ စတင်လိုက်ရသဖြင့် အားလုံး ရင်ထဲမှာ နည်းနည်းတော့ ပျော်သွားကြသည်။





နောက်တစ်ပတ်ရဲ့ တနင်္ဂနွေမှာ ကျင်းပမဲ့ပွဲအတွက် သူငယ်ချင်းတွေအကုန် စိတ်လှုပ်ရှား တက်ကြွနေမိကြလေသည်။

ထိုတနင်္ဂနွေမနက်မှာတော့ အားလုံး မနက်ငါးနာရီ ဆိုင်ရောက်လာကြကာ မနက်ဆယ်နာရီ မင်္ဂလာဆွဲ့ခံပွဲအမီ ...းရမည့် မုန့်အမျိုးအမည်သုံးမျိုးကို တက်ညီလက်ညီ လာလုပ်...ကြလေသည်။ မုန့်တွေက အဆော့တစ်ကိတ်ရယ်၊ ချောက...က်ကိတ်ရယ်၊ Muffin ဟုခေါ်သော ကိတ်မုန့်ပိုင်းလေးတွေ... အမျိုးအစားသုံးမျိုးကို အခုပေါင်း တစ်မျိုး အခုတစ်ရာငါး...ယ်နှုန်း မှာထားပါသည်။ ဆိုင်က မေတ္တာလက်ဆောင်အဖြစ် ...မျိုးကို ဆယ်ခုစီ ပိုပေးရုံမက မင်္ဂလာစင်မြင့်မှာထားမည့် ...လာကိတ်ကိုလည်း လက်ဆောင်ပေးရမည်ဖြစ်ရာ အလုပ်က ...တိုက်ရှုပ်နေသည်။

"မုန့်ဆိုတာက ဒီနေ့စားဖို့ ဒီနေ့လုပ်မှ လတ်ဆတ်ပြီး ကောင်းတာ။ ဒါကြောင့် မနက်အစောကြီးတည်းက စပြီးပြင်ဆင်လုပ်ကိုင်ရမှာ အမေရဲ့"

ခေမာအိမ်က မထွက်ခင်လေးတွင် အိမ်တံခါးလိုက် ...သော အမေ့ကို ပြောပြမိသေးသည်။

"ငါ့သမီး သူဌေးကတော်ဖြစ်ရင်တော့ ဒီလိုအပင်ပန်းခံပြီး ကိုယ်တိုင်မုန့်ဖုတ်ပြီး ကြိုးစားနေစရာမလိုပါဘူး၊ မုန့်တိုက်ပိုင်ရှင်ကြီးလုပ်ပြီး ညွှန်ကြားရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမေရယ် အခုထိ စိတ်ကူးယဉ်တာကို မလျှော့သေး
လား။ ဟိုသူဌေးသားကဖြင့် ခေမာ့ကို စိတ်တောင်မဝင်တ
လို့ ဘာသံမှ မကြားရတာ၊ အမေက မျှော်လင့်တုန်း"

လို့အမေ့ကို ခေမာ ငြူငြူစူစူ ပြန်ပြောခဲ့မိသေး
သည်။

မယောမာ မင်္ဂလာဆွမ်းကျွေးမှာ တွေ့ဆုံပြီးကတည်
က အမေ စိတ်ကူးယဉ်နေသည်မှာ မိုးအာကာထံမှ ခေမာ့
သဘောကျပြီး ဆက်သွယ်လာလိမ့်မည် ဆိုတာပင်။ ဒါမှမဟုတ်
ဒေါ်မိုးမြင့်ထံမှ အမေ့ကိုများ တစ်စုံတစ်ခု ပြောလာမလားဆိုသေ
မျှော်လင့်ချက်မျိုး အမေက အကြီးအကျယ် မျှော်လင့်ခဲ့တာ
ဒေါ်မိုးမြင့်ထံကရော မိုးအာကာထံကပါ ဘာမှအသံမကြားရသေ
အခါ အမေ နည်းနည်းတော့ စိတ်ဓာတ်ကျသွားပုံ တွေ့ရသည်

ခေမာကဆို စိတ်ထဲမှာ ကျိတ်ဝမ်းသာမိနေတာ
ဘာကြောင့်လဲဆိုတော့ ခေမာဟာ အမေ စိတ်ချမ်းသာရအောင်သ
အမေ့အကြိုက် ခေါင်းညိတ်ထားရတာ။ တကယ်တော့ ခေမာ့ခေါ
ထဲမှာ ဘာမှမရှိသေး။ ခေမာ အချစ်ရေးလည်း စိတ်မဝင်စာ
အိမ်ထောင်ရေးလည်း ခေါင်းထဲမရှိ။ အခုလောလောဆယ်
အပျိုဘဝနဲ့ လွတ်လွတ်လပ်လပ်နေပြီး သူငယ်ချင်းတွေနဲ့အ
စိတ်တူသဘောတူ တည်ထောင်ထားသော အလုပ်တစ်ခုကိုအ
အောင်မြင်အောင်လုပ်ကြည့်ချင်စိတ် ဖြစ်နေပါသည်။





"ဟယ် ... ခေမာရယ် ကိတ်လေးက လှလိုက်တာဟယ်။
စားတောင် မစားရက်ဘူး"

မင်္ဂလာကိတ်ကို အပြီးသတ် ပြင်ဆင်ပြီးသောအခါ
ယ်ချင်းတွေက ဝိုင်းကြည့်ပြီး ပြောဆိုချီးကျူးလိုက်လျှင် ခေမာ့
ထဲမှာ ဝမ်းသာကြည်နူးသွားပါသည်။

"မွှေးလိုက်တာ ကိတ်လေးက၊ လှီးပြီးစားပစ်ရမှာတောင်
နမြောတယ်"

ခေမာကတော့ ကိုယ့်လက်ရာကိတ်လေးကို ကြည့်
ပြောလိုက်မိသည်။

"ကျန်တဲ့အဆော့တစ်ရယ်၊ ချောကလက်ဆလိုက်(စ) ရယ်၊
မက်ဖင်းရယ်၊ သူဘူးနဲ့သူ အားလုံးအသင့်ပဲ။ မင်္ဂလာကိတ်
ကတော့ မထည့်နဲ့ဦး။ သူတို့မုန့်လာယူရင် အရင်ပြပြီးမှ
ဘူးနဲ့ထည့်ရမယ်ဟော့၊ ဒါမှ ငါတို့လက်ရာကိုရော ငါတို့
စေတနာကိုရော မြင်မှာ"

သူငယ်ချင်းတစ်သိုက် မင်္ဂလာကိတ်တင်ထားသော
ဝိုင်း၍ ဂရုတစိုက်မ,ပြီး ဆိုင်ရှေ့ထွက်ကာ ဆိုင်ကောင်
ပွဲပေါ် အလှပြင်ထားလိုက်ကြသည်။

ဆိုင်နောက်ခန်းမှာ မုန့်လုပ်သော မီးဖိုခန်းဖြစ်ပြီး
ခန်းမှာ မုန့်တွေပြသရောင်းချသော မုန့်ပုံးကောင်တာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေထားပါသည်။ ကိတ်မုန့်ကို တင်နေတဲ့ ဆိုင်ထဲကို ဝယ်သ
တစ်ယောက် ဝင်လာသဖြင့် ခေမာ လှမ်းကြည့်လိုက်သောအခါ
အံ့သြပြီး ငေးကြည့်နေမိသည်။

"ဝင်ကြည့်ပါရှင်၊ ဘာမုန့်လိုချင်လို့ပါလဲ"

ခင်လေးငယ်က ဆိုင်ထဲ အသေအချာ ဝင်မလာသေး
သော ဝယ်သူကို လှမ်း၍ ဖိတ်မန္တကပြုသလို နှုတ်ဆက်လို
တော့ သူက အဲဒီတော့မှ ဆိုင်ထဲ အသေအချာ ဝင်လိုက်တေ
သည်။

ရာစုသစ် ...။ ... သူ့နာမည်ကို ခေမာ စိတ်ထဲ
အသံတိတ် ခပ်တိုးတိုး ရေရွတ်လိုက်မိပါသည်။ သူ ဘာလာလု
သလဲ။ မုန့်ဆိုင်တွေ့လို့ ဝင်ဝယ်တာပဲဖြစ်နိုင်သလား။ ဒါမှမဟု
ခေမာမုန့်ဆိုင်က ဒါပဲဆိုတာ သိသွားလို့ ဝင်လာသလားဆိုသေ
ဒုတိယအတွေးကို ဆက်တွေးမိတော့ ခေမာ ကိုယ့်ကိုယ်ကို
ရှက်ပြီး ဒေါသဖြစ်သွားပါသည်။ ဘာဆိုင်လို့လဲနော် တစ်ခါတွေ
ဖူးရုံနဲ့ သူက ခေမာ့ကို စိတ်ဝင်တစား လိုက်လံစုံစမ်းရှာဖွေနေလိ
မယ်လို့ ထင်ကိုမထင်ပါဘူး။ စတွေ့ကတည်းက သူ ခေမာ
စိတ်မဝင်စားခဲ့ဘူးဆိုတာ ခေမာ ရိပ်မိနေသားပဲ။

ရာစုသစ်သည် ကိတ်မုန့်ဗိုင်းအကြီးကြီးနားမှာ ရ
သော ကောင်မလေးကို တွေ့လိုက်ရတော့ အံ့သြပြီး ပြုံး





ည်ရမလို ဖြစ်သွားပါသည်။ Chef(စားဖိုမှူး)တွေဆောင်းသော
ခါင်းဆောင်းအဖြူနဲ့ Apron(အေပရွန်)ခေါ် ရင်ဘတ်ရှေ့ကာထပ်
တ်ရသော အဖြူရောင် အဝတ်နဲ့ (ထိုအဝတ်ရင်ဘတ်မှာတော့
ANGELS ဟူသော အင်္ဂလိပ်စာလုံးကို အနီရဲရဲဖြင့် ထိုးထားသည်။)
တွေ့ရပေမဲ့ ဒီကောင်မလေးဟာ ခေမာပါပဲလို့ သူ ချက်ချင်း သတိ
ရ မှတ်မိနေလေသည်။

တစ်ခါသာတွေ့ဖူးပြီး အခုလို အပြင်အဆင်မဟုတ်
သာ ပုံစံကိုသာ မြင်ဖူးပေမဲ့ တစ်ခါမြင်ဖူးရုံနဲ့ မေ့မသွားနိုင်စရာ
ပ်ရည်လေးကြောင့် ရာစုသစ် ချက်ချင်း မှတ်မိတာလည်းဖြစ်ပါ
သည်။

"ဘာမုန့်လိုချင်လို့ပါလဲ"

ကောင်မလေးတစ်ယောက်က ထပ်မေးတော့မှ ရာစု
သစ် သတိထားမိသွားသည်မှာ ဒီဆိုင်တွင် ကောင်မလေးတွေ
များကြီး ရှိနေသည်ဆိုတာပင်။

ရုပ်ရည်သန့်ပြန့် ကြည့်ကောင်းပြီး ခေတ်မီသော
ပြင်အဆင်ရှိသည့် ကောင်မလေးတွေအားလုံး ANGELS တံဆိပ်
Apron ကို ဝတ်ထားကြပြီး ဝယ်သူလာလျှင် ရောင်းပေးဖို့
သင့်ဖြစ်နေကြဟန်တွေ တူညီစွာ တွေ့ရပါသည်။

"မခေမာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရာစုသစ်သည် ကောင်မလေးကို သူ မှတ်မိကြော
သိစေလိုဟန်ဖြင့် သူမထံဦးတည်ပြီး နှုတ်ဆက်စကား စ,ပြောလို
လျှင် အားလုံး ခေမာ့ကို လှည့်ကြည့်လိုက်ကြလေသည်။

ခေမာလည်း ရုတ်တရက်တော့ ကြောင်အမ်းအမ်းဖြ
သွားကာ အင်း ... အဲ ဖြစ်နေသည်။

"ကျွန်တော် ရှေ့နေကြီးဦးဆန်းဦး တူလေ။ ရာစုသစ်လေ
မှတ်မိလား"

ရာစုသစ်ဟာ ခေမာ သူ့ကို မှတ်မိမှန်း အကဲခတ
နိုင်သေးမဲ့ တမင်ပဲ သူ့ကိုယ်သူ ပြန်မိတ်ဆက်လိုက်ပါသည်။

"ဩော် ... အင်း ... ဟုတ်ကဲ့ မှတ်မိပါတယ်"

"ဒီဆိုင်က မခေမာတို့ဖွင့်ထားတဲ့ မုန့်ဆိုင်လား"

"ဟုတ်တယ်"

"မသိပါဘူးဗျာ၊ ကျောင်းက ဆရာမတစ်ယောက်က ဒီဆိုင်
က ကိတ်မုန့်လေးတွေ သိပ်ကြိုက်တယ်ပြောလို့ အဲဒါ
ဆရာမကို ဖားတဲ့အနေနဲ့ လမ်းကြုံတုန်းဝင်ဝယ်မယ်ဆိုပြီ
ဝင်လာခဲ့တာပါ၊ မခေမာ ဆိုင်မှန်း အခုမှသိတယ်"

"မနက်ဝင်လာဝယ်တာ ပိုကောင်းပါတယ်၊ မုန့် စ,ထွက
ခါစအချိန်ဝယ်တော့ မုန့်တွေလတ်ဆတ်ပြီး ပိုစားကောင်း
တာပေါ့"





ထိုသို့ စကားအပြန်အလှန်ပြောနေစဉ် ခေမာတို့ဆိုင်မှ
န့်အော်ဒါ မှာထားသူတွေ ဆိုင်ထဲဝင်လာပြီဖြစ်ရာ စကားစပြတ်
သွားပါသည်။ မုန့်လာယူသူမှာ လေးယောက်လောက်ရှိသည်။

"မုန့်တစ်မျိုးစီကို ဆယ်ခုစီကို မေတ္တာလက်ဆောင်ပိုပေး
ထားပါတယ်ရှင်။ ဒီမှာက မင်္ဂလာကိတ်ပါ။ ကြည့်ပါဦး"

သတို့သမီး၏ အဒေါ်ဟု သိထားသော အန်တီကြီး
က လုပသော ကိတ်မုန့်ဝိုင်းလေးကို ကြည့်ပြီး ..

"အို ... လှလိုက်တာကွယ်၊ လှီးပြီးစားရမှာတောင် နှမြော
စရာနော်။ သိပ်တော်တာပဲကွယ်၊ ဒါ သမီးတို့အားလုံး
လက်ရာလား"

"မုန့်စပ်တဲ့ Recipe(ရီဆက်ပီ)ကတော့ အားလုံးလက်ရာပါ၊
ကိတ်ဒီကော်ရေးရှင်း လုပ်တာကတော့ သူပါ။ ခေမာပါ
အန်တီ၊ ခေမာက ဒီကော်ရေးရှင်း အရမ်းတော်တာလေ"

ကိတ်မုန့်ဝိုင်းလေးမှာ ချောကလက်တစ်လွှာ၊ စတော်
ယ်ရီယိုတစ်လွှာနှင့် အလွှာလိုက်လေးလွှာပါပြီး ဘေးမှာတော့
ပြုနှင့် ပန်းရောင် နှင်းဆီပွင့်လေးတွေ ပုံဖော်ကာ ကိတ်အဝိုင်း
အလယ်မျက်နှာပြင်မှာတော့ စင်ဒရဲလားမင်းသမီးလေးနှင့် သူမ
ချစ်သူမင်းသားလေး တွဲကနေသောပုံကို ပီပြင်စွာ ပုံဖော်ပေးထား
သည်။ ဒစ္စနီထဲက မင်းသမီးလေးစင်ဒရဲလားဝတ်သော အပြာ



www.burmeseclassic.com

www.burmeseclassic.com



နရောင် ပိုးသားလွှာဝတ်စုံလေးသည် ဖောင်းကြွအသက်ဝင်နေကာ ဒီပုံကိုမြင်လိုက်တာနဲ့ ဒါ စင်ဒရဲလားပုံပါပဲလို့ အတပ်ပြောနိုင် သည်အထိ အသက်ဝင် ပီပြင်နေပါသည်။

ရာစုသစ်လည်း အမှတ်မထင် ကိတ်မုန့်ဝိုင်းလေး ကို အသေအချာ ကြည့်မိသည်ဖြစ်ရာ ခေမာ၏ ပန်းချီပညာ အံ့ဩငေးမောသွားပါသည်။ ဒါက နဂို ဗီဇကိုက ပန်းချီပညာမှ တော်နေလို့ ကိတ်မုန့်မှာ ပုံဖော်တဲ့အခါ လက်ရာပြောင်မြော နေတာဟု ထင်သည်။

ခေမာတို့ တစ်သိုက် ကိတ်မုန့် လှလှလေး ANGELတံဆိပ်ပါသော စက္ကူဘူးခွံထဲ ဂရုတစိုက်ထည့်ပေးခြင်း မုန့်လာယူသူတွေနှင့် ငွေစာရင်းရှင်းကြခြင်းတွေဖြင့် အလုပ်ရှု နေချိန်တွင် ရာစုသစ်ကတော့ ဆရာမကို လက်ဆောင်ပေးရ ကိတ်မုန့်လေးတွေ လျှောက်ကြည့်နေသည်။

"ဟဲ့ ... ခေမာ ... သွား ... သွား ... နင့်လူကို နင်ပဲ ရောင်း လိုက်"

မြသော်တာက ခေမာ့လက်တံတောင်ကို လာကုတ် ပြီး ရာစုသစ်ဆီ တွန်းပို့လျှင် ...

"ဟယ် ... ဘာ ... ငါ့လူလဲ ... သူ့ဘာသာ မုန့်လာဝယ် တာပါ"





ခေမာ အသေအလဲ ငြင်းဆန်မိသောကြောင့် ကျန်တဲ့ သူငယ်ချင်းတွေပါ ကျိတ်ရယ်ကြပြီး ..

"အံမယ်လေးဟယ် ဘာလို့ ဒီလောက်တောင် ငြင်းနေရတာ လဲ"

ဟု ဝိုင်းမေးတော့သည်။ ခေမာလည်း စိတ်ထဲထင် သားတဲ့အတိုင်း ပြန်ပြောပြမိသည်။

"နင်တို့ ဘာသိလို့လဲ၊ အဲဒီကောင်က သူ့ကိုယ်သူ အထင် ကြီးပြီး ဆေးကျောင်းသားဆိုတဲ့စိတ်နဲ့ မြောက်နေတာမျိုး"

"ဩော် ... ဆေးကျောင်းသားလား"

"ရုပ်ကလည်း ချောတာကိုး။ ချောတာထက် ဘယ်လိုခေါ် မလဲ ဆွဲဆောင်မှုလည်း ရှိနေတာနော်။ ဒါကြောင့် သူ့ကို တစ်ချက်မြင်လိုက်တာနဲ့ သတိထားမိစေတယ်"

"Complete Package (ကွန်ပလိတ်ပက်ကေ့ချ်)ကြီးပေါ့။ လူတစ်ယောက်တည်းမှာ အကောင်းတွေပဲ စုပြုံနေတာလေ။ ရုပ်လည်းချော စာလည်းတော်ဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီး"

"ဟဲ့ ... တိုးတိုးပြောကြ ဟိုမှာ လှမ်းကြည့်နေပြီ ကြားသွား ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခေမာနဲ့ပဲ သိကျွမ်းတာ ခေမာရယ်။ နင် သွားရောင်းလိုက်ပါ၊ ငါတို့ ဘာမှ မနှောက်ပါဘူး။ ဒီမှာ အလုပ်ရှုပ်နေကြလို့ပါဟယ်"

သူငယ်ချင်းတွေ ကျွက်စီ ကျွက်စီဖြင့် ခေါင်းချင်းဆိုင်တိုင်ပင်ပြီးမှ နောက်ဆုံးတော့ ခေမာပဲ ရာစုသစ်ကို ရောင်းပေးဖို့ တွန်းပို့ခံရလေသည်။

အမှန်တော့ ခေမာကလည်း ဒီဆိုင်မှာ ကိုယ်ရှိနေရက်နဲ့ သူ့ကို မရင်ဆိုင်ဘဲ ရှောင်လိုက်ရတာမျိုး မလုပ်ချင်တာလည်းပါပါသည်။

သူနဲ့ကိုယ်ကြားမှာ ဘာမှ အထူးတလည် ပတ်သက်တာလည်းမရှိ။ မုန်းတီးစရာလည်းမရှိပါဘဲ ကိုယ်ကစပြီး ရှောင်ပြလျှင် တစ်ဖက်လူအမြင်မှာ သံသယဖြစ်သွားမှာလည်း စိုးပါသည်။ ဒီကောင်မလေး ငါ့အပေါ် မရိုးမသား ဖြစ်နေလို့လား ဆိုသော အတွေးမျိုး ရာစုသစ် ခေါင်းထဲ သူ့ကိုယ်သူ အထင်ကြီးစွာ တွေးသွားမှာကို မလိုလားပါ။

"ကိုရာစုသစ် ဘာဝယ်မှာလဲရှင်"

"ကိတ်မုန့်လေးတွေ အမျိုးစုံပဲ တစ်မျိုးကို တစ်ခုစီထည့်ပေးပါ၊ ကျွန်တော်လည်း ဘာဝယ်ရမှန်းမသိဘူး"

"ဆရာမကို လက်ဆောင်ပေးဖို့နော်"





"ဟုတ်တယ်၊ နေမကောင်းလို့ သူငယ်ချင်းတွေနဲ့ စုပြီး သတင်းသွားမေးမှာပါ။ အဲဒါ မုန့်ဝယ်သွားမယ်လို့ စဉ်းစားမိတာနဲ့ ဆရာမ ပြောဖူးတာ၊ သတိရပြီး ဒီဆိုင်ဝင်လာတာလေ"

"အမျိုးစုံယူမယ်ဆိုရင် ဆယ်ခု၊ ဆယ့်နှစ်ခု၊ ဆယ့်ငါးခု အဲဒီလိုမျိုး ကြိုက်တဲ့အခုရေ ရွေးလို့ရပါတယ်။ ကိုရာစုသစ်က ဘယ်နှစ်ခု ရွေးမှာလဲ"

"ဆယ့်ငါးခုတစ်ဘူး လုပ်ပေးပါ"

ခေမာသည် ANGELSတံဆိပ်ပါ ကိတ်မုန့်ထည့်သော ကတ်ထူစက္ကူဘူးကို ဖွင့်ထားပြီး မုန့်ပုံးလေးထဲမှာ ပြထားသော ကိတ်မုန့်လေးတွေကို မုန့်ညှပ်သောညှပ်တံဖြင့် တစ်ခုချင်းသေချာစွာ ယူပြီး စီထည့်ပေးလိုက်ပါသည်။

မုန့်ဘူးကို အသေအချာ ချိုးခေါက် ပိတ်ပြီးလျှင် ANGELS တံဆိပ်ရိုက်ထားသော ကြွပ်ကြွပ်အိတ်ထဲ ဘူးကို ဂရုတစိုက်ထည့်ပြီးမှ ရာစုသစ်ဘက် ကမ်းပေးပါသည်။

"ဘယ်လောက်ကျလဲ"

"ငွေရှင်းကောင်တာက ဟိုမှာပါ။ ကိုရာစုသစ် အဲဒီဘက် လာခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com

ခေမာ တစ်ယောက် ကွန်ပျူတာ အသေးလေးတင်ထားသော စားပွဲဆီ ကောင်တာနောက်မှ လျှောက်သွားသဖြင့် ရာစုသစ်လည်း အဲဒီဘက် လိုက်လာခဲ့သည်။ ခေမာက ကွန်ပျူတာခလုတ်တွေ တဖြောက်ဖြောက် ရိုက်လိုက်ပြီးမှ ဘယ်လောက်ကျပါတယ်ဟု ပြောပါသည်။

ရာစုသစ်လည်း ပိုက်ဆံထုတ်ရှင်း၊ ခေမာက အမ်းစရာရှိတာ ပြန်အမ်းလျှင် ...

"အကြွေမရှိလို့ သကြားလုံးပြန်အမ်းတာမျိုးရော လုပ်လား"

ဟု ရာစုသစ်က တရင်းတနှီး မေးလိုက်သည်။

"သကြားလုံးတော့ ပြန်မအမ်းပါဘူးရှင်။ အကြွေပြဿနာမဖြစ်အောင် တမင်ပဲ အကြွေအုပ်လေးတွေ ဘဏ်မှာသွားသွားလဲထားပါတယ်၊ ခေမာတို့ထဲက နှင်းနှင်းရိရဲ့အဖေက ပုဂ္ဂလိကဘဏ်မှာ အလုပ်လုပ်တယ်လေ။ ဒီတော့ အဲဒီဘဏ်မှာပဲ လဲခိုင်းရတာပေါ့"

"ဒီဆိုင်က သူငယ်ချင်းတွေနဲ့ စုပြီးဖွင့်ထားတာနော်၊ ကြာပြီလားဖွင့်တာ"

"လေးလကျော်လောက်ပဲရှိဦးမယ်၊ ကျောင်းပြီးကတည်းက သင်တန်းတက်လိုက်တာ။ သင်တန်းပြီးတော့ ဆိုင်ဖွင့်ဖို့ အခန်းရှာ၊ ပြင်ဆင်၊ ငွေစုနဲ့ဆိုတော့ တစ်နှစ်ခွဲလောက် အချိန်ယူလိုက်ရသေးတယ်"





"ဝါသနာပါတာ လုပ်ခွင့်ရတော့ စိတ်ချမ်းသာတာပေါ့လေ"

"စိတ်တော့ချမ်းသာပါတယ်။ ဒါပေမဲ့ အရင်းအနှီးကိုတွေးပြီး မကျေမှာစိုးရိမ်ရတော့ သူများလက်အောက်မှာ ဝန်ထမ်းလုပ်ရတာထက် ပိုပြီး Pressure(ပရက်ရှာ) များသလိုပါပဲ"

ပြောစရာစကားလည်း သိပ်ပြီးမယ်မယ်ရရ မရှိတော့သောရာ ရာစုသစ် တစ်ယောက် နှုတ်ဆက်ပြီး ဆိုင်ထဲကပြန်ထွက်လာခဲ့ပါသည်။

ရာစုသစ်၏ အာရုံထဲမှာတော့ အောက်ခံမိတ်ကပ်တစ်မျိုးကို ခပ်ပြောင်ပြောင်လေးလူးထားပြီး နှင်းဆီပွင့်ရောင် နှုတ်ခမ်းဆိုးဆေးဆိုးထားသော ခေမာ့မျက်နှာလေးကို မကြာခဏ ပြန်ပြီးမြင်ယောင်လာခဲ့မိတာတော့ ငြင်းမရချေ။

❖ ❤ ❖


www.burmeseclassic.com

www.burmeseclassic.com



## ၃

"သမီးရေ ... သမီးရေ ... သတင်းကောင်း သိလား သတင်းကောင်း"

ဒီနေ့ ခေမာ အလုပ်ကပြန်လာတော့ အမေတစ်ယောက် အိမ်တံခါးဖွင့်ဖွင့်ချင်း ဆီးကြိုပြောလိုက်တာဖြစ်ပါသည်။ အဖေကတော့ TV ရှေ့ထိုင်နေရာမှ အမေ့နောက်ကျောကိုကြည့်ကာ မသိမသာ ခေါင်းခါနေလေသည်။

"ဘာများလဲ အမေ"

ခေမာ အိမ်နောက်ဖေးတိုက်ရိုက်ဝင်သွားတော့ အမေလည်း ခေမာ့နောက်က ပါလာသဖြင့် ခေမာ မေးလိုက်သည်။ ခြင်းတောင်းထဲမှ အစွယ်အနေတော် သုံးဆင့်စတီးလ်ချိုင့်ရယ်၊ နေ့လယ်နေ့ခင်း သူငယ်ချင်းတွေနဲ့စားဖို့ ထည့်သွားသော ချင်းသုပ်ထည့်သည့်ဘူးလေးရယ်ကို ထုတ်ပြီး ရေဆေးဖို့ပြင်လိုက်သည်။





"ဒီနေ့ တစ်နေကုန် ရေလုံးဝမလာသေးဘူး ခေမာရယ်။ ရေတော့ကြည့်သုံးမှဖြစ်မယ်၊ ဘယ်နှရက် ရေပျက်မယ်မသိဘူး"

ခေမာ ရေဖွင့်ချလိုက်သဖြင့် အမေက ထိုသို့သတိပေး...ားပြောလိုက်သည်။ ဒါကြောင့် ခေမာလည်း ရေတွေအများကြီး...ုံးရမှာ အရှိန်တန့်သွားပြီး ရေနည်းနည်းနဲ့ ပြောင်အောင်ဆေးဖို့...ြင်ဆင်ဖို့ရပါသည်။

"အမေ ပြောမှာ ဒါလား။ ရေမလာဘူးဆိုတဲ့ သတင်းကောင်းလား"

ခေမာ နောက်နောက် ပြောင်ပြောင်လေး အမေ့ကို...းလိုက်သည်။

"ဟယ် ... ကြံကြီးစည်ရာ ဒါလား သတင်းကောင်း၊ ရေမလာတာတော့ သတင်းကောင်းလို့ အမေပြောပါ့မလား"

"မသိဘူးလေ၊ အမေက ခေမာ အိမ်ထဲဝင်ဝင်ချင်း အဲဒီလိုပြောပြီးမှ ရေမလာတာ ဆက်ပြောတော့ ခေမာ အဲဒီလိုထင်သွားတာပေါ့"

"သတင်းကောင်း ဆိုတာက ဒေါ်မိုးမြင့်နဲ့ ပတ်သက်တဲ့ သတင်းမျိုးကို ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မဟောမာ မင်္ဂလာဆွမ်းကျွေးပြီးကတည်းက အမေ့ဆီက သိပ်မကြားရတော့သော ဒေါ်မိုးမြင့် ဟူသော အမည်နာမကို အခုပြန်ပြီးကြားရတော့ ခေမာ အသာနားစွင့်လိုက်ပါသည်။

"ဒေါ်မိုးမြင့်က အမေ့ရုံးကို ဖုန်းဆက်တာ၊ ဒီအပတ် တနင်္ဂနွေမှာ သမီးငယ်ပါခေါ်ပြီး အိမ်မှာ ညစာလာစားပါတဲ့ ... ကဲ"

စကားအဆုံးမှာ 'ကဲ'ဟု အဆုံးသတ်လိုက်ဟန်မှာ ဒါ သတင်းကောင်း မဟုတ်ဘူးလားလို့ မေးလိုက်သံမျိုး ဖြစ်နေပါသည်။

"ဘာအထိမ်းအမှတ်လဲ"

"ဘာအထိမ်းအမှတ်ရယ်လို့တော့ မပြောဘူး၊ ညစာလာစားပါလို့ ဖိတ်တာကိုက ဒါ အရေးတယူရှိလို့ပဲ။ အကြောင်းထူးတစ်ခု ရှိလို့ပဲပေါ့။ အဖေနဲ့အမေတင်မကဘူး သမီးယ ခေါ်လာခဲ့ပါလို့ ထည့်ပြောတာကိုက ဒါ အကြောင်းရှိလို့ပဲ ပေါ့ သမီးရဲ့ ...

ဒေါ်မိုးမြင့်လိုလူက သူ့အိမ်ကို အလကားနေရင်း ဖိတ်ခေါ်နေတဲ့သူမဟုတ်ဘူး။ ဒါ အမေတို့ကို အရေးတယူ ရှိရမဲ့အကြောင်းကိစ္စရှိလို့ကို ဖိတ်တာ"





"တနင်္ဂနွေလည်း ခေမာတို့ဆိုင်က ပိတ်မှမပိတ်တာ အမေရဲ့"

"ကိုယ်ပိုင်လုပ်ငန်းပဲကွယ်၊ သူငယ်ချင်းတွေကို ပြောပြီး စောစောပြန်ခဲ့ရင် ရပါတယ် ... ကြံဖန်ငြင်းမနေနဲ့"

"ခေမာ့ ရင်ထဲမှာ တစ်မျိုးပဲ အမေ"

ခေမာသည် ဆေးပြီးသော စတီးချိုင့် အဆင့်တွေ ရေသုတ်သောအဝတ်သန့်ဖြင့် အသေအချာသုတ်ရင်း ပြောမိသည်။

"ဘာတစ်မျိုးပဲလဲ"

"အမေ့ကို စိတ်ချမ်းသာစေချင်လို့သာ အမေ့စကား နားထောင်နေရတာ။ ခေမာ တကယ်တော့ အဲဒီသူဌေးဆိုတာတွေနဲ့ သိပ်မပတ်သက်ချင်ဘူး အမေ။ ကိုယ်က နိမ့်ပြီး သူတို့က သိပ်မြင့်လွန်းတဲ့အခါကျတော့ သိမ်ငယ်မိတယ်၊ သူတို့ကို အရောလည်း မဝင်ချင်ဘူး။ သူတို့အသိုင်းအဝိုင်းထဲလည်း ဝင်ခွင့်ရအောင် မကြိုးစားချင်ဘူး"

"အံမယ်လေး ... ခေမာရယ်၊ သမီးလောက် အတွေးခေါင်တဲ့သူ ဘယ်သူမှ ရှိမှာမဟုတ်ဘူး။ ဘယ်သူမဆို အဲဒီသူဌေးအသိုင်းအဝိုင်းထဲ ဝင်ခွင့်ရအောင် ကြိုးစားနေတဲ့သူချည်းပဲ။ အခုလည်းကြည့် ... ကိုယ့်ဘက်က ခယရိုကျိုးပြီးလာပါရစေ



www.burmeseclassic.com

www.burmeseclassic.com



လို့ သွားခွင့်တောင်းနေတာလည်း မဟုတ်ဘူး။ သူတို့ကိုယ်
တိုင်က လိုလိုလားလားနဲ့ ခေါ်တာ။ ဒါလား သိမ်ငယ်စ
အမေ သိကိုသိတယ်။ ဒေါ်မိုးမြင့်ရဲ့တူ မိုးအာကာက ခေ
ကို သဘောကျလို့ သူတို့ဖိတ်တာ”

ခေမာ သက်ပြင်းခိုးချမိသည်။ မိုးအာကာ ငါ့
မကြိုက်ပါစေနဲ့လို့လည်း ကျိတ်ဆုတောင်းနေမိသည်။ ဒီလူ့မျက်
တွေကြည့်တော့လည်း အေးဆေးပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စ
တဲ့ပုံပါ။ ငါ့ကို စိတ်ဝင်စားတာတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး

သို့သော် ခေမာ့အထင် မှားသွားပါသည် ဆိုတာ
တနင်္ဂနွေနေ့မှာ ညစာသွားစားရသောအခါမှာ သိခွင့်ရလိုက်
သည်။

ထိုသူဌေးအိမ်ကြီးကို သွားဖို့ ညဘက်လည်းဖြစ်သ
လမ်းထဲမှာ ကိုယ်ပိုင်တက္ကစီထောင်သော အဖေအမေတို့မိတ်ဆွေ
ကို ကြိုပြောပြီး ငှားရသည်။ အသွားရော စောင့်ခေါ်ပြီး အိမ်ပြန်ဖို့
ရော နာရီနဲ့တွက်ပြီး ငှားရသဖြင့် ပိုက်ဆံတော်တော်ထိလေသည်

တကယ်တော့ ခေမာတို့မိသားစုဆိုတာ ကိုယ်ပိုင်
တိုက်ခန်းရယ်၊ လူတန်းစေ့ နေနိုင်စားနိုင် သုံးနိုင်တာရယ်ကလွဲရင်
ကျန်တဲ့နေရာတွေမှာ ပိုက်ဆံများများ ပိုမဖြုန်းနိုင်သော ဝင်ငွေနဲ့သာ
ရပ်တည်ရသူများ ဖြစ်ပါသည်။ ဒီတော့ အလကားနေရင်း ဓိမ်း





က္ကစီ စီးတာလောက်ကို မလုပ်ဖြစ်ကြ။ အိမ်မှာဆိုလည်း နေ့စဉ်
ဟင်းချက်တာကိုပင် အတိုင်းအတာနဲ့ ချက်စားကြတာမျိုး။

“အသားဟင်းလေးတစ်ခွက် အသီးအရွက်လေးတစ်ခွက်ဆို
တော်ပါပြီ။ ဘာမှများများစားစား မချက်တော့ဘူး။ အဖေတို့
အမေတို့က ကော်ဖီ လက်ဖက်ရည်လည်း သောက်သေး
တော့ အသုံးစရိတ်ကို ကျစ်လျစ်မှဖြစ်မယ် သမီးရဲ့။ အခု
ခေတ်ကုန်ဈေးနှုန်းက ဘယ်လောက်ရှာရှာ လိုက်မမီတဲ့
ကုန်ဈေးနှုန်းလေ။ ဒီတော့ အစားကို သင့်တင့်ရုံလေးနဲ့
ဝအောင်စားမှ။ အိမ်ထဲမှာစားတာ လူမမြင်ဘူး။ အပြင်ပန်း
ဝတ်တာ စားတာကတော့ လူမြင်တာမို့ ကောင်းကောင်း
လေး ဝတ်ရဦးမှာ ရှိသေးတယ်”

ဆိုသော အမေ့ရဲ့ဒဿနအတိုင်း သင့်တင့်ရုံစားကြ
အဝတ်အစားတော့ ကောင်းကောင်းဝယ်ဝတ်လေရာ အပိုအသုံး
တော့ ချွေတာဖြစ်ကြပါသည်။

“ငါ့သမီး သူဌေးဖြစ်သွားရင် တက္ကစီစီးနေစရာမလိုတော့ပါ
ဘူးကွယ်”

အမေကတော့ ဒေါ်မိုးမြင့် အိမ်သွားရခြင်းအကြောင်း
မှာ ဘာကြောင့်ရယ်မသိဘဲ စိတ်ကူးတွေယဉ်ကာ မသွားခင်
ဖွဖွပြောနေတော့သည်။ အဖေကတော့ အေးလှပြီး သူ့တစ်



www.burmeseclassic.com

www.burmeseclassic.com



သက်တာမှာ ခိန်းမကာသာ ဆရာလုပ် ခြယ်လှယ် ညွှန်ကြား ခံလာသူဖြစ်ရာ ဖြိုးလိုက်၊ ခေါင်းခါလိုက်သာလုပ်ရင်း အမေ့ ကြည့်နေတတ်ပါသည်။

ဒေါ်မိုးမြင့်အိမ်ကို ရောက်သောအခါ ခြံတံခါးက အိမ်ရှိရာဆီ ဝင်ရတာပင်။ ကားနဲ့ဝင်ရတာတောင် တော်တော် သွားရသည်။ အိမ်ကြီးမှာ ကုန်းမြင့်လိုဖြစ်နေသော နေရာ ခံ့ညားထည်ဝါစွာ တည်ရှိနေတာ တွေ့ရသည်။ အုတ်ကွက် ပြီး လမ်းခင်းထားသော ကားဝင်ရာလမ်း၏ တစ်ဖက်တစ်ချက် စိမ်းလန်းပြီး ကျယ်ပြောလှသော မြက်ခင်းကြီးကို တမေ့တ ပြန့်ပြူးစွာ တွေ့ရသည်။

ထိုမြက်ခင်းကြီးထဲမှာ ဖိနပ်မပါဘဲ လျှောက်သွား ရရင်ပဲဖြစ်ဖြစ်၊ ပက်လက်လှန်လှဲအိပ်ပြီး မိုးကောင်းကင်ကြီး ကြည့်ရရင်ပဲဖြစ်ဖြစ် တော်တော့်ကို စိတ်ချမ်းသာမှာတော့ သေ သည်။ မြက်ခင်းကျယ်ကြီးပြီးမှ အရိပ်ရ သစ်ပင်ကြီးတွေရှိသော မြေနေရာမှာ အလှစီးဒန်းကလေးလည်းရှိသည်။ အမြင့်တစ်နေရာ လှပငြိမ့်ညောင်းစွာကျဆင်းလာသော ကျောက်တုံးရေတံခွန်အ လေးလည်းရှိသည်။ ရေတံခွန်ရဲ့အောက်ခြေမှာ ကြာပန်းပွင့်လေ တွေ ထိုးထိုးထောင်ထောင်ပွင့်နေသော ရေကန်ငယ်လေးကိုလည် လှမ်းမြင်နေရသည်။





"ရေတံခွန်လေး တွေ့လား သမီး။ အဲဒီအောက်ကန်မှာ အလှမွေးငါးလေးတွေရှိတယ်။ သိပ်လှတာပဲ။ ကြည့်လို့ ကောင်းတယ်။ အဲဒီနားမှာထိုင်ပြီး ကြည့်နေရရင် တကယ့် သုခဘုံရောက်သွားသလိုပဲ"

အမေက ခေမာ လည်ပင်းတောင်လိမ်ပြီး လှည့်ကြည့် သဖြင့် ရေကန်ငယ်လေးအကြောင်း ပြောနေစဉ်မှာပင် အိမ်ကြီး မှာရှိသော ကြီးမားကျယ်ပြန့်လှသည့် ပေါ်တီကိုအကြီးကြီး အောက်မှာ ကားကရပ်သွားပါသည်။ ပေါ်တီကိုကြီး၏ မျက်နှာ ကြက်မှာ ဆလိုက်မီးများ မြှုပ်ထားကာ အောက်ခြေကတော့ ကြီးမားခိုင်ခံ့ပြီး ပွတ်လုံးကျောက်တိုင်ကြီးများကို တွေ့ရသည်။

ကားရပ်သံကြားသောကြောင့် အိမ်ကြီး၏ အတွင်း ခါးဖြစ်သည့် ကျွန်းရောင်ပြောင်လက်နေသော တံခါးကြီး ပွင့် လာသည်။ အပြင်တံခါးမှာ အကောင်းစားခြင်လုံသံဆန်ခါတံခါး ကြီးဖြစ်ပြီး အတွင်းအပြင်ကို ခြားထားပေမဲ့ ထွင်းဖောက်မြင်နိုင်ပါ သည်။

တံခါးလာဖွင့်သူမှာ ရုပ်ရည်ခပ်သန့်သန့် အမေတို့ ရွယ် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ သန့်ရှင်းပြီး သပ်ရပ် သော ပါတိတ်ဝမ်းဆက်ဝတ်စုံကို ဝတ်ထားပေမဲ့ ထိုအမျိုးသမီး ကနှာမှာ အိမ်၏ဝန်ထမ်းပုံစံပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေက ခေမာ့ကို ခပ်တိုးတိုးကပ်ပြောသည်။

"အဲဒါ ဒေါ်မိုးမြင့်ရဲ့ လက်စွဲတော် မသိန်း ဆိုတာ ခေမာ။ ဒီအိမ်မှာ သူက ဆရာပဲ"

လှေကားထစ် ငါးထစ်အမြင့်ကို တက်နေတုန်းမှာ မသိန်းက အပြင်ခြင်လုံသ ဆန်ခါတံခါးချက်ကို ဖွင့်ပြီးကြို နေသည်။

"ကားသံကြားလို့ ထွက်ကြည့်တာ ထင်တဲ့အတိုင်းပဲ ဒေါ်သန့်စင်တို့မိသားစု ဖြစ်နေတယ်၊ ကြွပါ … ကြွပါ ဒေါ်ဒေါ်မိုးမြင့်ကတော့ ခုလေးတင် ညနေတစ်ခါ ရေချိုးပြီး လို့ သနပ်ခါးလူး အဝတ်လဲနေပါတယ်"

အိမ်ကြီးထဲရောက်လျှင် ဘယ်လို မွှေးရနံ့သန့်သန့် လေး ရှိနေမှန်းမသိသော ရနံ့တစ်မျိုးကို ရှူရှိုက်ရကာ အိမ်ကြီး၏ အပြင်အဆင် အခမ်းအနား ထည်ဝါမှုကတော့ ပြောစရာကုန်နိုင် မည်မထင်ပါ။

အမေကတော့ ကနုတ်ပန်းနွယ်တွေ ထွင်းထားသော ကတ္တီပါထိုင်ခုံကြီးမှာ ဝင်ထိုင်ရင်း ခေမာ့ကို မျက်စတပစ်ပစ်ဖြစ်နေ သည်။ ငါ့သမီး ဒီလိုမနေချင်ဘူးလားလို့ မေးလိုသောသဘောတွေ ပါနေသည့် အမေ့အမူအရာကို ခေမာ သက်ပြင်း ကျိတ်ချလျက် နေရထိုင်ရတာ သက်သောင့်သက်သာ မရှိသလို ခံစားရသည်။

"ဟော … ရောက်လာကြပြီကိုး"





ဒေါ်မိုးမြင့် အသံသည် အိမ်တစ်ဖက်နံရံ၏ ဘေးမှာ ...လျက်ရှိသော လှေကားကျယ်ကျယ်ပြန့်ပြန့်ကြီး၏ထိပ်မှ ထွက် ...လာသည်။ ထိုလှေကားကြီးကပင် ခေမာတို့ အခုလက်ရှိနေနေ ...သာ မြို့ထဲကအိမ်ခန်းလောက် ကျယ်ပြန့်လှသည်။ ကွေ့ဝိုက်ပြီး ...မျှော်တခေါ်ဖြစ်နေသော လှေကားထစ်များကို နင်းပြီး ဆင်းလာ ...သည့် ဒေါ်မိုးမြင့်မှာ ခြေသံသည် ညင်သာလှသည်။

အိမ်တွင်းစီးမွေးပွဖိနပ်ပါးကို စီးထားသော ဒေါ်မိုးမြင့် ...သည် ခေမာ့ကို အသေအချာလေး စိုက်ကြည့်ပြုံးပြလေသည်။

"မသိန်း … အာကာ့ သွားခေါ်ချည်ဦး၊ ဒီမှာ ဧည့်သည်တွေ ရောက်ပြီလို့၊ ညစာလည်း စားဖို့အသင့်ပဲလို့"

"ဟုတ်ကဲ့ … ဒေါ်ဒေါ်မိုးမြင့်"

မသိန်း သုတ်ခနဲ လှေကားထစ်တွေပေါ် ပြန်ပြေး ...က်သွားပါသည်။

"ထိုင်ကြပါဦး၊ စားပွဲပေါ်မှာ ဘာတွေလဲ၊ ကိတ်မုန့်ဘူးတွေ ထင်တယ် ဟုတ်လား"

ဒေါ်မိုးမြင့်က ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားသော ...ဘူးနှစ်ဘူးကို လှမ်းကြည့်ရင်း တစ်ဆက်တည်းမေးပါသည်။

"ဩော် … ဟုတ်ပါရဲ့၊ ပြောပြဖို့မေ့နေတာ၊ ဒါ သမီး ခေမာတို့ဆိုင်ထွက် မုန့်တွေပါ၊ သမီးတို့ လက်ရာလေး မြည်းရအောင်ဆိုပြီး ယူလာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အမေကပြောရင်း ခေမာ့ကိုပါ ဝင်ပြောစေချင်ဟ ဖြင့် လက်တကုတ်ကုတ် လုပ်လေသည်။ ခေမာ မပြောချ သူတို့လို သူဌေးတွေက ခေမာတို့လို သာမန်ကိတ်မုန့်ဆိုင်သေးသေ လေးက မုန့်မျိုးကို အထင်ကြီးလိမ့်မှာမဟုတ်ဘူးဆိုတာ ကြိုသိ ပါသည်။ ဒေါ်မိုးမြင့်ကလည်း သာမန်ကာလျှံကာလောက် လှ ကြည့်ရုံအပြင် မပိုပါ။

"မုန့်တွေက မနက်စောစောတစ်ခါ နေ့လယ်ပိုင်း နှစ်နာ လောက်တစ်ခါ ထွက်တာပေါ့၊ ဒါကြောင့် လတ်ပါတယ် ဒေါ်ဒေါ်မိုးမြင့်။ သမီးတို့လက်ရာက အခုတော့ တော်တော် လေး လူကြိုက်များလာပြီ"

ဒေါ်မိုးမြင့်က ဘာမှမမေးတော့ပေမဲ့ အမေက ဆက် ပြီးကြွားပါသည်။

"သြော် ... သြော် ... ကောင်းပါတယ်၊ ဘယ်လိုအလုပ်မျိုးပဲ ဖြစ်ဖြစ် အောင်မြင်အောင်လုပ်နိုင်တယ်ဆိုတာ ဝမ်းသာစရာ ပါ၊ နာမည်က ANGELS နော်၊ နတ်သမီးလေးများပေါ့ ဟုတ်လား၊ သူငယ်ချင်းတွေအားလုံး နတ်သမီးလေးတွေ လိုပဲ လှကြတာပဲလား"

"အကုန်လုံး ချောချောသန့်သန့်လေးတွေ ဒေါ်ဒေါ်မိုးမြင့် ရေ။ တစ်ယောက် တစ်မျိုးစီပါပဲ"





ခေမာမှာ မျက်နှာမထားတတ်အောင်ရှက်ပြီး ခေါင်း အသာငုံ့နေမိသည်။ အမေကတော့ ကျယ်ကျယ် ကျယ်ကျယ်နှင့် ခေမာ့အကြောင်း ချီးမွမ်းခန်း ဆက်ဖွင့်ချင်နေပုံရသည်။ အမေနဲ့ လှချင်းလည်း မနီးသဖြင့် လက်ကုတ်ဖို့လည်းအခက်။ အဖေ့ကြည့် လိုက်တော့လည်း ခပ်ငြိမ်ငြိမ် အမူအရာဖြင့် ပန်းချီကားတွေကို ငေးနေတာတွေ့ရသည်။

ထိုအချိန်မှာပဲ မိုးအာကာ အပေါ်ထပ်မှ ဆင်းလာပါ သည်။ ဒီအိမ်ကြီးမှာ နှစ်ထပ်အိမ်ဖြစ်ပေမဲ့ အတော်ကြီးမားလှသဖြင့် တစ်နေရာကနေ တစ်နေရာရောက်ဖို့ကို တော်တော်လေးသွားယူ ရသည်ထင်သည်။ မသိန်း သွားခေါ်တော့ တော်တော်ကြာမှ မိုးအာကာ ရောက်လာခဲ့လေသည်။

မိုးအာကာသည် အိမ်နေရင်း အဖြူရောင်ဗြောင် လည်ပိတ်တီရှပ်အင်္ကျီ၊ ခပ်ကြေကြေပွပွအသား ဘောင်းဘီရှည်ကို ဝတ်ထားပါသည်။ ရုပ်က အချောကြီး မဟုတ်လှပေမဲ့ သူဌေးမို့ ရုပ်အလိုလိုသန့်ပြန့်ပြီး အဆင့်အတန်းမြင့်သည့်ရုပ် ထွက်နေသည်။ ခေမာ့ထံ ဖျတ်ခနဲ တစ်ချက်ကြည့်ရုံကလွဲလျှင် သူ့အမူအရာမှာ အေးဆေးပြီး အကဲခတ်ရခက်လှပါသည်။

ခေမာသည် မဆီမဆိုင် အရင်တစ်ပတ်လောက်က ခေမာ့ဆိုင်ကို မတော်တဆ ဝင်ဝယ်မိသော ရာစုသစ်ကို လှစ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



သတိရလိုက်မိသည်။ ရာစုသစ်ကတော့ မိုးအာကာလို သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက် အမူအရာမျိုးမရှိ။ သူ့စိတ်ခံစား အမူအရာကို လှစ်ဟပြသတတ်သော စရိုက်ရှိသည်။

ပြီးတော့ အင်း ... မှန်တာပြောရရင် ဂျစ်ကန်ကန် မထီမဲ့မြင်ရုပ်လေးနဲ့ ရာစုသစ်ဟာ မိုးအာကာနဲ့ယှဉ်လျှင် ပိုပြီး စွဲမက်စရာပုံစံပါ။

"ညီ့သည်တွေ လာမယ် ပြောထားတာကွယ် သားက ဘယ်ရောက်နေတာလဲ"

"e.mail အဝင်တွေစစ်ပြီး ပြန်ပို့စရာတွေလည်း ပြန်ပို့နေလို့ပါ"

"ထမင်းစားကြရင် ကောင်းမလား"

"ကြီးကြီးသဘောပါပဲ၊ သားက ဘယ်အချိန်စားစား ရပါတယ်၊ ကြီးကြီးက ညစာဆို ခုနစ်နာရီမကျော်ခင် စားတာဆိုတော့ ..."

ဒီလိုနဲ့ပဲ အိမ်ကြီးရှင်တို့ဆုံးဖြတ်ချက်ဖြင့် ထမင်းစားကြဖို့ ပြင်ဆင်ရန် အမိန့်ပေးလိုက်လျှင် မသိန်း ဦးဆောင်မှုဖြင့် ထမင်းဝိုင်းကြီးပြင်ဆင်ကြသူတွေ ခြေချင်းလိမ်ကုန်ကြတော့သည်။

❖ ❤ ❖





## ၄

ထမင်းစားခန်းကြီးကတော့ တကယ့်ကို သီးသန့်ဖွဲ့ထားတာမျိုးဖြစ်သည်။ စားပွဲဝိုင်းအကြီးကြီးမှာ စားသောက်ဆိုင်ကြီးတွေကလို အလယ်မှာ လှည့်၍ရသော ဆုံလည်စားပွဲမျိုးဖြစ်သည်။ လူနှစ်ဆယ်လောက် ထိုင်၍ရသော စားပွဲဝိုင်းကြီးတွင် ခမောတို့မိသားစုသုံးယောက်နှင့် ဒေါ်မိုးမြင့်တို့တူဝရီးနှစ်ယောက် နေရာယူရသဖြင့် စားပွဲဝိုင်းကြီးက ကြီးမားမှန်း ပိုသိသာနေသည်။

အမေ တွန်းပို့မှုကြောင့် ခမောသည် ဒေါ်မိုးမြင့်၏ ဘယ်ဘက်ခြမ်းမှာ ထိုင်လိုက်ရကာ ဒေါ်မိုးမြင့် ညာဘက်ခြမ်းကတော့ မိုးအာကာ ဖြစ်နေခဲ့သည်။

ခမောတို့ ရပ်ကွက်ဈေးထဲမှာ တစ်ခါမှ မရောင်းဖူးသော ကြီးမားလှသည့် ပုစွန်တုပ်ကြီးများ ဆီပြန်ချက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခွက်၊ ငုံ့( စ)လုပ်ထားသော ကြက်သားဟင်း၊ ကျောက်ပွင့်သုပ်၊ ငါးအယ်ငါးဆုပ်ကြော်၊ ဝက်သားတောက်တောက်ကို သီဟိုဠ်စေ့တွေ၊ အသီးအရွက်စုံတွေနှင့် ရောကြော်ထားသောဟင်း၊ ကြံဆိုင်ရွက်တွေ ခတ်ထားသောဟင်းချို စသဖြင့် ဘယ်ဟင်းခွက်နိုက်ရမှန်းမသိအောင် များပြားပြည့်လျှံနေသည့် ထမင်းဝိုင်းကြီးတွင် ဝင်ထိုင်စားရသောအခါ အမေ့မျက်နှာမှာ ကျေနပ်ပီတိဖြစ်စိတ်ဖြင့် ဝင်းပနေသည်။

ဧိမ်ခံစားသောက်ရတာထက် သူလိုကိုယ်လို သာမန်လူတွေကို တကယ့်သူဌေးကြီးတွေက အရေးတယူလုပ်ပြီး ညစာဖိတ်ကျွေးရသည်ကို ကြုံရသည့်အတွက် ကြည်နူးပီတိဖြစ်နေတာမျိုး အမေ့ မျက်နှာမှာ တွေ့နေရသည်။

"တကယ်တော့ ညစာဆိုရင် ကျွန်မ များများမစားတာကြာပြီ။ ညခုနစ်နာရီကျော်ရင်လည်း အဖတ်ဘာမှ မစားဖြစ်အောင်ရှောင်တာကြာပြီ မသန့်စင်ရဲ့။ အသက်ကြီးလာတော့ အဆီအဆိမ့်တွေ သတိထား စားရတယ်လေ။ လှချင်ပချင်လို့ရယ် မဟုတ်ပါဘူး။ ကိုယ့်ကျန်းမာရေးအတွက်ပေါ့။ အစားကို ချင့်ချိန်စားပါတယ်။ မနက်စောစောလေးဆိုလည်း သားအာကာက တိုက်တွန်းလို့ သူ ဝယ်ပေးထားတဲ့ Treadmill (ထရက်မေးလ်)လို့ခေါ်တဲ့ လမ်းလျှောက်စက်





အဲ ... ခပ်ဖြည်းဖြည်း ပြေးချင်ရင်လည်း ပြေးလို့ရတဲ့စက်ပေါ့၊ အဲဒီပေါ်မှာ ကျွန်မကတော့ နာရီဝက်လောက် လမ်းလျှောက်ရတယ်။ နာရီဝက်ဆိုတာက လူကြီးရော လူငယ်ရော ဘယ်သူမဆို သွေးလှည့်ပတ်အား ကောင်းဖို့။ သွေးပေါင်ချိန်မှန်ဖို့ နေ့တိုင်းလုပ်သင့်တယ်လို့လည်း ဆရာဝန်တွေက ပြောတယ်လေ"

ဒေါ်မိုးမြင့်က ထမင်းကို ခပ်နည်းနည်းသာစားသဖြင့် အရင်ဆုံးပြီးသောကြောင့် သူမ ဘာကြောင့်နည်းနည်းပဲ စားရသလဲ ဆိုတဲ့အကြောင်းကို ရှင်းပြပါသည်။

"မသန့်စင်ကတော့ ပိန်တယ်နော်၊ ဦးအုပ်စိုးကတော့ ခပ်ပြည့်ပြည့်ပဲ၊ ဒီပုံအတိုင်းလေး အသက်သိပ်ကြီးတဲ့အထိ ထိန်းသွားမယ်ဆိုရင် မဆိုးပါဘူး။ သိပ်ဝရင် ရောဂါထူတယ်လေ"

"သန့်တို့မျိုးရိုးက အသက်ကြီးရင် ပိန်တဲ့မျိုးရိုး ဒေါ်ဒေါ်မိုးမြင့်ရဲ့၊ သန့်အဘွားရော အမေရော အဒေါ်တွေရော ခပ်ပိန်ပိန်တွေပဲ၊ သွေးတိုး ဆီးချိုတွေလည်း ယုံးဝမရှိကြဘူး။ လှစ်လှစ် လှစ်လှစ်နဲ့ သွားနေကြရင်းကပဲ သက်တမ်းစေ့တဲ့အထိ နေသွားကြတာများတယ်၊ နာတာရှည်လဲပြီးမှ ဆုံးတာပြုတာလည်း မရှိဘူး၊ ကိုအုပ်စိုးတို့ကတော့ ဝတဲ့မျိုး



www.burmeseclassic.com

www.burmeseclassic.com



ရုံးမို့ သူ့လည်း အသက်သိပ်ကြီးလာရင် ဒီထက်မဝဖို့တော့ ထိန်းရမှာပေါ့"

"အသက်မေးရင် ရှိင်းတယ်ဆိုလို့ မမေးတာ၊ ပြောကြပါဦး အသက်တွေဘယ်လောက်ရှိပြီလဲ၊ အခုတော့ ရင်းနှီးရမဲ့သူတွေ ဖြစ်လာပြီ ဆိုတော့ အသက်မေးလို့ ရပါပြီလေ"

ဒေါ်မိုးမြင့်ထံမှ အမှတ်မထင် ကြားလိုက်ရသောစကားကြောင့် ခေမှာ ရင်ထိတ်သွားသည်။ တစ်ချက် မိုးအာကာကို အကဲခတ်လိုက်လျှင် သူကလည်း ခေမာ့ကို လှမ်းကြည့်လိုက်တာတွေ့ရလျှင် ခေမာ့ရင်ထဲ နောက်ကျိသွားပါသည်။ တကယ်တော့ ခေမာ့ရင်ထဲမှာ မိုးအာကာဟာ သူ့မကို စိတ်ဝင်စားသဘောကျလာခဲ့မှာကို လုံးဝ မလိုလားခဲ့ပါပေ။

"ကိုအုပ်စိုးက ငါးဆယ့်သုံး၊ သန့်က ငါးဆယ့်နှစ်ပါ"

"ဪ … ငယ်သေးတာပဲ၊ ဒါနဲ့ ခေမာက ဘယ်နှနှစ်ရှိပြီလဲ"

"ခေမာက နှစ်ဆယ့်နှစ်ပါ။ ဟောမှာလေ ဟိုတလောကလက်ထပ်တဲ့သမီးကြီးက နှစ်ဆယ့်လေးပေါ့"

ဒေါ်မိုးမြင့်က ခေမာ့အသက်ကိုသာ စိတ်ဝင်စားဟန်ဖြင့် …





"ဪ … သား အာကာနဲ့ဆို ရှစ်နှစ်လောက်ကွာလိမ့်မယ်၊ သားက သုံးဆယ်ပြည့်တော့မှာလေ"

ဟု ဆက်ပြောလျှင် အမေသည် ခုန်ထမိတော့လောက်နီးပါး လှုပ်လှုပ်ရှားရှားဖြစ်သွားတော့လေသည်။ ဒေါ်မိုးမြင့်ထံမှ နောက်ဆက်တွဲတစ်ခုခု ထပ်ပြောချင်သလို ပြင်တုန်း အသံတိတ်နေသော မိုးအာကာထံမှ ပထမဦးဆုံး အသံထွက်လာသည်။

"ကြီးကြီး … ထမင်းဝိုင်းပြီးမှ သားဘာသာ ခေမာ့ကို သီးသန့်စကားပြောပါရစေလား"

ခေမာသည် နားတွေထဲမှာ ထူပူလာသလိုလို ဘာကိုခံနည်းအားငယ်မှန်းမသိ အားငယ်နေသလိုလို၊ ဒီနေရာကနေထွက်ပြေးသွားချင်သလိုလို ရုတ်ခြည်းခံစားလိုက်ရသည်။ သူတို့က ပိုက်ဆံသိပ်ချမ်းသာတယ်။ ငွေနဲ့ အရာရာကို လွှမ်းမိုးနိုင်တယ်ဆိုတိုင်း ငါတို့ကငုံ့ခံတဲ့သဘောလား။ ကိုယ်သဘောတကျ တောင်းယူချင့်တဲ့မိန်းကလေးရှိရာကို မလာဘဲ အဲဒီမိန်းကလေးကို ကိုယ့်ပိုင်နက် ကိုယ့်အိမ်ရိပ်ထဲခေါ်ပြီး အပိုင်ပြောမယ်ဆိုတဲ့သဘောလား။

ခေမာသည် ဘာမှ နားကြည်းစရာမရှိပါဘဲ အရာရာကို နာကြည်းနေမိသည်။ မိုးအာကာကိုရော၊ ဒေါ်မိုးမြင့်ကိုရော မုန်းနေမိသည်။

ထမင်းဝိုင်းပြီးသောအခါ ဒေါ်မိုးမြင့်က ..



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မသန့်စင်တို့ ကိုအုပ်စိုးတို့ကတော့ ကျွန်မနဲ့အတူ အင်န်တာတိန်းမန့်ရှမ်းထဲ လိုက်ခဲ့ကြပါဦး။ ကျွန်မက ဒီအချိန်ဆို CNN သတင်း ကြည့်နေကျလေ။ ရိုးရိုး TV တွေဆို ဘယ်လောက်ကြီးကြီး ကြည့်ရတာ အားမရလို့ အိမ်မှာ ရုပ်ရှင်ပြစက် ပရိုဂျက်တာလေးဝယ်ပြီး ကြည့်ရတယ်၊ ဒါကြောင့် ရုပ်ရှင်ကြည့်ခန်း၊ ဖျော်ဖြေရေးအခန်းပေါ့၊ အင်န်တာတိန်းမန့်ရှမ်းကို သတ်သတ်ထားထားရတယ်လေ၊ ခေမာကတော့ အာကာနဲ့ စကားပြောနေရစ်ပါဦး"

ခေမာသည် သူတို့ညွှန်ကြားစီစဉ်သမျှ ဘာမှ ငြင်းခွင့်မပေးဘဲ လိုက်နာနေရလျှင် နာကြည်းပြီးရင်း နာကြည်းလျက် ခေမာ ကိုင်နေကျ ဟန်းဘက်(ခ)အိတ်၏ လက်ကိုင်ကြိုးကို လိမ်ကျစ်ရင်း ကျန်ခဲ့ရလေသည်။

မိုးအာကာသည် ခဏမျှ ငြိမ်နေပြီးမှ ..

"ဒီမှာပဲ ထိုင်မလား။ အပေါ်ထပ် ဝရန်တာအကျယ်ကြီးကို သွားမလား ခေမာ။ ဝရန်တာက ပေါ်တီကိုကြီး အမိုးမှာ လုပ်ထားတာလေ၊ ငှက်လှောင်အိမ်လေးတွေရှိတယ်၊ ပန်းအိုးနဲ့ထည့်စိုက်ရတဲ့ ပန်းပင်တွေလည်းရှိတယ်၊ အပျင်းပြေကြည့်လို့ရတာပေါ့"





မိုးအာကာ ထိုသို့ပြောပြီး ခေမာ့သဘောကို မေးရှာသောဟန်ပုံစံနဲ့ သူကအရင် လှေကားထစ်တွေဆီ ခြေလှမ်းနေတော့သည်။

ခေမာ မလိုက်သွားဘဲ ပေထိုင်နေခဲ့ရာ မိုးအာကာ ... ယောက် လှေကားထစ်အလယ်ထိ တက်သွားပြီးမှ အသာပြန်ငုံ့ကြည့်ရာ ခေမာ့ကို မတွေ့တော့မှဘဲ ခေမာ သူ့နောက် ပါမလာ ... သိလေသည်။ မိုးအာကာက ကိုယ်ကို ပြန်လှည့်၍လှေကားမှာ ... ရင်း ...

"ခေမာ လာခဲ့လေ၊ အဲဒီမှာ သစ်သီးစုံ Fruits salad (ဖရုထ်ဆဲလာ့တ်) စားဖို့တောင် ဒေါ်သိန်းကို ပြောထားပြီးနေပြီ၊ လာခဲ့လိုက်ပါလား"

ခေမာသည် ခေမာ မလာချင်ဘူးဟု ပြန်အော်ချင်ပေ ... ယ်အရာက ခေမာ့ကို တားဆီးထားမှန်းမသိဖြစ်ပြီး နောက်ဆုံး ... ရေငုံနှုတ်ပိတ်စွာနဲ့ မိုးအာကာ ကျောပြင်ကို ကြည့်ပြီး ... က လိုက်တက်လာခဲ့ရသော အခြေအနေကို မှန်းနေလေ ... ၊ အီတာလျှံကြွေပြားတွေဖြင့် ကျယ်ပြန့်စွာခင်းထားသော ... ကားထစ်ကြမ်းခင်းတွေကို မှန်းသည်။ မဟော်ဂနီရောင်ပြောင်သော လှေကားလက်တန်းတွေကို မှန်းနေသည်။ အိမ်မျက်နှာ ... တည့်တည့်မှာ တပ်ဆင်ထားသော ကြီးမားသည့် မီးပန်းဆိုင်း ... ကြီးကိုလည်း မှန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကြီးဟာ ခမ်းနားထည်ဝါပြီး ပုံပြင်ထဲကအိမ် ကြီးတစ်ဆောင်လိုပဲ သားနားခဲ့ထည်ပေမဲ့ ခေမာ အလိုလို မှုန် နေမိသည်။

ဝရန်တာကိုရောက်သောအခါ အိမ်အပြင်ဘက်ပေါ် မိုးမှောင်မနေပါ။ ခြံထဲမှာထွန်းထားသော မီးပုံးတွေ၏အရောင်ဖ လင်းနေသလို ဝရန်တာအတွက် သီးသန့်ထားသော မတ်တတ်မီး အိမ်လှလှလေးတွေလည်း ရှိသဖြင့် မှောင်မည်းမနေ။ ဒီကြား အိမ်အပေါ်ထပ်ရှိ စီဒီပလေယာထဲ စီဒီအချပ်တွေထည့်ပြီးလျှ မိုးအာကာက ရီမုဒ်နှိပ်ပြီး သီချင်းဖွင့်လိုက်သေးသဖြင့် သီချင်း ချိုလေးတချို့ ပျံ့လွင့်နေသည်။

ဒေါ်သိန်းက ဗန်းကလေးဖြင့် Fruits salad ပန်းကန် လှလှလေးနှစ်ခုကို ကြိမ်အောက်ခြေအခံဖြစ်သော မျက်နှာပြင် တော့ မှန်ဝိုင်းမျက်နှာပြင်ဖြစ်သော စားပွဲအလှလေးမှာ လာတင်ပေး သွားပါသည်။ ဝရန်တာကျယ်ကြီးပေါ်မှာ outdoor furnitu (အောက်ဒိုးဖန်နစ်ချာ)ဟုခေါ်သော အိမ်အပြင်မှာထားရသည့် စား ကုလားထိုင်တစ်စုံရှိပါသည်။ ခုံတွေက အကုန်ကြိမ်ခုံဝိုင်းတွေဖြ ပြီး ခြောက်လုံးရှိသည်။

မိုးအာကာက အရင်သွားထိုင်ရင်း သီချင်းတေးသွား အလိုက် ခပ်တိုးတိုးဆိုညည်းနေသည်။ ခေမာ့ကို လာထိုင်ဝါ





ခေါ်ပေမဲ့ ခေမာ ရုပ်မနေတော့ဘဲ ကြိမ်ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။ မိုးအာကာ ပုံစံကြည့်ရတာ မာနသိပ်ကြီးတာလည်းမဟုတ်။ ဘေါ်စီးက ဆက်ဆံတာလည်း မဟုတ်ဘဲ သူ့ဘဝမှာ ဒီလိုပဲ ပြောဆိုနေထိုင်နေကြမို့ အကျင့်ပါကာ သူတစ်ပါးရဲ့ စိတ်အခြေအနေ စိတ်ခံစားချက်တွေကို သိပ်အလေးမထားမိတဲ့ပုံစံမျိုးဟု ခေမာ အကဲခတ်လို့ရလေသည်။

ထို့အတူ ဒေါ်မိုးမြင့်သည်လည်းပဲ မာနသိပ်ကြီးပြီး ဟော်ထန်မောက်မာနေတာ မဟုတ်ပါဘဲ ဘဝတစ်သက်လုံးမှာ ဆင်းရဲခဲ့ဖူး မဆင်းရဲဖူးသော ဘဝပေးကုသိုလ်ကံအခြေအနေ ကောင်းလှသူဖြစ်နေလေရာ သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချနေကြသော အမူအရာတွေ ရှိနေတာမျိုးဖြစ်သည်။ ငါတို့ပြောလိုက်ရင် မဖြစ်တာမရှိဘူး၊ ငါတို့လိုချင်ရင် မရလာတာမရှိဘူး၊ ငါတို့လုပ်လိုက်ရင် မပြီးတာမရှိဘူးဆိုသော စိတ်ဓာတ်မျိုးတွေ သူတို့မှာ ပိုင်ဆိုင်နေကြသည်။

"ခေမာ့ကို ကျွန်တော် လက်ထပ်ချင်ပါတယ်၊ အဲဒါလေး အသိပေးချင်လို့ သီးသန့်စကားပြောနိုင်ဖို့ စီစဉ်တာပါပဲ။ ခေမာနဲ့လည်း တိုင်ပင်ဆွေးနွေးချင်တယ်လေ"

မိုးအာကာသည် စကားကို နိဒါန်းမချိုပါဘဲ တဲ့တိုး ပြောချလိုက်လေသည်။ သူ့အမူအရာမှာ တည်ငြိမ်ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးမဲ့ အနည်းငယ်တော့ ရှက်ကိုးရှက်ကန်းနိုင်လှသည် [illegible] ထင်မိသည်။ မိးရောင်တွေ တချို့တစ်ဝက် ရောက်နေ[illegible] သူ့မျက်နှာပြင်မှာ သွေးရောင်ဖျဖျပြေးနေသည်။ သို့သော် စ[illegible] သောစကားကိုက သူ ပြောရင် လက်ခံမှာပဲလို့ အသေအချာ[illegible] ထားပြီးပုံဖြင့် ပြောလိုက်တာမျိုးဖြစ်သည်။

ခေမာသည် အရင်ဆုံး အမေ့ကို ပြေးသတိရ[illegible] သည်။ အမေရေ ... အမေ သိပ်မျှော်လင့်ထားတာတော့ ဖြစ်[illegible] ပြီ။ ဖြစ်လာခဲ့ပြီ။ ခေမာ ဘာလုပ်ရမလဲ အမေ။ အမေ သိ[illegible] သိပ်ဝမ်းသာမှာပဲ။ ဒါပေမဲ့ ခေမာ ဝမ်းမသာနိုင်ဘူး အမေ[illegible] ခေမာ့ ရင်ထဲမှာ တင်းကျပ်နေတယ်။

"ခေမာ သိတဲ့အတိုင်းပဲ ကျွန်တော့်မှာ အဖေရော အမေ[illegible] မရှိတော့ဘူး။ ကြီးကြီးကပဲ မွေးစားပြီး စောင့်ရှောက်[illegible] တာ။ ကြီးကြီးမှာလည်း သားသမီးမရှိခဲ့တော့ ကျွန်တော်[illegible] သူ့သားအရင်းလိုပါပဲ။ ကျွန်တော့်ကို အိမ်ထောင်ချ[illegible] ရမချင်း သူ့မှာ စိတ်မအေးနိုင်ဘူးဖြစ်နေတယ်"

ခေမာ ဘာပြန်ပြောရမှန်း မသိသေးသဖြင့် ဒီတို[illegible] ခပ်ငြိမ်ငြိမ် နားထောင်နေမိသည်။

"ကြီးကြီးပေးမဲ့ အမွေပစ္စည်းတွေရော အဖေ အမေ ထာ[illegible] တဲ့ အမွေပစ္စည်းတွေပေါင်းရင် ပမာဏတော်တော်များ[illegible]





ဘယ်၊ ဒါကလည်း ကျွန်တော် ကြွားတာမဟုတ်ပါဘူးလေ။ အပြင်လူအားလုံး သိထားကြတာပဲမို့ ခေမာ့ကို ပြန်ပြောတဲ့ သဘောလောက်ပါ။ အဲဒီလို ပြောပြရတဲ့အကြောင်းရင်းက တော့ ငွေကြေးပြည့်စုံပြီးသား ကျွန်တော့်အတွက် ကျွန်တော် ရွေးချယ်မဲ့ မိန်းကလေးဟာ ကျွန်တော့်လောက်မပြည့်စုံရင် လည်း ကိစ္စမရှိဘူး၊ စိတ်သဘောထားကောင်းမွန်ပြီး ဣန္ဒြေ သိက္ခာရှိမယ်ဆိုရင် လက်တွဲနိုင်တယ်ဆိုတဲ့စိတ်မျိုး ကျွန်တော့် မှာလည်း ရှိသလို ကြီးကြီးမှာလည်း ရှိပါတယ်။ ခေမာ့ကို ကျွန်တော် သဘောကျတယ်၊ မြတ်နိုးမိတယ် ရွေးမယ်လို့ ကြီးကြီးကိုပြောတော့ ကြီးကြီး သိပ်ကိုဝမ်းသာပြီး ဒီကိစ္စ ချက်ချင်းဖြစ်စေရမယ်လို့ပြောတယ်၊ ဒါကြောင့် ခေမာတို့ ကို အိမ်ကို ညစာစားဖို့ဖိတ်ပြီး ခေမာ့ကို ဖွင့်ပြောတာ ပါ"

ခေမာ၏ ခပ်တည်တည်ပြန်ကြည့်နေသော မျက်လုံး [illegible]ကြောင့် မိုးအာကာမှာ နည်းနည်းရှိန်သွားကာ ခေမာ့ကို [illegible]ခတ်နေတော့သည်။

"ခေမာ ဘာပြောစရာမှ မရှိဘူးလား"

"ပြောစရာတွေအများကြီးပဲရှင့်။ ဒါပေမဲ့ ခေမာ ဘယ်ကစ ပြောရမှန်း မသိသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



ခေမာ ခပ်ရွဲ့ရွဲ့လေး ပြန်ဖြေလိုက်မိသည်။ ဟုတ်တယ်လေ။ ပြန်ပြောလိုက်ချင်တဲ့စကားတွေမှ ရင်ထဲမှာ ပြည့်နှက်နေတာ။ ဘယ်ဟာကို အရင်ပြောရမှန်းမသိသေးလို့။ ရှင် ဘာကြော ခေမာ့ကို ချစ်တယ် အရင်မပြောလည်း ဆိုတာ အရင်မေးရမလား ရှင် ခွင့်တောင်းရင် ခေမာ ချက်ချင်း လက်ခံမယ်ထင်ပြီး အဲ ပြောနေတာလားလို့ ရန်တွေ့ရမလား။

ဘယ်ဟာ အရင်ပြောရမှန်း မသိနိုင်တော့လောက အောင် ရင်ထဲမှာ ဒေါသတွေပဲ ရှိနေတာ။

"ခေမာ ဘာပြောချင်လဲ"

"အရင်ဆုံး ပြောချင်တာက ကိုမိုးအာကာ ဘဝမှာ မိန်း လေး ဘယ်နှယောက်လောက်ကို ပိုးပန်းခဲ့ဖူးလဲလို့ မေး တာပါ"

"ဪ ... ဒါလား စိတ်ချ။ ကျွန်တော် ဘယ်မိန်းကလေး ကိုမှ သေသေချာချာ စိတ်မဝင်စားခဲ့ဖူးဘူး"

"ဘယ်သူ့ကိုမှ မပိုးပန်းခဲ့ဖူးဘူးလား"

"နှစ်ယောက် သုံးယောက်လောက်တော့ စိတ်ထဲမှာနည်းနည်း သဘောကျတာနဲ့ ပိုးပန်းကြည့်မယ်လို့ ဆုံးဖြတ်ပြီး ကြိုး ဖူးပါ ဘယ်လိုတော့ ဝန်ခံပါတယ်၊ ဒါပေမဲ့ ကျွန်တော ခုနပြောခဲ့သလိုပေါ့ သေသေချာချာ စိတ်မဝင်စားလို့ပဲလာ





မသိဘူး။ ပိုးရပန်းရတာကို စိတ်မပါတော့ဘဲ ပျင်းလာပြီး သုံးလေးခါလောက် ကြိုးစားပြီးရင် ကျွန်တော့်ဘာသာပဲ ရှောင်သွားလိုက်တာမျိုးတွေပဲ ရှိခဲ့တယ်၊ ဒါကြောင့် ရည်းစား မရှိခဲ့ဖူးပါဘူး ခေမာ"

"ခေမာ သိချင်တာက ကိုမိုးအာကာ ပိုးပန်းခဲ့တုန်းက ပုံစံ ကိုပါ"

"ခင်ဗျာ ... ဘာကို မေးတာလဲ"

ခေမာ ခနဲ့သလိုလေး ပြုံးရင်း ...

"အဲဒီမိန်းကလေးတွေက ယောကျ်ားလေးတစ်ယောက် ပိုး တာပန်းတာခံရဖို့ ရောက်လာခဲ့တာမဟုတ်ပါဘူး၊ ကိုမိုးအာ ကာက သူတို့ရှိတဲ့နေရာကိုသွားပြီး ပိုးပန်းခဲ့ရတာမျိုးမဟုတ် လား"

"ဪ ... ဟုတ်တယ်လေ၊ သူတို့က ကျွန်တော့်ရှေ့တော့ ရောက်မလာခဲ့ပါဘူး"

"ဒါဆို ခေမာကရော ..."

"ဟင် ... ဘာလဲ"

"ခေမာကကျတော့ ကိုယ့်ကိုပိုးပန်းမဲ့ယောကျ်ားတစ်ယောက် ဆီ ရောက်အောင်လာရပြီး သူပြောမဲ့စကားကို နားထောင် ပေးရတယ်ပေါ့ ဟုတ်လား။ ကိုမိုးအာကာ မစဉ်းစားမိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား။ မိန်းကလေးတစ်ယောက်ကို ပိုင်ဆိုင်ချင်တာနဲ့ ဒ
ကို ကိုယ့်ပိုင်နက်ထဲ ဆွဲသွင်းပြီးမှ ခွင့်တောင်းစကားပြော
သဘောဖြစ်မနေဘူးလား။ ဒါဟာ အဲဒီမိန်းကလေးအပေါ်
အထင်အမြင်သေးရာ ရောက်မနေဘူးလား"

ခေမာ အပြတ်ပင်ပြောချလိုက်သောအခါမှာ မိုးအာ
ကာသည် အခုမှ ဒါကို တွေးမိဟန်ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်သွား
ပါသည်။

"ဆောရီး ... ဆောရီး ခေမာ၊ ကျွန်တော်တောင်းပန်ပါတယ်
ကျွန်တော် အဲဒီလို နိုင်ထက်စီးနင်းပုံစံမျိုး ဆက်ဆံမိသွား
မှန်း အခုမှသိတယ်၊ ဆောရီးပါ ခေမာ၊ ကျွန်တော့် စိတ်
ထဲမှာ ဘာမှမရည်ရွယ်ပါဘူး။ ကြီးကြီးက ဆုံရအောင်
စီစဉ်ပေးမယ်ဆိုလို့ လက်ခံလိုက်တာပါ"

မိုးအာကာမှာ ပျာပျာသလဲ တောင်းပန်ပါသည်။
သူ တကယ်မတွေးမိသောအချက်ကို ထောက်ပြခံရသဖြင့် ခေမာ
ကို အားနာနေတော့သည်။

"ခေမာ့ကို ဒီနေ့ ဒီမှာ ခွင့်တောင်းစကားကို ကျွန်တော်
မပြောရသေးဘူးလို့ စိတ်ထဲမှာ ထားလိုက်ပါ၊ ကျွန်တော်
နောက်နေ့ကျမှ ခေမာဆီကို လာပြီး သေသေချာချာ ခွင့်
တောင်းပါတော့မယ်"





ခေမာသည် သူ့သဘောနဲ့သူ ချက်ချင်း ဒီစကားကို
ရပ်သိမ်းသွားသော မိုးအာကာကို ခုနကလောက် ရင်ထဲမှာ မုန်း
မနေတော့ပေ။ တကယ်တော့ ဒီလူဟာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီ
ခိုင်တစ်ခိုင်ပါ။ သူ အလေးအနက်ခွင့်တောင်းတာကို လိုချင်တပ်
မက်နေကြတဲ့ မိန်းကလေးတွေလည်း သူ့ပတ်ဝန်းကျင်မှာ ပုံလို့။
ခေါင်းခေါက်ရွေးလို့တောင်ရတယ်လို့ နှိုင်းပြောစရာပါ။ ဒါပေမဲ့
ဒီလူဟာ ဒါကို ဂုဏ်မောက်မနေဘဲ တစ်ဖက်သားမိန်းကလေး
တစ်ယောက်ရဲ့ စိတ်ဆန္ဒကို ငဲ့ကြည့်ပေးတတ်တဲ့စိတ် ရှိတယ်ဆိုတာ
သိလိုက်ရတော့ သူ့စိတ်ကို ခေမာ တကယ်ပဲလေးစားမိသွားပါ
သည်။

သူ့ရုပ်ရည်၊ သူ့ပိုင်ဆိုင်မှုနဲ့ သူ့စိတ်ဓာတ်နဲ့တင်
လက်ခံလိုက်ချင်စရာပေမဲ့ ခေမာစိတ်ထဲမှာ ဘာကြောင့်ရယ်မသိ
သူ့ကို လက်မခံချင်ခဲ့ပါ။ ခေမာ သူ့ကို ချစ်လို့ရချင်သည်။

သို့သော် ရင်ထဲမှာ မချစ်နိုင်သေးတာကိုတော့ ခေမာ
ကိုယ်တိုင်သိနေလျက် မချစ်ဘဲနဲ့တော့ လက်မထပ်ချင်ခဲ့ပြန်ပါ။

"ခေမာ့ဆီ ကျွန်တော် မနက်ဖြန်လာခဲ့ပါ့မယ်၊ အဲဒီကျမှ
ဒီအကြောင်းအရာကို အပြန်အလှန်ဆွေးနွေးကြတာပေါ့နော်၊
အခုတော့ မိတ်ဆွေတွေလိုပဲ တခြားအကြောင်းလေးတွေ
ပြောကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ မိုးအာကာကပဲ အရင်ဦးဆောင်ပြီး သူ့ရဲ့ ဆွေ့ဆင့်ရှာက်ဆင့်ဆုံးပါးသွားသော မိဘတွေအကြောင်း၊ စင်ကာပူမှာ ပညာသင်ပြီး အင်္ဂလန်မှာ Ph.D ဆက်တက်ခဲ့သဖြင့် မြန်မာပြည်ရဲ့ ကျောင်းသားဘဝကို မခံစား၊ မဖြတ်သန်းခဲ့ဖူးတဲ့အကြောင်း၊ သူ အနည်းငယ်စိတ်ဝင်စားမိ၍ ပိုးပန်းခဲ့ဖူးသော မိန်းကလေးတွေအကြောင်း၊ ကြီးဒေါ်ဖြစ်သူ၏ စိန်အရောင်းအဝယ်လုပ်ငန်းကို စိတ်မဝင်စားသဖြင့် သူ့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအနေနဲ့ ကုန်တိုက်ကြီးတစ်ခုဖွင့်ဖို့ စီစဉ်နေကြောင်း စသဖြင့် ခေါင်းစဉ်တွေ တစ်ခုပြီးတစ်ခုပြောင်းကာ ပြောပြသွားလေသည်။

မိုးအာကာဟာ တကယ်ပဲ ခုနက အဖြစ်အပျက်တစ်ခု မဖြစ်ခဲ့တဲ့အတိုင်း သူနဲ့ ခေမာဟာ မိတ်ဆွေရင်းချာတွေလိုပဲ တစ်ယောက်အကြောင်းတစ်ယောက် ပြောဆိုဖလှယ်ကြပုံမျိုး အမူအရာကို ထားထားနိုင်လေသည်။

သူဟာ တကယ့်ကို အံ့သြစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်၊ ပဟေဠိဆန်တဲ့လူတစ်ယောက်လို့သာ ဝေဖန်လိုက်ချင်သည်။

❖ ❤ ❖





## ၅

ခေမာ မလိမ်တတ်၍ (အထူးသဖြင့် မိဘကိုဆို မလိမ်တတ်၍) အမေ မေးသောအခါ အမှန်အတိုင်းပြန်ပြောပြလိုက်လေသည်။ ထိုသို့ပြောလိုက်တဲ့အခါ အမေသည် အားမလိုအားမရဖြစ်လျက် ...

"အံမယ်လေးလေး ခေမာရယ်၊ ညည်းလောက် စကားပြောမဆင်ခြင်တဲ့သူလည်း ရှိမယ် မထင်ဘူး။ မိုးအာကာက လက်ထပ်ခွင့်တောင်းတာပဲ သူ့အိမ်ခေါ်ပြောလို့ဆိုပြီး အပြစ်သွားပြောတယ် ဟုတ်လား"

ခေမာ့လက်မောင်းကို ထုကာ ဆူပါသည်။

အမေက စိတ်ညစ်ညူးဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သန့် ... မင်းတော်တော့ကွာ၊ သမီး သူ့ဘာသာ သူ့စိတ်ထဲ ရှိတာ ပြောလာပြီးပြီ၊ ဘာမှ ဆက်ပြီး ဆူညံပူညံလုပ်မနေနဲ့တော့၊ မင်း သိပ်သိချင်တာ သိလိုက်ရပြီပဲ၊ ကျေနပ်လိုက်တော့၊ သူ့ဖူးစာမှန်ရင် ဒီလူနဲ့ပဲ ဆုံစည်းရမှာပဲ၊ ကလေးကို အပြစ်ပြောမနေနဲ့"

မပြောစဖူး ဝင်ပြောတော့ အမေ နည်းနည်းအသံတိတ်သွားပါသည်။

"ဟိုက နောက်နေ့မှာ ခေမာ့ကို လာမတွေ့ရင် ဘယ့်နှယ်လုပ်မလဲ"

အမေ စောဒကတော့ တက်လိုက်သေးသည်။

"ယောကျ်ားတစ်ယောက်ကွာ ကိုယ်နဲ့လည်း မသိကျွမ်းဖူးဘူး။ ရင်းလည်း မရင်းနှီးဘူး။ အခုခေတ်စကားနဲ့ပြောရင့် ရည်းစားတောင် မဖြစ်ဖူးတဲ့ သူက လက်ထပ်ချင်ပါတယ်၊ ပြောတာကို ဘာလဲ မင်းက ချက်ချင်း လက်ခံလိုက်စေချင်တာလား။ သမီးက သူ့ဂုဏ်သိက္ခာတောင် မစဉ်းစားတော့ဘဲ ဟုတ်ကဲ့ ကျွန်မ လက်ခံပါ့မယ်လို့ ချက်ချင်းပြောစေချင်တာလား"

အဖေက အနည်းငယ်ဒေါသဖြစ်ဟန်ဖြင့် ပြန်မေးလျှင် အမေလည်း သူ့အမှားသူမြင်ပြီး တိတ်သွားပါသည်။ အဲဒီ





ညကတော့ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး အမေ ဘာမှဆက်မပြောတော့ပါ။ ခေမာလည်း အမေ့ကိုတော့ သနားမိပေမဲ့ ကိုယ့်ဘက်က ထားသင့်တဲ့ မာနလေးတော့ ထားထားကြောင်း အာကာ သိအောင်ပြောခဲ့နိုင်သဖြင့် စိတ်ထဲမှာကျေနပ်နေခဲ့သည်။

မနက်ကျ ခေမာ့အလှည့်မို့ မနက်အစောကြီးပဲ အလုပ်ထ,သွားရသဖြင့် အမေနဲ့ မဆုံလိုက်ပါ။ အလုပ်ရောက်ဆိုင်တံခါးဖွင့်၊ မီးဖိုချောင်ထဲမုန့်လုပ်၊ အပြင်အရောင်းဆိုင်ကတော့ မဖွင့်သေး၍ မုန့်ထည့်သောမှန်ရှိုးကေ့(စ)တွေ သန့်ရှင်းရေးလုပ်ဖို့ ကြမ်းပြင်ညစ်ပတ်နေမှာစိုး၍ ရေပုံးထဲ ရေနှင့်ကြမ်းတိုက်ဆပ်ပြာရည်ထည့်ပြီး Mop(မော(ပ))ဟု ခေါ်သော အဝတ်တပ်တုတ်ဖြင့် ရေဆေးပွတ်တိုက် သန့်ရှင်းဖို့ အကူဝန်ထမ်းတွေကို မှာကြားသဖြင့် အလုပ်က အဆက်မပြတ်သဖြင့် ခေမာလည်း ခေါင်းထဲမှာ ဘာအကြောင်းအရာမှပင် တွေးချိန်မရလိုက်တော့ချေ။

ဆိုင်ဖွင့်တော့လည်း အရောင်းဝန်ထမ်း မထားဘဲ ကိုယ်တိုင် ဝင်ရောင်းကြရလေရာ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ပြီး ဘယ်သူ့ကိုမှ သတိမရနိုင်ပါ။ အခုနောက်ပိုင်း ဒီအနီးအနားတစ်ဝိုက်မှာတော့ လူကြိုက်များလာပြီး တစ်ဆင့်ရောင်းဖို့ မုန့်လာယူကြသော လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်တွေဆီက အော်ဒါအမှာလည်း များလာသဖြင့် အလုပ်က ပိုများလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားချိန် ဆယ့်နှစ်နာရီခွဲလောက်ကျမှ သူငယ်ချင်းတစ်သိုက် ကိုယ့်ထမင်းချိုင့်ကိုယ်ဖွင့်ပြီး စားပွဲတစ်ခုမှာ ထမင်းစားဖို့ပြင်ဆင်ကြတုန်းမှာ ...

"ဒါ ... ခေမာတို့ဆိုင် ဟုတ်ပါတယ်နော်"

ဟူသော မေးသံဖြင့် အရောင်းကောင်တာရှေ့တွင် ရပ်လိုက်သည့် မိုးအာကာကြောင့် ခေမာ့လက်တွေ တုံ့ခနဲ ဖြစ်သွားပါသည်။

အားလုံး၏ မျက်လုံးတွေ စုပြုံစိုက်ကြည့်သည်ကို လှချွန်မပျက် ပြန်ပြုံးပြနေသော မိုးအာကာကို ခေမာ တအံ့တသြ ငေးနေတုန်း ...

"ခေမာတို့ ထမင်းစားကြတော့မလို့လား"

မိုးအာကာက ထမင်းချိုင့်တွေဖွင့်ပြီး စီထားတာကို ကြည့်ရင်း ဆက်မေးလေသည်။

"ကိုမိုးအာကာ ဘာဝယ်ဖို့ လာတာလဲ"

"ဝယ်ဖို့လာတာ မဟုတ်ပါဘူး၊ ခေမာ့ဆီ သတ်သတ်လာတွေ့တာပါ"

သူ ဒီလောက်ချက်ချင်းကြီး ရောက်ခဲ့လိမ့်မယ် ထင်မထားသော ခေမာသည် ဘာဆက်ပြောရမှန်းမသိ ဖြစ်ကာ အသံတိတ်နေမိသည်။





"ထမင်းစားတော့မှာဆိုတော့ ကျွန်တော် စောင့်နေပါ့မယ်"

"ဟာ ... ရပါတယ် မစောင့်ပါနဲ့၊ ခေမာ ကိုမိုးအာကာကို ခဏစကားပြောနိုင်ပါတယ်"

"ခေမာ ဗိုက်ဆာနေမှာပေါ့၊ ဩော် ... ဒီလိုလုပ် ခေမာ အပြင်မှာ လိုက်စားလိုက်ပါလား၊ ဒါဆို တစ်ခါတည်း အဆင်ပြေသွားတာပေါ့"

သူငယ်ချင်းတွေက ပြုံးစိစိနှင့် အကဲခတ်နေကြသည်ကို မသိချင်ဟန်ဆောင်ရင်း ...

"သဉ္ဇာတို့ရေ ခေမာ့ ဟင်းတွေ အကုန်ယူစားလိုက်ကြတော့နော်၊ ခေမာ အပြင်ထွက်မှာမို့ ထမင်းအတူမစားနိုင်တော့ဘူး"

ဟူ၍ အလျင်အမြန် နှုတ်ဆက်ပြီး မိုးအာကာနောက် လိုက်သွားခဲ့ပါသည်။ မိုးအာကာက သူ့ကားဆီ အရင်လျှောက်သွားနှင့်လေသည်။ ခင်လေးငယ်ကတော့ ...

"ခေမာရေ ပြန်လာရင် ဇာတ်လမ်းတစ်ပုဒ် ပြန်ပြောပြရဖို့ရှိတယ်နော်"

ဟု နောက်က မကြားတကြား လှမ်းအော်နေခဲ့သည်။ ခေမာ လှည့်မကြည့်ဘဲ လက်အသာပြကာ ပြေးထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေမာ ဘာစားချင်လဲ"

"ကိုမိုးအာကာ ကြိုက်တဲ့ဆိုင်သွားပါ၊ ခေမာက ဘာအစားအသောက်ရယ်လို့ မရွေးပါဘူး၊ ဗိုက်ဆာရင် စားဝင်တာပါပဲ"

"ဘာဂါပဲ စားကြရအောင်နော်၊ ထမင်းတွေ ဟင်းတွေမှာနေရင် စောင့်ရပြုရနဲ့ကြာတယ်၊ ဘာဂါတို့ ဟော့ဒေါ့တို့ကတော့ မြန်တာပေါ့"

မိုးအာကာသည် ခေမာ ဝင်ထိုင်ဖို့ တံခါးကို အရင်ဖွင့်ပေးလေသည်။ လည်သာခုံများပါသော ကားကြီးဟာ တကယ့်ဖိမ်ခံကားစစ်စစ်ကြီးမို့ အိစက်ငြိမ့်ညောင်းနေသည်။ ကားထဲမှာ သန့်ရှင်းပြီး မွှေးကြိုင်နေသည်။ မိုးအာကာသည် ကားမောင်းလည်း ညင်သာလှကာ ကျော်လည်းမတက်၊ သူ့ကို ကျော်တက်သွားရင်လည်း လိုက်မပြိုင်ဘဲ တကယ့်ကို အေးအေးဆေးဆေးမောင်းပါသည်။

"မုန့်ဆိုင်လေးကို ခုမှပဲ ရောက်ဖူးတော့တယ်၊ ဆိုင်လေးကသပ်ရပ်ပြီး အပြင်အဆင်ခပ်ရှင်းရှင်းလေးပဲနော်။ မုန့်တွေလည်း တော်တော်စုံသားပဲ၊ ဘယ်လိုလဲ ရောင်းကောင်းရဲ့လား"





Burgers & Drinks (ဘာဂါ(စ) အင်န် ဒရင့်(စ))ဆိုင်လေးတစ်ဆိုင်က ခေမာတို့မုန့်ဆိုင်နဲ့ မနီးမဝေးမှာရှိလေရာ မိုးအာကာက ထိုဆိုင်ကိုပဲ ရွေးလိုက်သည်။ ဆိုင်ထဲမှာ ထိုင်ပြီး မှာထားတာတွေ စောင့်နေတုန်းမှာ မိုးအာကာက ခေမာတို့ဆိုင်လေးအကြောင်း ပြောလာပါသည်။

"အခုမှစပြီး ရောင်းကောင်းလာတဲ့အဆင့်မှာ ရှိသေးတာ။ စဖွင့်တဲ့လတွေတုန်းက အရှုံးဆက်တိုက် ဖြစ်နေလို့ သူငယ်ချင်းတွေအားလုံး စိတ်ဓာတ်တွေကျလိုက်ကြတာလေ။ အခုမှ ရောင်းကောင်းခါစလေးပါ။ အရင်းပြန်ရရုံပဲ ရှိသေးတယ်၊ အမြတ်ရဖို့ဆိုတာ ဝေးသေးတယ်"

"ဒီလိုဆိုင်လေးတွေက တစ်နှစ်ကျော်လောက်ကြာမှ သူ့ဟာနဲ့သူ ပုံမှန်လည်ပတ်ပြီး အမြတ်အစွန်းတွေ ထွက်လာတတ်တာလေ။ စဖွင့်ဖွင့်ချင်းက ဒီလိုပဲ အရှုံးခံရောင်းကြရတာပဲ၊ ဒါ စီးပွားရေးပညာရဲ့ ပုံသေနည်းတစ်ခုပဲ"

"ဩော် ... ဟုတ်သားပဲ ကိုမိုးအာကာက စီးပွားရေးပညာနဲ့ ပတ်သက်ပြီး Ph.D ဘွဲ့ ရထားတာဆိုတော့ တွက်တတ်ချက်တတ်မှာပေါ့၊ ခေမာတို့ကတော့ ဘာမှမသိဘူး။ သူငယ်ချင်းတွေ ဝါသနာတူတယ် လုပ်ကြမယ်၊ မိဘကလည်း အနည်းအကျဉ်းတော့ ထုတ်ပေးနိုင်တယ်ဆိုပြီး ထ,လုပ်ကြတာ၊ ဘာမှကို မတွက်မိကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပေါ်နေတယ်လို့ မထင်နဲ့နော်၊ ခေမာတို့ငါးယောက် တ…
…ဆောက် ဘယ်လောက်စီလောက် ထည့်ထားရတာလဲ"

ခေမာသည် သူငယ်ချင်းတွေနဲ့ ဆိုင်ထည့်ဖို့ အ…
…ဦးမှာ အရင်းအနှီး တောင်းတုန်းက အမေ ထုတ်ရောင်းလိုက်…
…သော ရွှေဆွဲကြိုး၊ လက်ကောက်တွေရယ်၊ ခေမာ့အတွက် သီးသ…
ပေးထားသော ခေမာ့ကိုယ်ပိုင် ဆွဲကြိုးလော့ကက်နှင့် လက်ကော…
လေးတစ်ကွင်းရယ်ကို စုရောင်းလိုက်ရတာတွေရယ်ကို ပြန်မြ…
ယောင်သတိရသွားပါသည်။ အဲဒီတုန်းက အမေ့ကို …

"ခေမာ ကတိပေးပါတယ် အမေရယ်၊ ခေမာ့ကိုယ်ပိုင်…
မဝယ်နိုင်ရင်တောင်နေပါ၊ အမေ့ ဆွဲကြိုးနဲ့ လက်ကော…
နှစ်ရန်ကိုတော့ ခေမာ ပြန်လုပ်ပေးပါ့မယ်"

ဆိုပြီး စိတ်မကောင်းဖြစ်ပြီး ကတိပေးခဲ့သေးတာ…
လေ။ အမေကတော့ အမေပီပီ ပြုံးပြီး သားသမီးအတွက်…
နမြောတွန့်တိုခြင်းမရှိ စုထားတာလေးတွေ ထုတ်ပေးလိုက်တာပါ…
ခေမာတို့မှာ သူများတွေလို အများကြီးစုနိုင်တာလည်း မဟုတ်လှ…
သင့်တင့်ရုံလေး ဝယ်ထားနိုင်တာမို့ တစ်ခုလျော့လျှင် လျော့မှန်း…
သိသာသည်။ အဲဒီလျော့သွားသောတစ်ခုကိုလည်း ပြန်ဖြည့်နိုင်…
ဖို့က မလွယ်လှ။

"ဆောရီး ခေမာ၊ မဖြေချင်ရင် မဖြေပါနဲ့၊ ကျွန်တော်
သိပ်စပ်စုသလို ဖြစ်သွားပြီထင်တယ်"





ခေမာသည် မျက်လုံးထဲမှာ အမေ့ဆွဲကြိုးတွေ လက်
…က်တွေ ပြန်မြင်နေသဖြင့် ဖြေဖို့မေ့သွားသည်ကို မိုးအာကာ
… အတွေးတစ်မျိုးပေါက်ပြီး ပြောလိုက်သည်။

"ဖြေလို့ရပါတယ် ကိုမိုးအာကာ၊ ခေမာ ပြန်တွက်ကြည့်နေ
လို့ပါ"

ခေမာ့အတွက် တွက်ချက်စရာ မလိုသော ငွေကြေး
…ကာပေမဲ့ စကားလှအောင် ပြန်ဖြေလိုက်ရသည်။

"သိန်းနှစ်ဆယ်တော့ ထည့်ရတယ်၊ မြသော်တာကတော့
ပိုက်ဆံပိုတတ်နိုင်လို့ သူကတော့ ပိုများပါတယ်။ ခြောက်
ဆယ်လား ရှစ်ဆယ်လားမသိဘူး။ သူက သူငယ်ချင်းတွေ
ကို အားနာလို့ စာရင်းမပြောဘူး။ တစ်နှစ်ကြာမှ ကိုယ် စိုက်
ထည့်ထားရတာရယ် တစ်နှစ်လုံး အဝင်အထွက်ငွေတွေ
ရယ်ကို ပြန်တွက်ပြီး အမြတ်ပဲရရ အရှုံးပဲပေါ်ပေါ် တွက်
မယ်လို့ သဘောတူထားကြတယ်လေ"

မိုးအာကာအတွက်ကတော့ ဒီမုန့်ဆိုင်လေး တစ်ဆိုင်
…အရင်းအနှီးဟာ သူ အခုလက်ရှိစီးနေသော သိန်းထောင်ချီတန်
…သည့်ကားကြီးတစ်စီးလောက်တောင် မရှိသည်မို့ ရယ်စရာကောင်း
…နေမှာပဲထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေမာမှာထားသော ကြက်သားဘာဂါနှင့် ဖျော်ရ
ခေါ် အာလူးချောင်းကြော်တစ်ပွဲ၊ မိုးအာကာမှာထားသော ကြ
သားဆာတေးကင်တစ်ပွဲတို့ ရောက်လာသောအခါ မုန့်ကို ယူ
ကြရင်း စကားလည်းဆက်ပြောဖြစ်ကြသည်။

"ခေမာ့ဆီ ဒီနေ့ ကျွန်တော် ရောက်လာပြီး လာခေါ်ရ
ဘာကြောင့်လဲဆိုတော့ ကျွန်တော် ခေမာ့ကို ပြောစရာ
ပါ"

ခေမာ တည်ငြိမ်စွာ နားထောင်နေနိုင်ခဲ့သည်။

"ခေမာ့ကို ကျွန်တော် လက်ထပ်ချင်ပါတယ်၊ ကြီးကြီး
မှာလိုက်တယ်။ ခေမာ လက်ခံတာနဲ့ အချိန်မဆွဲချင်ဘူး
နှစ်လအတွင်း စေ့စပ်ပွဲလုပ်ပြီး စေ့စပ်ပွဲအပြီး တစ်လ
မှာ လက်ထပ်ပေးမယ်လို့ပါ ပြောခဲ့ပါတယ်"

သူ့စကားထဲမှာ သူ့ကြီးကြီးရဲ့အမှာစကားပါ ပါ
သဖြင့် ခေမာ ပြုံးချင်သွားသည်။ မိန်းကလေးတစ်ယောက်
ခွင့်တောင်းတဲ့သူဟာ သူ့ရဲ့ခံစားချက်ကို ဘာကြောင့်များ
သာသာဆက်မပြောတတ်တာလဲ။

"ခေမာ့သဘောကို သိချင်တယ်"

ခေမာ စားလက်စကို အစသတ်လိုက်ပြီး လိမ္မော်
သီးစစ်စစ်ကို ဖျော်ထားသည့် လိမ္မော်ရည်ကို ယူသောက်ရင်း





"ခေမာ အမှန်အတိုင်း ဖြေမယ်နော်"

"ဖြေပါ ... ဖြေပါ ... ခေမာ ပြောတာကြားချင်ပါတယ်၊ ကြိုက်သလိုဖြေပါ"

"ကိုမိုးအာကာလည်း ကိုယ့်ကိုယ်ကိုယ် သိမှာပါ။ ကိုမိုး၊ အာကာလိုလူမျိုးက ဘယ်မိန်းကလေးအတွက်မှ ငြင်းစရာ မရှိတဲ့သူလေ"

မိုးအာကာ ဘာမှ ပြန်မပြောဘဲ ခေမာ့စကားကိုသာ ောင့်ဆိုင်းနေဟန်ရှိသည်။

"ခေမာ့အတွက်လည်း ငြင်းစရာမရှိပေမဲ့ ခေမာ ငြင်းချင်တယ်"

"ခင်ဗျာ"

"ခေမာ ယောကျ်ားတစ်ယောက်ကို ပိုက်ဆံမက်လို့ ယူလိုက်ရတာ မဖြစ်ချင်ဘူး"

မိုးအာကာသည် ထိုင်ခုံနောက်မှီကို မှီထိုင်လိုက်ကာ က်အသာပိုက်ပြီး ခေမာ့ကို အံ့သြစွာစိုက်ကြည့်နေသည်။ ဩော် ူက အပိုင်တွက်ထားတာကိုး။ ဒီကောင်မလေး ငါ့ကို ငြင်းမှာ ုတ်ဘူးလို့ အပိုင်တွက်ထားခဲ့တာ။

"ခေမာ ကိုယ် တကယ်ချစ်နိုင်တဲ့သူကိုပဲ ယူချင်တယ်"

"ခေမာ့မှာ ချစ်သူရှိလို့လား"

"မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာကြောင့် ငြင်းနေတော့မလဲ"

"ခေမာမှ ကိုမိုးအာကာကို ချစ်လို့မရတာ"

"ဘဝမှာ အချစ်က အရေးကြီးတယ်လို့ ခေမာ ယူဆထား ပြီလား၊ ကျွန်တော် ထင်တောင်မထင်ဘူး။ ခေမာ အချစ် ကို ဦးစားမပေးဘူးပဲ ထင်ထားတာ"

"ခေမာ့မှာ ဦးနှောက်နဲ့ စဉ်းစားတတ်တာလည်းရှိပါတယ် သိပ်ပြီး Stupid (စတုပစ်) ဖြစ်လောက်အောင် အချစ် ဦးစားပေးတဲ့အထဲမှာ မပါပါဘူး။ ခေမာ ချစ်နိုင်တဲ့သူဟာ ခေမာ့အတွက် ဘဝတစ်သက်တာ လက်တွဲဖို့ မဖြစ်နိုင် သူမျိုးဆိုရင်တော့ ခေမာ ဘယ်လောက်ပဲချစ်ချစ် သူ လက်တွဲမှာ မဟုတ်ဘူးလေ။ ခေမာ ပြောတဲ့သဘော ခေမာလည်း သူ့ကိုချစ်နိုင်တယ်၊ ဘဝအတွက် လက်တွဲ လည်း သင့်တော်တယ်ဆိုရင် ခေမာ သူ့ကိုပဲ ရွေးမှာပေါ့ လုံးဝမချစ်တဲ့ လူတစ်ယောက်ကို လက်တွဲရတာထက်စာရင် ပိုပြီး စိတ်ချမ်းသာစရာ ကောင်းမှာပေါ့"

"ခေမာ ကျွန်တော့်ကို ဘာကြောင့် မချစ်နိုင်တာလဲ"

"အချစ်ကို ခေမာ ကြုံလည်း မကြုံဖူးဘူး၊ နားလည်းနား မလည်ဖူးပါဘူး။ ဒါပေမဲ့ ခေမာ ထင်တယ်လေ၊ ချစ်မိသွား ရင် ဘာကြောင့်ချစ်တယ်လို့ အကြောင်းပြရ ခက်သလို





မချစ်ခဲ့ရင်လည်း ဘာကြောင့်မချစ်ရသလဲဆိုတာ ပြောပြဖို့ ခက်လိမ့်မယ် ထင်တယ်"

မိုးအာကာသည် ခေမာ့ကို အတော်ကြီး အံ့သြနေဟန်ဖြင့် လက်ပိုက်ထိုင်ကြည့်နေရင်း အကြာကြီး ငြိမ်သက်နေပါသည်။

ပြီးမှ အနည်းငယ် ကိုယ်ကို ပြင်ထိုင်လိုက်ပြီး ...

"မနေ့ညက ခေမာပြောခဲ့တော့ မိန်းကလေးတစ်ယောက်ကို လာတွေ့ပြီး ဖွင့်ပြောခွင့်တောင်းတာဟာ အဲဒီမိန်းကလေး အပေါ် တန်ဖိုးထားတာနဲ့အတူတူပဲဆိုလို့ ကျွန်တော် ခေမာ့ ကို လာတွေ့ပြီး ဖွင့်ပြောခဲ့တာပါ၊ ခေမာ ငြင်းမယ်လို့ကို မထင်မိဘူး"

"မနေ့တည်းက ငြင်းလိုက်ပါလားလို့ ပြောချင်တာလား ကိုမိုးအာကာ"

"ဟာ ... မဟုတ်ပါဘူး၊ အဲဒီသဘောမဟုတ်ပါဘူး ခေမာ၊ ဘာကြောင့်ငြင်းငြင်း ကျွန်တော် လက်ခံရမှာပေါ့၊ ဒါပေမဲ့ ကျွန်တော့်ဘက်ကတော့ ဒီစကားကို မရုပ်သိမ်းသေးပါဘူး။ ခေမာ ချစ်သူမရသေးမချင်း ကျွန်တော် မရုပ်သိမ်းပါဘူး"

"ကိုမိုးအာကာ သဘောပါပဲ၊ ခေမာ အချိန်ဆွဲပြီး စဉ်းစားမယ်တွေ ဘာတွေ ပြောထားတာတော့ မဟုတ်ဘူးနော်။ ခေမာ ငြင်းထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က စောင့်နေချင်တာ"

ခေမာ့ကို ဆိုင်ရှေ့ထိ ပြန်လိုက်ပို့ပေးပြီးသောအခါ ခေမာ ကားပေါ်ကဆင်းလျှင် မိုးအာကာထံမှ တစ်ခါမှ မကြားခဲ့ဖူးသော လေသံတစ်မျိုးဖြင့် ပြောလာခဲ့သည်မှာ ...

"ကျွန်တော် ခေမာ့ကို ချစ်လို့ လက်ထပ်မယ်လို့ ဆုံးဖြတ်ရဲတာပါ"

❖ ❤ ❖





၆

"ခေမာရယ် ... ခေမာရယ် ... ညည်း ဘာစိတ်ကူးပေါက်ပြီး လုပ်ချင်တာတွေ လျှောက်လုပ်ပစ်လိုက်ရတာလဲ"

မဟေမာသည် ပေါက်ကွဲနေသော အမေ့ကို ကြည့်ပြီး ကုပ်နေသည်။ ခေမာ့အပြစ်ပေမဲ့ သူ့ဘက်ပါ အမေ ရောပြီး ည့်လာမှာစိုးသဖြင့် ငြိမ်ကုပ်နေတာလည်းဖြစ်သည်။ ဘာကြောင့် ဆိုတော့ မဟေမာတုန်းကလည်း အမေက ကိုသက်အောင်ကို သဘောမကျလှ။ ဘာပြစ်ချက်မှရှိလို့မဟုတ်ပါပဲ။ ပိုက်ဆံ းသာတာလေးကိုသာ အမေ သဘောမကျနိုင်ခဲ့တာမျိုးပါ။ တွေကို သိပ်ချမ်းသာသူနဲ့မှ ဆုံစေချင်လှသော အမေဟာ က်အောင်ကိုလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရည်တည်ကြည် ပညာလေးလည်းတတ်၊ အလုပ်အကိုင်လည်းရှိ။ မိဘကလည်း အဆင့်အတန်းရှိဆိုတဲ့ အရည်အချင်းတွေဟာ လူတစ်ယောက်ကို ဘာအကြောင်းပြချက်နဲ့မှ ပယ်ချလို့မရဘူးဆိုပေမဲ့ အမေ ပယ်ချပြရရင် သူဟာ ဟေမာ့ကို ကိုယ်ပိုင်အိမ်နဲ့ မထားနိုင်ဘူး၊ ကိုယ်ပိုင်ကားမစီးနိုင်ဘူးဆိုတဲ့ အချက်တွေနဲ့ ပယ်ချလိုက်ချင်တာ၊ ဟေမာက ခြေသလုံးဖက် တောင်းပန်နေလို့ ခွင့်ပြုလိုက်ရတာကွယ်"

ဟု တဖွဖွ ယူကျုံးမရပြောပြီး ခွင့်ပြုခဲ့ရသော အိမ်ထောင်ရေးမို့ ဟေမာသည် အမေ ခုလို စိတ်မကြည်လျှင်၊ ခေမာ့ အိမ်ထောင်ရေးကိစ္စအဆင်မပြေတာတွေ ကြုံရလျှင် အသာငြိမ်နေ သာ စဉ်းစားမိလေသည်။

ဒီနေ့မှ ရုံးကအပြန် အဖေနဲ့အမေ အိမ်ဝင်ပြီး နို့ တို့ သကြားတို့ လာကန်တော့စဉ် ခေမာတစ်ယောက် အမေ ရွေး မှန်းထားတဲ့ သူဌေးသားကို ငြင်းလိုက်မှုဖြင့် ပြဿနာအကြီးအကျယ် တက်နေတာကို ကြုံရတာဖြစ်သည်။

"မိုးအာကာဟာ ဘယ်လောက်သည်းခံလိုက်သလဲ၊ စဉ်း ကြည့်စမ်း။ မနေ့က သူ့အိမ်မှာခေါ်ပြောတော့လည်း ပြော ဆိုပြီး ခေမာက အပြစ်ပြောတော့ သူ့ခမျာ ဒီနေ့ချက်ချင်း ခေမာ့ဆိုင်လိုက်သွားပြီး ထပ်ခွင့်တောင်းတာ၊ ဒါ တော်





တန်ရဲ့ သဘောကျလို့မဟုတ်ဘူး၊ သူ လိုချင်ရင် ခေမာ့ထက် လှတဲ့သူတောင်ရနိုင်ပေမဲ့ သူ့စိတ်ကိုက ခေမာ့ကိုပဲ မြတ်နိုးပြီး ခေမာ့အလိုကျ လုပ်ပြတာ ဘယ်လောက် လိုက်လျောထားတယ်မှတ်လဲ။ ခေမာရယ် ညည်းကိုဒါ ကံကောင်းတယ် ပြောရမလား၊ ငြင်းလိုက်လို့ ကံဆိုးတယ် ပြောရမလားမသိတော့ပါဘူး"

မဟေမာက အနားကပ်ထိုင်နေသော ခေမာ့ပေါင်ကို အသာကုတ်ရင်း အမေ့ကို ပြေရာပြေကြောင်း တစ်ခုခုပြန်ပြောဖို့ သတိပေးလေသည်။

"ဒီကိစ္စ ဒေါ်မိုးမြင့် ပြန်သိရင် ဘယ်လောက်စိတ်ဆိုးမလဲ။ သူတို့လို သူဌေးတွေကို ငါတို့ပါမွှားတွေကပဲ မချစ်နိုင်ပါဘူး၊ မကြိုက်နိုင်ပါဘူး ငြင်းရသလားဆိုပြီး စိတ်တော်တော်ဆိုးမှာ"

"အမေရယ် ဒေါ်မိုးမြင့် စိတ်မဆိုးလည်း အမေ ကိုယ့်ဘာသာရှာစားရတာပဲ၊ သူ စိတ်ဆိုးနေလည်း အမေ ကိုယ့်အလုပ်ကို လုပ်ရမှာပဲ၊ ဘာဂရုစိုက်စရာရှိလဲ။ ခေမာ မကြိုက်တာ အဲဒါတွေပေါ့၊ သူဌေးဆိုပြီး သူတို့လက်ညှိုးညွှန်ရာ ရေဖြစ်မယ်တို့၊ ငွေကို တံတားခင်းသွားပြီး လိုချင်တာရအောင် ယူမယ်တို့ဆိုတဲ့ စိတ်ဓာတ်မျိုးရှိနေတာကို မကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာရယ် ဘယ်လိုများဖြစ်ပြီး မအေကို ကလန်ကဆန် လုပ်နေရတာလဲ၊ အစကတော့ ကောင်းဘိကောင်းရက်နဲ့ အမေ စိတ်ချမ်းသာအောင် လုပ်ပြပါ့မယ်ဆို။ အခုကျမှ ဘယ်ကဘယ်လို စိတ်ပြောင်းသွားတာလဲ။ ဘာလဲ ရည်းစား ရှိနေလို့လား"

"ရည်းစားမရှိပါဘူး အမေရယ်။ ခေမာ ကိုမိုးအာကာကို မချစ်တာနဲ့ပဲ တခြားရည်းစားရှိရမှာလား၊ ခေမာ့ဘာသာ ဘာဖြစ်လို့မှန်းမသိဘူး၊ သူ့ကို အလိုလိုနေရင်း သဘောမကျ တာ"

ခေမာ ပြန်ဖြေရှင်းတော့ အမေ့ဒေါသက အဖေ့ဘက် လှည့်သွားပြန်သည်။

"ကိုအုပ်စိုး ရှင်ကလည်း အဖေဖြစ်ပြီး သမီးကို နည်းနည်း ပါးပါး ဝင်ပြောပေးမယ်မတွေးဘဲ အဲဒီအားကစားဂျာနယ်ပဲ အသည်းအသန်ဖတ်နေတယ်၊ ဒေါ်လာသန်းချီရတဲ့ ဘောလုံး သမားတွေက ဒီအိမ်ရဲ့ငွေရေးကြေးရေးကို လာဖြေရှင်းပေး နိုင်တာမဟုတ်ဘူး။ မိုးအာကာကပဲ ဖြေရှင်းပေးနိုင်မှာ"

အဖေ ဂျာနယ်ကို ပြန်ပိတ်ပြီး ခေမာ့ကို လှမ်းကြည့် ပါသည်။





"အဖေတစ်ယောက်အနေနဲ့ သမီးအိမ်ထောင်ရေးကို ဝင်မ ပါဘူးတွေ ဘာတွေပြောပြီး ခေါင်းရှောင်ဖို့ မစဉ်းစားနဲ့ နော်၊ အခုခေတ်မှာ ဒါမျိုးတွေ မရှိတော့ဘူး။ ကိုယ့်သမီး ကောင်းစားမယ်ဆိုရင် အဖေကိုယ်တိုင် သမက်လိုက်ရှာရင် ရှာရမှာပဲ"

"အေးပါ သန့်ရာ၊ ငါ သိပါတယ်၊ ငါ နားလည်ပါတယ်၊ မင်း ဆရာမလုပ်ပါနဲ့"

"ရှင်က မထုံတက်တေး လုပ်နေလို့"

"မလုပ်ပါဘူး၊ ငါ့စိတ်က ဒွိဟဖြစ်နေတာပါ"

"ဘာဒွိဟဖြစ်စရာရှိလဲ"

"သမီးကို စိတ်မချမ်းသာအောင်လုပ်နေသလိုဖြစ်နေမှာစိုး လို့"

"အံမယ်လေး ... သူဌေးနဲ့ ယူရမှာပဲ စိတ်မချမ်းသာရတယ် ရှိသေးလား"

"တစ်ခါတလေကျ ပိုက်ဆံချမ်းသာတိုင်းလည်း စိတ်ချမ်း သာချင်မှ ချမ်းသာတာကွ"

"ဒါဖြင့် ရှင် ဟေမာ့ကို မေးကြည့်စမ်းပါ၊ စိတ်ချမ်းသာ တာ တစ်လမှာ ဘယ်နှရက်ရှိလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟောမာသည် ထင်တဲ့အတိုင်း သူမဘက် မြားဦးလှည့်လာသဖြင့် ခေါင်းငုံ့သွားပါသည်။ ကိုသက်အောင်တို့ကလည်း ပိုက်ဆံတွေ ပိုလျှံနေလောက်အောင် ချမ်းသာကြသူများ မဟုတ်။ ဟောမာ့ အဖေ အမေတွေလိုပဲ ကိုယ်ပိုင်တိုက်ခန်းလေးတစ်ခန်းပိုင်ရုံ၊ လူတန်းစေ့ နေနိုင်ရုံတွေသာမို့ သားတွေ သမီးတွေ အိမ်ထောင်ပြုကြသောအခါ ရုပ်ရှင်၊ ဝတ္ထုတွေထဲကလို တိုက်ခန်းကြီးတစ်ခန်း ထပ်ဝယ်ပေးပြီး မထားနိုင်ပါ။

နှစ်ယောက်သား ကိုယ့်အားကိုယ်ကိုးပြီး အိမ်ခန်းတစ်ခန်း ငှားနေရသည်။ အိမ်ထောင်ပရိဘောဂတွေ ဝယ်ဖြည့်ရသည်။ ရတဲ့လခနဲ့ ဝယ်စရာတွေနဲ့က မမျှတာမို့ အရေးကြီးတာအရင်ဝယ်၊ အရေးမကြီးတာ နောက်မှဝယ်နဲ့ စာရင်းတို့ထုတ်ရသဖြင့် ဟောမာပင် အဝတ်အစားသစ် မဝယ်ရတာကြာပြီ။ ဒါတောင်နှစ်ယောက်စလုံးရတဲ့လခက ကောင်းနေ၍ ခံသာနေတာ။ နှစ်ယောက်စလုံး ကုမ္ပဏီတွဝန်ထမ်းများပေမဲ့ ကိုသက်အောင်ကတော့ကွန်ပျူတာပိုင်းမှာ ပိုကျွမ်းကျင်ပြီး ဒီပလိုမာတွေလည်း ထပ်ရထားသဖြင့် ရာထူးပိုကြီးကာ လခလည်း ပိုများပါသည်။

သို့သော် ဘယ်လောက်ပဲ လခများသည် ဖြစ်စေအခုမှ ကိုယ့်ဘဝကိုယ် ထူထောင်ခါစမို့ လိုအပ်ချက်တွေက





ပြည့်နေကာ ပိုက်ဆံလည်း ဘယ်တော့မှမလောက်ပါ။ အိမ်ငှားနေရတာနဲ့လည်း မတင်းတိမ်နိုင်။ အိမ်ခန်းလေးတော့ ဝယ်ချင်သည်။ နေ့တိုင်း ဘတ်စ်ကားတိုးစီးပြီး အလုပ်သွားရဖန်များသော့ ကိုယ်ပိုင်ကားစီးပြီးသွားရသောသူတွေကို အားကျမိသည်။ ...ပင်းမလုပ်ဖြစ်တာ ကြာပြီဖြစ်ပေမဲ့ မိန်းကလေးပီပီ ဘာတွေ...သစ်ပေါ်သလဲဆိုတာ မြင်တတ်တာမို့ အသစ်အဆန်းလေးလည်း...တ်လိုက်ချင်သည်။ ကိုယ့်ယောက်ျားက ကိုယ့်အပေါ်ကောင်းပြီး...ခတစ်ပြားမကျန် အပ်ပါရက်နဲ့ ကိုယ့်မှာ လိုအပ်တာတွေ များ...သောအခါ သူ့နဲ့ ယူမိတာ မှားပြီထင်တယ်။ အမေပြောသလို...ဌေးရှာယူမိရင် အကောင်းသားဆိုသော အတွေးမျိုးလည်း...ကြာခဏဝင်ဝင်လာပေါင်းများသဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် ပြန်...း:နေမိခဲ့ရဖူးသည်။

"ဟောမာလည်း ငြိမ်နားထောင်မနေနဲ့၊ ကိုယ့်အတွေ့အကြုံနဲ့ရင်းပြီး ခေမာ့ကို လုပ်သင့်တာလုပ်ဖို့ ဆုံးဖြတ်သင့်တာဆုံးဖြတ်ဖို့ သင်မှပေါ့၊ ဒီမိသားစုမှာ တစ်ယောက်ကောင်းစားသွားရင် ကျေနပ်ပါပြီ။ တစ်ယောက်နဲ့တစ်ယောက် မှီခိုစားရချင်လို့တော့ မဟုတ်ပါဘူး။ အရေးရယ် အကြောင်းရယ်အကူအညီ လိုလာပြီဆိုရင် ဘာပဲဖြစ်ဖြစ် ပိုက်ဆံချမ်းသာ...



www.burmeseclassic.com

www.burmeseclassic.com



သူ အားကိုးရှိနေရင် စိတ်အေးရလို့ပါ၊ အဖေတို့ အမေ
က အသက်ကြီးလာကြပြီ။ အလွန်ဆုံးနေရလှ ဆယ့်ငါး
နှစ်နှစ်ဆယ်ပေါ့။ အမေတို့ ပြောနေတာက သမီးတို့အတွက်
ပါ၊ အရွယ်ကောင်းတုန်း စံစား၊ စံစားရစေချင်လို့ပါ"

ဒီမိသားစုမှာ စကားအပြောနိုင်ဆုံးလူမှာ အမေပဲဖြစ်
လေသည်။ အမေက အကြောင်းအရာတစ်ခုခုကို ဆက်တိုက်ပြော
ရမည်ဆိုလျှင် မမောနိုင်မပန်းနိုင်နဲ့ မနားတမ်းပြောတတ်သူလည်း
ဖြစ်သည်။

ထိုအချိန်မှာ အောက်ထပ် စတိုးဆိုင်မှ ဖုန်းလာသည်
ဟု ဝရန်တာခေါင်းလောင်းကြိုးကို လာဆွဲခေါ်သဖြင့် အမေ ဆင်း
သွားပါသည်။

အမေ ဖုန်းသွားပြောနေတုန်း အဖေကတော့ ခေမာ
တစ်ခွန်းတော့ပြောခဲ့ပါသည်။

"သမီးအမေကို အပြစ်မမြင်ပါနဲ့၊ သူက ကိုယ့်သမီးတွေ
ဘဝကောင်းစားရေးအတွက် ပြောနေရတာပါ။ ဒီတော့
သမီး သေသေချာချာ စဉ်းစားပေါ့"

အမေ ဂျာနယ်ဆက်ဖတ်နေသောအချိန်မှာ မဟေမာ
ခေမာတို့ကတော့ အိမ်နောက်ဖေးဝင်ပြီး တိုင်ပင်ပြောဆိုမိကြသည်။





"အမေ ပြောပြနေတာတွေ ဟုတ်ပါတယ်ဟယ်။ ငါ့တုန်း
ကတော့ သူဌေးသားရှာတော့ရှာပါရက် မတွေ့ခဲ့ဘဲ ကိုသက်
အောင်နဲ့ပဲ ဆုံခဲ့ရတော့ သူ့ကိုပဲ ရွေးလိုက်မိတာ၊ စောများ
စောသွားသလားမသိပါဘူး။ သူ့ကို မယူသေးဘဲ ဆက်ရှာနေ
ရင် တွေ့ရင် တွေ့နိုင်ရက်နဲ့ အချစ်ကို ဦးစားပေးပြီး ဆုံး
ဖြတ်လိုက်မိတာပါပဲ။ ကိုယ်ချစ်ရတဲ့သူနဲ့ နေရတော့ ပျော်
တော့ပျော်ပါရဲ့၊ ဒါပေမဲ့ ကိုယ့်ဘဝကိုယ် ထူထောင်တဲ့
အခါ မပြည့်စုံသေးတာတွေမိရင် နောင်တရချင်တယ်"

ခေမာက ဟင်းချက်ဖို့ ကြက်သွန်နွှာနေရင်း မဟေမာ
ရှုပ်ချဝေဖန်မိပါသည်။

"ဟင် ... မဟေမာကလည်း ကိုယ့်ချစ်သူအပေါ် မတရားရာ
ကျတဲ့အတွေးကြီး တွေးမိနေတဲ့သဘောပဲ၊ သူ့ကို ယူရတာနဲ့
နောင်တရ,ရတယ်ဆိုတော့ မကောင်းပါဘူး"

"မကောင်းမှန်းသိပါတယ်ဟယ်၊ ဒါပေမဲ့ တစ်ခါတလေကျ
အိမ်အတွက် ဝယ်စရာတွေလည်းရှိနေမယ်။ ဘီလ်ပေးစရာ
တွေလည်း ပုံနေမယ်ဆိုရင် ရှိတဲ့ပိုက်ဆံမလောက်တဲ့အခါ
နောက်တရမိတယ်၊ ခေမာ နင်က မကြုံဖူးသေးတော့ ဘယ်
နားလည်မလဲ။ ဒီတော့ ငါလည်း ခုတော့ နင့်ကို အမေ့
အလိုကျ ဆုံးဖြတ်စေချင်နေတယ်။ ငါ့တုန်းက ရှာတော့
ရှာတာပဲ၊ သူဌေးကို အရင်မတွေ့ဘဲ ကိုယ်ချစ်တဲ့သူကို



www.burmeseclassic.com

www.burmeseclassic.com



အရင်တွေ့သွားတာကိုး။ နင့်အလှည့်ကျတော့ ရှင်းပါတ
သူဌေးတစ်ယောက်ကို အရင်တွေ့ထားပြီးနေပြီလေ၊ ချစ်
သူလည်း မရှိဘူးဆိုတော့ ဘာမှ တွေဝေနေစရာမလိုပါဘူ

ခေမာက ရယ်မောရင်း ...

"သူဌေးကို လက်ခံပြီးမှ ကိုယ်ချစ်ရတဲ့သူ တွေ့လာရင်
ဘယ်လိုလုပ်မလဲ မဟေမာ"

ဟု ပြန်မေးမိသည်။

"အဲဒီလို ကတ်သီးကတ်သပ်ကြီးတော့ မမေးနဲ့၊ ငါလ
မဖြေနိုင်ဘူး"

"အဲဒါက ထားပါလေ၊ အခု ခေမာက သူ့ကို ငြင်းပြီး
ပြီ၊ ဘာမှလုပ်လို့မရတော့ဘူး"

"နင့်မှာ ရည်းစားလည်းမရှိဘူးဆိုတာ သူ သိတာပဲ၊တက
သဘောကျတဲ့သူဆိုရင်တော့ ထပ်ကြိုးစားမှာပါဟယ်"

ခေမာ သက်ပြင်းအသာချရင်း ...


"အင်းလေ ... အားလုံးက ခေမာ လုပ်တာ မှားတယ်
နေကြတော့လည်း ခေမာ အသေအချာစဉ်းစားပါ့မယ်
ဒါပေမဲ့ ခေမာ သူ့ကို ဘယ်လိုမှချစ်လို့မရတာ ဘာကြော
မှန်းတောင် ကိုယ့်ကိုယ်ကိုယ် မသိဘူး"

ဟူ၍ ပြန်ပြောပြမိခဲ့လေသည်။

❖ ❤ ❖







# အပိုင်း(၂)

www.burmeseclassic.com

## ၇

ခေမာတို့ သူငယ်ချင်းတစ်သိုက်က ပရဟိတအ ငန်းတွေမှာ ပါဝင်ကူညီဖို့ အဖွဲ့ဝင်ထားကြသည်ဖြစ်ရာ ဒီတစ် တော့ ထိုအဖွဲ့က ကြီးမှူးပြီး မိဘမဲ့ကလေးများအတွက် ရန်ပုံ ဈေးရောင်းပွဲလုပ်မည်ဟု သတင်းပို့လာသည်။ ဒီတော့ ခေမာ တိုင်ပင်လိုက်ကြသည်မှာ ANGELS ဆိုင်က မုန့်တွေကို ဆိုင် တစ်ခန်းယူပြီး သွားရောင်းပေးမည်ဟူ၍ပင်။ ရသောအမြတ် အကုန်လှူမည်ဟု တိုင်ပင်လျှင် အားလုံး စိတ်တူကိုယ်တူ သဘော လိုက်ကြသည်။

ဒါနဲ့ပဲ တစ်ခုသောတနင်္ဂနွေတစ်ရက်မှာ ANGE ဆိုင်ကိုတော့ ဝန်ထမ်းလေးယောက်နဲ့ ဖွင့်ထားခဲ့ပြီး ရန်ပုံငွေ ဆိုင်ကိုတော့ ခေမာတို့ငါးယောက် ဦးစီးပြီးသွားရောင်းကြသ မုန့်တွေသယ်ဖို့ကားကတော့ မြသော်တာ အဖေကိုယ်တိုင် လိုက်





င်ပို့သော စက်မှုဖုန်ထုတ် လိုက်ထ်အေ့(စ)ကားနဲ့မို့ ကားကိစ္စ မလိုခဲ့ပါ။

ခေမာတို့ယူထားသော ဆိုင်ခန်းနေရာမှာ ဆိုင်နဖူး ကို "ANGELS BAKERY(နတ်သမီးလေးများမုန့်ဆိုင်)"ဟု လိပ်နာမည်ရော မြန်မာနာမည်ပါ စာတန်းထိုးပြီး တပ်ဆင် သည်။

ခေမာတို့အားလုံး Apron ကိုယ်စီ ဝတ်ထားကြပါ ။ မနက်ဆယ်နာရီမှာ မုန့် စ,ရောင်းတာနဲ့ ဈေးရောင်းပွဲလုပ် ဟိုတယ်ခြံဝင်းထဲကို လူတွေလိမ့်ဝင်လာကြသည်။ ဆိုင် က စုံလင်လှပြီး လာရောင်းပေးကြသူတွေကလည်း လူငယ် ားသဖြင့် အားလုံး သွက်လက်တက်ကြွနေကြသည်။ တချို့ တွက ဆောင်းဘောက်(စ)တွေပါ ဆင်ပြီး တီးလုံးသံစပ်မြူးမြူး သော သီချင်းမျိုးဖွင့်သဖြင့် အားလုံး စည်းချက်နဲ့အညီ လှုပ်ရှား ရင်း ဈေးရောင်းကြရသည်။

အကြော်စုံအရောင်းဆိုင်၊ အကင်ဆိုင်၊ ဝက်သားတုတ် ဆိုင်၊ အချိုရည်ဘူးအရောင်းဆိုင်၊ အသုပ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ဆီထမင်းဆိုင်၊ ကိုရီးယားကင်(မ်)ချီဆိုင်၊ ဂျပန်ဆူရှီဆာရှိမိ င်းဆိုင်၊ ယိုးဒယားသင်္ဘောသီးသုပ်ဆိုင်၊ LAKSA(လာ(ခ်) ဟုခေါ်သော မလေးရှားအုန်းနို့ခေါက်ဆွဲဆိုင်၊ ကြာဆံချက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်၊ မုန့်လင်မယား ရေမုန့်ဆိုင်နှင့် ခေမာတို့ရဲ့မုန့်မျိုးစုံဆိုင်အပြ အစားအသောက်တွေက စုံလှသည်။ တခြားလူတွေကတော့ ရော သူတွေကို ခေါ်လာပြီး ထိုသူတွေက မုန့်ပြင်ဆင် သူတို့က ရ ကဗန်းပြရောင်းတာမျိုးဖြစ်ပေမဲ့ ခေမာတို့ကတော့ ကိုယ်တိုင် သောမုန့်ကို ရောင်းတာမျိုးဖြစ်သည်။

မုန့်ဆိုင်တွေအပြင် ကလေးတွေအတွက် ချားရဟာ တွေ၊ ဂျုံအရုပ်တွေ၊ အပျော်တမ်းကစားနည်းလေးတွေ၊ ကာရာ ကေ အဆိုပွဲတွေလည်း ရှိပါသည်။

ပွဲကျင်းပသူက ဝမ်းသာအားရဖြင့် ...

"လက်မှတ်တွေ အကုန် ကုန်သွားတယ်သိလား၊ ဒီတခါ ပွဲက ပိုပြီးစနစ်ကျပြီး ဆိုင်လည်းစုံလို့ထင်တယ်၊ ပိုအောင် သွားပြီ"

ဟု ခေမာတို့ ဆိုင်ကို လာအားပေးရင်း ပြော သည်။

မနက်ဆယ်နာရီမှ ညနေလေးနာရီထိ ဈေးရောင်း လူစည်ကားနေတုန်း၊ ခေမာတို့လည်း ရောင်းကောင်းနေ မထင်မှတ်ဘဲနဲ့ ဆိုင်ရှေ့ကို ရာစုသစ်တို့အုပ်စု ရောက်လာခဲ့သ

"အဝေးက လှမ်းကြည့်လိုက်တော့ ANGELS တွေ လာနှုတ်ဆက်တာဗျို့"





ရာစုသစ်က တရင်းတနှီးပုံစံဖြင့် အသံကျယ်ကြီး အော်ကာ ဆိုင်ရှေ့လာရပ်သည်။

"ဒီကောင် ANGELS တွေ့တယ်ပြောနေတုန်းက စိတ်ထဲမှာ ထင်ယောင်ထင်မှားဖြစ်ပြီး illusion(အလူးရှင်း)ဖြစ်တယ် ထင်နေတာလေ။ ဘယ့်နှယ် နေရင်းထိုင်ရင်း ANGELS တွေ့ရသလဲပေါ့၊ အဲဒီလိုထင်နေတာ လက်စသတ်တော့ ကောင်မလေးတွေရောင်းတဲ့မုန့်ဆိုင်ပဲ"

ရာစုသစ် သူငယ်ချင်းတစ်ယောက်က သူနဲ့လည်း ခေမာတို့ မရင်းနှီးပါဘဲ တရင်းတနှီးပြောကာ ရယ်မောပါသည်။

"ကိုရာစုသစ်တို့ လက်မှတ်ဝယ်ထားလို့ လာတာလား"

"ဟုတ်တယ်၊ ကျောင်းမှာ အငယ်တန်းကလူတွေ လိုက် ရောင်းနေလို့ ဆေးရုံထဲ ပတ်ပြေးတာတောင်မရဘူး၊ ချောင် ပိတ်အရောင်းခံလိုက်ရလို့လေ၊ ဟား ဟား ... အလကား နောက်တာပါ၊ တမင်နောက်ပြီးထွက်ပြေးပြတာပါ။ မိဘမဲ့ ကလေးရန်ပုံငွေဆိုတော့ အားပေးပါတယ်၊ မခေမာတို့က ရော ဘယ်သူ့အဆက်အသွယ်နဲ့ ဆိုင်ဖွင့်ကြတာလဲ"

"ခေမာတို့ အရင်တည်းက အဖွဲ့ဝင်ထားတာ ၊ လူငယ်တွေ ချည်းဖွဲ့ထားတဲ့ ပရဟိတအဖွဲ့ပေါ့။ အစစအရာရာ လိုအပ် နေတဲ့သူတွေကို လှူချင်တယ်၊ တစ်ယောက်တည်းနဲ့ လှူရ



www.burmeseclassic.com

www.burmeseclassic.com

ဘာ အရာမှရောက်ဘူး။ အခုလို အများနဲ့ပေါင်းရတော
[illegible]အများကြီး လှူနိုင်တာပေါ့လေ”

“ဟုတ်တယ် ... ဒါ ကောင်းပါတယ်၊ မြန်မာလူမျိုးတွေ
ပိုက်ဆံတွေသိပ်ချမ်းသာရင် လူမှုရေး အလှူတွေမှာ လှူ
ထက် ဘုရားတွေတည်၊ ကျောင်းတွေဆောက်ပြီး ပိုလှူ
တတ်ကြတော့ ခေမာတို့လို အဖွဲ့တွေလှူမှပဲ မိဘမဲ့က
လေးတွေ ထမင်းဝဝစားရမှာပါ၊ ကျွန်တော်လည်း ပိုက်ဆံ
အများကြီး မလှူနိုင်တော့ လှူလို့ရတာပဲ လှူနေတယ်
ဟဲ ... ဟဲ .. သွေးအမြဲလှူတယ်လေ၊ ကျွန်တော့်သွေးက
ဝေသန္တရာသွေး အိုသွေးဆိုတော့ ဆေးရုံမှာ သွေးလိုရင်
ရာစုသစ် သာခဲ့ပဲ အဆင်သင့်ပဲ”

“ကဲ ... ကဲ ... လှူချင်ရင် အားပေးပါဦး၊ ဒီဆိုင်မှာ မုန့်
ဝယ်ပါဦး”

နှင်းနှင်းရီက ဝင်ပြောလိုက်တော့မှ ရာစုသစ်တို့လေး
ယောက်အုပ်စုလည်း ...

“ဟာ ... ဟုတ်သားပဲ၊ မုန့်ဝယ်ရမှာပေါ့”

ဟု ပြောသူပြော။

“ဟား ... ဟား ... ဒီကောင် အလကား စားရမလားလို့
စောင့်နေတာကွာ”





ဟူ၍ အချင်းချင်း နောက်လိုနောက်ဖြစ်ကုန်သည်။

ရာစုသစ်သည် မတွေ့ရတာ တစ်လကျော်လောက်
ကြာပြီဖြစ်သော ခေမာ့ကို အမှတ်မထင် ထပ်တွေ့ရတော့ ရင်ထဲမှာ
တော်တော့်ကို ဝမ်းသာနေသဖြင့် သူ့ဘာသာပင် အံ့ဩနေသည်။
တွေ့ရတဲ့အချိန်တုန်းကလည်း သတိတောင်မရမိပါဘဲ အခုလို
အမှတ်မထင်ပြန်တွေ့ရတဲ့အခါ နှလုံးသားမှာ တသိမ့်သိမ့်လေး
သိသာသာ ခုန်နေတာဟာ ဘာကြောင့်ပါလိမ့် ?။

စတွေ့ခါစကလည်း ရင်ထဲမငြိ။ ထပ်တွေ့တုန်းက
လည်း သာမန်ပြန်ဆုံရိုး ဆုံစဉ်အတိုင်း ထင်ပြီး နောက်ရက်တွေ
မှာ မေ့လို့ရသွားခဲ့ပါရက် အခု ပြန်ထပ်ဆုံရတဲ့အခါ သာမန်ကာလျှံ
ဟာ ဝမ်းသာမိတာထက်ပိုသော ဝမ်းသာကြည်နူးမှုကို ရင်ထဲမှာ
သိသာစွာ ခံစားရလေရာ တအံ့တဩဖြစ်နေမိသည်။

ခေမာသည် ပခုံးထိရှည်သော ဆံနွယ်တွေကို ဒီနေ့
တော့ ခပ်မြင့်မြင့်လေး သပ်ရပ်စွာ စည်းနှောင်ထားသည်။ စပို့
ရှပ်အနက် ဂျင်းစကတ်ရှည်အပြာလေးဖြင့် သိပ်မပြင်မဆင် သင့်တင့်
သော ဝတ်ထားပေမဲ့ ရာစုသစ် စိတ်ထဲမှာတော့ ခေမာသည်
ဘယ်သူနဲ့မှမတူအောင် ဆွဲဆောင်မှုရှိသည်ဟု ထင်မိသည်။

“ယောက်ျားလေးတွေဆိုတော့ အချိုမုန့်တွေ သိပ်မကြိုက်
ကြဘူးထင်တယ်၊ မုန့်ဝယ်ခိုင်းတာနဲ့ ဟိုကြည့်ဒီကြည့်ဖြစ်
ကုန်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်က ဝင်မေးပါသည်။

"ဟုတ်တယ်ဗျ သိပ်ပြီးစားလေ့မရှိတော့ ဘာမုန့်ဝယ်ရမှန်း မသိဘူး"

"ခေမာတို့မုန့်တွေက အချိုမများပါဘူး၊ သိပ်ချိုတာ မစား ချင်ရင် ခရိုဆွန်ပဲဝယ်လေ။ အဲဒါက အထဲမှာ ပေါင်မုန့် လိုပဲ ချိုလည်းမချိုဘူး။ အဆိမ့်ပေါ့။ Pastry(ပေ(စ)ရီ)ပေါ့ အဲဒါ ယူမလား"

"ခေမာ ကောင်းတယ် ပြောရင် ယူမယ်"

ရာစုသစ် ဖြေလိုက်သောစကားကြောင့် ကျန်သူငယ် ချင်းသုံးယောက် ဝိုးခနဲ အသံထွက်ပြီး နောက်ပြောင်ပါသည်။

ရာစုသစ် အရှက်ပြေရယ်ရင်း ...

"မသိရင်မှတ်ထားကြပါ၊ ဒါ ကျွန်တော့်သူငယ်ချင်းတွေ ပါ။ လွင်မင်းတဲ့ ဟဲ ဟဲ ... လွင်မိုးတော့ မဟုတ်ဘူးနော် သူက ရဲကျော်သူတဲ့၊ သူကတော့ ဝင်းမောင်မောင်တဲ့ ကျွန်တော်တို့ တစ်တန်းတည်း တစ်အုပ်စုတည်းပဲလေ ကျွန်တော်တို့ ဆေးကျောင်းမှာ နာမည်ရှေ့စာလုံး အက္ခရာ ကိုယူပြီး ခုံနံပါတ်စီတော့ သူတို့နဲ့ ကျွန်တော်က စာမေးပွဲ ဖြေလည်း တိုင်ပင်ဖော်တိုင်ပင်ဖက်၊ ဆေးရုံမှာ လူနာစမ်းသပ် လည်း တစ်အုပ်စုတည်းပေါ့"





"ဟား ဟား ... လူနာကို သွားနှိပ်စက်တဲ့ အုပ်စုပေါ့ဗျာ၊ ကျွန်တော်တို့နှိပ်စက်လွန်းလို့ လူနာတွေက ကျွန်တော်တို့ လေးယောက် Ward(ဝါ့ဒ်)ထဲဝင်လာတာမြင်ရင် အိပ်ချင် ယောင်ဆောင်နေကြတာဗျ"

ပျော်တတ်ပြီး ခပ်နောက်နောက် ပြောတတ်ကြပုံရ သော ရာစုသစ်၏ သူငယ်ချင်းတွေကို ခေမာတို့တစ်သိုက် အသိ အမှတ်ပြုကာ ပြုံး၍ နှုတ်ဆက်လိုက်ကြသည်။

"ကဲ ... မခေမာ အလှည့်"

"ရှင် ... ဘာလဲ"

"ဟောဗျာ ... ကျွန်တော်က ကျွန်တော့်သူငယ်ချင်းတွေကို ကြော်ငြာဝင်ပြီးပြီလေ၊ မခေမာအလှည့် ရောက်ပြီပေါ့"

ခေမာသည် သူနဲ့ သိပ်ကြီးမရင်းနှီးခဲ့ပါဘဲ အခုကျမှ တော်တော့်ကို တရင်းတနှီးဖြစ်နေပုံရသည့် ရာစုသစ်၏ အမူအရာ တွေကို အံ့ဩနေသည်။ သူ့ပုံစံက သူနဲ့ငါ အရင်က တော်တော့်ကို ရင်းနှီးခင်မင်နေပုံမျိုးပါလား။ သိပ်ထူးဆန်းနေတာပါလား။ သာမန် ကာလျှကာ မှေ့ ရိုးတွေ့စဉ် နှုတ်ဆက်ပြီးရင် ပြီးမယ်ထင်နေခဲ့ တာ။

ဒါပေမဲ့ ခေမာ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးလိုက် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက နှင်းနှင်းရီပါ။ သူက သဏ္ဍာလွင်။ သူကတော့ ခင်လေးငယ်။ သူက မြသော်တာတဲ့၊ ခေမာတို့က အဝေးသင်တက်တော့လည်း အတူတူ၊ အဝေးသင်ဖြေဖို့ ကျူရှင်တွေတက်ရတုန်းကလည်း အတူတူပါပဲ။ ငယ်ပေါင်းကြီးဖော် မဟုတ်ပေမဲ့ စိတ်သဘောထားချင်း တူညီလို့ အခုတော့ သိပ်ခင်တဲ့ သူငယ်ချင်းတွေ ဖြစ်နေကြပြီလေ"

"ကျွန်တော်တို့လည်း ဒီလိုပါပဲ ဆေးကျောင်းရောက်မှ စခင်မင်ခဲ့တဲ့ သူတွေပါပဲ"

ရာစုသစ် သူငယ်ချင်းတစ်ယောက်က ဝင်ပြောသည်မှာ ...

"ကြားဖူးတာတစ်ခု ရှိတယ်ဗျ၊ ဘာတဲ့ အခက်အခဲတွေကို အတူတူကျော်ဖြတ်ကြရမှ မိတ်ဆွေကောင်းဆိုတာ ရှာဖွေတွေ့ရှိတာတဲ့"

သူက ထိုသို့ဝင်ဆရာလုပ်တော့ ကျန်တဲ့ ရာစုသစ်တို့ သုံးယောက်က သူ့ကို ...

"ဟုတ်ကဲ့ ဆရာ"

ဟု သံယောင်လိုက်ကြပြီး သူတို့ဘာသာ သဘောကျကာ ဟီးဟီးဟားဟား ရယ်ကြပြန်သည်။

မြသော်တာက ခေမာ့နား ကပ်ပြီး ...





"ရယ်ရလွန်းလို့ သွားတွေတောင် အအေးပတ်မှာစိုးရတယ်၊ နင့်လူက တော်တော်အရယ်သန်တာပဲ"

လို့ တိုးတိုးလာနောက်လေသည်။ ခေမာက ငါ့လူ မဟုတ်ပါဘူးဟု အသည်းအသန်ငြင်းဖို့ အချိန်မရလိုက်။ မုန့်ဝယ်သူတွေ ထပ်ရောက်လာ၍ ရောင်းချဖို့ ပြင်ဆင်လိုက်ရ၍ဖြစ်သည်။

ဈေးရောင်းပွဲလက်မှတ်တွေက နှစ်ရာတန်နဲ့ ငါးရာတန်ဆိုပြီး အမျိုးအစားနှစ်မျိုး ရောင်းထားတာဖြစ်သည်။ မုန့်လာဝယ်သူဟာ လက်မှတ်ဖြင့်ဝယ်လည်းရသည်။ အကယ်၍ လက်မှတ်ကုန်သွားရင်လည်း ဆိုင်တွေမှာ လက်မှတ်ပါ တွဲရောင်းသဖြင့် လက်မှတ်ထပ်ဝယ်ပြီး ဝယ်စားနိုင်ပါသည်။ ဒါပေမဲ့ ဒီဈေးရောင်းပွဲမှာ ဘာပဲဝယ်ဝယ်၊ ဘာပဲစားစား လက်မှတ်နဲ့သာ အသုံးပြုဖို့ စည်းကမ်းသတ်မှတ်ထားတာတော့ရှိသည်။

ခေမာတို့ဆိုင်ရှေ့က မသွားသေးဘဲ ဟိုကြည့်ဒီကြည့် ဖြင့် ဘာစောင့်နေမှန်းမသိသော ရာစုသစ်ကို သူ့သူငယ်ချင်းတွေက တိုးတိုးကပ်၍ တစ်စုံတစ်ရာပြောလျှင် ရာစုသစ်တစ်ယောက် ရယ်မလဲဖြစ်ပြီး ခေမာ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်တာကိုလည်း တွေ့ကောင်း။ အရင်တွေ့တဲ့အခါပုံစံတွေနဲ့ မတူဘဲ အခုကျမှ ခေမာ့ကို ပိုရင်းနှီးချင်သလိုလို၊ ခင်မင်ခွင့်ရချင်သလိုလို ဒီနားက



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးခွေနိုင်လို့ ပြောရင်ရတဲ့ပုံစံမျိုးလိုလို တစ်မျိုးထူးခြားနေသော ရာစုသစ်၏ အမူအရာတွေကိုလည်းကောင်း။ ခေမာ့ရင်ထဲ ထူးဆန်းစွာပင် ကျေနပ်နှစ်သိမ့်လျက် လက်ခံချင်နေမိပါသည်။

ဘုရားရေ ... ငါ ဘာများဖြစ်နေတာလဲလို့ အကြိမ်ကြိမ် မေးခွန်းတွေ ထုတ်မိနေခဲ့ပေမဲ့ ခေမာသည် အဖြေတစ်ခု ထွက်လာလိမ့်မှာကိုလည်း ကြိုသိနေမိပြန်သတဲ့။

သူငယ်ချင်းတွေ အတင်းဆွဲခေါ်၍ ကန့်လန့်ကန့်လန့် ပါသွားသော ရာစုသစ်သည် တစ်နေရာရောက်တော့မှ အတင်းရုန်းပြီး ...

"ဟေ့ကောင်တွေ ဘယ်လိုဖြစ်လို့ ငါ့ကို အတင်းဆွဲခေါ်လာတာလဲ"

"မင်းအကြံ ရိပ်မိလို့"

"ရိပ်မိရင်လည်း လွှတ်ထားလိုက်ပါလား၊ ဒါ တားမြစ်ရမှာလားကွာ"

"မင်း အခုလက်ရှိလိုက်နေတဲ့ (E)မေဂျာက အသည်းလေးရယ်၊ နာမည်ကြီးဒီဇိုင်နာမမရယ်နဲ့တင် မင်းမှာ ဘယ်တစ်ယောက်၊ ညာတစ်ယောက် လုံလောက်နေပြီ၊ ခေမာ့ကို ဘယ်နားသွားထားမလဲ"





"ဟိုဟာတွေက လိုက်တုန်းရှိပါသေးတယ်ကွာ၊ ရည်းစား မဖြစ်သေးပါဘူး"

"လိုက်တယ်ဆိုပေမဲ့ သူငါ့ပြန်ကြည်ဖို့ကလည်း ၉၉.၉ ရာခိုင်နှုန်း အင်္ဂလိပ်လိုပြောရရင် 99.9% (နိုင်တီနိုင်းပွိုင့်နိုင်းပါဆင့်)ဖြစ်နေပြီ၊ မင်းလောက် လိုက်တိုင်းပြန်ကြည်တာလည်း မရှိဘူးလေ"

"ပြီးတော့ ... ငါ့လောက် ရည်းစားနဲ့ပြတ်တဲ့ကောင်လည်း မရှိဘူး ... ဟား ဟား"

ရာစုသစ်သည် သူ့အကြောင်းသူ သိပြီး အသာပြုံးနေမိပါသည်။ သူ့အကျင့်ကလည်း ဘာမှန်းမသိ။ မိန်းကလေးမြင်တိုင်း စိတ်ဝင်စားတာတော့မဟုတ်ပေမဲ့ သူနဲ့ဆုံသောမိန်းကလေးက သူ့အပေါ် တစ်စုံတစ်ရာ ဆွဲဆောင်မှုရှိသည်ဆိုလျှင် အလိုလို စိတ်ဝင်စား သဘောကျသွားတတ်သည်။ 'ချစ်တယ်' ဆိုသော စကားကို ရင်ထဲမှာ ခံစားချက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပြောထွက်နိုင်ခဲ့သလို ကောင်မလေးဘက်ကလည်း 'လမ်းခွဲချင်တယ်' စကားပြောခဲ့လျှင်ဖြစ်စေ၊ ဒါမှမဟုတ် သူ့ဘက်ကစပြီး 'လမ်းခွဲချင်တယ်'လို့ပြောရသည်ဖြစ်စေ ရင်ထဲမှာ ဘာခံစားချက်မှလည်း မကျန်တတ်ခဲ့သူပဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အချစ်'ကို အပျော်သဘော ဆော့ကစားကြည့်တတ်သော ရာစုသစ်၏ အာရုံထဲမှာ ခေမာ အမှတ်မထင် ဝင်ရောက်လာခဲ့သည်ပဲဆိုရမည်။ တွေ့ခါစကတော့ ခေမာဟာ ရာစုသစ်ကို ဘယ်လိုမှ စိတ်ဝင်စားစရာမဖြစ်ခဲ့သော မိန်းကလေးပဲဖြစ်သည်။ အခုကျမှ ခေမာ့ကို စိတ်ဝင်စားပြီး ချစ်ကြည့်ချင်လာတာလည်း ဖြစ်သည်။

"ခေမာ့ကိုမြင်တော့ တစ်မျိုးပဲကွာ၊ ရင်ထဲမှာ ပျော်ပြီး စကားတွေ ထပ်ပြောချင်သွားတယ်"

"လုပ်ပြီ ဇာတ်လမ်းစ,ပြီ"

"ဇာတ်လမ်းစချင်လည်း နောက်မှစ,ကွာ၊ ငါချားစီးချင်တယ် သွားတန်းစီရအောင်"

လွင်မင်း ထိုသို့ပြောလျှင် ရာစုသစ်တို့သုံးယောက် တဟားဟားအော်ရယ်ကြပြီး "ချားစီး ချီးစား"ဟု လွင်မင်းနားနား ခဏခဏ ကပ်အော်ပြီး နောက်ပြောင်ပါသည်။

သူတို့ဟာ နောက်တစ်နှစ် ကျောင်းတက်ပြီးရင်ပဲ ဆရာဝန်ဖြစ်ကြရတော့မည်ဆိုပေမဲ့ အခုထိ ကလေးစိတ်မကုန်သေး တဟီးဟီး တဟားဟားရယ်ကြမောကြ စနောက်ကြတုန်း၊ ပျော်လို့ ကောင်းတုန်းဖြစ်နေသည်။





"တကယ်တော့ ရာစုသစ်ကသာ အပူအပင်ကင်းကင်း ပျော်တတ်နေတာပါ။ တကယ်တော့ သူ့ဘဝဟာ သူများတွေ ထက်စာရင် ချို့ငဲ့တယ်ပဲပြောရမလား။ ဦးလေးလူပျိုကြီးက အိမ်မှာခေါ်ထား၊ ပညာသင်စရိတ် ထောက်ပံ့ထားလို့ မချို့ငဲ့ဘူးပဲ ပြောရမလား ဘယ်ဟာအမှန်မှန်းပင် စဉ်းစားမရ။

ရာစုသစ်၏ မိဘနှစ်ပါးမှာ ရန်ကုန်နဲ့ တော်တော့်ကို ဝေးသော နယ်မြို့လေးတစ်မြို့မှာနေပါသည်။ ရာစုသစ်သည်လည်း အဲဒီမှာမွေး၊ အဲဒီမှာကြီး၊ အဲဒီကပဲ ဘာသာစုံဂုဏ်ထူးထွက်ပြီး ဆယ်တန်းအောင်လာခဲ့တာဖြစ်သည်။

ရာစုသစ်၏အဖေနဲ့ ဦးလေးမှာ ညီအစ်ကိုအရင်းတွေဖြစ်သည်။ အဖေကအကြီး ဦးလေးကအငယ်၊ ဦးလေးအောက်မှာ ညီမတစ်ယောက်ရှိသည်။ ထိုအဒေါ်ကလည်း သူ့မိသားစုနဲ့သူ တခြားနယ်မြို့တစ်မြို့မှာပဲ စီးပွားရေးသိပ်အဆင်ပြေလှသည်မဟုတ်ဘဲ ရုန်းကန်နေရသူသာဖြစ်သည်။

"အဖေတို့ မိဘတွေကလည်း ဒီလိုပဲ မဖြစ်စလောက်ငွေ လေးနဲ့ ရင်းနှီးပြီး ကုန်သည်လုပ်လာကြရတာပဲ သားရဲ့။ ဘယ်တော့မှလဲ စီးပွားဖြစ်လာတာမရှိပါဘူး၊ ရရစားစား ဖြစ်သွားတာချည်းပဲ။ သားသမီးတွေကို ပညာသင်ပေးပေမဲ့ အဖေကလည်း အသုံးမကျ၊ မင်းဒေါ်လေးကလည်း ဉာဏ် မကောင်းတော့ ဆယ်တန်းမအောင်ခဲ့ဘူး၊ မင်းဦးလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ရွေး ပြီး ပညာတတ်ဘွဲ့ရဖြစ်ပြီး ရှေ့နေအလုပ်နဲ့ အောင်မြင်နေတာ။ ဒီမျိုးရိုးထဲမှာ သူပဲ ထွန်းထွန်းပေါက်ပေါက်ဖြစ်သွားတာ၊ အခု ငါ့သားအလှည့်ကျတော့ ဦးလေးခြေ နင်းတယ် ပြောရမှာပေါ့”

ရာစုသစ် ဆယ်တန်းကို ခြောက်ဘာသာဂုဏ်ထူး အောင်တော့ အဖေ ဝမ်းသာမျက်ရည်ကျပြီး သူတို့အကြောင်း ပြန်ပြောပြပါသည်။

“အဖေတို့လည်း မိဘ ခြေရာနင်းပြီး အခုထိကို စီးပွားသ မဖြစ်လာတဲ့ ကုန်စုံဆိုင်အလုပ်လေးနဲ့ ရုန်းကန်နေရတာ သားကို ဆေးကျောင်း ဘယ်လိုထားရမှန်းတောင် မသိ ဘူး”

ရာစုသစ်သည် မိသားစုထဲမှာ အကြီးဆုံးလည်းဖြစ် အောက်မှာ ညီမတစ်ယောက် ညီကနှစ်ယောက် ရှိသေးလေ သူတို့လည်း လူမမယ်လေးတွေ အထက်တန်း အလယ်တန်းတ နေသူတွေမို့အဖေတို့မှာ သားသမီးပညာသင်စရိတ် အတော်ထော လှတာကို သိထားပါသည်။

“ဆေးကျောင်းတော့ တက်ချင်တယ် အဖေရယ်”

ရာစုသစ်ကလည်း အဖေ ကျောင်းမထားနိုင်ကြော ညည်းညူပေမဲ့ အလိုက်ကမ်းဆိုး မသိစွာ တဂျီဂျီပူဆာမိခဲ့သည် ရာစုသစ် ပူဆာတော့ အမေ့မှာ မျက်ရည်နဲ့မျက်ခွက်ဖြစ်ရသည်





“ကလေးက ပညာသင်ချင်တာကို မဖြည့်ဆည်းပေးနိုင်ရင် မိဘတာဝန်မကျေဘူးပေါ့ရှင်”

ဆိုပြီး နောက်ဆုံးတော့ အိမ်ထောင်ဦးစီးဖြစ်သည့် သော အပြစ်ပြော၊ လင်မယား စကားများရန်ဖြစ်၊ ပိုင်ဆိုင် သော တဲအိမ်သာသာအိမ်လေးကိုရောင်းပြီး ကျောင်းထားမည် တော့ ညီမတွေ၊ ညီတွေက ကိုးတန်း၊ ခုနစ်တန်း၊ ငါးတန်း တွေမို့ သိတတ်နေပြီဖြစ်ရာ ...

“ကိုကိုကြီး ဆရာဝန်ဖြစ်ဖို့ အိမ်ရောင်းပြီး ထားတာဟုတ်ပါ ပြီ၊ ဒါပေမဲ့ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲကလို ကိုကိုကြီးက ဆရာဝန်လည်းဖြစ်၊ မိန်းမလည်းကောက်ယူသွားရင် အဖေ အမေတို့မှာ အိမ်မဲ့ရာမဲ့ဖြစ်ပြီး ဒုက္ခရောက်ကျန်ခဲ့ရမှာနော်”

ဟူသော လေသံတွေ ပြောလာကြသောအခါ ရာစု ညီမတွေ ညီတွေနဲ့ စကားတွေများကြ၊ ဖြေရှင်းကြဖြစ်ကုန် သည်။

နောက်ဆုံးတော့ အဖေဟာ အကြံကုန်သွားတဲ့အဆုံး မှာ အခြေကျနေပြီး လူပျိုကြီးတစ်ကိုယ်တည်း အဆင်ပြေနေ သိထားသော သူ့ညီဖြစ်သူ ဦးလေးဦးဆန်းဦးထံ စာရေး ပြီး အခက်အခဲတွေ ပြောပြလေသည်။ အကူအညီတောင်း မဟုတ်ပေမဲ့ အခက်အခဲတွေရေးပြပြီး စာရဲ့အဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပါပဲ ဆန်းဦးရာ၊ မင်းတူက ဆေးကျောင်းလ
သိပ်တက်ချင်နေတော့ ဒီပြဿနာကို ဘယ်လိုဖြေရှင်း
မှန်း မသိလို့ မင်းဆီ အကြံဉာဏ်တောင်းတာပါကွ"

ဟူသော မယုတ်မလွန် စာသားမျိုးရေးပြီး နို
လိုက်ကြောင်း ရာစုသစ် ကိုယ်တိုင်ကို အဖေက ပေးဖတ်သ
သိထားခဲ့သည်။

အဖေက ပြောလည်းပြောပြပါသည်။

"ညီအစ်ကိုချင်းပေမဲ့ ငါက အစ်ကိုကြီးတန်မဲ့ ညီ
အကူအညီ တိုက်ရိုက်ကြီး မတောင်းချင်ဘူးပေါ့၊ ပို
ဘယ်လောက်ပဲမရှိပါစေ အငယ်ဆီမှာ အောက်ကျခံ
တော့ မဖြစ်ချင်ဘူး။ ဒီလို မယုတ်မလွန်စာမျိုး
အကျိုးအကြောင်း ပြောပြကြည့်မယ်။ သူ့စိတ်ထဲမှာ
ဒါနအဖြစ် ကူညီချင်ရင် သူ စပြောလာလိမ့်မယ်၊ သူ
ညီချင်ရင် ဒီတိုင်းနေလိမ့်မယ်၊ အဖေ့ဘက်က တိုက်
အကူအညီတောင်းတာလည်း မဟုတ်လို့ အဖေ
မျက်နှာပူစရာမလိုဘူး။ ဆန်းဦးလည်း မျက်နှာပူစရာ
ဘူး"

အဖေ စာထည့်ပြီး တစ်လအကြာမှာ ဦးလေ
ပြန်စာရပါသည်။





"အစ်ကိုကြီးရဲ့သားဟာ ကျွန်တော့်သားပါပဲ၊ ကျွန်တော်
လည်း သားသမီးမရှိ တစ်ကိုယ်တည်းဖြစ်နေတော့ ဒီသား
တစ်ယောက်ကိုပဲ ကိုယ့်သားအရင်းလို သဘောထားပြီး
ပညာအမွေပေးခဲ့ချင်ပါတယ်၊ ရန်ကုန်မှာလာနေပါ၊ နေစရိတ်
စားစရိတ်ကျောင်းစရိတ် ဘာမှမပူပါနဲ့ ကျွန်တော် ထောက်ပံ့
ထားနိုင်ပါတယ်"

ဆိုသော ပြန်စာသည် ရာစုသစ်၏ဘဝကို အပြောင်း
ကြီး ပြောင်းလဲစေခဲ့ပါသည်။ နောက်မို့ နယ်မြို့မှာနေပြီး
ကျောင်းတက်ချင်ရက် မတက်နိုင်လို့ အဖေတို့အမေတို့လိုပဲ
ပြေလိုက် မပြေလိုက်ဘဝမှာ ရုန်းကန်ရသောသူ ဖြစ်သွားမှာ
ပါသည်။

ဆရာဝန်ဖြစ်ရုံမက အထူးကုဆရာဝန်ကြီးထိပါ ဖြစ်
သည် ရာစုသစ်ကို မျှော်လင့်ချက်တွေ အများကြီးပေးပါသည်။
ပါလို့ မပါလို့ကို မစဉ်းစားနိုင်ပါ။ ဘဝတိုးတက်ရေးရဲ့
က်သည် ဂုဏ်သိက္ခာရှိပြီး စားဝတ်နေရေးလည်း အဆင်
သော ဆရာဝန်တစ်ယောက်ဖြစ်ဖို့တည်းဟူသော ရာစုသစ်
တ်ကို ဘေးလူတွေသိရင်တော့ ကဲ့ရဲ့ကြမှာပဲထင်သည်။

အခုတော့ ရန်ကုန်မှာလည်း အနေကြာ လူရည်လည်၊
ောင်းတက်သက်လည်း ရှိလာပြီး ဦးလေးရေ့နေကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းနဲ့ ကားနဲ့ စိတ်ကြိုက်သုံးစွဲခွင့်ရသူလည်း ဖြစ်နေသ ရာစုသစ်သည် မှန်တာပြောရလျှင် ဘဝဟောင်းကို မေ့နေပါ

ရုပ်ရည်ပြေပြစ်ကြည့်ကောင်းပြီး စတိုင်လ်လေးလ ရှိ၊ ပညာလေးလည်း ဂုဏ်ဝင့်စရာ အဆင့်ရှိသူမို့ ရာစုသစ် ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်ထားဖို့ လွယ်နေ တာပါ။

ဦးလေးဟာ ပြန်သိတာလည်းရှိ မသိတာလည်း မဲ့ ရည်းစားထားခြင်းကိစ္စနဲ့ပတ်သက်ပြီး မဆူပါ။

"မှတ်ထားကွ ယောက်ျားဆိုတာ ပညာတတ်ရင်တ မတတ်ရင်လည်း စီးပွားအရှာကောင်းမယ်ဆိုရင် မင်းအ လေးဆယ်ထိ ငါးဆယ်ထိ လူပျိုကြီးလုပ်ပြီးမှ ချောချော မိန်းမ ကိုယ့်ထက်အသက်ငယ်တဲ့မိန်းမ ယူချင်ရင်လ ယူလို့ရတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာကြောင့် အိမ်ထော မှာလဲကွာ၊ ကိုယ့်ဘဝရဲ့ လွတ်လပ်မှုတွေရော၊ တိုးတ တွေရော ဆုတ်ယုတ်သွားနိုင်တယ်လို့ မင်းခေါင်းထဲ ထားပေါ့၊ ရည်းစားကို ထားရုံပဲထား ဘာဘာညာညာ မကြားချင်ဘူး၊ မယူရင်မဖြစ်တော့လို့ ယူလိုက်ရပါ ဆိုတဲ့ အသံကြားရရင်တော့ မင်း ငါ့အိမ်ရိပ်နင်းဖို့ စားနဲ့၊ ငါ့ ထောက်ပံ့မှာကိုလည်း မမျှော်လင့်နဲ့တော့"





ထိုသို့ သူ့သဘောထားကိုသာ ထုတ်ပြောကာ ရာစုသစ်ကို သတိပေးတာမျိုး ရှိပါသည်။

ရာစုသစ်ကလည်း လူငယ်ပီပီ စိတ်ပျော်လို့သာ ရည်းစားလျှောက်ထားဖြစ်တာပါ၊ ဘယ်တစ်ယောက်ကိုမှ သေသေချာချာမချစ်ဖူးသေး။ ဒီကောင်မွှေတယ် လိုက်ရင်ရတယ်၊ ရည်းစားများတယ်ဆိုသော ဂုဏ်ပုဒ်ကိုသာ ဖက်တွယ်ထားချင်သူဖြစ်ပါသည်။

ဈေးရောင်းပွဲနေ့က ပြန်တော့ ခေမာဆီ တစ်ချက်ဝင်နှုတ်ဆက်ကာ ပြန်လာခဲ့သောအခါ ရာစုသစ်သည် သူ့ဆီမှာ ရောက်ရှိလာခဲ့သည့် အကြံသစ်တစ်ခုအတွက် ကျေနပ်စွာ ပြုံး၍ ပြန်လာခဲ့တာပဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဟယ် ... ခေမာ နင့်ဖုန်းလာတယ်"

တစ်ရက်မှာ ဆိုင်ဖုန်းကိုခေါ်သဖြင့် ခေမာလည်း ဘယ်သူများလဲဆိုပြီး ဖုန်းနားထောင်လိုက်လျှင်ပဲ ...

"မခေမာလား ကျွန်တော်ပါ ရာစုသစ်ပါ"

ဟူသော ဖြေသံကို ကြားရသဖြင့် အံ့သြငေးကြော သွားပါသည်။

ပြီးခဲ့တဲ့အပတ်က ဈေးရောင်းပွဲမှာ တွေ့ခဲ့တယ် အဲဒီမှာ သူ့အကြည့်တွေက တစ်မျိုးပဲလို့ ထင်ခဲ့ပေမဲ့ နောက်ရ တွေမှာ ငြိမ်သွားတော့ ခေမာလည်း မေ့မေ့ပျောက်ပျောက်ဖြစ် ခဲ့တာ။ အခုတော့ ကြည့်စမ်း ... သူ့အသံကြားရပြီတဲ့။

"ဆိုင်မှာတော့ ဖုန်းရှိတာသိထားလို့ ဆိုင်ကိုပဲ ဆက်လို တာပါ။ မခေမာတို့အိမ်မှာရော ဖုန်းရှိလား"





"အိမ်မှာ ဖုန်းမရှိပါဘူး၊ တစ်ဆင့်ခေါ်ဖုန်းတော့ရှိတယ်၊ ဒါပေမဲ့ ခေမာ လူတိုင်းကို မပေးပါဘူး၊ သိပ်ရင်းနှီးတဲ့ ခေမာ့သူငယ်ချင်းတွေပဲ ပေးထားတာပါ"

"ရပါတယ် မခေမာကလည်း အိမ်မှာ သိပ်ရှိတဲ့လူမှ မဟုတ်တာ၊ ကျွန်တော် ဆိုင်ကိုပဲ ဆက်မှာပေါ့၊ ဩော် ... နာမည်ရှေ့ 'မ' ထည့်ထည့်ခေါ်နေမိတာ စိတ်မဆိုးနဲ့နော်၊ မရင်းနှီးသေးတဲ့ မိတ်ဆွေတွေမို့ ခေါ်တာပါ၊ အခုတော့ ခေမာလို့ပဲခေါ်ရင် ရမလား"

ဩော် ... ဩော် ... အခုတော့ ရင်းနှီးသွားပြီပေါ့ ဒီလိုလား။ ခေမာ နှုတ်ကထုတ်မပြောပေမဲ့ ရင်ထဲမှာ ပြန်မေးနေ သည်။ ယောက်ျားလေးတစ်ယောက်ဆီက တစ်မျိုးထူးခြားတဲ့ ကြည့်တွေရယ်။ အခုလို ဖုန်းဆက်ပြီး ဆက်သွယ်လာတာတွေ ဟာ ဘာကြောင့်ဖြစ်မလဲဆိုတာ ခေမာလည်း မိန်းကလေးတစ် ာက်ပီပီ မပြောလာသေးခင်မှာ ရိပ်မိနေပါပြီ။

"ခေမာ ဆိုင်ကို နေ့တိုင်းလာရလား"

"လာရတာပေါ့၊ ဒါ ခေမာ့အလုပ်ပဲ၊ အလုပ်လုပ်ကြတဲ့ မိန်းကလေးတိုင်း နေ့တိုင်းအလုပ်ဆင်းရသလိုပါပဲ၊ ကိုယ်ပိုင်အလုပ်ပေမဲ့ နေ့တိုင်း မခိုမကပ်လာရတာပေါ့၊ ပြီးတော့ ခေမာတို့က ကိုယ်တိုင် မုန့်စပ်ပြီး မုန့်ဝင်လုပ်တာလေ။ ဒီတော့ မလာရင်မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာတို့က ANGELS တွေ နတ်သမီးတွေဆိုပေမဲ့ ပြော
တတ်တယ်ထင်တယ်၊ WITCHES(ဝစ်ချက်(စ))တွေ
စုန်းမတွေက နတ်သမီးယောင်များ ဆောင်ထားသလားလို့

"ဘာကိုပြောချင်တာလဲရှင်"

"အဟဲ ... မုန့်ကတစ်ခါစားပြီးရင် စွဲသွားတယ်၊ ထပ်
ထပ်ခါ ဝယ်စားချင်တယ်တဲ့၊ ကျွန်တော့်သူငယ်ချင်း
ကပြောကြလို့ အဲ ... အဲ ... ဟို့ ကျွန်တော်လည်း ပါ
တယ်၊ အဲဒီထဲမှာ ..."

ခေမာ အသံတိတ်ပြုံးနေပါသည်။ ဒီလိုစကားလ
ကြောင်းတွေ စ,လာတော့မယ်ဆိုတာ လွန်ခဲ့တဲ့ မိနစ်ပိုင်းလေးက
မှန်းဆမိလိုက်ပါတယ်။

"အဲဒါ အခု မုန့်လာဝယ်မယ်နော်၊ ခေမာ ရှိနေမယ်မဟုတ်
လား"

"ရှင့်ကို တကူးတကကြီး စောင့်တယ်လို့တော့ မထင်လိုက်
ပါနဲ့။ ခေမာ ဆိုင်ကနေ ဘယ်မှ အပြင်ထွက်သွားစရာမ
လို့ ရှိနေတာမျိုးပါ"

"ခေမာ ဘာကြောင့်ပဲရှိရှိ ကျွန်တော် လာခဲ့ချင်တယ်"

သူက ချက်ချင်းနှုတ်ဆက်ပြီး ဖုန်းချသွားတော့
ဘေးမှာရှိနေတဲ့ သူငယ်ချင်းတွေက မျက်စတွေပစ် မေးတွေငေါ
မေးကုန်ကြတော့သည်။





"ခေမာ အခုတလော စန်းပွင့်နေတယ်ဟေ့၊ တော်ကြာ
မင်းသားတစ်ပါး ရောက်လာလိုက်၊ တော်ကြာ ဇာတ်လိုက်
တစ်ယောက် ရောက်လာလိုက်နဲ့ပါလား"

"သိပ်များနေရင် မျှပေးလို့ရတယ်နော်၊ အားမနာနဲ့ ဒီမှာ
အလှူခံတယ်"

"ဟယ် ... မဟုတ်ပါဘူးဟယ်၊ ဟိုတစ်ခါလာတဲ့ ကိုမိုး
အာကာက အမေ့မိတ်ဆွေတစ်ယောက်ရဲ့တူပါ၊ လမ်းကြုံ
လို့ ဝင်လာတာပါ"

ခေမာသည် သူငယ်ချင်းအရင်းတွေပေမဲ့ မိုးအာကာ
အကြောင်း အသိမပေးချင်၍ ဖုံးကွယ်ထားမိသည်။ ကိုယ့်ဘက်က
အကြံအစည်ကြီးနဲ့ ယောက်ျားတစ်ယောက်ကို ရှာဖွေနေတယ်လို့
အထင်ခံရမှာ အင်မတန် စိုးရိမ်မိပါသည်။

ရာစုသစ်ကျတော့ ဘာကြောင့်မှန်းမသိ။ သူနဲ့ကိုယ်
ဟာ အဆင့်အတန်းတူလို့ ခံစားရလျက် သူ့အကြောင်းကျ ပြော
ရဲဆိုရဲ အသိပေးရဲနေလေသည်။

"ဒါဖြင့် ရာစုသစ်ကရော"

"ရာစုသစ်ကတော့ နင်တို့သိတဲ့အတိုင်း ငါ့ကို စိတ်ဝင်စား
လို့ ရောက်ရောက်လာမဲ့ လူတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မျက်နှာက ချိုပြီး ဘယ်သူ့ကိုမဆို လွယ်လွယ်အရောဝင်တတ်မဲ့ရုပ်နော်။ ပြီးတော့ သူ့သူငယ်ချင်းတွေထဲမှာ သူက ဆရာပဲထင်တယ်"

"ဘာပဲဖြစ်ဖြစ် ခေမာ့လူဆိုတော့ ငါတို့က ဘော်ဒါတစ်ယောက်ပဲပေါ့"

"ခင်လေးငယ်လည်း တွေဝေမနေနဲ့၊ ထွက်းသစ်ကို အဖြေပေးရင်ပေးလိုက်တော့ဟေ့။ ဒီမှာ ခေမာတောင် တိုးတက်လာပြီ မကြာခင် အတွဲလေးနဲ့ တွေ့ရတော့မယ်နော်"

ခေမာသည် သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် နောက်တာကို အကြောက်အကန်ငြင်းမနေဘဲ အားကျမခံ ပြန်ပင်နောက်ပြောင်နေမိသည်။ ခေမာတို့အုပ်စုမှာ ဘယ်သူမှ ရုပ်သိပ်ဆိုးတာမျိုး မပါပေမဲ့ အသီးသီးကို ဒီလိုပဲ လာရောက်ပိုးပန်းကြနေသူတွေရှိပါရက် ဘာကြောင့်ရယ် မသိ။ သူငယ်ချင်းတွေတိုင်လည်း မတိုင်ပင်ထားပါဘဲ ဘယ်သူမှ ချစ်သူရည်းစား မရှိကြသေးပါ။

ခင်လေးငယ်ကတော့ ထွက်းသစ်ဟုခေါ်သည့် သူနဲ့ အိမ်နီးချင်း ငယ်ကျွမ်းဆွေ ကောင်လေးတစ်ယောက် ရှိနေပြီး၊ ထိုကောင်လေးကလည်း ခင်လေးငယ်ကို သူငယ်ချင်းအချစ်ထက်ပိုချစ်ချင်၍ ဖွင့်ပြောထားတာရှိပါသည်။ ခင်လေးငယ်ကလည်း





သူငယ်ချင်းမို့ သံယောဇဉ်ရှိနေပြီး စဉ်းစားရဦးမယ်တွေ ဘာတွေပြောပြီးအချိန်ဆွဲထားပါသည်။ ခင်လေးငယ် ဖွင့်မပြောပေမဲ့ တစ်နေ့ကျရင်တော့ ထွက်းသစ်ကိုအဖြေပေးမယ်၊ ထွက်းသစ်ကို ပြန်ချစ်မယ်ဆိုတာလည်း ခေမာတို့လူသိုက် ရိပ်မိထားတာတော့ရှိသည်။

"နောက်ကားကျော်တက်သွားမှပဲ ခင်လေးငယ်တို့လည်း လှုပ်လှုပ်ရှားရှားဖြစ်ပြီး ထွက်းသစ်ကို အဖြေပေးတော့မယ်ထင်တယ်"

"ဟယ် ... ဘယ်လိုဖြစ်နေကြတာလဲဟယ်၊ ခေမာ့ဆီ ရာစုသစ် ခုမှ လာလည်ရုံရှိပါသေးတယ်၊ ခေမာက ဘာကြောင့်ကြိုပြီး စိတ်ကူးယဉ်မျှော်လင့်ရမှာလဲ။ ယောကျ်ားလေးက မစသေးခင် မျှော်လင့်ရမှာ ရှက်စရာကြီး"

"ဒါပေမဲ့ ခေမာ့ကို မေးတော့မေးချင်တယ်လေ၊ ရာစုသစ်က ဖွင့်ပြောလာရင် ဘယ်လိုအဖြေမျိုး ပေးမှာလဲ"

"မသိပါဘူး သဥ္စာလွင်ရယ်၊ သူနဲ့ပတ်သက်ပြီး သူ့အကြောင်းကို ခေါင်းထဲထည့်တာ ဈေးရောင်းပွဲပြီးမှ ထည့်လာတာ သိလား။ သူ့ရုပ်လေးက Prince charming(ပရင့်(စ) ချမ်းမင်း)ရုပ်လေး၊ လူချောလေးဆိုတော့ မိန်းကလေး တစ်ယောက်အတွက်တော့ စိတ်ဝင်စားစရာ ရုပ်လေးပဲပေါ့။ ဒါပေမဲ့ စိတ်ဝင်စားတာနဲ့ ချစ်တာ တခြားစီလို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် တခြားလူတွေ ခေမာ့ကို ချဉ်းကပ်လာတုန်းက ခေမာ တုန့်ပြန်ပုံနဲ့ ရာစုသစ်နဲ့ကျမှ တုန့်ပြန်ပုံက မတူဘူး သိလား"

"ဟုတ်လား မြသော်တာ"

"ဟုတ်တယ်၊ ဘေးလူက ပိုရိပ်မိတာမျိုးပေါ့"

"ဒါဆိုလည်း ခေမာ ဘာမှ မပြောပြတတ်တော့ပါဘူးဟယ်"

ခေမာတို့ တိုးတိုးကျိတ်ကျိတ်တစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဝိုင်းဖွဲ့စကားကောင်းနေတုန်း ရာစုသစ် ရိပ်ခနဲ ဆိုင်ထဲဝင်လာတာကို လှမ်းတွေ့လိုက်ရပါသည်။ အားလုံး မျက်နှာပိုးသတ်ကိုယ်ဟန်အသင့်ပြင်လိုက်ကြပြီး ရာစုသစ်ကို စောင့်ကြိုလိုက်ကြသည်။

"ဟဲလို ... လေဒီ(စ်)"

ရာစုသစ်သည် အားလုံးကို တရင်းတနှီးနှုတ်ဆက်လိုက်ပြီးနောက် သူ့လက်ထဲမှာပါလာသော ကြွပ်ကြွပ်အိတ်ကို မြှောက်ပြရင်း ...

"နေ့ခင်းဘက် အပျင်းပြေစားဖို့ ဆီးထုပ်တို့ သရက်ပြားမရမ်းပြားတို့ နေကြာစေ့ ကွာစေ့တို့ ဝယ်လာတာပါ၊ ဗိုလ်ချုပ်ဈေးထဲက ဝင်ဝယ်လာတာ"

ဘယ်သူ့ကိုရည်ရွယ်ပြီးပေးမှန်းမသိ ကမ်းပေးလိုက်ပါသည်။





နှုတ်သွက်သော နှင်းနှင်းရီက ...

"ဘယ်သူယူရမှာလဲ ကိုရာစုသစ်ရဲ့၊ နာမည်တပ်ပြီးပေးလေ"

ဟု ပြောလျှင် ရာစုသစ် အသံထွက်ရယ်ရင်း ...

"ဘယ်သူယူယူပါဗျာ၊ အားလုံးအတွက်ပါ။ မိတ်ဖြစ်ဆွေဖြစ် ကျွေးချင်လို့ဝယ်လာတာပါ"

နှင်းနှင်းရီပဲ လှမ်းယူလိုက်သည်။

"ရှင် မုန့်လာဝယ်တာလား၊ အချဉ်ထုပ်တွေ လာပေးတာလား"

"အမှန်အတိုင်း ပြောရမလား"

"ပြောလေ"

"အဟဲ ... ခေမာ့ကို လာကြည့်တာ"

ခေမာ ရယ်ပြီး သူ့ကို မျက်စောင်း အကြီးကြီးထိုးလိုက်မိသည်ထင်သည်။

မြသော်တာက အိတ်ထဲမှာပါသော အချဉ်ထုပ်တွေတစ်ထုပ်ချင်း ထုတ်ကြည့်ရင်း ...

"နာမည်ကြီးပြီး မိန်းကလေးတွေလည်း အကြိုက်များတဲ့ တံဆိပ်တွေပဲနော်၊ မိန်းကလေးတွေ ဘာစားတတ်သလဲ၊ ဘာကြိုက်သလဲ ဆိုတာ တော်တော်သိပုံရတယ်၊ ရှင့်ကို ယုံလိုက်လို့တော့ မဖြစ်ဘူးလို့ ခေမာ့ကိုပြောမှ"



www.burmeseclassic.com

www.burmeseclassic.com



ရာစုသစ်သည် ခေမာက ဘာမှမပြောရဘဲ ခေ
သူငယ်ချင်းတွေ သူ့ကို တစ်ယောက်ပြီးတစ်ယောက် နှိပ်
လျက်ရှိသည်ကို အပြုံးမပျက် ခံယူနေပါသည်။ သိပြီးသား
ကိုယ့်ဘက်က စစ်ကြေညာလိုက်ပြီ ဆိုကတည်းက သူတို့ဘ
လည်း ဒီလိုပဲ တုံ့ပြန်လာလိမ့်မယ်ဆိုတာ။ မိန်းကလေးတွေအ
က ဒီလိုပဲ သူတို့အုပ်စုတောင့်နေရင် သူတို့အုပ်စုထဲက တစ်ယော
ယောက်ဆီလာတဲ့ ငနဲကို ဘယ်လိုပညာပေးနှိပ်ကွပ်ရမလဲ စဉ်း
နေကြတာ။

"သဉ္ဇာတို့ကို လာဘ်ထိုးတာလား ဒါတွေက"

"လာဘ်ထိုးတယ်လို့ပဲ သဘောထားလိုက်ရင်လည်း ရ
တယ်၊ မငြင်းပါဘူးဗျာ"

"လာဘ်ထိုးတာ ဒီလောက်နဲ့ဘယ်ရမလဲနော်၊ ဆီးထု
တန်ဖိုးလာဖြတ်လို့မရပါဘူး၊ ဟဲ့ ... ခင်လေးငယ် ပြော
လိုက်၊ နင့်ရဲ့ ထွက်းသစ်ဆိုရင် ရုပ်ရှင်တစ်ပွဲလည်းပြ
သေးတယ်၊ Mr.Guitar(မစ္စတာဂစ်တာ)မှာဖြစ်ဖြစ် ယု
ဂါးဒင်းမှာဖြစ်ဖြစ် တစ်ခါကျွေးရသေးတယ်လို့"

"အေး ... ဟုတ်တယ်နော် ခေမာ၊ ထွက်းသစ်တုန်း
နင်ကိုယ်တိုင်ဦးဆောင်ပြီး နှိပ်စက်ထားတာ။ အခု ကို
သစ် အလှည့် ငါတို့ နှိပ်စက်မယ်ဟေ့"





ခေမာသည် ရာစုသစ်ကို ရင်ဆိုင်၍မကြည့်ရဲအောင်
ပြီး သူငယ်ချင်းတွေကို လှည့်၍ မျက်စပစ်ကာ စ,တာနောက်တာ
တော်ကြဖို့ တားမြစ်မိသည်။

"ခေမာ့ကို ခဏစကားပြောချင်တယ်၊ ခွင့်ပြုမလား"

ရာစုသစ်က ခေမာ့ကို တိုက်ရိုက်မမေးဘဲ သူငယ်
တွေဆီက ခွင့်တောင်းဟန်ဖြင့် အလေးအနက် ခေါင်းညွတ်
ခါးပါကိုင်းဟန်ပြကာ ခွင့်တောင်းသည်။

ခေမာက သူငယ်ချင်းတွေကို မသိမသာ မျက်စပစ်
'ခွင့်မပြုဘူးပြောလိုက်'လို့ အဓိပ္ပာယ်အမှုအရာ ပြသဖြင့်
ယ်ချင်းတွေကလည်း ...

"ခွင့်မပြုဘူး"

ဟု ပြိုင်တူ ပြောလိုက်ကြသည်။ အသံမှာ တကယ့်
တစ်သံတည်း ပြိုင်တူထွက်လာသဖြင့် အားလုံး တဟားဟား
ခဲ့ကြတော့သည်။

"ဘယ်တော့မှ ခွင့်ပြုမှာလဲ အဟားဟား ... ဒီအုပ်စု တော်
တော်ရယ်ရတယ်၊ ဘာမေးမေး သံပြိုင်ဖြေမှာပဲထင်တယ်"

ရာစုသစ်လည်း ရယ်သံတစ်ဝက်ဖြင့် ပြန်မေးမိသည်။
မျက်နှာလေးကို ခိုးကြည့်လိုက် ကောင်မလေးတွေနဲ့ ခင်မင်
င်လုပ်လိုက်ဖြင့် ရာစုသစ်၏စိတ်လည်း မြူးကြွရွှင်ပျနေပါ
၊ ခေမာ့မှာရှိတဲ့ပါဝါက ဘယ်လိုပါဝါမျိုးပါလိမ့် ?။ ခေမာ့ကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရရင်တော့ မတွေ့ဘဲနေနိုင်တယ်၊ မေ့ရင်လည်း မေ့နေတာ တယ်။ ဒါပေမဲ့ ခေမာ့ကို တွေ့လိုက်ဆုံလိုက်ရရင်တော့ စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ခေမာ့အနားမှာပဲ အကြာကြီး ရှိနေချင်ပြီး ခေမာ့ကို တမေ့တမော ငေးကြည့်နေချင်မိတယ်။ အဲဒါဟာ ဘယ် လို ဆွဲဆောင်မှုမျိုးလဲ။ ဘယ်လို ညှို့ငင်တတ်တဲ့ ပါဝါတစ်မျိုး လဲ။

"ခေမာ့ကို စကားပြောချင်ရင် ဒီမှာပဲ ပြောလေ၊ သူငယ်ချင်း တွေနဲ့ ခွဲထွက်လာပြီးတော့ စကားမပြောနိုင်ဘူး။ ခေမာ ရှင်က ဘာမှ မဆိုင်တာလေ။ သီးသန့်ကြီးခွဲထွက်ပြီး စကားပြောဖို့ အချိန်မရောက်သေးဘူးလို့ထင်တယ်၊ ဒီတော့ သူငယ်ချင်းတွေကြားထဲမှာပဲ ပွင့်ပွင့်လင်းလင်း စကားပြော ကြရအောင်"

ခေမာဆီက အခုမှ ပထမဦးဆုံး အသံထွက်လာ သည်။ ရာစုသစ်ကလည်း မခေ။ တော်ရုံယောကျာ်းလေးဆို ဆက်ပြောရမှန်း သိမှာမဟုတ်ပေမဲ့ သူကတော့ ရည်းစားပေါင်း များစွာ ရှိခဲ့ဖူးသောအတွေ့အကြုံလည်း ရှိသူဖြစ်ရာ ဒီလောက် တော့ ရိုးနေပြီ။ မိန်းမပိုးတယ်ဆိုတာဟာ တော်တော့်ကို မျက်နှာ ပြောင်ရတဲ့အလုပ်မို့ သူလည်း တော်တော့်ကို မျက်နှာပြောင်တာ နေပြီဟု ဆိုရပါမည်။ မျက်နှာပြောင်ပြောင်နဲ့ တဟီးဟီး တဟား ဟားရယ်ရင်း ...





"ခေမာ့ကို ရည်းစားစကားပြောမယ်ဆိုရင်ရော သူတို့ရှေ့ မှာပြောလို့ ဖြစ်ပါ့မလား"

ဟု ပြန်ပြောလိုက်သောအခါ ခေမာတစ်ယောက် ခနဲ အသံထွက်ပြီး ရာစုသစ်ကို မျက်စောင်းအကြီးကြီးတွေ ထပ်ခါထပ်ခါထိုးနေမိတော့သည်။ ခေမာ့သူငယ်ချင်းတွေလည်း အသံနဲ့ ရှေ့ဆင့်နောက်ဆင့်ပင် အူး,, အားတွေအော်ကြရင်း ဆာ ဆင်ဆာ"လို့ ပြောကုန်ကြတော့သည်။

"ဒီအခန်း ဆင်ဆာဖြတ်တယ်ဗျို့"

"ကျွန်မ အသက် ဆယ့်ငါးနှစ်မကျော်သေးပါဘူး၊ ဒါကြောင့် PG(ပီဂျီ)အဆင့်ကားပဲကြည့်လို့ရသေးတယ်။ ချစ်ခန်းကြိုက် ခန်းပါတဲ့ရုပ်ရှင်တွေ အမေက ပေးမကြည့်ဘူးတဲ့"

နှင်းနှင်းရီက ကြဲကြဲဖန်ဖန် ရယ်စရာ ရှာကြံပြော အားလုံး အုံးခနဲ ရယ်လိုက်မိကြသေးသည်။

"ဒီတစ်ယောက်က ရုပ်ရှင်တော်တော်ကြိုက်ပုံရတယ်၊ ခုနက လည်း ရုပ်ရှင်တစ်ပွဲပြဖို့ ပြောနေသေးတယ်"

"ကျွန်မလား ရုပ်ရှင်ကြိုက်တာပေါ့၊ အဲဒါ အမေ့ကြောင့် သိလား။ အမေက ကျွန်မကို မွေးခါနီးထိတောင် ရုပ်ရှင်ရုံ ထဲ ရောက်နေတုန်းတဲ့၊ ရုပ်ရှင်ရုံထဲမှာ ဗိုက်စ,နာလာတာ တောင် အောင့်ခံပြီး ရုပ်ရှင်ပြီးအောင်ကြည့်ပြီးမှ ဆေးရုံ ပြေးတာတဲ့ ယုံလား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်ဗျာ၊ ဒါ ဖြစ်ရပ်မှန်ပဲ"

"တချို့ရုပ်ရှင်တွေရှိတယ်လေ၊ ကြည့်တဲ့သူ စိတ်ဝင်စား အောင် ကြိုတင်ကြော်ငြာတဲ့နည်း This Movie Is Bas On True Story ဆိုတာလေ၊ ဤရုပ်ရှင်ဇာတ်သည် ဖြစ်ရပ်မှန်ရှ ကို အခြေခံ၍ ရိုက်ကူးပါသည် ဆိုတာမျိုးပဲ ဟဲ ဟဲ ပြောနေရင်းနဲ့တောင် ရုပ်ရှင်နဲ့ပတ်သက်တာပဲ ပြောမိပြန်

နှင်းနှင်းရီက အားလုံးထဲမှာ စကားအသွက်ဆုံး ပြီး ပေါင်းရသင်းရလည်း ပိုလွယ်မယ်မှန်း ရာစုသစ် မှန်းဆမိ ရာ နှင်းနှင်းရီကို အရင်စည်းရုံးရေးဆင်းဖို့ စိတ်ကူးမိသည်။

"ဒါဖြင့် ကျွန်တော် ရုပ်ရှင်တစ်ပွဲလည်း ပြပါ့မယ်၊ မုန့်လည လိုက်ကျွေးပါ့မယ်၊ ခုနက မခင်လေးငယ်ရဲ့လူထင်တယ ထွက်းသစ်ဆိုတာ ကြားလိုက်တယ်၊ သူ့ရဲ့ခြေရာကိုနင်း ကျွန်တော်လည်း အဲဒီအတိုင်း လိုက်နာပါ့မယ်ဗျာ"

"ခေမာ ဘယ်လိုလဲ၊ ငါတို့ လက်ခံလိုက်ရမလား"

သူငယ်ချင်းတွေက ခေမာ့ကို လှည့်မေးပါသည်

"နင်တို့သဘောပဲ"

"ဟေး ... ခေမာက နင်တို့သဘောတဲ့၊ ကိုရာစုသစ် ကြ ပြီနော်၊ ခေမာက သူငယ်ချင်းတွေလက်ထဲ ရှင့်ကို ထည လိုက်ပြီ"





ရာစုသစ် ဒီနေ့လာတာဟာ ခေမာနဲ့ စကားပြောရ စက္ကန့်ပိုင်းလောက်ပဲရှိမည်ထင်သည်။ ခေမာသူငယ်ချင်းတွေ ကျက်သမျှခံရင်း ခေမာ့ကိုသာ ခိုးခိုးကြည့်ခဲ့ရတာဖြစ်သည်။

အားလုံး သဘောတူညီချက်ဖြင့် ...

"အခုလာမဲ့ တနင်္ဂနွေနေ့မှာ Spider Man 3 လိုက်ပြမယ်၊ ရုပ်ရှင်ပြီးရင် ယုဇနဂါးဒင်းမှာ လိုက်ကျွေးပါ့မယ်"

ဆိုသော အတည်ပြုချက်ကို ရယူပြီး ရာစုသစ် ပြန် းခဲ့ပါသည်။

ရာစုသစ် ပြန်သွားတော့မှ ခေမာက ပြုံးစိစိဖြင့် တာတော့ ရာစုသစ် မကြားလိုက်ရ။

"ကောင်းတယ် ... နင်တို့ အဲဒီလို ဒုက္ခပေးလိုက်ပါစေလို့ ငါက ဆုတောင်းနေတာသိလား၊ သူ့ကို ဘာကြောင့်မှန်း မသိဘူး။ အမြင်လည်းကတ်တယ်၊ ဒါပေမဲ့ စိတ်ထဲမှာ သူ့ကို သဘောလည်းကျမိတယ်"

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



# ၉

ခေမာတို့လူသိုက်ကို ရုပ်ရှင်ပြမည်၊ မုန့်လိုက်ကျွေ
မည်ဟုသာ ကြွားဝါပြီး ကတိပေးခဲ့ရသည်။ တကယ့်တကယ်
တော့ ရာစုသစ်သည် ဦးလေးအထောက်အပံ့ဖြင့် ကျောင်းတက
သည်ဖြစ်ရာ မုန့်ဖိုးသိပ်ပြီး ပေါပေါများများရှိလှတာ မဟုတ
သုံးနိုင်တာမဟုတ်။

"အိမ်ကနေ ထမင်းဘူးထည့်သွားကွာ၊ ဘတ်စ်ကား
လည်းမကုန်အောင် မင်းပဲ ငါ့ရဲ့ S.E ရှဲစောင်းကို ယူထ
လိုက်။ ငါလည်း မြို့ထဲမှာရုံးသွားထိုင်ရင် ကားက သုံး
တယ်မရှိပါဘူး။ အမှုသည်တွေက ကားနဲ့ပင့်တဲ့သူ၊ တက္က
နဲ့ပင့်တဲ့သူချည်းပါပဲ၊ ဒီတော့ မင်းက ဆေးကျောင်းသာ
လည်းဖြစ် ရှေ့နေကြီးရဲ့တူလည်းဖြစ်တော့ လူမြင်ကော
အောင် ကားယူပြီး ကျောင်းတက်၊ မုန့်ဖိုးတော့ တစ်လ



တစ်သောင်းပေးမယ် ဟုတ်ပြီလား။ အဝတ်အစား ဝယ်ချင်
တာရှိရင် စာအုပ်တို့ ဆရာဝန်သုံးပစ္စည်းတို့ ဝယ်ရမှာရှိရင်
တော့ ဘာဝယ်မယ်ဆိုတာ စာရင်းပြပြီး ထပ်တောင်းပေါ့"

ဦးလေးကတော့ ရာစုသစ် ကျောင်းစ,တက်ကတည်း
က ဒီလိုပဲ သတ်မှတ်ပေးပြီး အားလုံးနဲ့ တန်းတူရည်တူဖြစ်အောင်
ထားပေးပါသည်။ ခေတ်နဲ့အညီ အစကတော့ တစ်လစာမုန့်ဖိုး
ငါးထောင်ကနေ တဖြည်းဖြည်း တိုးပေးလာတာမို့ အခုတော့
တစ်လစာမုန့်ဖိုး တစ်သောင်းရပါသည်။ အိမ်ကနေ ဟင်းကောင်း
အမြဲပါသော ထမင်းဘူးလှလှတစ်ဘူးကို ယူသွားနိုင်ပါသည်။
အသွားမှာ ဦးလေးကို မြို့ထဲက သူ့ရုံးခန်းမှာ ဝင်ချပေးပြီးတာနဲ့
ကားကို တစ်နေကုန် ရာစုသစ် ကြိုက်ရာသုံးဖို့ ကြိုက်သလိုသွားဖို့
ယူထားနိုင်သည်။ အပြန် ဝင်ကြိုရမည်။ မကြိုရမည်ကို ဦးလေးက
ခနက်တည်းက မှာထားတတ်သည်။ များသောအားဖြင့် တစ်ပတ်
မှာ နှစ်ရက်လောက် အလွန်ဆုံးပါပဲ။ အပြန်ကြိုပေးရပြီး ကျန်တဲ့ရက်
တွေကတော့ အမှုသည်တွေက လိုက်ပို့ပေးတာနဲ့ ညစာလိုက်ကျွေး
တာနဲ့မို့ ထိုသူတွေ အိမ်ပြန်ပို့ပေးတာ များပါသည်။

ဒါကြောင့် ရာစုသစ်ဘဝက အပြင်ပန်းကြည့်ရင်တော့
စီးလို့ရသော အသင့်တင့်ကောင်းသည့် ကားလေးတစ်စီးဖြင့် ဆေး
ကျောင်းတက်နိုင်သည်ဖြစ်ရာ လူအထင်ကြီးစရာပါ။ တကယ့်
တကယ်မှာတော့ ဦးလေးကိုမှီခိုပြီး လူစွာလုပ်နေရတဲ့ သဘောပင်။

www.burmeseclassic.com

www.burmeseclassic.com



အဖေတို့အမေတို့ဆိုတာက ဦးလေးကို ကျေးဇူး

…ချိန်တင်ပြီး …

"ဦးလေးကျေးဇူးမမေ့နဲ့၊ သူ့ကို ကျေးဇူးပြန်ဆပ်ရမယ်

ဆိုတာကလွဲရင် ဘာမှ တာဝန်ယူနိုင်ကြသူ မဟုတ်။ ကျန်တဲ့ ညီမလေးနဲ့ ညီနှစ်ယောက် ပညာရေးကိုတော အနိုင်နိုင် ထောက်ပံ့နေရတာ။ ရာစုသစ် ညီမလေးက အဝေးသင် ကျောင်းမပြီးသေးပေမဲ့ အိမ်မှာ ကလေးတွေ ကျူရှင်ပြပြီး ဝင်ငွေ ရှာနေသည်ဟု သိရသည်။ ညီလေးတစ်ယောက်က ဒီနှစ်မှ ဆယ် တန်းအောင်ပြီး အမှတ်လည်းကောင်းလေရာ ကွန်ပျူတာတက္ကသိုလ် သွားချင်ကြောင်း ပူဆာသဖြင့် အဖေတို့အမေတို့ ခေါင်းခဲနေကြောင်း သိထားပါသည်။ အငယ်ဆုံးညီလေးကတော့ အထက်တန်းကျောင်း သားမျှသာရှိသေးပေမဲ့ ကျူရှင်စရိတ်ထောင်းလှသဖြင့် ဘယ် စခန်းသွားနေသည်မသိ။

ဦးလေးဆီက မုန့်ဖိုးလိုလျှင် ထပ်တောင်းလို့ရမှန်း အကြောင်းတစ်ခုခုပြပြီး တောင်းရင်ရမှန်း သိပေမဲ့ ရာစုသစ် မတောင်းချင်ပါ။

သူ ဦးလေးဆီမှာနေတဲ့ သက်တမ်းတစ်လျှောက် တွင် တကယ်ဝယ်စရာ သုံးစရာလိုမှသာ ဦးလေးပေးထားတဲ့မုန့်ဖိုး မလောက်တော့အောင် ကျောင်းစာအုပ်တွေ ကျောင်းသုံးပစ္စည်း





…ဝယ်ရမှသာ ထပ်တောင်းတာမျိုးရှိခဲ့သည်။ သူ့ရဲ့ကိုယ်ရေးကိုယ် …သုံးဖို့အတွက် ဘယ်တုန်းကမှ မတောင်းဖူးလေရာ အခုကျ …ောင်းရမှာမရဲပါ။ လိမ်ညာပြီးတောင်းရင်ရပေမဲ့ လိပ်ပြာမလုံသလို …ဖြစ်နေပါသည်။

လက်ထဲမှာလည်း သုံးထောင်လောက်ပဲရှိတော့လေရာ …လောက်ပိုက်ဆံနဲ့ ကောင်မလေးတွေကိုခေါ်သွားလို့ကတော့ အရှက် …ရဖို့ပဲရှိသည်။ ရုပ်ရှင်ဖိုးတောင်မရှိ။

နောက်ဆုံးတော့ ရက်ကလည်း နီးလာပြီဖြစ်ရာ …လေးပဲ အားကိုးစရာရှိတာမို့ ဦးလေးဆီမှာ လက်ဖြန့်ပြီးတောင်း …ကို ဆုံးဖြတ်လိုက်ရပါသည်။ ဦးလေး အိမ်ပြန်လာ၊ ရေမိုးချိုးပြီး …အိမ်ရှေ့မှာ အားကစားဂျာနယ်တစ်ထပ်ဖြင့် (ဦးလေးက ဘောလုံး …သနာအိုးဖြစ်ပြီး အပတ်စဉ်ထုတ်ဘောလုံးဂျာနယ်တွေကို မလွတ် …တမ်းဖတ်သူဖြစ်သည်။) အချိန်ဖြုန်းနေတော့မှ ရာစုသစ်လည်း …ကြည့်စားပွဲထိုင် စာဖတ်နေရာမှ ထလာပြီး …

"ဦးလေး … ဟို … ကျွန်တော့်ကို တစ်သောင်းလောက် ထပ်ပေးနိုင်မလား"

အမှန်မှာ တစ်သောင်းလည်း လောက်မည်ရယ်လို့ …ာမ,မခံနိုင်ပါ။ ဒါကြောင့် ကျန်သူငယ်ချင်းသုံးယောက်ဖြစ်သော …ွင်မင်း၊ ရဲကျော်သူနဲ့ ဝင်းမောင်မောင်တို့ဆီက ငါးထောင်စီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအားရသေးသည်။ သူတို့သုံးယောက်ထဲက တစ်ယောင်းနဲ့ [illegible]တတစ်ယောင်း သူ့မှာ ကျန်တာသုံးထောင်ကျော်နဲ့ အောင်မလေးအုပ်စုကို ရုပ်ရှင်ပြပြီး မုန့်ကျွေးလို့ ရနိုင်မည်ဟု ထင်သည်။

သူငယ်ချင်းတွေကို နောက်လ မုန့်ဖိုးရမှ ခွဲပြီးပြန်ဆပ် မည်ဟု ကတိလည်းပေးထားခဲ့သည်။ ယောက်ျားလေးသူငယ်ချင်း တွေက သူ့ရှိရင် ကိုယ်လည်းယူသုံး၊ ကိုယ့်မှာရှိရင်လည်း သူတို့ ယူသုံးရတဲ့အထိ ပွင့်ပွင့်လင်းလင်း ရင်းနှီးခင်မင်ကြသူများဖြစ်ရာ ပိုက်ဆံချေးရတာ သိပ်ပြဿနာမရှိပါ။

"ဩော် ... အေး ... ရတယ်လေ ယူလိုက်၊ သွား ... ငါ့ ရုံးခန်းကို ယူသွားနေကျ အတက်ချီကေ့(စ)ထဲမှာ ဒီနေ့ငွေ အမှုလိုက်ခ စရန်ပေးလိုက်တာရှိတယ်၊ အဲဒီထဲက မင်းလို သလောက် ယူလိုက်"

"အရေးကြီးတဲ့ Notes (နုတ်(စ))တွေရလို့ ဖိုတိုကော်ပီ ကူးကြမယ်ဆိုတော့ စာမျက်နှာများလို့ တစ်သောင်း လောက်ကျမယ်ဆိုတာနဲ့ တောင်းတာပါ ဦးလေး"

"ရပါတယ်ကွာ ရှင်းပြမနေနဲ့၊ ဆေးကျောင်းတက်နေရတာ ပဲ။ ကုန်စရာစာရွက်စာတမ်းဖိုး ဒီလောက်တော့ ပေးရမှာ ပေါ့ ငါ နားလည်ပါတယ် ယူပါ"





ဦးလေးက ရာစုသစ် ဒီလိုတောင်းလိုက်တိုင်း ဘယ် တော့မှ အစစ်ဆေး၊ အမေးမြန်းမရှိဘဲ ပေးနေကျပါ။ ရာစုသစ် ကသာ မဝံ့မရဲ ဖြစ်နေတတ်တာပါ။

"ပိုက်ဆံအိတ်ထဲ ထည့်ပြီးရင် ခဏလာဦးကွာ၊ ငါ မင်းကို ပြောပြစရာရှိလို့"

"ဟုတ်ကဲ့ ဦးလေး"

ရာစုသစ် ငွေတစ်သောင်းအထပ်ကို လွယ်နေကျ သားရေအိတ်ထဲ အသေအချာ သွားထည့်လိုက်သည်။ ရာစုသစ်က သူများတွေလို ကျောပိုးအိတ်မလွယ်။ ယောက်ျားလွယ်အိတ်ပုံစံ ကြိုးအရှည် သားရေအိတ်ကို လွယ်ပါသည်။

"မင်း ... ဦးငွေသိမ်းကို သိတယ် မဟုတ်လား"

ဦးလေးနားရှိ ဆက်တီမှာ ဝင်ထိုင်လိုက်တော့ ဦးလေး က စပြောပါသည်။

"သိပါတယ်၊ ဦးလေး ငယ်သူငယ်ချင်းလေ"

"သူက အတော်ချမ်းသာတာကွ။ နာမည်နဲ့လိုက်အောင် ငွေတွေ သိမ်းယူနေသလား အောက်မေ့ရတယ်၊ လုပ်သမျှ စီးပွားဖြစ်လိုက်တာကွာ၊ တိုက်တွေ တစ်လုံးပြီးတစ်လုံး ကားတွေတစ်စီးပြီးတစ်စီး ဖြစ်နေတာပဲ၊ ပညာရေးကျ တော့ သူလိုငါလို ဘွဲ့တစ်ခုလောက်ပဲရထားတာကွ။ ဟား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား … ငါတို့လို ပညာကြီးကြီးကျယ်ကျယ်တွေ အချိန်ကုန်ခံ သင်ထားတဲ့သူကျတော့ ပညာနဲ့ ရှာစားပြီး မတိုးတက် မကြီးပွားနိုင်တာ ရယ်ရသားကွ"

"အနောက်နိုင်ငံမှာတော့ ရှေ့နေဆိုရင် နာမည်တစ်ခါရသွားပြီးရင် တော်တော်ဝင်ငွေကောင်းတဲ့အလုပ်ပဲ ဦးလေးရ"

"ထားပါကွာ၊ ဒါက အနောက်နိုင်ငံက ကိစ္စပါ၊ သွားအားကျနေလို့ ကိုယ်လည်း ဘာမှအကျိုးမထူးပါဘူး"

ရာစုသစ်က ခုထိ ဦးလေး ဘာပြောချင်သလဲဆိုတာ မသိသေးသဖြင့် နားစွင့်နေပါသည်။

"သူ့မှာ သားသမီးဆိုလို့ ရှားရှားပါးပါး တစ်ယောက်တည်းရှိတာကွ။ သမီးလေးတစ်ယောက်ပဲရှိတယ်။ ဒီတော့ တုန်နေအောင်ချစ်တာပေါ့။ ထားစရာနေရာမရှိအောင် စိုးရိမ်ပူပန်နေတာလည်း နေ့စဉ်နဲ့အမျှပဲ။ သူဌေးသမီးတစ်ဦးတည်းသောသမီးမို့ သိုက်တူးချင်တဲ့ကောင်မျိုးနဲ့ တွေ့သွားမှာ ဘယ်လိုစိုးရိမ်ကြောင်းပေါ့။ မိဘမျက်ကွယ်ပြုသွားရင် သူ့သမီးလေးကို နှိပ်စက်အနိုင်ကျင့်မဲ့ ယောကျာ်းမျိုးနဲ့ ထားခဲ့ရမှာ စိုးရိမ်ကြောင်းပေါ့ကွာ။ မိဘတွေဖြစ်လေ့ဖြစ်ထရှိတဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ တစ်နေ့တစ်နေ့ ငါ့ရုံးခန်းရောက်ရောက်လာပြီး ညည်းညူနေတော့တာပဲ"





"ဦးလေး ရုံးခန်းနေ့တိုင်းရောက်နေတယ်ဆိုတော့ ဘာအမှုအပ်ထားလို့လဲ"

"သြော် … သူ ဝယ်ချင်နေတဲ့ မြေကွက်တစ်ကွက်ပေါ်မှာ အရင်ခေတ် ဗျဉ်ထောင်အိမ်ဟောင်းတစ်လုံး ရှိတယ်ကွာ။ လက်ရှိ လူလည်းနေတယ်၊ အမွေဆိုင်အိမ်ပေါ့။ အဲဒီအိမ်မှာ မနေဘဲ အပြင်ရောက်နေတဲ့ မောင်နှမတွေက ရောင်းချင်တာကို မဖယ်ပေးဘူး၊ ဖယ်ပေးရရင် ဘယ်လောက်ပေးရမယ်ဆိုပြီး အဆမတန်တောင်းထားလို့ ပြဿနာဖြစ်နေတယ်တဲ့။ အဲဒါ ရောင်းချင်တဲ့မောင်နှမတွေက ပိုက်ဆံလည်း မတတ်နိုင်တော့ ငွေသိမ်းက ခဏစိုက်ထုတ် အမှုလုပ် ဖြေရှင်းပေးရမယ်ပေါ့၊ အမှုနိုင်ရင် အိမ်ရောင်းလို့ရပြီ အဲဒီကျမှ ငွေသိမ်းက သူ စိုက်ထားရတာတွေ ပြန်နုတ်ပြီး ဝယ်ရုံပဲပေါ့။ ငွေသိမ်းက အဲဒီလိုပဲကွ၊ ဒီကောင်က အကွက်မြင်တယ်၊ ဗိုက်နာပြီး ပြဿနာရှိတဲ့ အိမ်တို့ မြေတို့ လိုက်ဝယ်၊ အဆမတန်ဈေးနှိမ်ဝယ်၊ အဲဒီလိုလုပ်ပြီး သူ့စည်းစိမ်ဥစ္စာတွေ တိုးပွားအောင် လုပ်နေတာကွ"

ဦးလေးက တရုတ်ကြွေရည်သုတ် မတ်ခွက်ကြီးဖြင့် သည့်နှပ်ထားသော ရေနွေးကြမ်းကို အဖုံးဖွင့်ပြီး တစ်ချက်ငုံ သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ငါ နေ့တိုင်းလိုလို တွေ့စရာလည်း မရှိပါဘဲ ဒီကောင် နေ့တိုင်းနီးပါးလာလာနေတာ အကြံရှိတာကိုး။ ဒီနေ့မှ သိတယ်။ ဟား ဟား ... သူ့သမီးကို စိတ်ချရတဲ့ လူရင်းတွေထဲကပဲ ရှာကြံနေရာချထားပေးချင်တာတဲ့။ အဲဒီ လိုစကားစပြီး ဘယ်လိုလဲ ဆန်းဦး၊ မင်းတူလေး ဆရာဝန် ဖြစ်ရင် ငါ့သမီးနဲ့ နေရာချထားပေးရအောင်လားတဲ့၊ မိန်း ကလေးဘက်က စပြီးကမ်းလှမ်းတာကွ၊ ငါလည်း ကြား ခါစကတော့ အံ့သြပြီး ကြောင်သွားတာပေါ့ကွာ"

ဦးလေးလိုပဲ ရာစုသစ်လည်း ကြားကြားချင်း အံ့သြ ပြီး အသံတိတ်သွားပါသည်။

"ငွေသိမ်းက မင်းကို နှစ်ခါလောက် မြင်ဖူးပြီးသားလေ။ အဓိက,က သူ့ငယ်သူငယ်ချင်းရဲ့တူသားဖြစ်တာကြောင့် ရယ်။ ပညာတတ်ဖြစ်လို့ရယ်ကြောင့် သူ့သမီးနဲ့ နေရာချ ပေးချင်တာတဲ့။ ပညာတတ်တွေဟာ အများကျူးလွန်တာ နည်းကြတယ်ဆိုပဲ၊ ဟုတ်ရဲ့လားမသိပါဘူးကွာ။ ဒီကောင် ဆရာဝန်လောင်းကို သမက်တော်ချင်တာနဲ့ စွတ်ဂုဏ်တုင်နေ တာဖြစ်မယ်"

"သူ့သမီးက ဘယ်အရွယ်လဲ"





"မင်းထက် ငယ်လှ တစ်နှစ်နှစ်နှစ်လောက်ပဲ ရှိမှာပါ။ ကောင်မလေးက ဆယ်တန်းအောင်ပြီး တက္ကသိုလ်မတက် ဘူးတဲ့။ နိုင်ငံခြားဘာသာ ဒီပလိုမာထဲက ဂျပန်ဘာသာတဲ့ တက်နေတယ်၊ ရုပ်ရည်ကတော့ကွာ မင်းလို အလှအပ ကြိုက်တဲ့ကောင်အတွက်တော့ အဆင်ပြေမယ်မထင်ဘူး၊ ကောင်မလေးက ရုပ်မချောဘူးကွ၊ သာမန်ရှက်ကြမ်းရေကျို ရုပ်ပဲ။ ပိုက်ဆံရှိပြီး ပစ္စည်းအကောင်းစားတွေသုံးနိုင်တာ တောင် ရုပ်က သိပ်ထွက်မလာဘူး"

ရာစုသစ် ဘာပြောရမှန်းမသိသဖြင့် ငြိမ်နေမိသည်။ ...င်းထဲမှာ တော်တော်ရှုပ်သွားပါသည်။ သူ့ဘဝမှာ သူ့အိမ် ...ာင်ရေးကို သူကိုယ်တိုင်သာ ရွေးချယ်ဖန်တီးလိုသောကြောင့် ...ကိစ္စကို လက်မခံချင်ပါ။

"ငွေသိမ်းကပြောသေးတယ်၊ သူရှာတဲ့သမက်လောင်းဟာ ပိုက်ဆံမချမ်းသာရင်နေပါ။ ရိုးသားပြီး ပညာတတ်ရင် စိတ်ချပါပြီတဲ့။ ဘာကြောင့် ဒီလိုပြောလဲဆိုတော့ ငါက ပြောပြလိုက်တာကိုး။ ရာစုသစ်ကို ငါက ကျောင်းစရိတ် ထောက်ပံ့ပြီး ကျောင်းထားပေးထားတာလို့၊ ငါ့အစ်ကိုမိသား စုက သိပ်မချောင်လည်ဘူးလို့ ပြောပြရတာပေါ့ကွာ။ တော်ကြာ အပြင်ပန်းမြင်ပြီး အထင်ကြီးပြီး သူ့သမီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လာစပ်ဟပ်နေတာဖြစ်မှာစိုးလို့လေ၊ ငွေသိမ်းကို သေချာချာပဲ ပြောပြလိုက်ပေမဲ့ သူက နားလည်ပါတယ်၊ အစ်ကိုကြီးအကြောင်းလည်း သူ သိသင့်သလောက်သိထားတာဆိုတော့ မင်းနဲ့ပတ်သက်တာ သူ ဘာမှ မသိတာမရှိသလောက်ပါပဲတဲ့"

"ဦးလေး ဘာပြန်ပြောလိုက်လဲ"

"မပြောလိုက်ပါဘူးကွာ၊ ငါ့တူ ငါပြန်မေးကြည့်ပါဦးမယ်ပေါ့၊ ဒီလိုပဲ စကားလှအောင်ပြောခဲ့ရတာပေါ့။ တကယ်တကယ်တော့ ..."

ဦးလေးက ရာစုသစ်ကို တစ်ချက်အကဲခတ်ပြီးမှ ရပ်ထားသောစကားကို ဆက်ပြောပါသည်။

"ငါ့ရင်ထဲမှာ သဘောတူလိုက်တာမှ ဆယ်ခါပြန် သဘောတူနေတာပေါ့ကွာ"

ဟု ပြောချလိုက်လျှင် ရာစုသစ် တော်တော်စိတ်ညစ်သွားပါသည်။

ဦးလေးသာ စိစဉ်လျှင် အဖေအမေတို့ကလည်း "ဦးလေးစကားနားထောင်၊ ဦးလေးပြောတာလုပ်"လို့ တနဲ့တစ်မျိုး၊ လူချင်းဆုံတဲ့အခါတစ်မျိုး အမြဲနားချကြလေရာ ဦးလေးသဘောအတိုင်းဖြစ်ဖို့သာရှိသည်။





"မင်း စဉ်းစားကြည့်ကွ၊ ကိုယ့်တူသားတစ်ယောက်ကို ပိုက်ဆံချမ်းသာတဲ့ တစ်ဦးတည်းသော သူဌေးသမီးလေးနဲ့ စီစဉ်ရမှာ ဘယ်လောက်ဝမ်းသာစရာလဲ။ ရှင်းရှင်းပြောရရင် မင်း ဆရာဝန်ဖြစ်ခဲ့ရင်တောင် မင်းမှာ ဆရာဝန်ဆိုတဲ့ ဂုဏ်ပဲရှိတာ။ ပိုက်ဆံက သူလို ငါလိုပဲ ရှာနိုင်မှာလေ၊ မိဘကို ဘယ်လိုပြန်ထောက်ပံ့နိုင်မလဲ။ ပြီးတော့ ဆရာဝန်လုပ်ပြီး ချမ်းသာပါစေလို့လည်း ဆုမတောင်းကောင်းပါဘူးကွာ၊ သူတစ်ပါးနာမကျန်းဖြစ်မှ ပိုက်ဆံရတဲ့အလုပ်ဆိုတော့ ဒီအလုပ်လုပ်ပြီး ပိုက်ဆံအများကြီးရပါစေလို့ ဆုမတောင်းသင့်ဘူးပေါ့။ အစ်ကိုကြီးတို့ကိုလည်း ငါ သနားတယ်ကွာ၊ ငါလည်း ကူညီနိုင်သလောက် ကူညီပေးခဲ့ပြီးပြီ။ ငါ မင်းကို ကျောင်းထားပေးလိုက်ရလို့ဆိုပြီး မင်း ငါ့ကို ပြန်လုပ်ကျွေးစရာမလိုဘူး၊ ငါက ငါ့အတွက်တော့ ပြည့်စုံအောင် ရှာနိုင်ပြီးသားလေ။ မင်း လုပ်ရမဲ့တာဝန်က မပြည့်စုံသေးတဲ့ စီးပွားရေးကျပ်တည်းနေတဲ့ မိဘကိုပြန်လုပ်ကျွေးရမှာပဲ။ မင်း ဆရာဝန်လစာလေးနဲ့ လုပ်ကျွေးတယ်ပဲထားဦး၊ ငါ ပြောသလိုပေါ့ ဘယ်လောက်များ ပြန်ထောက်ပံ့နိုင်မှာလဲ စဉ်းစားကြည့်ပေါ့ကွာ။ ငွေသိမ်းသမီးကိုသာ ယူလိုက်မယ်ဆိုရင် မင်းတို့မိသားစုအတွက် လိုအပ်နေတာတွေ ကြိုက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သလောက် ထောက်ပံ့နိုင်ပြီပဲ။ ဒါ သိုက်တူးတာလည်းမဟုတ်
ဘူး။ မိန်းမပစ္စည်း ယောက်ျားလည်း သုံးခွင့်ရှိတဲ့သဘော
သူတို့မှာ သိန်းထောင်နဲ့ချီပြီး ရှိနေချိန်မှာ မင်းက မိဘ
ဆယ်သိန်းလောက် သွားထောက်ပံ့တာဟာ ဘာမှ မတ...
တာမရှိဘူးလေ ။ သူတို့အတွက် ဆယ်သိန်းဟာ အရေးစို...
စရာမဟုတ်ပေမဲ့ မင်းမိဘ ငါ့အစ်ကိုကြီးတို့အတွက် ဆ...
သိန်းလောက်ဟာ သူတို့ဘဝကို ကောင်းကောင်းကြီး ဆွဲ...
နိုင်စေတယ်လေ”

ရာစုသစ် တော်တော့်ကို တွေဝေသွားပါသည်။ ...
တစ်သက်မှာ ဘယ်တုန်းကမှ အိပ်မက်တောင် မမက်ခဲ့ဘူး...
အခြေအနေတစ်ခုကို ကြားလိုက်ရ၍ပင်။ နောက်နှစ်ရက်လော...
မှာ ခေမာတို့ကို ခေါ်ပြီး ရုပ်ရှင်အတူကြည့်၊ မုန့်အတူစားရ...
အဖြစ်ကိုတွေးပြီး ပျော်ရမှာတွေပင် ဘယ်ရောက်သွားပြီလဲ...

“ငွေသိမ်းတို့ကလည်း သိပါတယ်။ အစ်ကိုကြီးတို့ မ...
လည်းမှန်းသိပေမဲ့ မင်းကို သဘောတူတာပဲကြည့်။ သ...
က သူ့သမီးယူရင် မင်းလည်း မင်းမိဘကို သူ့သမီး...
ပိုက်ဆံတွေထဲက ယူပြီး ထောက်ပံ့မှာပဲဆိုတာ သိ...
မင်းရဲ့ ဆရာဝန်ဆိုတဲ့ဂုဏ်ရယ်၊ ငါ့ရဲ့တူဖြစ်လို့ ...
ဂုဏ်ရယ် မက်ပြီး သူတို့ကစပြီး ကမ်းလှမ်းတာ...





ငွေသိမ်းက သိပ်ပါးတာနော်၊ စီးပွားရေးသမား ဦးနောက်
ကွ၊ တွက်တတ်ချက်တတ်ပြီးသား။ သူတို့အတွက် အကျိုးရှိမှ
ခေါ်တာ”

“ဒါဆို ကျွန်တော့်ကို ငွေနဲ့ပေါက်ဝယ်မဲ့သဘောမျိုးပေါ့
ဟုတ်လား ဦးလေး”

ရာစုသစ်သည် ကိုယ့်အခြေအနေကိုယ် စိတ်အနာကြီး
...လျက် တစ်ခွန်းပြန်ပြောလိုက်မိသည်။ ဦးလေးက ရာစုသစ်ကို
...ခတ်ရင်း ...

“ငါ သိပါတယ်၊ မင်းက အတ္တသမား၊ ကိုယ့်ကိုယ်ကိုယ်ပဲ
ချစ်တတ်တဲ့ကောင်မျိုးဆိုတာ။ အေး ... မင်းသဘောပါကွာ၊
မင်း ကြိုက်သလိုဆုံးဖြတ်ပါ။ ဒါပေမဲ့ ငါ ပြောချင်တာက
ကိုယ့်ကိုယ်ကိုယ် ချစ်တတ်တဲ့လူဟာ ကိုယ့်မိသားစုကိုလည်း
ချစ်တတ်ရတယ်ကွ။ ကျေးဇူးတရားနဲ့ကိုင်ပေါက်ပြီး ပြော
ရရင်တော့ မင်း ငါ့ကျေးဇူးကိုသိတတ်ရင် မင်း မိဘကိုသာ
ပြန်ပြီး ကျေးဇူးဆပ်လိုက်ပါလို့ပဲ ပြောချင်တယ်”

ရာစုသစ် တစ်ယောက် ငူငူငေါင်ငေါင်ဖြစ်သွားပါ
...။ ဦးလေးကတော့ သူ ကြည့်နေကျဖြစ်သော ဘောလုံးပွဲစဉ်တွေ
...ပြီဖြစ်ရာ ချက်ချင်း အာရုံပြောင်းသွားပါသည်။ ဘောလုံးပွဲ
...နေချိန်မှာ ဘာစကားမှလဲမပြော။ သူ့လာပြောလည်း အပြော



www.burmeseclassic.com

www.burmeseclassic.com



မခံသော ဦးလေး၏သဘောကို သိထားသည်ဖြစ်ရာ ရာစုသစ်ထ
ကုပ်ချောင်းချောင်းဖြင့် ထလာကာ စာကြည့်စားပွဲမှာ စိတ်ပေ
ထိုင်လိုက်ရသည်။

❖ ❤ ❖





## ၁၀

"တကယ်ပြောတာ ကျွန်တော် ခေမာ့ကို တကယ်ချစ်တာ"

သူငယ်ချင်းတွေ ရှေ့က လျှောက်သွားတုန်း အမှတ်
ဘင်နောက်မှာ တစ်ယောက်တည်း နောက်ကျကျန်ခဲ့သော ခေမာ့
ပြေးကပ်ပြီး အလျင်အမြန် ပြောလိုက်သည့်စကားတို့ကို ခေမာ့ရဲ့
ခြင်မှုက မျက်စောင်းကြီးဝင့်လာတာပင်။

"ခေမာ မျက်စောင်းထိုးတတ်မှန်း ကျွန်တော် စ,တွေ့က
တည်းက သိတယ် ဟား ဟား ... အဲဒီတုန်းက မှတ်မိ
ပါသေးတယ်။ ကျွန်တော်တို့နဲ့ တစ်စားပွဲတည်းထိုင်ရတဲ့
စိန်တွေသီးနေတဲ့ သူဌေးမကြီးရဲ့သားနဲ့ ခေမာ့ကို ခေမာ့
အမေက အောင်သွယ်ပေးနေတာလေ။ ဟောဒီ ကျွန်တော်
ဆေးကျောင်းသားက မျက်နှာငယ်နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကို အဲဒီလို မဝေဖန်ပါနဲ့။ ဘယ်အမေမဆို သူ့သာ
သူ့သမီးကို ဆင်စီးပြီးမြင်းရံတာပဲ မြင်ချင်တာပေါ့"

ခေမာ ပက်ခနဲ ပြန်ပြောလိုက်သောစကားသ
ရာစုသစ် အရှိုက်ကို တည့်တည့်လာထိသလို ခံစားလိုက်ရသည်
ရာစုသစ်အဖြစ်ကလည်း ခေမာ့လို ခပ်ဆင်ဆင်အဖြစ်မျိုး ကြုံ
ရပြီလေ။ ရာစုသစ်ရဲ့ အမေသာ ဦးလေး စီစဉ်ပေးချင်နေတာ
သိလျှင် ထိပေါက်တာထက်ပင် ဝမ်းသာမည်ထင်သည်။

ခေမာသည် ရာစုသစ် ငြိမ်သွားသဖြင့် အားနာသ
ပြီး ...

"ခေမာ ပြောတာက အမေက ကိုရာစုသစ်တို့ကို အထ
သေးလို့ မဟုတ်ပါဘူး။ သူက ကိုရာစုတို့နဲ့ မတွေ့ခင်
တည်းက အဲဒီဒေါ်မိုးမြင့်ကို သိပ်အားကျပြီး ဒေါ်မိုးမြင့်
တူနဲ့ ခေမာ့ကို သိပ်ဆုံစေချင်နေတာလေ။ ဆုံစရာကလည်း
မဟေမာရဲ့ မင်္ဂလာဆွမ်းကျွေးပွဲပဲရှိလို့၊ သူ အဲဒီနေ့က
မြင့် လေမြင့် ဖြစ်နေတာပါ"

ခေမာ့ထံမှ ပြေရာပြေကြောင်းပြောသံ ကြား
ရာစုသစ်လည်း ပြန်၍ လှုပ်လှုပ်ရှားရှား နေပြလိုက်ရပါသည်
ဒါပေမဲ့ ရင်ထဲမှာ ရှုပ်ထွေးနေသည်။ ခေမာ့ကိုပဲ ချစ်ရမလ
ဦးငွေသိမ်းသမီး (နာမည်တောင်မသိသေးသူ)ကိုပဲ စဉ်းစားရမလာ





"အဲဒီသူဌေးမကြီးရဲ့ တူကရော ခေမာ့ကို ကြိုက်တယ်တဲ့
လား"

ခေမာ တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"ခေမာ ကြွားတာ မဟုတ်ဘူးနော်"

လို့အရင်စကားခံလိုက်ရပါသေးသည်။ နောက်မှ
ကို ပြိုင်ဘက်ရှိနေတယ်လို့ ကိုယ့်ဘက်ကြွားပြောသလို ဖြစ်သွား
ဒ်းရိမ်မိပါသည်။

"သူ့နာမည် ကိုမိုးအာကာတဲ့။ သူ ခေမာ့ကို လက်ထပ်ပါ
ရစေလို့ ပြောထားတယ်"

"ဟင် ... ဟုတ်လား"

ရာစုသစ် ရင်ထဲမှာ ဝမ်းနည်းသလိုလို မကျေနပ်
သလိုလို ဖြစ်သွားသည်။

"ခေမာ လက်ခံလိုက်ပြီလား"

"ခေမာ ငြင်းထားတယ်"

"ဟူး ... တော်ပါသေးရဲ့"

"ဒါပေမဲ့ အမေကတော့ ခေမာ့ကို ဆူတာပေါ့၊ အမေ ဖြစ်
စေချင်လို့စီစဉ်ပေးတဲ့ ဇာတ်ကို ခေမာက ဖျက်ပစ်လိုက်
သလိုဖြစ်တော့ အမေ စိတ်မကောင်းလည်းဖြစ်နေတာပေါ့၊
အမေ့ကို ကြည့်ပြီး ခေမာလည်း ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိ
သလို ခံစားနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာ ဘာလို့ ငြင်းလိုက်ရလဲ"

ခေမာ အသာအယာပြုံးပြီး ဖြေပါသည်။

"ခေမာမှ ကိုမိုးအာကာကို မချစ်နိုင်တာ" ... တဲ့လေ။ ရာစုသစ်သည် ခေမာ့စကားကို ကြားရတော့ ဖျားသွားပါသည်။ ခေမာဆီမှာ ဒီလိုစိတ်ဓာတ်မျိုး ရှိနေခဲ့မယ်လို့ မထင်ခဲ့လို့ပါ။

"ကိုမိုးအာကာကတော့ ခေမာ ငြင်းပေမဲ့ ခေမာ့မှာ ချစ်သူလည်းမရှိသေးတာကို သိနေလို့ သူ စောင့်ချင်ပါတယ်လို့ ပြောသွားတယ်၊ အခုထိလည်း သူ့အဒေါ် ဒေါ်မိုးမြင့်က တစ်ဆင့် အမေ့ကို ခေမာ့အတွက်ဆိုပြီး ပိုးကြေးပန်းကြေး ဖြစ်မှာပေါ့။ လက်ဆောင်တွေ ပို့ပို့ပေးနေတယ်၊ ဒါလည်း ခေမာ ရှင့်ကို ကြွားတာမဟုတ်ဘူးနော်၊ ရှင့်ဆီက လက်ဆောင်တွေ ရချင်လို့ ပြောတာလည်း မဟုတ်ဘူး။ သူ အခုထိ ခေမာ့ကို စောင့်နေပါတယ်လို့ ခေမာ ပြောပြတာပါ"

"ဘာလက်ဆောင်တွေပေးလဲ"

ရာစုသစ် မခံချင်စိတ်ဖြစ်သွားပြီး မနာလိုသောအသံဖြင့် မေးရာ ခေမာလည်း ရိပ်မိပြီး ပြုံးလျက် ...

"ရှင် မနာလိုဖြစ်နေပြီ မဟုတ်လား၊ ဒါဆိုလည်း မသိချင်ပါနဲ့"





"သိချင်တယ်၊ သူဌေးတွေက ဘယ်လိုလက်ဆောင်မျိုးတွေ ပေးပြီး ပိုးပန်းသလဲလို့လေ။ ကျွန်တော်ကတော့ အညတရပါ။ ကောင်မလေးကို ပိုးကြေးပန်းကြေးအနေနဲ့ ရုပ်ရှင်လိုက်ပြ၊ မုန့်လိုက်ကျွေးလောက်ပဲ လုပ်နိုင်တယ်"

"ရှင် မသိချင်ပါနဲ့၊ ပြောပြရတဲ့ ခေမာ့မှာ အကြွားပိုသလို ဖြစ်နေမယ်"

"ပြောပါ ... ခေမာ မကြွားတတ်ဘူးဆိုတာ သိပါတယ် ခေမာရဲ့။ ပြောပြပါ ဒီလူ ဘာတွေပေးပြီးပြီလဲ"

ခေမာသည် ဟိုတစ်နေ့ကမှ အမေနဲ့အတူ ပါလာသော ဂျပန်ပြည်ဖြစ် ပိုးထည်တစ်အုပ်ကို မျက်စိထဲမြင်ယောင်မိသည်။ အမေ ယူလာတော့ ...

"ဒါ မြန်မာငွေနဲ့တွက်ရင် တစ်ကိုက်ကို နှစ်သိန်းလောက်ရှိတယ်တဲ့။ မိုးအာကာဖွင့်မဲ့ ကုန်တိုက်ကြီးမှာ တင်မဲ့ အစတွေ။ ခေမာ ဝတ်ရအောင်ပေးပေးပါတဲ့၊ ကဲ .. ခေမာရေ အမေတော့ ထပ်မပြောချင်ဘူး။ ဒေါ်မိုးမြင့်ကတောင် သူ့တူအလိုကျ လုပ်ပေးနေတာ ကိုယ့်မှာ အဆဲလည်းမရှိဘဲ အခေါင်းပွနဲ့ ဟန်လုပ် မာနကြီးနေရတာကို ရှက်လှပြီ။ ခေမာ့ကို မြတ်နိုးလွန်းလို့ မိုးအာကာဘက်က ဒီလောက်လိုက်လျှောနေတာနော်"



www.burmeseclassic.com

www.burmeseclassic.com



ခေမာသည် မိုးအာကာဆီက လက်ဆောင်ပစ္စည်းတစ်မျိုး ယူလာတိုင်း ငွေနဲ့တန်ဖိုးဖြတ်ပြီး ကျေနပ်နေတတ်သောအမေ့မျက်နှာကိုကြည့်လျက် တွေဝေရပေါင်းမနည်းတော့။ အမေဖြစ်စေချင်တာကို ခေါင်းညိတ်ရရင်ကောင်းမလား ...။ ဒါမှမဟုတ် ခုတလောမှာမှ နေရာဝင်ဝင်ယူလာတဲ့ ရာစုသစ်ကိုပဲ လက်ခံရရင်ကောင်းမလား။

"ခေမာ မပြောချင်ရင်လည်း အတင်းမမေးတော့ပါဘူး။ ဒါပေမဲ့ ခေမာ ကျွန်တော့်ကို ယုံပါ။ ကျွန်တော် ခေမာ့ကို တကယ်ချစ်တာပါလို့ ထပ်ပြောချင်တယ်။ ကျွန်တော် မညာပါဘူး ရည်းစားတွေ ရှိခဲ့ဖူးပါတယ်၊ ခေမာ့ကိုကျမှ ချစ်သွားတာပါ၊ ခေမာ အဖြေပေးနိုင်မလားဟင်"

"ရှင်က ရည်းစားများတယ်လည်း ပြောသေး"

"မလိမ်မိုးမလိမ္မာစိတ်နဲ့ ရည်းစားတွေ လျှောက်ထားတာပါ။ အခုတော့ စိတ်ချတော့ ခေမာ့ကိုပဲ ချစ်မှာ။ ခေမာသာ ပြန်ချစ်ရင် အရာအားလုံးကို ရင်ဆိုင်ရဲတယ်"

"ဘာတွေ ရင်ဆိုင်စရာရှိလို့လဲ"

"ဩော် ... ရင်ဆိုင်ရမှာတွေ ရှိတာပေါ့၊ နံပါတ်တစ် ခေမာ့အမေ။ နံပါတ်နှစ် ကျွန်တော့်ဦးလေး။ နံပါတ်သုံး သူတို့ကို ရင်ဆိုင်ပြီးရင် နှစ်ယောက်အတူတူ ဘဝကို ရုန်းကန်ရဖို့ပေါ့"





"ခေမာ မသိလို့မေးရဦးမယ်၊ ကိုရာစုသစ်ကို ဦးလေးက မွေးစားထားတာလား၊ မိဘတွေ မရှိဘူးလား"

ရုတ်တရက် မေးခံလိုက်ရ၍ ရာစုသစ် တွေဝေသွားပါသည်။ ခေမာ့ကို အမှန်အတိုင်းပြောရမလား။ ဦးလေး မွေးစားတာလို့ ခေမာအထင်ကြီးအောင် ပြောပြရမလား။ ဘာကြောင့်အဲဒီလို ပြောချင်သလဲဆိုတော့ သူ့မှာ ပြိုင်ဘက်သူဌေးက ရှိနေ၍ပင်။ အခြေအနေမှန်ကို ပြောပြလိုက်ရင် သူဟာ သူဌေးသားနဲ့ ဘယ်လိုမှ ယှဉ်မရအောင်ကွာခြားသွားနိုင်မလားဆိုပြီး စိတ်ပူမိသည်။ ဒါပေမဲ့ ခေမာ့ကို ညာရမှာလည်း မဝံ့မရဲဖြစ်နေသည်။ အလိမ်ပေါ်သွားတဲ့တစ်နေ့ကျ ခေမာ မုန်းသွားနိုင်သည်။

"ဆောရီးနော် ခေမာ သူများကိုယ်ရေးကိုယ်တာကို သိပ်ဝင်ပါမိသလို ဖြစ်သွားပြီ"

ခေမာ အားနာသွားပြီး ထိုသို့ ပြောလာတော့ ရာစုသစ်က ကမန်းကတန်းပင် ...

"ဟာ ... မဟုတ်ပါဘူး ခေမာရယ်၊ ရပါတယ် ခေမာ့ကို ဘာကြောင့် ကျွန်တော့်ကိုယ်ရေးကိုယ်တာကို မပြောပြနိုင်စရာရှိမှာလဲ၊ ပြောပြရမှာပေါ့။ ခေမာ သိထားသင့်ပါတယ်၊ ဒါမှ ခေမာရဲ့ဆုံးဖြတ်ချက်အမှန်ကို ကျွန်တော် သိရမယ်လို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေမာသည် ရာစုသစ်၏မျက်နှာကို ခိုးကြည့်ရင်း ရင်ထဲမှာ သူ့ကိုသာ ချစ်နေရမယ်ဆိုရင် ဘတ်စ်ကားလည်း တိုးစီးရတယ်။ သူ့လက်ကိုသာ တွဲထားရမယ်ဆိုရင် အဆင်မပြေ ဘာတွေ ရင်ဆိုင်ဖို့ အားတွေလည်းရှိမယ်လို့ ဘာကြောင့်များ ဆောင်ယမ်းပြီး ဖျတ်ခနဲတွေးလိုက်မိပါလိမ့်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်အံ့ဩသွားမိပါသည်။

"ကျွန်တော့်မိဘက ငွေရေးကြေးရေး အဆင်မပြေပါဘူး ခေမာ။ ကျွန်တော် တွေ့သလောက်တော့ သူတို့လည်း မခိုမကပ် မပျင်းမရိဘဲ အလုပ်လုပ်နေကြတာပဲ။ ဒါပေမဲ့ ကုသိုလ်ကံမကောင်းလို့ပဲလားမသိဘူး။ တစ်ခါမှ ငွေကြေး ချောင်လည်တယ်ရယ်မရှိဘူး။ ကျွန်တော်တို့မောင်နှမလေး ယောက်ကိုတောင် အနိုင်နိုင် ကျောင်းထားရတဲ့သဘောဖြစ် နေတာပေါ့၊ အဲဒီမှာ ကျွန်တော်က ထူးချွန်ပြီး ဆေးကျောင်း ဝင်သွားတော့ အဖေလည်း ကျွန်တော့်ဦးလေး သူ့ရဲ့ညီအရင်း ကို အကူအညီတောင်းတာတော့ မဟုတ်ပေမဲ့ ပညာရေးကို ထောက်ပံ့ပေးစေချင်တဲ့သဘောမျိုးပါတဲ့ စာရေးပြီး အသိ ပေးရတော့တာပေါ့၊ ဦးလေးကလည်း ရန်ကုန်မှာ အဆင် ပြေနေတဲ့ရှေ့နေလူပျိုကြီး တစ်ကိုယ်တည်းဆိုတော့ကျွန်တော့် ကို သူနဲ့လာနေခိုင်းပြီး ကျောင်းထားပေးတဲ့သဘောပါ။ မွေးစားထားတာ မဟုတ်ဘူး"





ရာစုသစ် ရင်ထဲမှာ ခေမာ့ကို ပြောပြလိုက်ရ၍ ရှင်းသွားသလို ခံစားလိုက်ရသည်။ အယောင်ဆောင်နေရတာထက် အရင် ကိုယ့်ဘဝမှန်ကို အသိပေးလိုက်တာ ပိုမှန်ကန်ပြီး စိတ်ထဲ မှာပေါ့ပါးရကြောင်း အခုမှ သိလာသည်။ အရင်ကတော့ တခြား ကောင်မလေးတွေနဲ့တုန်းက သူ့ကိုယ်သူ ရှေ့နေကြီးရဲ့ တစ်ဦး တည်းသောသားလိုလို၊ ဟန်ဆောင်ပြီး ပြောပြထားခဲ့ဖူးပါသည်။

"ဒါဆို ကိုရာစုသစ်အပေါ်မှာ ဒီဦးလေးရဲ့ကျေးဇူးတွေ ရှိတာ ပေါ့နော်"

"ဟုတ်တယ် ဦးလေးက လိုလေသေးမရှိ ဖြည့်ဆည်းပေးပြီး ကျောင်းထားပေးတာပါ"

"ဒါဆို ကျောင်းပြီးရင် ဆရာဝန်လုပ်ပြီး ဦးလေးကို ပြန် လုပ်ကျွေးမှာလား"

"ဦးလေးကတော့ မလိုဘူးလို့ပြောတယ်၊ ပညာဒါနပေးတာ ပါတဲ့၊ သူ သင်ပေးထားတဲ့ပညာနဲ့ ဆရာဝန်စိတ်အပြည့် အဝထားပြီး လူနာတွေကို ပြုစုစောင့်ရှောက်ပါတဲ့။ ဒါဆို သူ့ကို ကျေးဇူးဆပ်ရာလို့ပါပဲတဲ့"

"ကိုရာစုသစ်ကရော ဆရာဝန်အလုပ်ကို တကယ်ဝါသနာ ပါလို့လား"

"အမှန်အတိုင်း ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရာစုသစ် ခေမာ့မျက်နှာလေးကို စိုက်ကြည့်ပြီး -

"အရင်ကတော့ အဲ ... ဆယ်တန်းအောင်ခါစကတော့ ဆေးကျောင်းတက်ရရင် ဂုဏ်ရှိတယ် လူရာဝင်တယ်ဆိုပြီး တက်ချင်ခဲ့တာပါ"

ဟု ပြောမိလျှင် ခေမာ နားလည်သလိုပြုံးပါသည်။ ဟုတ်တယ်လေ ခေမာလည်း ရွယ်တူချင်း၊ ဘဝတူချင်းတွေမို့ သူ့ရင်ထဲက ခံစားချက်ကို နားလည်ပေးလို့ရပါသည်။

ပိုက်ဆံမရှိရင် လူရာမဝင်ဘူး၊ ဂုဏ်မရှိဘူး၊ အရေးလုပ် မခံရဘူး။ ဒီတော့ ပိုက်ဆံမရှိတဲ့ ပိုက်ဆံမချမ်းသာတဲ့ လူတစ်ယောက်မှာ သူ့အတွက် ဂုဏ်လုပ်စရာဟာ မြင့်မားတဲ့ ပညာတစ်ခုခုကိုသင်ခွင့်ရတာပဲ။ အဆင့်အတန်းမြင့်တဲ့ ပညာရပ်တစ်ခုခု၊ လူတိုင်း သင်ချင်တိုင်းသင်ခွင့်မရတဲ့ ပညာရပ်တစ်ခုခုကို သင်ထားမှ၊ တတ်ထားမှ လူရာဝင်မယ်။ အရေးစိုက်ခံရမယ်။ နေရာပေးခြင်း ခံရမယ်။ ဒီတော့ ဆယ်ကျော်သက်ရွယ် လူငယ်တစ်ယောက်ရဲ့ အတွေးထဲမှာ ဒီလို အတွေးမျိုးကလွဲရင် ဒီထက်ပိုပြီး ဘာများရှိနိုင်မှာမို့လဲ။ သူ မလိမ်မညာ မကွယ်မဝှက်ဘဲ ပြောပြတာကိုပဲ ခေမာ ချီးကျူးမိပါတယ်။

တချို့တွေရှိတယ်လေ စိတ်ထဲက ပါလားမပါလား မသိ။ တကယ်ဝါသနာပါလား မပါလားမသိရပါပဲ ဆရာဝန်ပညာ





ကို ဝါသနာပါလွန်းလို့ပါ။ ပညာတွေသင်ပြီး လူ့အသက်ကို ကယ်ချင်လွန်းလို့ပါလို့ လူကြားကောင်းအောင် အော်နေကြတာတွေရှိလို့ပါ။

"ခေမာ နားလည်ပါတယ်၊ ခေမာလည်း ကိုရာစုသစ်နဲ့ ဘဝတူပဲလေ။ ခေမာတို့လည်း အခွံပဲရှိတာပါ ... ဟင်း ဟင်း။ အဖေတို့အမေတို့ရဲ့ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းဆိုတာလည်း သိပ်ပြီး အလုပ်ဖြစ်လှတယ် မရှိပါဘူး။ ဒီတော့ တစ်လတစ်လ ဝင်ငွေနဲ့ ထွက်ငွေက မမျှဘူးဖြစ်နေတာမျိုး အမြဲကြုံရတာလေ။ ဒါပေမဲ့ ခေမာတို့ကတော့ ကိုရာစုသစ်လို စာမတော်ကြတော့ ဆေးကျောင်းတက်ပြီး လက်မ,ထောင်ခွင့်မရကြဘူးပေါ့"

ခေမာကလည်း ပွင့်လင်းလှသဖြင့် ရာစုသစ် စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းနေသည်။ ခေမာနဲ့ စကားပြောရတာဟာ ဘာအဆောင်အယောင်မှုမရှိ။ ဘာဂုဏ်ပကာသနမှုလဲ မလိုဘဲ ပြောချင်ရာ ပြောနိုင်သဖြင့် စိတ်လက်ပေါ့ပါးလှသည်။

"ဒါပေမဲ့ ကျွန်တော့်စိတ်က အခုတော့ ပြောင်းသွားပါပြီ"

"ရှင် ... ဘာကိုပြောတာလဲ၊ ခေမာ နားမလည်တော့ဘူး"

"ဆယ်တန်းအောင်ခါစ ကျောင်းသားစိတ်နဲ့ အခု မတူတော့ဘူးလို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ခေမာ သူ့ဆီက ဘာကြားရမလဲလို့ နားစွင့်မိသည်

“ဆေးရုံမှာ လူနာတွေနဲ့ စာသင်ရတဲ့အခါမှာ သူတို့ခံစာ ရတဲ့ ရောဂါတွေကို ကြည့်ရ၊ မြင်ရ၊ သိရတာတွေများလာ တယ်။ တချို့လူနာတွေဆို နွမ်းပါးပြီး ငွေကြေးလည် မတတ်နိုင်ဘူး။ သူ့ရောဂါပျောက်မဲ့ ဈေးကြီးဆေးတစ်မျိုး ရှိမှန်းသိပေမဲ့ မဝယ်နိုင်တော့ ဒီတိုင်းပဲ အသေခံသွားရတာ တွေရှိတယ်”

“အို … ဟုတ်လား၊ ခေမာ ရင်ထဲမကောင်းလိုက်တာ”

“ကျွန်တော်တို့ဆို ပိုဆိုးတာပေါ့၊ သတင်းကြားရတာ မဟုတ်ပါဘူး၊ မျက်စိနဲ့မြင်နေရတာဆိုတော့ အဲဒီလိုမြင်း တိုင်း ငါ တစ်နေ့ကျ ဆရာဝန်ဖြစ်ရင် ဒီလိုလူနာတွေနဲ့ တွေ့ရင် ငါ့အိတ်စိုက်ပြီး ကုပေးလိုက်မယ်။ မချမ်းသာရင်ေ ပါ ထမင်းနပ်မှန်အောင်စားရရင် တော်ပါပြီ၊ လူနာတွေ အသက်ကို ကိုယ့်ရှိတဲ့ ပိုက်ဆံအကုန်ခံ ဆေးဝယ်ပြ ကိုယ်တတ်ထားတဲ့ပညာနဲ့ ကုမယ်ဆိုတဲ့စိတ်တွေ ဖြစ်လာ တာပေါ့၊ ဒါကြောင့် အခုတော့ ကျွန်တော့်စိတ်က ပြောင် သွားပြီလို့။ ကျွန်တော် ဆရာဝန် တကယ်ဖြစ်ချင်တယ် ရောဂါခံစားနေရတဲ့ လူတွေကို ကုပေးချင်တယ်ဆိုတဲ့ စိတ်ဓာတ်မျိုးလေ”





သူငယ်ချင်းတွေက အလိုက်တသိနဲ့ပဲ ခေမာတို့နှစ် ာက်ကို တွဲရက်ထားထားသည်ဖြစ်ရာ ခေမာနဲ့ ရာစုသစ်လည်း ယောက်တည်းစကားတွေ အပြန်အလှန်ပြောခွင့်ရနေပါသည်။

ခေမာလည်း ရာစုသစ်၏ စိတ်နေသဘောထားကို ခွင့်ရသလို ရာစုသစ်လည်း ခေမာနဲ့ အခုလို နီးနီးကပ်ကပ် ားတွေပြော၊ စိတ်ကူးတွေဖလှယ်ရမှ ခေမာ့ကို ရင်ထဲမှာ သဘောကျလာမိကြောင်း သူ့ဘာသာသိမြင်လာသည်။ ကတော့ ချောချောလှလှ စိတ်ဝင်စားစရာ ရုပ်ရည်ရှိသော င်မလေးကို စိတ်ဝင်စားသဘောကျမိသွားတာလောက်ပဲရှိ ည်။ အရင့်အရင်တွေတုန်းကလိုပဲ ‘ချစ်တယ်’ဆိုသော စကား လွယ်လွယ်ပြောလိုက်ဖို့လောက်သာ စိတ်ကူးရှိခဲ့သည်။

အခုတော့ ရင်ထဲမှာ ဘယ်လိုဖြစ်လာသည်မသိ။ ာ့ကို မြတ်မြတ်နိုးနိုးနဲ့ကို တန်ဖိုးထားပြီး ချစ်မိလာသည်။ ာကိုပဲ အနားမှာ အမြဲရှိနေစေချင်လာခဲ့သည်။

ခေမာသည် သူ့ဘဝရဲ့ အင်အားတစ်ခုလိုပဲ ဖြစ်နေ လေသည်။ လမ်းခွဲခါနီး နှုတ်ဆက်တော့ သူဝန်ခံမိသည်မှာ…

“ခေမာ သိလား။ ခေမာ့အနားမှာရှိရင် ကျွန်တော့်ကိုယ်ထဲ က Adrenalin(အက်ဒရီနလင်)တွေ မြင့်တက်လာတယ်”

“အဲဒါ ဘာ့ကိုပြောတာလဲ ဆေးကျောင်းသားရယ်၊ ခေမာ တို့က သာမန်လူပါ။ ဘာပြောမှန်းမသိပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"လူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ Adrenalin ဆိုတဲ့ Horm
(ဟော်မုန်း)တစ်မျိုးဟာအလကားနေရင်း မမြင့်တက်
ဘူး။ ဝမ်းသာရင်ပဲဖြစ်ဖြစ်၊ ဒေါသဖြစ်ရင်ပဲဖြစ်ဖြစ်၊ အ
ကြောက်လန့်ရတဲ့အခါမျိုးမှာဖြစ်ဖြစ်၊ စိတ်လှုပ်ရှား ရင်
ရလွန်းရင်ဖြစ်ဖြစ် မြင့်တက်လာတတ်တယ် ...

ကျွန်တော့်အတွက် အဲဒီ Adrenalin ဟော်မုန်း
တက်ရခြင်းကတော့ ခေမာ့အနားမှာနေရရင် ရင်တွေတုန်
ခုန်ပြီး ချစ်မိလွန်းတဲ့စိတ်နဲ့ စိတ်လှုပ်ရှားရတာလေ။
သီချင်းထဲက စာသားလေး တစ်ကြောင်းလိုပေါ့
ဆိုထားတာလေ "ကိုယ့်မှာရင်ခုန်ရလွန်းလို့ရူးမှာပဲ ..."
သီချင်းစာသားထဲမှာ ပါတယ်လေ၊ ကျွန်တော်လည်း
လိုဖြစ်နေပြီ"

ခေမာကတော့ သူမရဲ့ လက်ဖွဲ့တော်အင်အားဖြ
လှသည့်မျက်စောင်းကြီးတစ်ခုကိုသာ နှုတ်ဆက်တဲ့အနေနဲ့
သည်။

❖ ❤ ❖





## ၁၁

ခေမာ အသိပေးလာသောအခါ ရာစုသစ်၏ရင်ထဲမှာ
မှာလိုသလို ဖြစ်သွားပါသည်။ ခေမာ လက်ကလေးကို ဆုပ်ကိုင်
ထားခွင့်ရနေပေမဲ့ ခေမာ့ဆံနွယ်လေးတွေကို ထိတွေ့နမ်းရှိုက်ခွင့်
ပေမဲ့ သူ့ရင်ထဲမှာ စိတ်မချနိုင်တော့သလို ခံစားနေရသည်။

"အဲဒီအိမ်ကိုကွာ မသွားရင်မရဘူးလား"

"ခေမာလည်း မလိုက်ချင်ပါဘူး။ အမေ့ကို ငြင်းပါတယ်၊
ဒါပေမဲ့ သိပ်ပြီး အကြောက်အကန်ငြင်းလို့လည်း မကောင်း
ဘူးလေ၊ အမေ သံသယဖြစ်ပြီး ဟိုမေးဒီမေးတွေ ဖြစ်လာရင်
ခေမာလည်း အမေ့ကိုဆို မလိမ်တတ် မညာတတ်တော့
မောင်နဲ့ ခေမာ့အကြောင်း ပေါ်သွားမှာပဲ"

"မောင့်ကို ဘာကြောင့် ခေမာ့စကားထဲထည့်မပြောရဲရတာ
ရှိလဲ၊ မောင်က တေလေကြမ်းပိုးကောင်လည်း မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မတန်သေးလို့ပါ၊ မောင်လည်း ဆရာဝန်ဖြစ်သွ
ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မယ်ဆိုရင် ခေ
မောင့်အကြောင်း ဖွင့်ပြောရဲပါတယ်"

ပြဿနာက ခေမာ ပြောပြမှ သိရတာဖြစ်သည်
မိုးအာကာ၏ ကြီးဒေါ်သူဌေးမကြီး ဒေါ်မိုးမြင့်၏ အသက်ခြေ
ဆယ့်ငါးနှစ်ပြည့်မွေးနေ့မင်္ဂလာကို ခေမာတို့မိသားစု သွားရမည်
ခေမာ အသိပေးလာ၍ပင်။ ပွဲတစ်ပွဲရှိလို့ အဖိတ်ခံရလို့သွားသ
မှာ ဘာမှ တွန့်တိုစရာ၊ သဝန်တိုစရာမရှိပါဘဲ ရာစုသစ် ရင်
မှာ မကျေမလည်ဖြစ်နေသည်။ ဘာကြောင့်မှန်းမသိ။ ခေမာ
ချစ်သူဖြစ်ခွင့်ရပြီးမှ လက်လွှတ်ဆုံးရှုံးလိုက်ရမှာ သေမလော
ကြောက်နေမိသော စိတ္တဇကား ရာစုသစ်ထံတွင် အမြစ်တွယ်
ခဲ့လေပြီ။

"ပွဲကတစ်ပွဲတည်း သွားမှာလည်းမဟုတ်ဘူး။ နှစ်ပွဲတော
သွားရမှာ မလွန်လွန်းဘူးလား"

"မနက်ပွဲက ရေစက်ချအလှူပွဲပါ၊ ဒေါ်မိုးမြင့် လှူထား
ဘုန်းတော်ကြီးပညာသင်ကျောင်းမှာ လိုအပ်တဲ့ စာသ
ကျောင်းဆောင်နဲ့ သိန်းတစ်ရာဌေပဒေသာပင်သီးတာ
ရေစက်ချလှူတဲ့ပွဲပါ၊ အဲဒီဘုန်းတော်ကြီးကျောင်းမှာပဲလုပ်
ရိုးရိုးအလှူပါ။ ညဘက်ပွဲကမှ မိတ်ဆွေတွေကို Din
(ဒင်နာ)ကျွေးတာပါ"





"ဘာပွဲပဲဖြစ်ဖြစ် ခေမာ နှစ်ပွဲသွားမယ်၊ တစ်ပွဲမှာအနည်းဆုံး
နှစ်နာရီတော့ အချိန်ဖြုန်းရမှာပဲ။ ညဘက်ပွဲဆို ပါတီဆို
တော့ သုံးလေးနာရီတောင် ကြာရင်ကြာမှာ"

"ဘာဖြစ်လို့လဲ မောင်ရဲ့"

"ကြာတော့ ဟိုလူနဲ့ အချိန်ကြာကြာပိုတွေ့ရမှာပေါ့ကွ"

ခေမာသည် မောင့်ထံမှ ကလေးကြီးတစ်ယောက်
သလို ရုပ်ပုပ်ပြောလိုက်သံကြောင့် အသည်းယားသွားပြီး
ောင့်နားရွက်ဖျားကို လိမ်ဆွဲပစ်လိုက်မိတော့သည်။ မောင်က
မာ့ထက် တစ်နှစ်လောက်တော့ အသက်ကြီးမှာပေမဲ့ ခေမာ့
က်စာရင် မောင်က ကလေးပိုဆန်နေသလိုပဲ။ ဘာဖြစ်လို့လဲ
သိဘူး။ မောင်နမထဲမှာ အစ်ကိုအကြီးဆုံးဖြစ်ရက် သူ့ပုံစံက
ကြီးမဆန်ဘူး။ ခေမာကတော့ပြောင်းပြန် အငယ်ပေမဲ့ မောင်နဲ့
ဲ့ရင် လူကြီးဆန်နေမိတယ်။

"ခေမာ မောင့်ကို စိတ်ရှင်းစေချင်လို့ပြောတာပါ၊ ခေမာ
မပြောရင်ရသားပဲ၊ ဒါပေမဲ့ ခေမာ မောင့်ကွယ်ရာမှာ
ဘာတွေလုပ်တယ်ဆိုတာ သိထားစေချင်လို့ အသိပေးတာ
ပါ..."

ကိုမိုးအာကာကို ခေမာ လက်ခံချင်ရင် မောင်နဲ့ထပ်
မဆုံခင်ကတည်းက လက်ခံပြီးနေပြီ။ ခေမာ သူ့ကို ချစ်



www.burmeseclassic.com

www.burmeseclassic.com



လို့မရလို့ လက်မခံခဲ့ဘူးဆိုတာ မောင် သိပြီးသားပဲ။ အ
စိတ်ကောက်စရာရှိလဲ”

“စိတ်မကောက်ပါဘူး စိတ်ကောက်ရအောင် မောင်
မိန်းမမှမဟုတ်တာ၊ စိတ်ထဲမှာ မခံချင်တာက အဲဒီလူ
ယှဉ်ရင် မောင်က နိမ့်နေတော့ မခံချင်တာ”

“ဒါဖြင့် ခေမာလည်း ဘာထူးလို့လဲ မောင်ရဲ့၊ ခင်ပြည့်
သိမ်းနဲ့ ယှဉ်ရင် ခေမာလည်း နိမ့်ကျတာပဲ။ ခေမာတို့
အကြွေးပတ်လည်ဝိုင်းနေတဲ့ Bakery လေးနဲ့ပဲ စီးပွားရှာ
ချိန်မှာ ခင်ပြည့်စုံသိမ်းကတော့ အမေပိုင်တဲ့ ပြည်တွင်
ဖြစ်အထည်ချုပ်ကုမ္ပဏီကြီးမှာ မန်နေဂျင်းဒါရိုက်တာအဖြ
ဂုဏ်ရှိရှိလုပ်နေတာလေ”

ခေမာ ထိုသို့ပြန်ပြောလိုက်တော့ ရာစုသစ် ရင်ထဲ
ခေမာ့ကို သနားသွားပါသည်။

ခေမာကလည်း သူမအမေရဲ့ မိုးအာကာနှင့် သဘော
တူနေသော အကြောင်းအရာကို ပြောပြထားခဲ့သလို ရာစုသ
ကလည်း ခေမာ့ကို မလိမ်ညာထားလို၍ ဦးလေးက သူ့သူငယ်ချင်
ဦးငွေသိမ်း၏ တစ်ဦးတည်းသောသမီး ခင်ပြည့်စုံသိမ်းနှင့် စေ့စ
ပေးချင်နေကြောင်း ပြန်အသိပေးထားမိခဲ့ပါသည်။

ခေမာကတော့ ...





“သြော် ... ဖြစ်ရလေ။ ခေမာတို့အဖြစ်က တော်တော်ဆင်
တာပဲနော်။ နှစ်ယောက်စလုံးကလည်း သိပ်အဆင်မပြေဘဲ
ကျပ်တည်းကြတဲ့မိသားစုဝင်တွေဖြစ်တာလည်းတူတယ်။
မိသားစုရဲ့ အသက်ရှုချောင်ဖို့ ထွက်ပေါက်အဖြစ် သိပ်
ချမ်းသာတဲ့သူဌေးသား သူဌေးသမီးကို မချစ်ဘဲ ယူကြရဖို့
အားကဝိုင်းပြီး တိုက်တွန်းခံရတာလည်း တူနေကြတယ်
နော်”

ဟူ၍သာ မနာလိုဝန်တိုခြင်းမရှိ၊ စိတ်ဆိုးစိတ်ကောက်
ခြင်းမရှိ ဝေဖန်ပြနိုင်ခဲ့သည်။

ဒါပေမဲ့ ရာစုသစ်ကတော့ မရ။ ခေမာနဲ့ပတ်သက်
သူက ပိုသဝန်တို၊ ပိုအဖြစ်သည်း၊ ပိုပြီး မခွဲသွားရချင်သူသာ
နေသဖြင့် အခုလည်း မိုးအာကာနဲ့ ဆုံရမည်ဆိုတာ သိတာနဲ့
က မှုန်ကုပ်စူပုပ်နေတော့သည်။

“မောင်လည်း မြန်မြန်ကျောင်းပြီးချင်ပြီကွာ၊ ဒါမှ ခေမာ့ကို
မြန်မြန်လက်ထပ်နိုင်မှာ။ ဆရာဝန်လခလေးနဲ့မို့ အစမှာ
သိပ်တော့မပြည့်စုံပေမဲ့ နောက်ပိုင်းကျ ပြေလည်လာမှာပါ
ကွာ။ တစ်ခုပဲရှိတယ် မောင်နဲ့လက်ထပ်ရင် ခေမာကြီးကြီး
ကျယ်ကျယ် မင်္ဂလာပွဲကြီး မဆင်နွှဲနိုင်ဘူး။ ထိုင်မသိမ်းဝတ်
ပြီး မင်္ဂလာမဆောင်ရဘူးပေါ့။ မိုးအာကာကတော့ ခေမာ့ကို



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ပေးနိုင်မှာပါ၊ သူတို့အတွက် သိန်းတစ်
နှစ်ရာဆိုတာ သိပ်ဂရုစိုက်စရာမဟုတ်ဘူးလေ"

ရာစုသစ်က အခုမှ နောက်ဆုံးနှစ်အပိုင်း(က)စာမေး
အောင်ပြီးကာ နောက်ဆုံးနှစ်အပိုင်း(ခ)ကို တက်ရဖို့ ကျောင်းအ
ကို စောင့်နေဆဲဖြစ်သည်။ စာမေးပွဲပြီး အောင်စာရင်းပါ ထွက်
လျှင် ပုံမှန်ကျောင်းပိတ်ချိန် နှစ်လရသည်ဖြစ်ရာ ရာစုသစ် အ
လပ်နေသည်။

မိဘတွေဆီ တစ်ပတ်သာ အလည်ပြန်ဖြစ်ပြီး နော
အတန်းအတွက် ကျောင်းစာတွေ ကြိုဖတ်ရမည်ဟု အကြောင်းပြ
ပြန်လာခဲ့သည်။ တကယ့်တကယ်ကတော့ ခေမာနဲ့ဝေးပြီး အကြာ
ကြီးခွဲမနေလိုသောကြောင့် ရန်ကုန်ကို ပြန်ပြေးလာတာ။

မိဘဆီသွားပြီး တစ်ပတ်အကြာ ချက်ချင်းပြန်ရော
ချလာသော ရာစုသစ်ကို ဦးလေးကတောင် ...

"ဟ ... ငါ့ကောင် အခုကျတော့ ရန်ကုန်ကနေ တစ်ဖဝါး
မခွာချင်တော့ဘူးမဟုတ်လား။ ဒီလိုပဲကွ နယ်မှာနေရ
အရသာနဲ့ ရန်ကုန်မှာနေရတဲ့အရသာ မတူဘူး။ နယ်မှ
ကျ ရေတွင်းကရေ သွားခပ်သုံးရတယ်။ အိမ်မှာ လျှပ်စ
မီးရှိချင်မှရှိမယ်၊ တယ်လီဖုန်းလည်းမရှိ၊ ကွန်ပျူတာလည်း
မရှိဆိုတော့ ရန်ကုန်ပဲပြန်ပြေးချင်မှာပေါ့ ရန်ကုန်မှာ





တော့ ရေသုံးချင်ရင် ဘုံပိုင်ဖွင့်ရုံပဲ။ မီးလာတဲ့အချိန်ဆိုလျှင် လျှပ်စစ်မီးကလည်း အသင့်၊ တယ်လီဖုန်းတို့ ကွန်ပျူတာတို့ကလည်း အသင့်ဆိုတော့ မင်း ဒီပဲပြန်ပြေးလာချင်မှာပေါ့"

ဟူ၍ ရာစုသစ် ချက်ချင်းပြန်လာခြင်းအတွက် ဝေဖန်လိုက်ရင်း ...

"ဒါကြောင့် ငါပြောတာ၊ မင်း အတွေးမမှားနဲ့ ရန်ကုန်မှာ ငါနေတဲ့အဆင့်ထက် ဆယ်ဆလောက်သာတဲ့ အဆင့်နဲ့ နေချင်ရင် ခင်ပြည့်စုံသိမ်းကိုသာ လက်ခံလိုက်၊ မင်း နေ့ချင်း ညချင်း မာစီဒီး(စ)ကိုယ်တိုင်မောင်းပြီး နောက်ဆုံးပေါ် ဗီဒီယိုဖုန်းတို့ TV တို့ကြည့်လို့ရတဲ့ဖုန်းတို့တောင် ကိုင်နိုင်မှာကွ"

သူ ဖြစ်စေလိုသော အခြေအနေကိုပါ ထည့်ပြောတာ ခံလိုက်ရသေးသည်။

ရာစုသစ်မှာ ဦးလေးကို မှီခိုကပ်ရပ်နေရသည်ဖြစ်ရာ ဦးလေး စိတ်ဆိုးမှာစိုး၍ အရမ်းပစ်ပစ်ခါခါကြီးလည်း မငြင်းပြရဲဘဲ အဆင်ပြေသလို ပြောထားရပါသည်။

"ကျွန်တော် ကျောင်းပြီးမှပဲ ဒီကိစ္စကို စဉ်းစားတော့မယ် ဦးလေးရာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဦးလေးကို ငြင်းပစ်ရာလည်း မရောက်သော အချိန်ဆွဲခြင်းမျိုးဖြင့် အချိုသတ်ပြောထားရသည်။

ဒီကြားထဲမှာတော့ ဦးလေးနဲ့ ဦးငွေသိမ်းတို့ စီစဉ်ဖန်တီးပေးမှုကြောင့် ရာစုသစ်နဲ့ ခင်ပြည့်စုံသိမ်းတို့ နှစ်ခါ သုံးခါလောက် ဆုံရပါသေးသည်။ ပထမတစ်ခါက ဦးငွေသိမ်း အိမ်မှာ ဘုရားကိုးဆူကပ်သဖြင့် ရောက်ရသည်။ အဲဒီမှာ ခင်ပြည့်စုံသိမ်းကို စတွေ့ဖူးသည်။

"တွေ့တော့ မောင် ရင်ခုန်သွားရောလား"

ခမော့ကို ပြန်ပြောပြမိတော့ ခမောက ရယ်မောနောက်ပြောင်ပြီးမေးတာပင် ခံရသေးသည်။

"ဘာလို့ ရင်ခုန်ရမှာလဲ"

"ခမော့ကို ပြောဖူးသလိုလေ Body ထဲက Adrenalin Hormone တွေ မြင့်တက်သွားလားလို့"

"ခမာနော် မစနဲ့ မောင်က ဘာလို့ အဲဒီလိုဖြစ်ရမှာလဲ"

"အနာဂတ်မှာ ငါ့ရဲ့ဇနီးလောင်း ဖြစ်ရမဲ့သူပဲ ဆိုပြီး"

"မောင့်ရဲ့ဇနီးလောင်းက ခမာပဲရှိတယ်၊ ဘယ်သူမှမရှိဘူး"

"ခင်ပြည့်စုံသိမ်းက ချောလား"





"ခမော့ တစ်ဝက်လောက်လှရင်တောင် တော်သေးတယ်။ အခုတော့ ဘယ်လိုကြည့်ကြည့် မလှဘူးကွာ၊ ရုပ်ဆိုးနေတာလည်းမဟုတ်ဘူး။ ဘယ်လိုပြောမလဲ တကယ့်ကို သာမန်ရုပ်ပဲဖြစ်နေတာ။ အလှအပတော့ ကြိုက်ပုံရတယ်။ မိတ်ကပ်တွေ အိုင်းရှဲဒိုးတွေ နှုတ်ခမ်းနီတွေနဲ့ကွ"

"မောင် လာမယ်ဆိုတာသိနေလို့ ပြင်ထားတာဖြစ်မှာပေါ့"

"ခမာကလည်းကွာ မောင်နဲ့ ဘာလို့ တွဲစချင်နေရတာလဲ"

"ခမော့စိတ်ထဲမှာ ကြိုသိနေတယ်သိလား၊ ခင်ပြည့်စုံသိမ်းကတော့ မောင့်ကို သဘောကျမှာပါ၊ ဘာကြောင့်လဲဆိုတော့ ဆရာဝန်ဆိုတဲ့ဂုဏ်လေးလည်းရှိတယ်၊ ပြီးတော့ မောင့်ရုပ်က ဘယ်လိုရုပ်လေးမှန်းမသိဘူး။ မိန်းကလေးတွေ စိတ်ထဲမှာ အလိုလိုနေရင်း သဘောကျပြီး လက်ခံချင်တဲ့ရုပ်"

တကယ်လည်း ခမာ တွေးထင်သလိုပင် ခင်ပြည့်စုံသိမ်းဟာ ရာစုသစ်ကို အတော်ပင် လိုလားလက်ခံချင်ကြောင်း နောက်ထပ်နှစ်ခါ တွေ့ဆုံပြီးသောအခါမှာ သိရှိလာပါသည်။

ဒုတိယတစ်ခါကတော့ ဦးလေးကပဲ တမင်ဇာတ်လမ်း ဆင်သလားတော့မသိပါ။ ဦးငွေသိမ်းကို ပေးရမည့်အမှုတွဲနဲ့ ဆိုင်သော ဖိုင်လ်တစ်ခု မပေးလိုက်ရဘဲ သူ့ဆီပါလာသည်ဆိုကာ ဦးငွေသိမ်း အိမ်ကို သွားပေးခိုင်းတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ တစ်ခါ ခင်ပြည့်စုံသိမ်းနဲ့ ဆုံတော့ ခဏ စကားထိုင်ပြောပြီးသောအခါမှာ သူမဆီက အရိပ်အမြွက်လိုလို ပြောလာသည့် ...

"ပြည့်ကလေ ငယ်ငယ်တည်းက ယောကျ်ားလေးအပေါင်း အသင်းလည်းမရှိတော့ ယောကျ်ားလေးတွေရဲ့စိတ်နေ သဘောထားကို ဘယ်လိုမှန်းမသိဘူး။ ဒါကြောင့် ရည်းစား လည်း မထားရဲခဲ့ဘူး"

ဆိုသော သူမကိုယ်သူမ ရည်းစားလုံးဝမရှိကြောင်း ကြေညာဟန်စကားတွေ။

"မေမေက မှာထားတယ်လေ ရည်းစားကို အပျော်သွား မထားနဲ့တဲ့၊ တစ်ခါတလေကျ မတော်တဆ အိမ်ထောင် ကျသွားရတာတွေရှိတတ်တယ်တဲ့၊ အဲဒီအခါကျ ကိုယ်လည်း တကယ်မချစ်နိုင်ဘဲနဲ့ ယူလိုက်ရတဲ့အတွက် တစ်သက်လုံး နောင်တရနေမယ်တဲ့"

ဟူသော ဘာမှမဆိုင်သည့် သူမအမေရဲ့ ဆုံးမစကား တွေ ပြောပြခြင်းတွေ။

"ပြည့်က အန်ကယ်လ်ဦးဆန်းဦး တူလည်း ဖြစ်တာမို့ ကိုရာစုသစ်ကိုတော့ ယုံယုံကြည်ကြည် ခင်မင်ရပါတယ်"





ရာစုသစ်လည်း မိန်းကလေးဘက်က စ,ပြောတော့ လောက်နီးနီး စကားလမ်းကြောင်းပေးနေတာတွေကြောင့် အမြန် ကားဖြတ်ပြီး ထ,လစ်လာခဲ့ရသည်။ မထင်ထားမိဘူးလေ။ ဒီကောင် လေး သူ့အပေါ် ဒီလောက်ထိ တွယ်ငြိသွားလိမ့်မယ်လို့။ ရာစု သစ်လို ရည်းစားအများကြီးရှိခဲ့ဖူးသော ယောကျ်ားလေးတစ်ယောက် အနေနဲ့ ခင်ပြည့်စုံသိမ်း ဒီလောက်ပြောနေတာနဲ့တင် သူမဘာကို ဆိုလိုချင်သလဲ ဆိုတာ အလိုလိုရိပ်မိပြီးနေပါပြီ။

ခေမာ့ကို ပြန်ပြောပြမိသောအခါ ...

"ခေမာ် မပြောဘူးလား၊ မောင့်ကို သူ သဘောကျနေလိမ့် မယ်လို့"

ဟု ခေမာ မှန်ကြောင်းပြန်ချေပတာပင် ခံရသေးလေ သည်။

အခု နောက်ဆုံးတစ်ခေါက် ဆုံခဲ့တာကတော့ ဦးလေး ကြောင့် ဦးငွေသိမ်း ရင်ဆိုင်ထားတဲ့ အမွေဆိုင်အိမ်အမှု နိုင်သွား ဖြင့် ဦးငွေသိမ်းက ဦးလေးကို ဟိုတယ်ကြီးတစ်ခုမှာ ညစာဖိတ် ကျွေးတာပါ။

ဒါပေမဲ့ ဦးငွေသိမ်းကိုယ်တိုင်က ရာစုသစ်ကို...

"မောင်ရာစုသစ်ပါ လိုက်ခဲ့ပါကွာ၊ ဆန်းဦးနဲ့ အန်ကယ်လ် က ငယ်သူငယ်ချင်းတွေဆိုတော့ ရှေ့နေနဲ့ အမှုအပ်သူဆိုတဲ့ ဆက်ဆံရေးတောင် မဟုတ်ပါဘူး။ ဆွေမျိုးတွေ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တွေလိုဖြစ်နေပါပြီ။ ဒီတော့ ဒင်နာကျွေးတဲ့ပွဲမှာ မောင်ရာစု သစ်ကိုပါ ဖိတ်ပါတယ်ကွာ၊ ဆက်ဆက်လိုက်လာခဲ့ပါ"

ဖုန်းထဲမှာ အသေအချာကို ဖိတ်သဖြင့် ရာစုသစ်မှာ မသွားဘူးလို့ မငြင်းလိုက်ရဲပါ။ ကိုယ်က ဘာကောင်မှ မဟုတ် သေးဘဲ တကယ့် သူဌေးကြီးတစ်ယောက်က ဖိတ်ကြားတာကို မလာနိုင်ပါဘူး၊ မသွားနိုင်ပါဘူး ငြင်းပြရလောက်အောင်လည်း သူ မရိုင်းတတ်။ ဦးလေးက ကိုယ့်ကျေးဇူးရှင်မို့ ဦးလေးမျက်နှာ ကိုလည်း ကြည့်ရဦးမည်။ ဒါနဲ့ပဲ ဦးငွေသိမ်းမိသားစု တည်ခင်း ဧည့်ခံသော ဟိုတယ်နီကိုးလ်မှာ ကျွေးသည့်ညစာကို သွားစား ပါသည်။

အဲဒီတစ်ခေါက်မှာတော့ ဦးငွေသိမ်းက ရာစုသစ် ဆရာဝန်ဖြစ်လျှင်ဟူသော အချက်ကို အဓိကထားပြောဆိုဆွေးနွေး တာ ကြုံရသည်။

"အန်ကယ့်လ် မိတ်ဆွေတွေရဲ့ သားတွေ သမီးတွေလည်း တချို့ ဆေးကျောင်းတက်နေဆဲတွေရော ဆရာဝန်ဖြစ်ခါစ တွေရော၊ ဆရာဝန်လုပ်နေတဲ့သူတွေရော ရှိကြတယ်ကွ။ အခုခေတ် ဆရာဝန်လုပ်မဲ့လူတွေက ရည်မှန်းချက်တွေ များကုန်ပြီကွာ၊ ပညာတော်သင်ဖြစ်အောင်တောင် မစောင့်ဘဲ ကိုယ့်ပိုက်ဆံနဲ့ကိုယ် နိုင်ငံခြားသွားဘွဲ့ထပ်ယူမဲ့သူနဲ့။ တချို့ ကျ ဆေးကုတဲ့ဆရာဝန်မလုပ်ဘဲ ဆေးကုမ္ပဏီထောင်မဲ့သူ နဲ့။ တချို့ကတော့ ပိုက်ဆံတတ်နိုင်တော့ အထူးကုဆေးခန်း ကြီးဖွင့် ကိုယ်တိုင်လည်း ထိုင်မယ်တဲ့။ ကိုယ်နဲ့ခင်မင်ရင်းနှီး တဲ့ ဆရာ ဆရာမ အထူးကုဆရာဝန်ကြီးတွေကို ဖိတ်ပင့် ပြီး ကိုယ့်ဆေးခန်းမှာ လာထိုင်ခိုင်းမယ်တဲ့၊ စုံနေတာပါပဲကွာ။ အရင်ခေတ် ဆရာဝန်တွေလို ဆရာဝန်လုပ်ရင်း ဒီမှာပဲ M.Scဘွဲ့ထပ်ဖြေမယ်၊ ပြီးမှ ပညာတော်သင်ပို့ခံရဖို့ ကြိုး စားမယ်ဆိုတဲ့ စိတ်ကူးရှိသူ နည်းကုန်ပြီ။ အခုခေတ် အဲဒီ စိတ်ကူးရှိတဲ့သူတွေကတော့ သာမန်စီးပွားရေးအခြေအနေ ရှိတဲ့ မိသားစုထဲက ဆရာဝန်ဖြစ်လာတဲ့လူလောက်ပဲ ရှိတော့ တယ်။ ပိုက်ဆံသိပ်ချမ်းသာတဲ့သူတွေကတော့ အဆင့်တွေ အများကြီးကျော်ပြီး ပညာကို ငွေနဲ့ထပ်လမ်းခင်းပြီး သင်ယူ သလိုဖြစ်နေပြီကွ"

ရာစုသစ်မှာ ဆေးကျောင်းက လူတွေအကြောင်း၊ ဆရာဝန်တွေအကြောင်းကို သူ သိထားတာထက်ပင် ပိုသိနေသော ဦးငွေသိမ်း ပြောစကားကြောင့် အသာပြုံး၍သာ နားထောင်နေ လိုက်မိသည်။

"မောင်ရာစုသစ်ကရော ကျောင်းပြီးရင် ဆေးကုတဲ့ဆရာဝန် လုပ်မှာလား၊ ကုမ္ပဏီအလုပ်ဝင်မှာလား ပြောပါဦး"

"ကျွန်တော် ဆေးကုမှာပါ"

"ပြီးရင် ဘွဲ့လွန်ထပ်ဖြေမယ်ပေါ့ အဲဒီလိုလား"







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက်ကတော့ အဲဒီနည်းပဲရှိပါတယ်"

"ထားပါတော့ကွာ ဘွဲ့လွန်တက်ရရင် ဘယ်လိုဘာသာမျိုး ပိုအားသန်လဲ"

"ကျွန်တော်ကတော့ Medicine(မက်ဒစ်ဆင်)မှာ ပိုစိတ်ပါတော့ အဲဒီဘာသာရပ်ပဲ ဆက်တက်ဖြစ်မှာပါ"

"M.Sc အရင်ပြီးအောင်လုပ်ရမှာလား"

"ဟုတ်ကဲ့ ဒီမှာပဲ M.Scပြီးအောင်လုပ်ပြီး M.R.C.P ဝင်ခွင့်စာမေးပွဲအောင်မှ အင်္ဂလန်သွားပြီး ပညာတော်သင်ခွင့်ရမှာပါ။ ကျွန်တော့်အတွက်ကတော့ တိုင်းပြည်ကထောက်ပံ့တဲ့ ပညာသင်စရိတ်နဲ့ပဲ သွားနိုင်မှာလေ"

"ဒါဆို အသက်လေးဆယ်လောက်မှ ဒီဘွဲ့ကို ယူနိုင်မဲ့သဘောပဲ"

"ဟုတ်ကဲ့ အဲဒီလောက်ထိ ဖြစ်သွားနိုင်ပါတယ်"

"အန်ကယ်လ်ကတော့ ကိုယ်ကိုယ်တိုင်လည်း ပညာရေးမှာ သိပ်ပြီးမထူးချွန်ခဲ့ဘူး။ ရိုးရိုးဘွဲ့တောင် အလူးလူးအလိမ့်လိမ့်နဲ့ မနည်းယူခဲ့ရတာ ဆိုတော့ မောင်ရာစုသစ်တို့လို ဖြစ်နိုင်ချေရှိတဲ့ ပညာတော်တဲ့သူကို ကူညီပေးချင်တယ်ကွာ။ ဆန်းဦးနဲ့လည်း တိုင်ပင်မိကြတယ်၊ မောင်ရာစုသစ်သာ ကြိုးစားချင်တယ် ဆိုရင် အန်ကယ်လ်က မင်း နိုင်ငံခြား





ထွက်ပြီး နောက်ထပ်ဘွဲ့အတွက် ပညာသွားသင်နိုင်အောင် ထောက်ပံ့ပေးချင်တယ်လို့လေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ M.R.C.Pယူပြီးပြန်လာတာမြင်ရင် မင်းကို မွေးထုတ်လိုက်ရတဲ့ မိဘလည်း ဘယ်လောက်ဝမ်းသာလိမ့်မလဲ၊ အထူးသဖြင့် ဆန်းဦးပေါ့၊ သူက မင်းကို ဆရာဝန်ဖြစ်အောင် မြေတောင်မြှောက်ပေးခဲ့ရတာလေ"

ထိုဒင်နာပွဲမှာပင် ရာစုသစ်ကို သူ့သမီးနဲ့ယူလျှင် ...တွေ ဒါတွေလုပ်ပေးနိုင်ပါသည်ဟု မက်လုံးပေးလိုသော စကား ...ပြောတာကြုံရပါသည်။ ရာစုသစ်ကတော့ အတော်ကြီး အံ့ဩ...ဖြစ်ကာ ခေမာ့ကို တွေ့တွေ့ချင်း အတင်းပြောမိတော့သည်။

"အံ့ဩပါတယ်ကွာ သမီးလင်ကောင်းရဖို့အရေး အဖေကိုယ်တိုင်က သမက်ဖမ်းတာကွ။ သူတို့ဆီကပြန်လာပြီး ကိုယ့်ကိုယ်ကိုယ်တောင် ဂုဏ်မောက်လာတယ်။ ငါလိုကောင်ကို လိုလားတပ်မက်နေတဲ့သူတွေ ရှိနေပါလားလို့လေ"

ခေမာကတော့ နားလည်မှုရှိစွာပင် ...

"ဦးငွေသိမ်းကို ခေမာ နားလည်ပါတယ်၊ မိဘဆိုတာက ကိုယ့်သားသမီးကောင်းတဲ့အရာနဲ့ကြုံဖို့၊ ကောင်းတာဖြစ်ဖို့ ဆိုရင်ဘာပဲလုပ်ပေးရလုပ်ပေးရ လုပ်မှာပဲလေ။ ခေမာ့အမေတောင်ကြည့်ပါလား။ ဦးငွေသိမ်းတို့အတွက်က ငွေမလိုဘူး



www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲ့။ မောင့်လို ရိုးသားပြီးပညာတော်တဲ့ သမက်မျိုး
လိုချင်တာ”

“ဟား ဟား … မောင်လားရိုးသားတာ။ မရိုးသားပါဘူးကွ”

“ခေမာ သိပါတယ်၊ မောင်က ရိုးသားပါတယ်။ မောင့်
ကလိမ်ကကျစ်ဉာဏ်မရှိဘူး၊ ဟန်လည်းမဆောင်တတ်
အဲဒါတွေဟာ ရိုးသားခြင်းတွေပေါ့၊ လူငယ်ဘဝမှာ ရည်း
များတာတွေဘာတွေကို မရိုးသားဘူးလို့ ထည့်တွက်
မရဘူးလေ၊ ရိုးသားမှုဆိုတာက ကိုယ့်စိတ်သဘောထဲ
ရှိနေတာပါ”

“သူတို့သမီးကို မောင်က မချစ်ဘဲနဲ့ ယူလိုက်ပြီး နော
နှိပ်စက်နေမှာတော့ မကြောက်ကြဘူး”

“မောင်က အဲဒီလို စိတ်ကူးထဲမှာ တွေးကြည့်ဖူးလို့လား”

“အာ … မတွေးကြည့်ပါဘူး။ စိတ်တောင်မကူးဘူး၊
တော့ အဲဒါမျိုးလည်း အားမပေးဘူး။ ဘာမှအဓိပ္ပာယ်
တဲ့အလုပ်ပဲ။ မယူနိုင်ရင် မယူနဲ့ ယူပြီးမှ သူများသားသ
ကို နှိပ်စက်တာက လူမဆန်ဘူး။ ယောကျ်ားမပီသ
သူရဲဘောကြောင်တယ်လို့ ထင်တယ်ကွာ။ မိန်းမကိုနှိပ်
ပြီး ရိုက်နေတဲ့ကောင် တွေ့ရင်တောင် စိတ်ထဲမှာ ချ
ပညာပေးချင်နေတာ”





“ကဲ … တွေ့လား မောင့်စိတ်ထဲမှာကိုက အဲဒီလို မတရားတာဆိုရင် မလုပ်ချင်တဲ့စိတ်ရှိနေတော့ ခေမာ မပြောနဲ့ ဦးငွေသိမ်းဆိုတာ ခေမာ့အဖေအရွယ်လောက်ရှိတဲ့ လူကြီးတစ်ယောက် ဆိုတော့ သူက ပိုပြီး လူကဲခတ်ကျွမ်းကျင်မှာပေါ့”

ဒီလိုနဲ့ပဲ ရာစုသစ်နှင့် ခေမာဟူသော ချစ်သူနှစ်ဦး
ြား‌တွင် ခင်ပြည့်စုံသိမ်းအကြောင်းတွေ ပြောလိုက်ကြ၊ မိုးအာကာ
ကြောင်းတွေ ပြောလိုက်ကြနှင့် တစ်ဖက်နဲ့ တစ်ဖက်ရဲ့သဘော
ားကို တော်တော်လေး ပြည့်ပြည့်စုံစုံ သိနေကြရလေသည်။

ရာစုသစ်ကတော့ မိုးအာကာကို တစ်ခါမြင်ဖူးထား
မတော်တဆ လမ်းသွားရင်း မိုးအာကာနဲ့မတော်တဆဆုံလျှင်
သအချာပင် အကဲခတ်ကြည့်ရှုပြီး မနာလိုစိတ် ပွားရစမြဲ။
ရည်သန့်ပြန့်ပြီး သူ့ဒွေးရုပ်ထွက်ကိုထွက်နေသော မိုးအာကာ
ခေမာ စိတ်လည်ပြီး လက်ခံလိုက်မှာကို ရူးမတတ်ကြောက်
နိုးရိမ်မိနေဆဲ။

ခေမာကတော့ ခင်ပြည့်စုံသိမ်းကို တွေ့လည်းမတွေ့
သလို ရာစုသစ်လိုလည်းဟိုတွေး ဒီတွေးနဲ့ အလကားနေရင်း
လိုဝန်တိုတတ်ခြင်းလည်းမရှိ။ ရာစုသစ် ပြောပြလာလျှင်
ဆောင်ပြီး ရယ်မောပစ်လိုက်သေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ခေမာ အသိပေးထားခဲ့တာနဲ့ ရာစုသ
တစ်ယောက် ကြိုတ်မနိုင်ခဲမရဖြစ်ကာ မနာလိုခြင်း ကြီးစွာဖြ
လျက် အဲဒီနေ့ (ခေမာ ဒေါ်မိုးမြင့်ပွဲကို သွားရမည်နေ့) တစ်နေ့လု
ဘာကိုဒေါသဖြစ်မှန်းမသိဖြစ်ပြီး ဖြတ်သန်းရတော့မှာဖြစ်သည်

ခေမာ့ကို မသွားပါနဲ့လားလို့လည်း တားခွင့်မရှိ
သည်ဖြစ်ရာ ခေမာ ပြောပြသမျှသာ နားထောင်ပေးလိုက်ရ
သဘော ဖြစ်နေခဲ့ပါသည်။

❖ ❤ ❖





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ခမောလက်ရာ မွေးနေ့ကိတ်ကြီးထဲမှ အစိတ်တစ်စိ
ကို လှီးပြီးထည့်ထားသော ပန်းကန်ပြားလှလှလေးထဲမှ ခက်ရ
သေးလေးဖြင့် တစ်ဖွန်းခပ်စားလိုက်သော ဒေါ်မိုးမြင့်သည် မုန့်
စားရင်း ...

"မုန့်တာပြောရရင်ကွယ် ကြီးကြီးက မုန့်ဆိုလည်း
အစွဲရှိတာလေ။ စားနေကျ ဝယ်နေကျဆိုင်က မဟုတ်
မစားပါဘူး။ ဒါပေမဲ့ ဟိုတလောကပေါ့ ခမော
ယူလာပေးတဲ့ ကိတ်မုန့်ထဲက တစ်ခုယူမြည်းကြည့်
တော်တော်သဘောကျသွားမိတယ်၊ သာမန်ဆိုင်ကလေ
လက်ရာဟာ နာမည်ကြီးဟိုတယ်တွေမှာ ရောင်းတဲ့
ရာနဲ့ အတူတူပါလားလို့ ချီးလည်းချီးကျူးမိတယ်၊
တို့ မုန့်ကို ကြီးကြီး တကယ်ကြိုက်သွားပါပြီ၊ ဒါက





ပုဂ္ဂိုလ်စွဲနဲ့ ကြိုက်တာမျိုးမဟုတ်ဘူးနော်။ တကယ်ကောင်း
လို့ကြိုက်တာပါ"

ခမောသည် ခမောနှင့် စကားပြောချင်ပါသည်ဟု
ဒေါ်သိန်းကတစ်ဆင့် ခေါ်ခိုင်းသော ဒေါ်မိုးမြင့်နဲ့ ဘေးချင်းယှဉ်
ကျက် ဆိုဖာဆက်တီတွင် ဝင်ထိုင်နေခဲ့ပါသည်။

ဘာစကား ပြောချင်သည်ရယ်လို့ မသိရသေးပေမဲ့
ခမော ရောက်ရောက်ချင်း ခမောကို ချီးကျူးစကား စ,ပြောနေတာ
တော့ ကြုံရပါသည်။ ခမောကတော့ ဒေါ်မိုးမြင့်၏ နားရွက်မှ
တဖျပ်ဖျပ် အလိုလိုလင်းလက်နေသော တစ်လုံးစိန်နားကပ်အကြီး
ကြီးကို ကြည့်ရင်း ...

"သူများတွေပြောကြတာပဲကွယ် ဒေါ်မိုးမြင့်စိန်နားကပ်ကြီး
က တစ်ဖက်ကို သိန်း(၃၀၀)လောက်တန်တယ်တဲ့၊ အဲဒီ
လိုနားကပ်မျိုးတွေ သူ့မှာ ဘယ်လောက်တောင်ရှိနေမလဲ
မသိဘူး"

ဟု အားကျစွာ ပြန်ပြောတတ်သည့် အမေ့စကား
တွေကို သတိရသွားမိပါသည်။

"အမေ့မှာတော့ ပန်ချင်လွန်းလို့ ဝယ်ပန်ထားရတာကွယ်
ဒေါ်မိုးမြင့်ရဲ့နားကပ်ထက် အဆတစ်ရာလောက် တန်ဖိုးကွာ
နေတာနော်။ သူ့နားကပ်ကြီးကတော့ လူတိုင်းပြောယူရ
အောင် တန်ဖိုးကြီးလွန်းတာ"



www.burmeseclassic.com

www.burmeseclassic.com



ခေမာ့ခေါင်းထဲမှာ ဒီဒေါ်မိုးမြင့်တို့နဲ့ဆုံတိုင်း အမေ့အကြောင်းပဲ စဉ်းစားမိကာ အမေ စိတ်ချမ်းသာအောင် လုပ်ပေးချင်လိုက်တာဆိုသော အတွေးကတော့ ခဏခဏ တွေးမိပါသည်။ ထိုအတွေးကိုတွေးမိတိုင်း နောက်ဆက်တွဲအနေနဲ့ ချစ်ရသောမောင်ရဲ့ မျက်နှာကိုပါ မြင်ယောင်ကာ စိတ်ရှုပ်ရစမြဲ။

"ခေမာတို့ဆိုင်ကလေးက ဘယ်လိုလဲ ဖွင့်တာ ဘယ်လောက်ကြာသွားပြီလဲ"

"ရှစ်လကျော်ပါပြီ ကြီးကြီး"

ဒေါ်မိုးမြင့်က သူမကိုယ်သူမ ခေမာနဲ့ စကားပြောတိုင်း "ကြီးကြီးကလေ ... ကြီးကြီးက"နဲ့ သုံးနှုန်းတတ်သဖြင့် ခေမာလည်း ကြီးကြီးဟုပင် ခေါ်မိပါသည်။

"ဘယ်လိုအခြေအနေရှိလဲ"

"ရောင်းတော့ ရောင်းရပါတယ်"

"ရောင်းတော့ရောင်းရပါတယ်ဆိုတော့ ဘာများအဆင်မပြေတာရှိလို့လဲ"

"ကိုယ်က ရောင်းနေရချိန်မှ အနီးအနားမှာ အပြိုင်လိုက်ဖွင့်တဲ့ Bakery နှစ်ဆိုင်လောက်ရှိလာတယ်။ အဲဒီဆိုင်တွေမှာ ကော်ဖီပါတွဲရောင်းတယ်၊ Internet (အင်တာနက်)လည်း သုံးလို့ရတယ်၊ Satellite (စက်တယ်လ်လိုက်)လည်း





တပ်ထားတော့ ဘောလုံးပွဲလည်းကြည့်လို့ရတယ်လေ၊ မုန့်ဆိုင် သီးသန့်ကြီး မဟုတ်ပေမဲ့ နာမည်တပ်ထားတော့ Cafe & Bakery Shop(ကဖေး &ဘေကာရီရှော့(ပ))ဆိုပြီး နာမည်တပ်ထားတယ် ကြီးကြီး။ ခေမာတို့ အစက သိသိသာသာရောင်းကောင်းနေတာ ဒီထက်ပိုပြီး ရောင်းကောင်းလာရင် အားလုံးအရင်းကြေပြီး အမြတ်စပြီးစားရဖို့ပဲရှိတော့တာပါ။ အခုတော့ ပုံမှန်ရောင်းနေရတာလေးတောင် ပြုတ်မကျသွားအောင် တောင့်ခံနေရသလိုဖြစ်တော့ အမြတ်ရဖို့တောင် သိပ်မမျှော်လင့်ရဲတော့ဘူး ဖြစ်နေတယ်"

ဒေါ်မိုးမြင့်က ခေမာ့ကို သေသေချာချာလေးစိုက်ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ စဉ်းစားနေဟန်တွေ့ရသည်။

မိုးအာကာတစ်ယောက်ကတော့ သူ့အနားမှာ ဝိုင်းနေသော မိန်းမပျိုအချောအလှတို့ကို ဂရုမစိုက်နိုင်ဘဲ ခေမာ့ကိုသာ တကြည့်ကြည့် အကဲခတ်နေသည်။ ဒေါ်မိုးမြင့် ခေမာ့ကို ဘာတွေများပြောနေသလဲလို့ သူ သိချင်ပေမဲ့ ကြီးကြီး မလာခိုင်းရင် သူ လာရဲ။ လာခွင့်လည်းမရှိ။ ကြီးကြီးက သူ့အပေါ် သားအရင်းလို ချစ်ပြီး သူနဲ့ပတ်သက်လျှင် အတွလည်း တော်တော်ကြီးပေမဲ့ စည်းကမ်းတော့ထားသည်။ သူ့စည်းကမ်းအတိုင်း မလိုက်နာလျှင် င်မတဲ်နမ့် ဒေါသကြီးတတ်သူလည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဆက်လုပ်မယ် စဉ်းစားထားလဲ"

"သူငယ်ချင်းတွေကတော့ အားလုံး လက်လျှော့ချင်နေကြပြီ စိတ်ဓာတ်တွေ ကျကုန်ကြပြီလေ၊ ခေမာတို့ထဲမှာ ငွေရေးကြေးရေး သိပ်ဂရုမစိုက်ဘဲ နေနိုင်သူဆိုလို့ မြသော်တာတစ်ယောက်ပဲရှိတယ် ကြီးကြီး။ သူကတော့ မိဘကလည်း စီးပွားရေးတောင့်တင်းတယ်လေ၊ သူငယ်ချင်းတွေနဲ့ ဆိုင်ကို အပျော်ဖွင့်တဲ့ သဘောပဲ ရှိတာ။ ကျန်တဲ့ နှင်းနှင်းရီတို့၊ သဉ္ဇာလွင်တို့၊ ခင်လေးငယ်တို့ကတော့ ဆိုင်ကို ဆက်လုပ်ဖို့ စိတ်လျှော့ချင်နေကြပြီ။ သူတို့ကလည်း ခေမာတို့လောက် အခြေအနေပဲ ရှိတာဆိုတော့ ကျောင်းပြီးလို့ စီးပွားရေး တစ်ခုခုလုပ်တဲ့အခါ ကိုယ့်အတွက် ပုံမှန်ဝင်ငွေရှိမဲ့ စီးပွားရေးမျိုးပဲ ဖြစ်ချင်ကြတာပေါ့။ အခုတော့ အရှုံးမပေါ်အောင် မနည်းတောင့်ခံနေရတော့ သူတို့လည်း စိတ်ပျက်ပြီး ရှယ်ယာသဘောမျိုး ထည့်ထားတာကို ပြန်ထုတ်ချင်နေကြပြီ။ တစ်ယောက်ကတော့ ကုမ္ပဏီဝန်ထမ်းပဲ လုပ်တော့မယ်တဲ့။ တစ်ယောက်ကတော့ ဟိုတယ်တစ်ခုမှာ Bakery Chef အနေနဲ့ လျှောက်ချင်နေတယ်တဲ့။ တစ်ယောက်ကတော့ မိဘကိုပဲ ဒီငွေအရင်းအနှီး ပြန်ဆပ်ပြီး တခြားတစ်ခုခု ပြောင်းလုပ်တော့မယ်တဲ့။ အဲဒီလိုပြောနေကြပြီ"





"ခေမာကရော ဘာလုပ်ချင်လဲ"

"ခေမာကတော့ ဒီအလုပ်ကို တကယ်ဝါသနာပါလို့ လုပ်ခဲ့တာဆိုတော့ လက်မလျှော့ချင်ဘူး။ မြသော်တာနဲ့ ခေမာ နှစ်ယောက်တည်းပဲ ဆက်လုပ်ရမယ်ဆိုရင်လည်း မဖြစ်ပြန်ဘူး။ ခေမာ့ဘက်မှာ ခေမာတစ်ယောက်ပဲ ရှိတော့သလို ဖြစ်နေပြီ။ မြသော်တာကလည်း သူငယ်ချင်းတွေ စိတ်မပါတော့ရင် သူလည်း မလုပ်ချင်တော့ဘူးလို့ ပြောလာတယ်၊ ဒီတော့ ခေမာတစ်ယောက်တည်း ဒီဆိုင်ကို ဘယ်ဆက်လုပ်နိုင်မလဲဆိုတော့ စဉ်းစားနေရတယ်၊ ဘာလုပ်ရမှန်းမသိသေးဘူး"

"အဲဒီမုန့်ဆိုင်တစ်ဆိုင်လုံးရဲ့အရင်းအနှီးက ဘယ်လောက်ရှိမလဲ"

"သိန်းတစ်ရာငါးဆယ်လောက်တော့ ရှိမယ် ထင်တယ်၊ ခေမာတို့ စာရင်းပြန်မတွက်ရသေးတော့ မသိဘူး ကြီးကြီး"

"ဒီလိုလုပ်ပါလား ခေမာ၊ တစ်ယောက်တည်း စိတ်ကူးနဲ့ ဆက်လုပ်ချင်ရင် သူငယ်ချင်းတွေ ထည့်ထားရတဲ့ ရှယ်ယာတွေ ပြန်ခွဲပေးလိုက်ပေါ့"

"ခေမာတို့မှာ အဲဒီလောက်မှမရှိတာ ကြီးကြီးရဲ့"

"ဩော် ... ခေမာ ပူစရာလား ကြီးကြီး စိုက်ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

ခေမာ အံ့သြပြီး ငေးကြောင်သွားပါသည်။ ဒေါ်မိုးမြင့်က ပိုင်နိုင်စွာပြုံးရင်း ...

"ကြီးကြီး တူသားက သိပ်သဘောကျနေတဲ့ မိန်းကလေးကို ကြီးကြီး ဘာကြောင့် မကူညီရမှာလဲလေ။ ခေမာက မုန့်ဆိုင်ပဲ လုပ်ချင်တယ်ဆိုလို့ မုန့်ဆိုင်ဆက်လုပ်ဖို့ ပိုက်ဆံထုတ်ပေးတာပါ။ မုန့်ဆိုင်မလုပ်ချင်ဘူး။ တခြားစီးပွားရေး လုပ်ချင်တယ်ဆိုလည်း ကြီးကြီး ကူညီနိုင်ပါတယ်"

ဟု တစ်လုံးချင်း အေးဆေးစွာပြောသောအခါ ခေမာသည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပါသည်။ ဘာသဘောနဲ့ သူစိမ်းမိန်းကလေးတစ်ယောက်အပေါ် စေတနာတွေ ကောင်းနေရသလဲ။ ပိုက်ဆံထုတ်ပေးပြီး ကူညီချင်ရသလဲ။

"အာကာက ခေမာ့ကို သိပ်မြတ်နိုးတာလေ၊ ခေမာ ဘယ်လိုသဘောရလဲ"

"ရှင် ..."

"ခေမာ ဘာကြောင့် အချိန်ယူပြီးစဉ်းစားနေတော့မလဲကွယ်၊ ခေမာ့နေရာမှာ တခြားမိန်းကလေးတစ်ယောက်သာ ဖြစ်ကြည့် ဒီလောက်ထိ အချိန်ကြာနေမယ်မထင်ဘူး။ ကိုယ့်တူမို့ ကိုယ်ဂုဏ်တင်တာလည်းမဟုတ်ပါဘူး။ မိန်းကလေး





တစ်ယောက်အတွက် အာကာဟာ ဘာမှငြင်းလောက်စရာ မရှိတဲ့ ယောကျ်ားတစ်ယောက်ပါ။ မိန်းကလေးထက် အသက်လည်းအသင့်အတင့်ပိုကြီးတယ်၊ ပညာလည်းတော်တယ်၊ ရုပ်ရည်လည်း သင့်တင့်တယ်၊ ငွေကြေးလည်း မပူပင်ရဘူးဆိုတဲ့ အချက်တွေဟာ ဘယ်နေရာမှ ငြင်းစရာ မရှိပါဘူး"

"ခေမာ ဟို ... ခေမာက မေတ္တာ ... အဲ ... မေတ္တာမရှိဘဲ လက်ခံလိုက်ရတာမျိုး ဖြစ်မှာစိုးလို့ပါ"

ခေမာသည် လူကြီးတစ်ယောက်ရှေ့မှာမို့ အဆင်ပြေသောစကားကို ရွေးပြောရသဖြင့် အထစ်ထစ် အငေါ့ငေါ့ပင် ဖြစ်နေသည်။ ဘုရားရေ ... ဒေါ်မိုးမြင့်ကိုယ်တိုင်က သူ့တူကိုယူဖို့ လက်ခံဖို့ အတင်းတိုက်တွန်းနေတဲ့ သဘောပါလား။

"ကြီးကြီးတို့က တစ်ဖက်သတ်ကြီး ဆက်ဆံတတ်တဲ့ မိသားစုမျိုးလည်း မဟုတ်ပါဘူး။ ဥပမာ ခေမာက အာကာနဲ့လက်ထပ်ပြီးမှ ခေမာ့မိဘတွေကို ကျေးရွာဆပ်ချင်လို့ ပေးကမ်းစောင့်ရှောက်ရင်လည်း ကြီးကြီးတို့ဘက်က ခွင့်လွှတ်ကြည်ဖြူနိုင်ပါတယ်။ ခေမာနဲ့ပတ်သက်ပြီး တော်စပ်ရတဲ့ ခေမာ့မိဘတွေကို ကိုယ့်ဆွေမျိုးသားချင်းလို သဘောထားပါတယ်၊ ဒီတော့ ခေမာ စိတ်ကူးမလွဲနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာ ကိုမိုးအာကာကို ငြင်းစရာမရှိပါဘူး၊ ဒါပေမဲ့ ခေမာလှုပ်ယှက်တစ်ယောက်ပီပီ မချစ်ဘဲနဲ့လည်း လက်မခံနိုင်လို့ပါ"

"ခေမာရယ် ... ဘာလို့ မိုက်မဲချင်နေရတာလဲ၊ သူချစ်ရတာ ခေမာ့လောက်များ ကံကောင်းတာ ရှိဦးမလားဘာဖြစ်လို့ တွေဝေနေမှန်းကို မသိပါဘူးကွယ်။ ကြီးကြီးလည်း လူကြီးဖြစ်ပြီး ကိုယ့်တူသားအိမ်ထောင်ရေးကိစ္စမှာဝင်ပူပင်နေရတာလည်း တစ်ဒုက္ခပါပဲ။ အမှန်အတိုင်းပြောရရင် အာကာ့ နှလုံးသားရေးရာ ခံစားရတာဟာ ကြီးကြီးပါခံစားရသလိုပါပဲ၊ ကြီးကြီးက သူ့ကိုယ်ငယ်တည်းကသားအရင်းလို မွေးလာခဲ့ရတာလေ။ ဝမ်းနဲ့လွယ်မမွေးရတမယ်ပဲရှိခဲ့တာ။ အာကာ့အမေ ကြီးကြီးရဲ့ညီမဟာ အာကာ့ကိုမွေး ထုတ်လိုက်ရတာပဲရှိတယ်၊ ကြီးကြီးက ကြီးပြင်းအောင် ဆက်မွေးခဲ့ရတာဆိုတော့ အာကာဟာ ငါ့သားအရင်းလိုကို စိတ်ထဲမှာ အမြဲခံစားနေရတယ်"

ခေမာလည်း သက်ပြင်းချပြီး တိတ်နေမိသည်။ ခေမာ့မှာ ချစ်သူရှိလို့ပါဆိုသော စကားကို ခေမာ့ရင်ထဲမှာသာဆက်တိုက်အော်ပြောနေမိပေမဲ့ နှုတ်ဖျားကတော့ တစ်ခွန်းမှမထွက်ဖြစ်ခဲ့ပါ။





အိမ်ပြန်ရောက်လျှင် အမေက ဒေါ်မိုးမြင့် ဘာခေါ်ပြောသလဲလို့ မေးပါသည်။ အမေ ပြန်မေးလိမ့်မယ်လို့ မျှော်လင့်ထားပြီးသားဖြစ်ရာ ခေမာ အမှန်အတိုင်းပဲ ပြန်ဖြေလိုက်သည်။

ဒီတစ်ခါတော့ မပြောစဖူး အဖေပါ ဝင်ပြောလာတာကြုံရသည်။

"သမီး ... စဉ်းစားဖို့ကောင်းနေပြီ ခေမာ။ အဖေတို့အတွက်ထက် သမီးအတွက် အနာဂတ်ကောင်းကို ရဖို့သေချာနေတဲ့အဖြစ်ကို ဘာကြောင့် သမီး တွေဝေနေတာလဲ။ သမီးပြောပြထားလို့လည်း အဖေတို့ သမီးတို့ မုန့်ဆိုင်အကြောင်းသိပြီးပြီလေ။ သမီး ဘာဆက်လုပ်မယ် စိတ်ကူးထားပြီလဲ၊ သမီးဖြစ်ချင်တဲ့ နာမည်ကြီး ကိတ်မုန့်တိုက်ကြီးဖြစ်ဖို့ဆိုတာပါးစပ်ကပြောနေရုံနဲ့ မရဘူး။ ဒေါ်မိုးမြင့် ကူညီမှငွေကြေးအထောက်အပံ့ရှိမှ သမီး ဆက်လုပ်နိုင်မယ်၊ ပိုက်ဆံမရှိဘဲနဲ့တော့ လုပ်ငန်းက လည်ပတ်လို့ မရဘူး"

"သူ့ပိုက်ဆံယူမယ် ဆိုရင် ဒါဟာ သူ့တူကို လက်ခံတဲ့သဘောဖြစ်နေမှာပေါ့ အဖေရဲ့"

"လက်ခံလိုက်လေ ဘာဖြစ်လဲ။ ဒါ သမီးဘဝကောင်းစားဖို့ပဲလေ။ အဖေတို့လည်း သမီး စိတ်ချမ်းသာတာ ဆုံးဖြတ်ပါစေလို့ လွှတ်ထားတာပေမဲ့ သမီး ကြည့်ရတာ တွေဝေလွန်းတော့ ပြောစရာရှိပြောရတော့မဲ့အဆင့် ဖြစ်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အဖေ ဝင်ပြောတော့ အမေလည်းကျေနပ်အားရ

လျက် ခေမာ့ကို ဖိပြောတော့သည်။

"ဟေမာ့ကိုကြည့် ဘယ်လောက်ရှန်းကန်နေရလဲ၊ ဒီကြ
ထဲ ကလေးလိုချင်တယ်အော်နေလို့ ဟောက်ထားရတယ်
ဘဝမှာ ဘာမှ မပြည့်စုံသေးဘဲနဲ့ ကလေးယူရင် ကိုယ့်ဒု
ကိုယ်ရှာတာနဲ့ အတူတူပဲလို့။ ကိုယ့်ကိုယ်တိုင် တောင်
မပြည့်စုံသေးတာ ကလေးကိုပါ ဒီဘဝထဲဆွဲခေါ်ရင် ကိုယ်
ကလေးကိုယ် ချစ်ရာမရောက်ဘူး၊ ဒုက္ခတွေနဲ့ ရင်ဆိုင်ခိုင်
ရာရောက်တယ်။ မိဘက မပြည့်စုံတဲ့ဘဝမှာ ကြီးပြင်
လာရတဲ့ ကလေးတွေဟာ စိတ်ထဲမှာ အနာတရနည်းနည်
ဖြစ်မှာပဲ။ လိုချင်တာမရ။ စားချင်တာမစားရ။ သုံးချင်တာ
မသုံးရရင် ကလေးချင်းချင်း ယှဉ်တဲ့အခါ အားငယ်ပြီ
စိတ်ထဲမှာ နာကျင်ရမှာလေ၊ ဒါကြောင့် ခေမာ့ကို ကောင်
ကောင်းဆူပြီး တားထားရတယ်။ ခေမာကတော့ အခုလော
လောဆယ်မှာ ကံကောင်းနေသေးတယ် ဆိုရမယ်၊ အချိ
မရွေး ရွေးချယ်စရာ သူဌေးတစ်ယောက်ကို တွေ့ထားပြီး
လေ၊ ဒီတော့ ဟေမာ့လို ဘာကြောင့် အဖြစ်ခံတော့မလဲ"

ခေမာသည် နောက်ဆုံးတော့ ကြံရာမရဖြစ်လာသည်
ရည်းစားလည်းမရှိပါဘဲ မိုးအာကာကို အကြောင်းမဲ့ ငြင်းနေသည်

ဘယ်လိုမှ အခိပ္ပာယ်မရှိဘူးဟု အဖေတို့ အမေတို့က ထင်
ပြီး ဖွတ်တိုက်တွန်းနေသည်ဖြစ်ရာ ခေမာ့မှာ ရွေးချယ်စရာ
မ်းမရှိတော့။ ခေမာ အဖြစ်မှန်ကို ဖွင့်ပြောရဖို့သာ ရှိတော့လေ
သည်။

"မိုးအာကာကလည်း ခေမာ့ကို တော်တော်မြတ်နိုးနေတာ၊ သူ့နားမှာ ကောင်မလေး ချောချောတွေမှ ဝိုင်းနေတာပဲ။ အခုပွဲမှာ တွေ့ခဲ့ရတာလေ။ ဒါတောင် သူက ခေမာ့ကိုပဲ အရိပ်တကြည့်ကြည့်လုပ်လွန်းလို့ အဲဒီဝိုင်းနေတဲ့ ကောင်မလေးတွေတောင် ခေမာ့ကို မသိမသာ အကဲခတ်ကုန်တာနော်။ ခေမာ ခေါင်းညိတ်လို့ကတော့ မိုးအာကာ အပျော်လွန်ပြီး ခေမာ့အတွက် တကယ့်ကို ခမ်းနားကြီးကျယ်တဲ့ မင်္ဂလာဆောင်ကြီးလုပ်ပေးမှာ သေချာတယ်၊ ဒေါ်မိုးမြင့်ကလည်း အမေ့ကို ရိပ်ဖမ်းသံဖမ်းပြောသေးတာ။ ခေမာ့ကိုဆို သူတို့ မျိုးရိုးစဉ်ဆက် အမွေဆက်ခံလာတဲ့ ရတနာတွေ ပေးရမှာ ကြည်ဖြူပါတယ်တဲ့"

"ဒါဆို သူတို့က ခေမာ့ကို စည်းစိမ်ဥစ္စာတွေနဲ့ ပေါက်ပြီး ဝယ်တဲ့သဘောပဲအမေ။ ခေမာက အရုပ်သဘောဖြစ်နေပြီ၊ သူ့တို့ လိုချင်တာကို မက်မောလောက်စရာ ပမာဏတွေနဲ့ ပေါက်ပြီး ဝယ်ပေးချင်တာ"







www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... အဲဒါ နင် နာစရာလားဟဲ့၊ ခေမာရယ် ...
ခေါက်ထည့်လိုက်ရ။ နင် ဘာဖြစ်နေတာလဲ၊ ဘာအကြောင်း...
ပြချက်မှမရှိဘဲ ငြင်းပဲငြင်းနေတာ ငါ စိတ်မရှည်တော့ဘူး...

"အကြောင်းပြချက် ရှိတယ်လေ၊ ခေမာ သူ့ကို မချစ်...
ဘူးဆိုတာ"

"ဒါဖြင့် နင့်မှာ ဘယ်သူ ချစ်စရာရှိလို့လဲ ... ပြော"

အမေက စိတ်ဆိုးလာသဖြင့် 'နင်'တွေ၊ 'ငါ'...
ဖြစ်လာသလို ခေမာ့ကိုလည်း လိမ်ဆွဲလိုက်သေးသည်။ ကျော...
တစ်ချက် လက်ဝါးဖြင့် ဖြန်းခနဲရိုက်လိုက်သေးသည်။ ခေမာသ...
အမေ ဒီထက်မက ရိုက်ချင်လည်း ရိုက်တော့လို့ စိတ်ဆုံးဖြ...
လိုက်ကာ ...

"ခေမာ့မှာ ချစ်သူရှိတယ် အမေ"

ဟု မျက်လုံးစုံမှိတ်ပြီးပြောပြလိုက်တော့သည်။

"ဘာ ... ဘာ ... ဘာပြောတယ်"

"ဟော့ ... သန့်၊ တိုးတိုးအော်ကွာ၊ ဘေးအိမ်တွေ ကြား...
မယ်"

အဖေသည် သားအမိတစ်တွေ ဖြစ်ပျက်နေ...
ပဋိပက္ခကို စိတ်ကုန်ပြီး ဝင်မပြောဘဲနေရာမှ အမေ့အော်သံ...
ဝင်တားမြစ်လိုက်သည်။





"အော်မိတာပေါ့၊ ရှင့်သမီး ပြောတာ မကြားဘူးလား"

"ကြားပါတယ်ကွာ"

"ဘယ်က ကလေကချေနဲ့ ရည်းစားဖြစ်နေသလဲမှ မသိတာ။ ဒါကြောင့် မိဘကို အသိမပေးဘဲ ရေငုံနှုတ်ပိတ်နေတာ ဖြစ်မှာပေါ့"

"ကလေကချေ မဟုတ်ပါဘူး အမေရယ်"

အမေက ခေမာ့ကျောကို ဆက်ကာဆက်ကာ ရိုက်
...သဖြင့် အဖေ မနေသာတော့ဘဲ ...

"သန့် တော်တော့ကွာ သမီးပြောတာ နားထောင်ပါဦး၊ မင်းက နင်းကန်ရိုက်နေတော့ သူ ဘယ်လိုလုပ်ပြောမလဲ။ တော်တော့ ... ရိုက်တာ ငါ မကြိုက်ဘူး တော်တော့ကွာ"

ဟူ၍ ဝင်ဝေါက်ငမ်းဆူပူလိုက်မှပဲ အမေ ရိုက်တာ
...တော့သည်။

ငယ်ငယ်ကဆို ခေမာတို့ကို အမေပဲ ရိုက်သဖြင့်
...တို့က အမေ့ဆိုလျှင် တုန်နေအောင်ကြောက်ကြသည်။ အဖေ
...ာ့ တစ်ချက်မှမရိုက်ဖူးပေမဲ့ အလိုလည်းမလိုက်။ ပူဆာ
...သည်း မဝယ်ပေး။ အမေကတော့ ရိုက်ပေမဲ့ အလိုတော့
...သည်။ ကလေးပူဆာ၍ မဝယ်ပေးရလျှင် အင်မတန်မှ စိတ်
...င်းဖြစ်နေတတ်ပြီး ပိုက်ဆံစုကာ မဖြစ်ဖြစ်အောင် ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်သော အကျင့်ရှိသည်။ ဒါကြောင့် အမေ့ကို ကြောက်လ[...] ကြောက်သလို ချစ်လည်းချစ်ကြသည်။ အခုလည်း ခေမာ[...] အမေ့ကို ကြောက်ကြောက်နဲ့ပင် ပြောလိုက်ရတာဖြစ်သည်။

"ဘယ်သူလဲ မေးစမ်းကြည့်ပါဦး"

"ဘယ်သူလဲ ပြော မိခေမာ၊ မဟုတ်ကဟုတ်က အ[...] ဖြစ်လို့ကတော့ နင့်ကို ငါကိုယ်တိုင် မိုးအာကာနဲ့ ချ[...] လက်ထပ်ပေးမယ်"

အမေသည် ဆူပူကြိမ်းမောင်းတာတောင်မှ မိုးအ[...] နဲ့ ပေးစားဖို့ကိုထည့်ပြောပြီး ဆူပူသည်မို့ အမေစိတ်ထဲမှာ အ[...] လောက်လိုလားနေသလဲဆိုတာ မှန်းကြည့်၍ပင် ရနေပါ[...]

"ခေမာ ပြောပါမယ် အမေ၊ သူက ဦးဆန်းဦး [...] ရာစုသစ်ပါ"

"ရွှေနေကြီး ဦးဆန်းဦးတူ ... ဟုတ်လား"

အမေ အံ့သြပြီး မေးသည်။

"ဟုတ်ပါတယ် အမေ။ သူက အခု ဆေးကျောင်း[...] ဆုံးနှစ် အပိုင်း(ခ)တက်နေပြီ၊ ကလေးကချေလည်း [...] ပါဘူး"

"ဟုတ်ရော ဟုတ်ရဲ့လား ခေမာရယ်၊ ဦးဆန်းဦးနေ[...] သူ့တူက စေ့စပ်ပြီးနေပြီတဲ့"





ခေမာသည် အမေ ထိုသို့ပြောလိုက်လျှင် အံ့သြတုန် [...]ပ်သွားခဲ့သည်မှာ ပြောစရာ မရှိတော့။

"ခေမာ ရှာကြံလိမ်မနေနဲ့၊ အမေလည်း သိပြီးသား၊ ဦးဆန်းဦးတူကို လူကြီးချင်း စေ့စပ်ပေးလိုက်ပြီလို့ ဟိုတလောကဆိုတော့ ပြောပြသွားတယ်၊ သူတို့လည်း အလည်တွေ့ပဲ သူ့တူနဲ့ စေ့စပ်တဲ့ကောင်မလေးက တစ်ဦးတည်းသောသမီး တော်တော့်ကို ချမ်းသာတယ်ဆိုပဲ။ ကောင်လေး ဒီနှစ်ပြီးတာနဲ့ ဟောက်(စ)ဆာဂျင်ဆင်းနေတုန်း လက်ထပ်ပေးမှာတဲ့ ... ကဲ"

ခေမာ ခေါင်းတွေ မူးနောက်ပြီး လူက ပြိုလဲသွား[...]တော့မလိုပင် ဖြစ်သွားပါသည်။ မောင် ... မောင် ... မောင် [...]တွေ ဘာလို့မပြောလဲ။ မောင် ခေမာ့ကို ဘာလို့ အသိမပေးလဲ။ [...]ကြောင့် ညာထားရတာလဲ မောင်ရယ်။ ခေမာ ရုတ်ခြည်းပင် [...]ရှိလိုက်တာတွေ့လျှင် အဖေရော အမေပါ ငြိမ်ကြည့်နေသည်။ [...]က အမေရိုက်တာတောင် မငိုတဲ့ ခေမာ၊ ခုတော့ ငိုသဖြင့် [...]တို့ တစ်စုံတစ်ခုကို ရိပ်မိသွားလေပြီ။

"အဲဒီကောင်လေးနဲ့ တကယ်ရည်းစားဖြစ်ခဲ့လို့လား"

"ဟုတ်တယ် အမေ။ အခုထိလည်း တွေ့နေတုန်းပါပဲ။ သူ ဘာမှလဲ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင်းနေတာပဲ၊ သူ ခေမာ့ကို အပျော်လာကြိုက်တာ ဖြစ်မှာပေါ့"

မဖြစ်နိုင်ပါဘူး၊ မောင်က ခေမာ့ကို တကယ်ချစ် တာ။ ခေမာသည် ခုချက်ချင်းပဲ မောင့်ကို ပြေးတွေ့ပြီး မေး[illegible] ချင်စိတ်တွေ ဖြစ်လာခဲ့ပါသည်။

"သူမှ ကိုယ့်အပေါ် တကယ်မချစ်တာ ခေမာရယ်၊ [illegible] မျှော်လင့်နေဦးမှာလဲ။ သမီးကသာ မေတ္တာတွေ သစ္စာ[illegible] ခေါင်းထဲထည့်နေတာ၊ ဟိုကောင်လေးကတော့ သမီး[illegible] မဟုတ်ဘူး။ သူ့ဘဝအတွက် ရွေးသင့်တာကိုရွေးပြီးနေပြီ။ ခေမာလည်း သူ့ကို မခံချင်ရင် မိုးအာကာကို ရွေးလိုက်ပေါ့"

"ခေမာ သူနဲ့ တွေ့ပြီး ရှင်းဦးမယ်"

ခေမာသည် မနက်ဖြန်ကို မြန်မြန်ရောက်ချင်လှပြီ။ ဒီနေ့ညတစ်ညကိုကုန်အောင် ဖြတ်သန်းရတာပင် ကြာလှသည်ဟု ထင်မိသည်။

မနက်ဖြန်မနက်ကျ မောင် လာနေကျ အချိန်ကျ ခေမာ့ဆိုင်ကို လာဦးမှာပင်။ အဲဒီကျမှ ခေမာ အသေအချာ ရတော့မှာဖြစ်သည်။





ဒီည တစ်ညလုံးတော့ ဘယ်ဘက်လှည့်လိုက်၊ ညာဘက်လှည့်လိုက်၊ ပက်လက်လှန်လိုက်၊ မှောက်ပြီး ခေါင်းအုံးနဲ့ ချက်နှာကပ်ကာ ငိုလိုက်ဖြင့် တစ်ညလုံး အိပ်မပျော်ခဲ့ဘဲ မနက်လင်းခါနီးမှ မှေးခနဲ အိပ်လို့ရသွားခဲ့ပါသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

အမြဲတမ်း ပြုံးပြုံးကြီးနေကျဖြစ်သော ခေမာ့မျက်နှာ မရွှင်ပျလှတာကို သတိထားမိလျှင် စိတ်ထဲမှာ ပူသွားပါသည်။ မနေ့က မိုးအာကာ အိမ်က ပွဲတွေကို သွားပြီးမှ ဒီနေ့ ဒီပုံပြောင်းသွားတာမို့ စိတ်ကပိုပူသည်။ မိုးအာကာနဲ့ပတ်သက်ပြီး ခေမာ ဘာတွေ စိတ်ပြောင်းသွားပြီလဲလို့ သူ့စိတ်က အမြဲတွေးပူတဲ့အတိုင်း ဖြစ်သွားပြီလား။ ခေမာ့မျက်နှာ သေသေချာချာကြည့်လိုက်တော့လည်း မျက်နှာလေးသွယ်လျှချောင်နေကာ မျက်လုံးနားတစ်ဝိုက် ခပ်ညိုညိုဖြစ်နေသည်ကို သတိထားမိလေရာ ခေမာ ညက အိပ်မပျော်ဘဲ ငိုနေခဲ့သလားလို့လည်း တွေးကြည့်မိသည်။

သူ ရောက်ရောက်ချင်း ခေမာ့ကို စကားပြောခွင့်မရပါ။ ဆိုင်မှာ လာဝယ်သူလည်းများနေသလို ခေမာ ကိုယ်တိုင်က





သည်း ကလေးမွေးနေ့ကိတ် အော်ဒါလာမှာထားသည်ကို ဘူးထဲ အသေအချာထည့် ပြင်ဆင်ကာ မုန့်လာယူသူအား ချော့ခံစကား ပြောနေရ၍ ဖြစ်ပါသည်။

“ကျေးဇူးတင်ပါတယ် ညီမရယ်၊ သားသားက သူ့ဆယ်နှစ်ပြည့်မွေးနေ့ လုပ်ပေးဖို့ လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက ပူဆာထားတာလေ။ ဘာကြောင့် ပူဆာရလဲဆိုတော့ မွေးနေ့ကိတ် မျက်နှာပြင်မှာ ဘောလုံးကွင်းပုံနဲ့ ကိုယ်ကြိုက်တဲ့ဘောလုံးအသင်းရဲ့ တံဆိပ်ပါ ထိုးပေးတယ်လို့ သူ့သူငယ်ချင်းတစ်ယောက်မွေးနေ့သွားရင်း တွေ့လာတာလေ။ မမခေမာတို့ ANGELS ဆိုင်မှာ အဲဒါမျိုးလုပ်ပေးတယ် လုပ်ပေးတယ်နဲ့ပြောပြီး သူ့မွေးနေ့ကျ သူကြိုက်တဲ့ Liverpool (လစ်ဗာပူး)တံဆိပ် ထည့်ခိုင်းမယ်ဆိုပြီး ပူဆာနေတာ အခုမှပဲ သူလိုချင်တဲ့ မွေးနေ့ကိတ်ရတော့တယ်”

မုန့်လာယူသူ ကလေးအမေမှာ မုန့်ကို မထိရက်၊ ကိုင်ရက်ဖြစ်ပြီး သဘောတကျကျ ပြောနေသည်။ ရောင်စုံကိတ်မုန့်ရဲ့ မျက်နှာပြင်မှာ ဘောလုံးကွင်းပုံစံ ကရင်(မ)တွေခြယ်ထားပြီး Liverpool အသင်းရဲ့ အမှတ်တံဆိပ်ကိုလည်း ထင်ရှားအောင် လုပ်ပေးထားသည်။ သဘောကျ ဒီကွင်းဟာ Liverpool အသင်း ကွင်းပုံစံ လုပ်ထားတဲ့သဘောဝင်။ ရာစုသစ်မှာ ခေမာ့ကို



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ချီးကျူးမိသည်။ မိန်းကလေးဖြစ်ပြီး ခေမာက ဘော အကြောင်းလည်း နှံ့နှံ့စပ်စပ်သိလျက် ဘယ်အသင်းက ဘယ်တံ ဆိုတာ ဘာအရောင်ဆိုတာ ရာစုသစ်ထက်ပင် ပိုပြီးမှတ်မိ သည်။

"သမီး ရှိသေးတယ်၊ သူ့မွေးနေ့လည်း လုပ်ပေးရဦးမယ် သမီးက အခု Barbie (ဘာဘီ)မဟုတ်တော့ဘူး၊ Bra (ဘရက်(ဇ်)) အရုပ်မလေးတွေ ကြိုက်နေပြန်ပြီ"

"ခေမာ Bratz အရုပ်လေးတွေလည်း လုပ်တတ်ပါတယ် Bratz က တစ်ယောက်တည်းမဟုတ်ဘူးနော်၊ အများကြီး ပဲ။ သူက ဘယ်သူ့ကြိုက်လဲ သေသေချာချာ မေးခဲ့ပါဦး ခေမာသိသလောက်တော့ Nicole (နစ်ကိုးလ်)ရယ်၊ Clo (ကလိုဝီ)ရယ်၊ Yasmin (ရက်(စ)မင်)ရယ်၊ Lillie (လီလီ) ရယ်၊ Phoebe (ဖီဘီ)ရယ် အများကြီးပဲ။ သူတို့က Barbie ထက်တောင် နာမည်ပိုကြီးလာပြီ"

"ဟုတ်လား Bratz မှာအများကြီးလား၊ အံမယ်လေး တော် လိုက်တာ ခေမာရယ်။ အစ်မတောင် မသိဘူး၊ အေး ခေမာပြောသလို သူ ဘယ်အရုပ်မလေးကြိုက်လဲ မေး အားလုံးကြိုက်နေရင်ရော"

"အားလုံး ပုံလေးပုံ ဖော်လို့ရပါတယ်"





"မွေးနေ့က နောက်လထဲမှာ ပိုက်ဆံကုန်ပေါက်ပဲ ညီမရေ၊ ကဲ ... သွားပြီနော်၊ ကျေးဇူးပါပဲ၊ အစ်မ မှာတဲ့ကိတ်မုန့်ကို စိတ်ရှည်ရှည်နဲ့ ပုံဖော်ပေးလို့ ကျေးဇူးတင်ပါတယ်ကွယ်"

"ခေမာက ပြန်ကျေးဇူးတင်ရမှာပါ။ အစ်မတို့က တကယ့်ဖောက်သည်ရင်းတွေလေ၊ ဆိုင်အပြိုင်တွေ ပေါ်လာတာတောင် ANGELS မှာပဲ ဆက်အားပေးနေတဲ့လူတွေပါ"

မွေးနေ့ကိတ်မုန့်လာယူသော အမျိုးသမီး ထွက်သွားမှပဲ ခေမာ့တာဝန်ကပြီးလေသည်။ မောင်သည် မုန့်လာဝယ်သူပဲဖြစ်ဖြစ်၊ မုန့်လာမှာသူပဲဖြစ်ဖြစ် ခဏထိုင်စောင့်လျှင်ရသော ခုံရှည်မှာ အေးအေးဆေးဆေးခြေထောက်ချိတ် လက်ပိုက်ထိုင်ရင်း ခေမာ့ကို စောင့်နေခဲ့သည်။

ခေမာ အနားသွားရပ်တော့မှ ...

"ခေမာ မျက်နှာလည်းမကောင်းဘူး၊ ဘာဖြစ်နေတာလဲ"

ဟု ခေမာ့လက်ကို လှမ်းဆွဲပြီး မေးပါသည်။

ခေမာ ခါတိုင်းလို အသာတကြည် လက်ပြန်မတွဲဘဲ ရုန်းလိုက်လျှင် မောင်က အံ့ဩသလို မျက်နှာကို လိုက်အကဲခတ်လေသည်။

"ခေမာတို့ ခဏသွားစကားပြောရအောင်"

"သွားလေ ... ခေမာ ဘယ်သွားချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေးဝေးတော့ မသွားချင်ဘူး၊ မောင့်ကားပေါ်မှာထိုင်ရင်း ခဏစကားပြောလို့ရမဲ့ နေရာပေါ့။ အခု ဆိုင်ရှိတဲ့နေရာ လောက်လည်း လူမရှုပ်တဲ့နေရာမှာ ကားခဏရပ်စကားပြောမယ်"

"အိုခေလေ ... ခေမာ့သဘောပါပဲ"

ရာစုသစ်သည် သူ လက်တွဲသည်ကို အတွဲမခံဘဲ နောက်ချန်ရစ်ပြီးပါလာသော ခေမာ့ အမူအရာတွေကြောင့် စိတ်ထဲမှာ ထင့်နေသည်။

ကားထဲဝင်ထိုင်သည်အထိ ခေမာ့အမူအရာ အေးစက်စက်ဖြစ်နေလေရာ ရာစုသစ် မနေနိုင်တော့။

"ဟာကွာ ခေမာ ဘာဖြစ်နေတာလဲကွာ၊ ပြောစရာရှိလည်း မြန်မြန်ပြောပါတော့၊ မောင် နေလို့မရတော့ဘူး။ ခေမာ အေးစက်စက်ဖြစ်နေတာကို မောင် လက်မခံနိုင်တော့ဘူး"

"မောင်က အခုမှ ခံစားရတာ၊ ခေမာက မနေ့က တစ်ညလုံး ခံစားခဲ့ရတာ"

"မနေ့က မိုးအာကာအိမ်မှာ ဘာဖြစ်လာလဲ"

"မိုးအာကာနဲ့ ဘာမှမဆိုင်တဲ့ကိစ္စပါ၊ အဓိက,က မောင်နဲ့ဆိုင်နေတာပါ"





"ကဲ ကဲ ... ဒီနားမှာပဲ ကားထိုးရပ်လိုက်တော့မယ်၊ ခေမာ ဘာစကားမှမပြောဘဲ ငူငူငေါင်ငေါင်ကြီးပါလာရင် မောင် ဘယ်လိုမှ စိတ်မဖြောင့်ဘူး၊ ကားလည်း ဆက်မောင်းချင် စိတ် မရှိတော့ဘူး"

ရာစုသစ်သည် ကားမောင်းနေရင်း လမ်းဘေးကား ရပ်လို့ရသော နေရာအရောက်မှာ ကားကို ဝင်ရပ်လိုက်သည်။ အထက်တန်းကျောင်းကြီးတစ်ကျောင်း ရှိနေပြီး သစ်ပင်ရိပ်တွေ လည်းရှိကာ နေ့ခင်းဘက်ကျောင်းတက်နေချိန်လည်းဖြစ်၍ လူသွား လူလာရှုပ်ထွေးမနေပါ။ ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်တွေ ဆိုရင်တော့ ဒီနေရာမှာ ကားရပ်စရာပင်မရှိအောင် ရှုပ်နေတတ်ပါ သည်။ ခေမာတို့ မုန့်ဆိုင်နဲ့လည်း ဩဝိမနီးမဝေးလေးပဲ ဖြစ်ပါသည်။

"ကဲ ... ပြော ခေမာ၊ ဘာဖြစ်လာတာလဲ"

"မောင် ခေမာ့ကို ညာထားတာ သိလာလို့"

"ဘာလဲ ... မောင် ဘာညာထားလို့လဲ"

"မောင်နဲ့ ခင်ပြည့်စုံသိမ်းတို့ကို လူကြီးချင်း စကားပြောပြီး စေ့စပ်ထားကြတယ်ဆို"

"ဟာကွာ"

ရာစုသစ်သည် ခေမာ့ကို ရဲရဲမကြည့်ရဲတော့သလို ဖြစ်လျက် ကားစတီယာရင်ပေါ် မျက်နှာကိုမှောက်ချထားမိတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေမာ့ကို ညာပြောထားတော့ မောင် ခေမာ့ကို ရင်ဆိုင်ပြီး တောင် မကြည့်ရဲတော့ဘူး မဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ လိမ်ထားညာထားလဲ၊ အဲဒါ ဘယ်တုန်းက ဖြစ်သွားတာလဲ။ ဘာဖြစ်လို့ စေ့စပ်တဲ့အထိ မောင် လက် ခံလို့ရသွားတာလဲ၊ ခေမာ သိခါစ ကြားခါစက ယုံတောင် မယုံဘူး၊ မယုံလို့ အဖေတို့အမေတို့ကို ပြန်တောင်ငြင်းမိ သေးတယ်။ တကယ်တော့ ခေမာက 'ဟန်ကိုယ့်ဖို့'လုပ် ပြီး ပြန်ငြင်းနေမိတာပါ။ စိတ်ထဲမှာတော့ ခေမာ့မိဘတွေက ဘယ်တော့မှ ညာပြောမှာ မဟုတ်ဘူးဆိုတာ သိနေရက်နဲ့ ခေမာ ပြန်ငြင်းခဲ့မိတာ"

ခေမာသည် ကျစရာမျက်ရည် မရှိတော့သည့်အလား မျက်ရည်တစ်စက်မှ မကျဘဲ ပြောနိုင်နေလေသည်။

"ခေမာ့ အဖေအမေတွေကို ဦးလေး ပြောလိုက်တယ်ထင် တယ်"

"ဘယ်သူပဲပြောပြောပါ လိမ်ထားရင် တစ်နေ့ကျပေါ်မယ် ဆိုတာ ဘာကြောင့်မတွေးမိတာလဲ၊ ဒီလောက်အသိုင်းအဝိုင်း ကျဉ်းကျဉ်းလေးထဲမှာ လိမ်ရဲရသလား မောင်ရယ်"





"မောင် မလိမ်ချင်ဘဲ လိမ်ရတာကတော့ မောင့်မှာ အကြံ ရှိနေလို့ပဲ။ မောင့်ကို ဦးလေးက ခေမာနဲ့ ယူသွားမှာစိုးလို့ စိတ်မချဖြစ်ပြီး သူကိုယ်တိုင် ဦးငွေသိမ်းကို လူကြီးချင်း စကားပြောစေ့စပ်ကြဖို့ အကြောင်းပြန်လိုက်တယ်၊ တစ်ပတ် အတွင်းပဲ ဦးငွေသိမ်း အိမ်မှာ နှစ်ဖက်မိဘဆွေမျိုးစုံညီနဲ့ စေ့စပ်စကားပြောဖြစ်သွားတယ်၊ စေ့စပ်ပွဲကိုတော့ မလုပ် တော့ဘူး။ သတင်းစာထဲလည်း မထည့်ဘူး၊ မင်္ဂလာဆောင် ကျမှ တကယ့်ကို ကြီးကြီးကျယ်ကျယ် လေးပွဲလောက် ဆက်တိုက်လုပ်ပြီး သတင်းစာထဲထည့်မယ်လို့ တိုင်ပင်ကြ တယ်၊ မောင်က အဲဒါကို အခွင့်ကောင်းယူပြီး ခေမာ့ကို မပြောဘဲနေတာပါ။ ခေမာ့ကိုပြောရင် ခေမာ မောင့်ကို ရှောင်သွားတော့မှာလေ။ မောင် စဉ်းစားထားတာက မောင် Part II ပြီးတာနဲ့ ခေမာ့ကို တရားရုံးမှာ လက်ထပ်မယ်၊ ကြေညာမယ်ပေါ့၊ ဒီနေ့စာမေးပွဲပြီး ညနေ အောင်စာရင်း ထွက် နောက်နေ့ ခေမာ့ကို လက်ထပ်၊ အဲဒီလိုကို မောင့် စိတ်ထဲမှာ စိတ်ကူးထားလို့ပါ ခေမာရယ်။ မောင် ခေမာ့ကို မလိမ်မညာချင်ဘဲ ညာရတာပါ"

ခေမာသည် မောင် ရှင်းပြသော စကားတွေထဲက "ခေမာနဲ့ယူသွားမှာစိုးလို့"ဟူသော စကားကို ကြားရလျှင် ရင်ထဲ မှာ တော်တော်ခံပြင်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဦးလေးက ဘာဖြစ်လို့ ခေမာ့ကို မလိုလားရတာ လဲ။ ဘာလဲ ခေမာက သူ့တူနဲ့ မတူဘူး မတန်ဘူးထင်လို့ လား"

"အဲဒီလိုမဟုတ်ဘူး ခေမာ။ ခေမာတို့ကလည်း သိပ်ပြီး ချောင်လည်ပြည့်စုံနေတဲ့ မိသားစုမဟုတ်ဘူး။ မောင်တို့က လည်း ခေမာတို့လောက်တောင် မပြည့်စုံတဲ့မိသားစုဖြစ်နေ တယ်လေ၊ ဒီတော့ အဖြစ်အပျက် အတူတူချင်း ယူမိသွား ကြရင် မောင်လည်း မောင့်မိဘကို ပြန်မကြည့်နိုင်ဘူး၊ ခေမာလည်း ခေမာ့မိဘကို ပြန်မထောက်ပံ့နိုင်ဘူး၊ ဒီတော့ အားလုံး အဆင်မပြေတဲ့ဘဝမှာ ဆက်ပြီးနေနေကြရမယ် တဲ့။ ခေမာ့ကို သူ သဘောတူပါတယ် ခေမာ့မိဘတွေကို လည်း ခင်ပါတယ်။ ဒါပေမဲ့ ဆွေမျိုးတော်ကြဖို့တော့ မဖြစ်နိုင်ဘူးတဲ့"

"မောင်က အဲဒါနဲ့ပဲ အလွယ်တကူ လက်ခံလိုက်ရောလား"

"မောင့်မှာ ရွေးစရာလမ်းမရှိဘူး ခေမာ။ ဦးလေးက သူ စီစဉ်တာ လက်မခံရင်ဆိုတဲ့ အကျပ်ကိုင်တာမျိုးတော့ မလုပ်ပါဘူး။ ဒါပေမဲ့ မောင်က ကတိတွေ လွန်ထားခဲ့မိ တယ်၊ ဦးလေးအိမ်မှာနေပြီး ကျောင်းတက်ခွင့်ရချင်လွန်းလို့ ဦးလေးအိမ် စရောက်ရောက်ချင်းမှာ ဦးလေးစီစဉ်တာမှန်





သမျှ နာခံပါမယ်။ ဦးလေး ပြောတာ နားထောင်ပါမယ်နဲ့ ကတိတွေ စွတ်ပေးထားခဲ့မိတော့ မောင် အခုချိန်မှာ ငြင်း လိုက်ရမှာ ရှက်နေတယ်၊ ဒီကောင် ကတိကို လွယ်လွယ် ပေးတဲ့ကောင်လို့ ထင်မှာကြောက်တယ်"

"ဒါဆိုလည်း ကတိတည်လက်စနဲ့တည်ပြီး ဦးလေးစီစဉ် ပေးတဲ့ အိမ်ထောင်ရေးကိုပဲ လက်ခံလိုက်ပါတော့၊ ခေမာနဲ့ ဓာတ်လမ်းက ပြီးနေပြီ"

"အဲဒီလို မရက်စက်ပါနဲ့ ခေမာရယ်။ မောင့်အခြေအနေက ခုချိန်မှာ ဦးလေးကို လုံးဝမှီခိုနေရတဲ့ အခြေအနေမို့ပါ။ မောင့်အဖေကလည်း လေတစ်ခြမ်းဖြတ်သွားတယ် ခေမာ။ ဆေးကုဖို့ စရိတ်တောင် ဦးလေးက ပေးထားရတာ၊ မောင် က ဘာကောင်မှ မဟုတ်သေးဘူး။ ကိုယ့်ဘဝကိုယ်လည်း မဖန်တီးနိုင်သေးဘူး။ မိဘအတွက်လည်း ဘာမှ အသုံးမကျ သေးဘူး။ အဲဒီလိုအချိန်မှာ မောင်တို့ကို ကယ်တင်ထားတဲ့ ဦးလေးကို စိတ်ချမ်းသာအောင် တစ်ခုခု ပြန်လုပ်ပေးတဲ့ သဘောနဲ့ မောင် သူ့အစီအစဉ်ကို လက်ခံရတာပါ ခေမာ ရယ်"

မောင်သည် ခေမာ့ပခုံးကို အသာထွေးကာဖက်ကာ ဆံပင်တွေထဲ သူ့မျက်နှာကို နှစ်ထားရင်း တဖွဖွတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ပါသည်။ ခေမာ အစတော့ သာယာယစ်မူးပြီး မောင့်ကို
လွှတ်လိုက်မိတော့မလိုလည်း ဖြစ်သွားပါသေးသည်။ ခေ
အားနည်းချက်က ဒါပဲ။ မောင့်ကို သိပ်ချစ်လွန်းပြီး မော
ထွေးပွေ့ချော့မော့လိုက်ရင်ပဲ အလွယ်တကူ ခွင့်လွှတ်နား
ပေးလိုက်ချင်စိတ် ရှိနေတာ။

ဒါပေမဲ့ ခေမာ မိန်းမောသာယာမှုကို ချက်
ထိန်းချုပ်ပစ်နိုင်သွားပါသည်။ မောင့် လက်မောင်းတွေထဲမှ
ထွက်လျက် မောင့်ရင်ဘတ်ကို ဆောင့်တွန်းထုနှက်ပစ်လိုက်

"မောင့်ကို ခေမာ လက်မထပ်နိုင်ပါဘူး၊ ဘာ
လက်ထပ်ယူရမှာလဲ။ မိန်းကလေးတစ်ယောက်နဲ့
ထားပြီးတဲ့ ယောကျ်ားတစ်ယောက်ကို ယူရလောက်
ခေမာ့မှာ သတ္တိမရှိဘူး"

"ခေမာ ... ခေမာ အဲဒီလိုမလုပ်ပါနဲ့ကွာ၊ မောင့်ကို
လည်ပေးပါ ခေမာရယ်"

"နားလည်တယ်လေ၊ ခေမာ နားလည်လို့လည်း မော
လက်မထပ်နိုင်တော့ဘူးလို့ပြောတာ၊ ခေမာနဲ့ မောင့်
က တူနေပြီလေ၊ နှစ်ယောက်စလုံးဟာ ပိုက်ဆံချမ်း
သူတွေကို လက်ခံလိုက်မှပဲ လိုချင်တာတွေ၊ ဖြစ်ချင်တာ
အကုန် ပြီးပြည့်စုံ အဆင်ပြေသွားမှာလေ၊ ဒီတော့



လည်း ကိုမိုးအာကာကို လက်ခံလိုက်ရုံပဲ ရှိတော့တယ်၊
အဲဒီနည်းက အကောင်းဆုံးပဲ။ အဲဒီနည်းနဲ့ ဖြေရှင်းပြီး
လမ်းခွဲလိုက်ကြရုံပဲ"

"သြော် ... ဘာလဲ ခေမာ။ ခေမာက မောင့်ဘက်က စပြီး
မှားမဲ့အမှားကို စောင့်နေတဲ့သဘောပေါ့ ဟုတ်လား။ မောင်
ကစပြီးမှားခဲ့ပြီ၊ ဒီတော့ ခေမာလည်း ဒီအမှားကို ထောက်
ပြပြီး အနိုင်ပိုင်းတော့မယ်ဆိုတဲ့ သဘောလား"

မောင်က ချက်ချင်း ဒေါသထွက်ကာ ခေမာ့ကို
န်၍ ရန်လုပ်ပါသည်။ ခေမာ့ရင်ထဲကို နာစေသော စကားကို
မင်ပြောတော့သည်။

"မိုးအာကာအိမ်ကို အဲဒါကြောင့် မသွားစေချင်တာပေါ့။
သွားတော့ အဲဒီအိမ်ရဲ့ နန်းတော်တမျှ ကြီးမားလှတာ၊
ခမ်းနားထည်ဝါလှတာတွေကို မြင်ရမယ်၊ ဒေါ်မိုးမြင့်ရဲ့
ပြုံးပြုံးပြက်ပြက် စိန်တွေကို မက်မောမယ်၊ မိုးအာကာရဲ့
မင်းနဲ့ ဂါ ယူတဲ့အခါ ဘာတွေပေးမယ်ဆိုတဲ့ မက်လုံးတွေ
ကို မက်မောလာမယ်လို့ထင်သားပဲ၊ ဒါကြောင့် မသွားပါနဲ့
တားတာ။ တားတော့လည်း ခေမာက မကြိုက်ဘူး။
ခေမာ သူ့ကိုလက်ခံလို့ရရင် အစတည်းက လက်ခံပြီးနေပြီ
တွေဘာတွေ ကြားကောင်းအောင်ပြောတယ်၊ အခုကျတော့

www.burmeseclassic.com



ဘာထူးလဲ နောက်ဆုံးတော့ ခေမာ အဲဒီလူကို လက်ခံတာ... မဟုတ်လား"

"မောင်လည်း ခင်ပြည့်စုံသိမ်းကို လက်ခံတာပဲ"

"ငါ ပြောသားပဲ၊ မင်းက ငါ့အမှားကို စောင့်နေခဲ့တာလို့"

"ခေမာ ကိုမိုးအာကာကို လက်ခံချင်ရင် အဲဒီအမှား... စောင့်နေစရာတောင်မလိုဘူး၊ မောင့်ကို စိတ်ကုန်ထဲတော... မထည့်ခင်ကတည်းက သူ့ကို လက်ခံလို့ရတယ်လို့ ဘယ်... ခါပြောရမလဲ"

"ဒါဖြင့်လည်း မင်းအစကတည်းက လက်ခံလိုက်ပါလား... ငါ့ကို ဘာလို့ လာရည်းစားတော်သေးလဲ"

"ဘယ်သူကမှ စဘူး၊ မောင်ပဲ စလာတာ၊ မှတ်ထား မိ... ကလေး ဆိုတာ ယောကျာ်းလေးကစမှ ပြန်ကြိုက်လို့... တာ"

"ဪ ... ဟုတ်လား၊ ငါမှားပါတယ်၊ ငါက မင်း... စကြိုက်မိတာ ငါ့အပြစ်ပါ"

ရာစုသစ်လည်း စိတ်ဆိုးဆိုးဖြင့် ရွဲ့ပြောကာ မင်း... ငါတွေ ဖြစ်လာသည်။ သို့သော် ဒီလို စိတ်ဆိုးပြီး အော်နေ... ဖြစ်နေရပေမဲ့ ခေမာ့ကို မချစ်ဘဲလည်း မနေနိုင်။ ခေမာ့ကို ချ... ချင်းပဲ ထွေးပွေ့ချော့မော့ချင်စိတ်တွေ ခဏခဏဖြစ်နေခဲ့သည်...





ဒါပေမဲ့ ခေမာကလည်း အလျှော့မပေး။ သူ့ အသည်း ...သားပြီး ဒေါသအလိပ်လိပ် တက်ရအောင်ပင် "မိုးအာကာကို ...က်ခံမယ်၊ မိုးအာကာကို ယူမယ်"ဆိုသော စကားကိုပဲ ထပ်ခါ ...ပ်ခါ ပြောနေသည်။

ခေမာ ဖြုန်းဆို ကားတံခါးဖွင့်ပြီး ဆင်းလိုက်လျှင် ...

"ဒါက ဘာဖြစ်တာလဲ"

"ခေမာနဲ့ ရှင် အခုချိန်ကစပြီး လမ်းခွဲပြီလေ၊ ဒီတော့ ခေမာ့ဘာသာ ဆိုင်ကို ပြန်မယ်၊ ရှင် လိုက်ပို့စရာ မလိုဘူး"

ရာစုသစ်သည် ခေမာ ဘာကြောင့် ဒီလောက်တောင် ...ာ်သားလို့ရသွားသလဲ ဆိုတာ စဉ်းစား၍ပင် မရတော့။

"ခေမာ ဘာဖြစ်တာလဲကွာ တက်ပါ၊ ဒီလောက်ပြဿနာ လေးနဲ့"

"ဘာပြဿနာလေးလဲ၊ ပြဿနာသေးသေးလေးမဟုတ်ဘူး။ အကြီးကြီးပါ။ ခေမာက စေ့စပ်ထားတဲ့သူ ရှိပြီးသား ယောကျာ်းတစ်ယောက်ကို ရည်းစားတော်ထားရတာ၊ ပြဿနာ အကြီးကြီးပါ၊ ဒါကြောင့် ခေမာပဲ စပြီး လမ်းခွဲ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာ မောင် လက်မခံဘူး၊ လမ်းမခွဲဘူး"

"ခေမာ ဒီနေ့ပဲ ကိုမိုးအာကာကို အဖြေပေးလိုက်တော့မယ်၊ ခေမာ့ကို ထပ်မနှောင့်ယှက်ပါနဲ့၊ ခေမာလည်း ရှင့်ကိုမနှောင့်ယှက်ပါဘူး"

ခေမာသည် ပြောပြောဆိုဆို ဘေးမှာ ဖြတ်နင်းသွားသော ဆိုက်ကားတစ်စီးကို အမြန်လက်တားရင်း ...

"ဆိုက်ကား ... ဆိုက်ကား အားလား ကျွန်မ ငှားချင်လို့"

ဟုလည်း လျှင်မြန်စွာ မေးလိုက်သည်။

"အားတယ် ဘယ်လဲ"

"ဟိုနားက ANGELS မုန့်ဆိုင်ပါ၊ ဈေးမမေးတော့ပါဘူး ကျွန်မ အရေးကြီးနေလို့"

ဆိုက်ကားနင်းသူက ကားပေါ်မှ ဆင်းလာပြီး ခါး ခပ်ပြေပြေထောက်ရပ်ကြည့်နေသော ရာစုသစ်ကို အကဲခတ်သလို ကြည့်ရင်း ခေမာ တက်ထိုင်စီးလိုက်တာနဲ့ မြန်မြန်နင်းလိုက်သည်။

"ခေမာ ... ခေမာ ... မင်း အဲဒီလိုအနိုင်နဲ့ ပိုင်းမသွားနဲ့"

ရာစုသစ်သည် ဆိုက်ကားနောက်မှ လေးငါးလှမ်း ပြေးလိုက်လာပြီး အော်ပြောမိသေးသည်။





ဒါပေမဲ့ လမ်းမကြီးမှာဖြစ်ပြီး ဒီလိုကြီးအော်ကျယ်ဟစ်ကျယ်တွေ ဆက်ပြောရမှာ ရှက်သဖြင့် ခေမာ လှည့်မကြည့်။ ပြီးလည်းမပြောသောအခါ သူ ဆက်ပြေးမလိုက်ရဲတော့ပါ။

ခါးကို ခပ်ပြေပြေထောက်ရင်း ခေါင်းခါမိကာ ရပ်ကြည့်ရုံကလွဲရင် သူ ဘာမှ မတတ်နိုင်ခဲ့တော့ပါ။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ကိုမိုးအာကာကို ခေမာ လက်ခံလိုက်ပါပြီ၊ အဲဒါ ပြော ချင်လို့ ခေမာ ဖုန်းဆက်ချိန်းတာပါ"

မိုးအာကာသည် သူ့ရှေ့မှာ ထိုင်နေသော ခေမာ၏ မျက်နှာကို အသေအချာတော့ အကဲခတ်မိသည်။ ပြုံးမနေရင်တောင် အမြဲလိုလို ရွှင်ပျနေဟန်ရှိသည့် ခေမာ့မျက်နှာဟာ အေးဆေးတည် ငြိမ်လှပြီး ခပ်ညှိုးညှိုးရှိလှတာကို သတိထားမိသည်။

"ကိုမိုးအာကာ ဘာမေးချင်နေလဲဟင်"

ခေမာလည်း ကိုမိုးအာကာ၏ သေသေချာချာ အကဲခတ်နေမှုကို အနေကျုံ့သလိုဖြစ်လျက် ပြန်မေးမိသည်။

"ခေမာ မပျော်ဘူး မဟုတ်လား"

"ရှင် ..."





"ကျွန်တော့်ကို လက်ခံလိုက်ရပေမဲ့ ခေမာ မပျော်ပါဘူး၊ အဲဒါတော့ ကျွန်တော် အကဲခတ်လို့ရပါတယ်"

"ကိုမိုးအာကာ"

"ပြောလေ ခေမာ၊ ဘာလဲ ပြောပါ"

"ခေမာ ကိုမိုးအာကာကို လက်ခံပါတယ်လို့ပြောတာ မှား သွားပြီလား မသိဘူး"

"ဘာဖြစ်လို့လဲ"

"ခေမာ့ဘက်က အချိန်တွေအကြာကြီးဆွဲထားပြီးမှ အခုမှ ဆိုင်းမဆင့်ဗုံမဆင့် အဖြေပေးမိတော့ ကိုမိုးအာကာအတွက် အဆင်မပြေတာတွေများ ရှိသွားလားမသိဘူး"

"ဘာအဆင်မပြေတာမျိုးလဲ"

"ဟို ... ကိုမိုးအာကာမှာ နောက်ထပ် ရွေးချယ်စရာ မိန်း ကလေးတစ်ယောက်လောက်တော့ ရှာတွေ့နေတာမျိုးရှိရင် ရှိနေမယ်လို့ ခေမာ တွေးကြည့်ဖို့ မေ့သွားတယ်"

မိုးအာကာက ပြုံးရယ်ရင်း ခေါင်းခါပါသည်။

"ကျွန်တော် ခေမာ့ကိုပဲ စောင့်နေခဲ့တာပါ"

"သြော် ..."

ခေမာ့ရင်ထဲမှာတော့ ငါဟာ ကိုမိုးအာကာလောက် ...ာင်းတဲ့၊ ပြည့်စုံတဲ့လူမျိုးကို ဘာကြောင့် ပျော်ပျော်ရွှင်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



မရွေးချင်ရသလဲလို့ အကြိမ်ကြိမ် မေးနေမိသည်။ မောင်လည်း သူ့လမ်းသူလျှောက် ခေမာလည်း ကိုယ့်လမ်းကိုယ်လျှောက်ဆိုပြီး ဆုံးဖြတ်လိုက်တာပါပဲ။ ဒါပေမဲ့ ခေမာ ဘယ်လိုမှ မပျော်နိုင်ဘူး လေ။

"ကိုမိုးအာကာက ခေမာ့ကိုသာ မပျော်ဘူး ပြောတယ် ကိုမိုးအာကာ ကိုယ်တိုင်ကလည်း သိပ်ပြီး စိတ်လှုပ်ရှား ပျော်ရွှင်သွားတာမျိုး မရှိဘူးနော်၊ ဘာလဲဟင် ခေမာ့ကို သိပ်လက်မခံချင်တော့တာလား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က အဲဒီလိုပါပဲ ရင်ထဲက ခံစားချက်ကို သိပ်ထုတ်မပြတတ်တာ အကျင့်ပါနေလို့ပါ ကျွန်တော် ပျော်နေပါတယ် ခေမာ။ ကျွန်တော်ချစ်မြတ်နိုးတဲ့ မိန်းကလေးဆီက လိုချင်တဲ့အဖြေရတာပဲ ပျော်တာပေါ့"

ခေမာသည် ကိုမိုးအာကာကို မရဲတရဲကြည့်ရင်း

"ခေမာ့ကို စကားတစ်ခွန်းတော့ မမေးပါနဲ့နော်"

ဟု တောင်းဆိုမိသည်။

"ဘာလဲ ကျွန်တော့်ကို ချစ်သလား ဆိုတဲ့စကားလား"

ခေမာ မဖြေရဲ၍ ခေါင်းလာညိတ်ပြမိသည်။

"မမေးပါဘူး ကျွန်တော် နားလည်ပါတယ်"

"ဘာကို နားလည်တာလဲဟင်"





"ကျွန်တော်က အင်း ... ဘယ်လိုပြောမလဲ ကိုယ်က ချစ်တိုင်း သူက ပြန်ချစ်ရပါစေရဲ့လို့ စိတ်ထဲမှာ သိပ်မမျှော်လင့်ထားတတ်ဘူး"

"ဒါဆို ကိုမိုးအာကာဘက်က တစ်ဖက်သတ်ကြီးပဲ တစ်သက်လုံးချစ်သွားနိုင်လို့လား"

မိုးအာကာသည် ခေမာ့ကို ခွင့်လွှတ်သလို ကြည့်လိုက်ရင်း အသာအယာ ဖြေပါသည်။

"အချစ်တွေ မေတ္တာတွေထက် သံယောဇဉ်ကို ကျွန်တော် ပိုယုံတယ်။ သံယောဇဉ်ဆိုတာက နှစ်ပေါင်းများစွာ ဖြည်းဖြည်းချင်းစုမိလာတာမျိုးလေ။ သံယောဇဉ်ကြိုးကို လွယ်လွယ်နဲ့ဖြတ်လို့မရဘူးဆိုတဲ့ စကားတောင်ရှိတာပဲ။ ဥပမာ ပြောမယ် ငယ်ငယ်လေးတည်းက မိဘနဲ့ကွဲသွားလို့ တခြားမိဘက မွေးစားခံလိုက်ရတဲ့ကလေးဟာ သူ အသက်ကြီးလာတဲ့တစ်နေ့မှာ မတော်တဆ တကယ်မိဘရင်းနဲ့ ပြန်ဆုံရတယ်ပဲထားပါ၊ သူ ဘယ်မိဘကို ပိုသံယောဇဉ်ရှိမလဲ၊ ပိုခင်တွယ်နေမလဲ ခေမာ စဉ်းစားကြည့်ပေါ့၊ မိဘရင်းမှန်းသိလို့ ချစ်ရမယ်ဆိုပြီး စိတ်ထဲမှာ ဇွတ်ချစ်ထားရတာရယ်။ မွေးစားမိဘက တစ်သက်လုံး ကိုယ့်ကို စောင့်ရှောက်လာခဲ့တာမို့ သူတို့ကိုတော့ ရင်ထဲအသည်းထဲကကို ချစ်နေတာရယ် နှစ်မျိုးမှာ ဘယ်ဟာက ပိုစစ်မှန်မလဲ"

www.burmeseclassic.com



ခေမာသည် ကိုမိုးအာကာ၏ လူကြီးဆန်ပြီး အရေး အခေါ် ပြည့်ဝသော စကားတို့ကို နားထောင်ပြီး ငါ ဒီလို အဖြေပေးတာမမှားပါဘူးလေဟု ကိုယ့်ကိုယ်ကိုယ် ကျိတ်အားပေး နေမိသည်။

သို့သော် ခေမာ့ရင်ထဲမှာတော့ မောင့်ကိုလွမ်းနေ သည်။ ခေမာနဲ့ မနေ့က စကားများကြပြီး ဒီနေ့ မောင် ရောက် လာချင်လည်း ရောက်လာနိုင်ပေမဲ့ ခေမာ မောင့်ကို မဆုံချင် သဖြင့် ...

"ငါ ... ဒီနေ့ နေသိပ်မကောင်းဘူးဟယ်၊ ဆိုင်ကိုမလာ တော့ဘူးနော်၊ နောက်နေ့တွေကျ ငါ ပိုလုပ်ပေးမယ်နော်"

ဟူ၍ သူငယ်ချင်းတွေကို ဖုန်းဖြင့် အကြောင်းကြား ထားလိုက်ကာ ဆိုင်ကို မသွားပါ။

ဆိုင်တော့ မသွားပေမယ့် ကိုမိုးအာကာကိုတော့ ဒီနေ့ပဲ အဖြေပေးလိုက်တော့မယ်လို့ ဆုံးဖြတ်ထားသည်မို့ ကိုမိုး အာကာဆီတော့ ဖုန်းဆက်ချိန်းမိသည်။

"ခေမာ လာခဲ့မလား၊ ကျွန်တော် လာခေါ်ရမလား"

"ခေမာ လာခဲ့မယ်၊ ရပါတယ်"

"ဒါဖြင့် ကျွန်တော့်ရဲ့ ကုန်တိုက်ဖွင့်ထားတဲ့ဆီပဲ လာခဲ့ပါ လား၊ ကုန်တိုက်ကိုလည်း ခေမာ တစ်ခါမှ မရောက်ဖူး





သေးဘူးလေ။ ကုန်တိုက်က သုံးထပ်အပြည့်ပေမယ့် အပေါ် ဆုံးထပ်မှာ တစ်ခြမ်းကိုတော့ ကော်ဖီတို့ အအေးတို့ရောင်း တဲ့ဆိုင်လေး ဖွင့်ထားတယ်၊ အဲဒီမှာ ထိုင်လို့ရတယ် ခေမာ"

"ဟုတ်ကဲ့၊ ခေမာ လာခဲ့မယ်နော်"

ဆိုပြီး အချိန်းအချက် ပြုလုပ်ကာ ခေမာ့ဟာ တစ်ခါမှ မရောက်ဖူးသေးသော ကိုမိုးအာကာ၏ ကုန်တိုက်ကြီးဆီ သို့ ထွက်လာခဲ့မိသည်။

လူစည်ကားသော မြို့လယ်ကောင်တစ်နေရာတွင် အဆောက်အအုံကြီးတစ်ခု၏ မြေညီထပ်မှစပြီး ပထမထပ်၊ ဒုတိယ ထပ်တို့ကို ကုန်တိုက်ကြီး ဖွင့်ထားခဲ့သော ကိုမိုးအာကာ၏ New Mart (နယူးမာ့ထ်)ကုန်တိုက်ကို ခေမာ ရောက်လာခဲ့သည်။ တက္ကစီတစ်စီးပေါ်က ဆင်းလာသော ခေမာ့ကို ကြိုစောင့်နေပုံရ သော ကိုမိုးအာကာသည် ခေမာ ကားပေါ်က ဆင်းလိုက်တာနဲ့ အနားရောက်လာခဲ့သည်။

"တက္ကစီ စီးလာရတယ် ခေမာရယ်။ ကျွန်တော် လာခေါ် ပေးမယ်လို့ ပြောသားပဲ"

"ရပါတယ်၊ တကူးတကကြီး ထွက်လာပြီး လာခေါ်နေရ မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်တိုက်ထဲ အရင်ဝင်ကြည့်ဦးနော်၊ ပြီးမှ အပေါ်ဆုံး[illegible] ဆိုင်လေးမှာ သွားထိုင်ကြတာပေါ့"

ဟု ကိုမိုးအာကာ စီစဉ်ပေးသလိုပဲ တန်ဖိုးကြီးပစ္စည်း[illegible] တွေသာ တင်ရောင်းသော သူ့ရဲ့ကုန်တိုက်ကြီးထဲ အရင်လှည့်[illegible] ကြည့်ရပါသည်။ ကုန်တိုက်ဖွင့်ရာ အဆောက်အအုံ၏ အပေါ်ထ[illegible] တွေမှာလည်း အားကစားခန်းမ ဖွင့်ထားတာတို့၊ ရုံးခန်းဖွင့်ထ[illegible] တာတို့၊ နာမည်ကြီး celebrity (ဆဲလီဘရိတီ)တွေပဲ လာ[illegible] သော ဒီဇိုင်နာ၏ အပ်ချုပ်ဆိုင်တို့၊ နာမည်ကြီး အလှပြင်ဆိုင်[illegible] စသဖြင့် ရှိနေသဖြင့် ကိုမိုးအာကာ၏ဆိုင်မှာ အဓိက,က[illegible] အနုပညာရှင်တွေ၊ အထက်တန်းလွှာ သူဌေးတွေပဲ ဝယ်နိုင်အော[illegible] ရည်ရွယ်ပြီး ဖွင့်ထားသော ကုန်တိုက်မျိုး ဖြစ်နေသည်။

"ခေမာ ဘာတွေ ငြိမ်တွေးနေတာလဲ"

ကိုမိုးအာကာ အသံကြားမှ ခေမာ အခုလော[illegible] ဆယ် အခြေအနေကို ပြန်သတိရသွားပါသည်။ အခုလော[illegible] ဆယ်မှာတော့ ခေမာသည် ဈေးကြီးသော ပစ္စည်းတွေသာ [illegible] ရောင်းသည့် New Mart ကုန်တိုက်ကြီးရဲ့ပိုင်ရှင် ကိုမိုးအာကာ[illegible] ဇနီးလောင်းဖြစ်ဖို့ သဘောတူပြီးနေပြီတဲ့။ ဘယ်လောက်အံ့[illegible] စရာကောင်းလဲ။





"ကိုမိုးအာကာရဲ့ ကုန်တိုက်က သိပ်ဈေးကြီးတဲ့ ပစ္စည်းတွေပဲ ရောင်းတော့ လူတိုင်းမဝယ်နိုင်ဘူးလို့ တွေးနေတာပါ"

ခေမာ စကားကိုလှအောင် လွှဲပြောလိုက်မိသည်။

"ဒါက သီးသန့်ဖွင့်တဲ့ သဘောပေါ့။ နိုင်ငံခြားမှာလည်း ရှိတယ်လေ၊ အနုပညာရှင်တွေ သူဌေးတွေပဲ ဝယ်ကြတဲ့ ရှော့ပင်းစင်တာ သတ်သတ်ရှိတယ် ခေမာရဲ့။ သာမန်လူတန်းစားတွေဝယ်တဲ့ ရှော့ပင်းစင်တာက သတ်သတ်ကိုရှိတာ။ သူတို့က ဟိုလူမဝင်ရ၊ ဒီလူမဝင်ရ ဆိုပြီး စည်းခြားထားတာတော့ မဟုတ်ဘူးပေါ့။ Celebrity တွေဝယ်တဲ့ ဆိုင်ကို သာမန်လူတန်းစားက ဘယ်ကပ်နိုင်မလဲ။ အဲဒီမှာ ရောင်းတဲ့ အင်္ကျီတစ်ထည်ကို ဒေါ်လာထောင်နဲ့ချီနေတာ ဆိုတော့ အင်္ကျီတစ်ထည်ကို ဒေါ်လာငါးဆယ် ခြောက်ဆယ် အလွန်ဆုံး ဒေါ်လာတစ်ရာထိပဲ ပေးပြီးဝယ်နိုင်တဲ့ သာမန်လူတွေက အဲဒီဆိုင်ကို တကူးတက ဘယ်ဝင်ကြည့်နေတော့မလဲ။ ကျွန်တော်လည်း အဲဒါကို အတုခိုးပြီး ဖွင့်တာပါ။ ဒါကြောင့် အနုပညာရှင်တွေ၊ သူဌေးတွေ အလာများတဲ့ နေရာမျိုးမှာ တမင်ဖွင့်တာပါ၊ နောက်ထပ် ကုန်တိုက်တစ်ခု ထပ်ဖွင့်ဖို့ ပြင်ဆင်နေပါပြီ၊ New Mart II (နယူးမာ့တ်



www.burmeseclassic.com

www.burmeseclassic.com



တူး)ပေါ့။ အဲဒီဆိုင်ကတော့ လူတန်းစားမရွေး ဝယ်နိုင်
ပစ္စည်းမျိုးတွေ ရောင်းမဲ့ဆိုင်ပါ"

စကားပြောလျှင် ပြုံးနေတတ်ပြီး စိတ်ရှည်စွာ ပြော
တတ်ပုံလည်းရသော ကိုမိုးအာကာဟာ ခေမာ ခုလေးတင် သူ
ကို လက်ခံပါမယ်လို့ အဖြေပေးလိုက်သည်ကို ခေါင်းထဲ သိပ်
ပုံမရဘဲ ခေမာ့ကို ပြောရိုးပြောစဉ်သာ စကားပြောနေတဲ့ပုံ ဖြ
နေသည်။ သူဟာ စိတ်လှုပ်ရှားမှုနည်းပြီး သွေးအေးအေးနဲ့ ရှ
ဆိုင်ဖြေရှင်းတတ်သူပါလား။

မောင်ကတော့ အဲဒီလို မဟုတ်ဘူး။ အမြဲတက်ကြွ
နေတာ။ အမြဲပူလောင်နေတာ။ ဒေါသဖြစ်စရာရှိလည်း ချက်ချင်း
ထစ်ခနဲ ဖြစ်တတ်တာ။ ပေါက်ကွဲစရာရှိလည်း မနေ့ကလိုပေါ့
ချက်ချင်း ပေါက်ကွဲပစ်လိုက်တာ၊ ပျော်စရာ စိတ်လှုပ်ရှားစရာ
ရှိလည်း ဟန်မဆောင်ဘူး။ တဟေးဟေး တဟားဟားနဲ့ ထခုန်
ပြီး ရယ်မောပစ်လိုက်တာ။ ခေမာကတော့ မောင့်အမူအရာတွေ
မှာ အသားကျလျက် ကိုမိုးအာကာကို အားမလို အားမရတော့
ဖြစ်နေမိသည်။

"ကျွန်တော် ကြီးကြီးကို အသိပေးလိုက်တော့မယ်နော်
ခေမာ"





ခေမာ့ကို ပြန်လိုက်ပို့သောအခါ ကားထဲမှာ အတွေ
းစီးလာရင်းမှ ကိုမိုးအာကာက အတည်ပြုချင်သလို ထပ်မေး
လိုက်သည်။

"ကိုမိုးအာကာ သဘောပါ၊ ခေမာက ကိုမိုးအာကာ လို
ချင်တဲ့ အဖြေကိုပေးပြီးပြီလေ။ ကြီးကြီးကို ကြိုက်တဲ့
အချိန် အသိပေးလိုက်ပါ"

"ဒီနေ့ပဲ အသိပေးမယ်"

"ခေမာလည်း ဒီနေ့ပဲ အဖေအမေတို့ကို အသိပေးလိုက်
မယ်နော်"

"ခေမာ့သဘောပါ"

"ကိုမိုးအာကာ ခေမာ့ မိဘတွေကို ဘယ်လိုမြင်လဲ"

ခေမာ ရုတ်တရက် မေးချလိုက်တော့ မိုးအာကာ
ကြောင်တတ်သလို ဖြစ်သွားပါသည်။

"ခေမာ ဘာကို မေးတာလဲ၊ ဘယ်လိုမြင်လဲ ဆိုတာ ဘာ
ကို မေးချင်တာလဲဟင်"

"ကိုမိုးအာကာ အနေနဲ့ အထင်သေးစရာများ ဖြစ်နေလား
လို့"

"ဘာကို အထင်သေးစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောမယ်လေ၊ သမီးဖြစ်တဲ့သူနဲ့ ကိုယ်တိုင် ကြိုတင်သဘောတူပြီး ကိုမိုးအာကာကို ပေး ဆက်ဆံတာ ကိုမိုးအာကာလည်း ရိပ်မိမှာပါ။ ဆိုတော့ ကိုမိုးအာကာ စိတ်ထဲမှာ အထင်သေးမိလား အဖေ အမေ ဖြစ်ပြီး ကိုယ့်သမီးကိုယ် လင်ကောင်း ပေးစားဖို့"

"ဟာ ...။ ဟာ ...။ ခေမာ မပြောပါနဲ့ အဲဒီလို ပြောပါနဲ့၊ ကျွန်တော့် စိတ်ထဲမှာ လုံးဝ အဲဒီလိုမရှိပါ

ကိုမိုးအာကာက ခေမာ ပြောလက်စ စကား လက်ကာ၍ တားလိုက်ပြီး ဖြေရှင်းပါသည်။

"မိဘဆိုတာ ဒီလိုပဲ ကိုယ့်သားသမီး ကောင်းစားဖို့ လိုလုပ်ပေးရမလဲပဲ စဉ်းစားနေတတ်ကြတယ်ဆိုတာ တော် နားလည်လို့ ရပါတယ်။ အန်ကယ်လ်တို့ အန်တီ ကျွန်တော် ခေမာ့ရဲ့ မိဘတွေအဖြစ် လေးစားပါတ အထင်လည်း မသေးပါဘူး"

ထိုသို့ကြားလိုက်ရမှ ခေမာ ရင်အေးသွားသည် ခေမာ့ရင်ထဲမှာ စိုးရိမ်နေတာက အဲဒါပဲ။ သူက ပိုက်ဆံသိ သာပြီး သိပ်မြင့်မားလွန်းနေတဲ့အခါ ခေမာတို့အပေါ် အထင် စရာတွေ ရှိနေမယ်၊ နှိမ်ချကြည့်ချင်စရာတွေ ရှိနေမယ်။ အ





ဖြင့် သူ့အပေါ် သိသိသာသာကြီး အရေးပေးအောင်သွယ်ချင် အမေ့ကို အရိုအသေတန်နေမယ် ဆိုတဲ့ စိုးရိမ်စိတ်တွေ ရှိနေ ပါသည်။

ကိုမိုးအာကာ ခေမာ့ကို အိမ်တိုင်ရာရောက် ပြန်ပို့ သောအခါမှာ ခေမာ မမျှော်လင့်ထားတာကို ကြုံရသည်။ ဒါကတော့ မောင့်ကိုတွေ့လိုက်ရတာဖြစ်သည်။ ခေမာတို့တိုက်နှင့် ကျက်စောင်းထိုးမှာရှိသော စာအုပ်အငှားဆိုင်၊ ဗီဒီယိုခွေ အငှားဆိုင် ဆးရှေ့ရှိ သစ်ပင်အောက် ဝါးကွပ်ပျစ်တွင် လက်ပိုက်ကာ သစ် င်၏ပင်စည်ကို မှီထိုင်နေခဲ့သော မောင့်ကို ခေမာ ကားပေါ်မှ တ်ခနဲ လှမ်းတွေ့လိုက်ရတော့ တုန်လှုပ်သွားမိသည်။

မောင်က ခေမာ ဒီကားပေါ် ပါလာတာကို မသိ။ ခေမာတို့ အခန်းရှိရာ အထပ်ဆီသာ ရှုးစိုက်ကြည့်ပြီး ခေမာ ကျက်အလာကို စောင့်နေပုံရသည်။ ခေမာသည် ကားရပ်ပြီးတာ ဘောင် တံခါးဖွင့်ဆင်းရမှာ ရွံ့နေပြန်သည်။ မောင့်ရှေ့မှာ ခေမာ က BMW (ဘီအမ်ဒဗလျူ)ဆိုတဲ့ ကားအကောင်းစားကြီးပေါ်က ဆင်းပြရမှာတဲ့လား။ ခေမာ့ ရင်ထဲ တုန်ခိုက်နေပြီး ငိုချင် သာသည်။ အို ... ခေမာ ခံနိုင်ရည် မရှိသေးပါလား။ ဒါမျိုး ကောက်ဆို အကြိမ်ကြိမ် အခါခါ ကြုံရဖို့ရှိမှန်း သိပေမယ့် ခေမာ ခု ရင်မဆိုင်ရဲသေးပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်တို့ အန်တီတို့ ရှိလား ခေမာ။ ကျွန် ဆင်းပြီး နှုတ်ဆက်မယ်လေ"

ကိုမိုးအာကာက အခြေအနေကို မရိပ်မိဘဲ တစ်စုံတစ်ခု တောင်းဆိုချင်၍ တုံ့နှေးနေသည်ဟုထင်က လာပါသည်။

"အဖေနဲ့အမေ ဒီအချိန်ဆို မရှိပါဘူး။ ရုံးခန်းသွာ ပြီ"

"ဒါဆို ကျွန်တော် လိုက်မလာခဲ့တော့ဘူးနော်၊ ခေ ကျွန်တော် မနက်ဖြန်ကျမှ မိုဘိုင်းလ်ဖုန်းတစ်လုံး လာ မယ်"

"ရှင်"

"ခေမာနဲ့ ဆက်သွယ်လို့ရအောင်လေ၊ ခေမာလည်း ကျွ တော့်ကို ပြောချင်တာလေးတွေ ပေါ်လာရင် ချက်ချ ဖုန်းကောက်ပြောလို့ရအောင်ပေါ့။ နောက်မို့ အောက် စတိုးဆိုင်ဆင်းပြီး ဆက်နေရမယ်"

"ခေမာ ... ခေမာ ... မိုဘိုင်းလ်ဖုန်း မလိုဘူးထင်တ"

"မလိုတာ မရှိပါဘူး လိုလာမှာပါ၊ ကျွန်တော် လာပေး နော်၊ မနက်ဖြန် မုန့်ဆိုင်မှာ ရှိမလား"

"ဟုတ်ကဲ့"





"အိုခေ ... ဒါဆို ကျွန်တော် ဆယ်နာရီလောက် လာခဲ့မယ်"

ခေမာ နောက်ဆုံးတော့ ကားတံခါးဖွင့်ပြီး ဆင်း က်ရပါသည်။

ငွေမင်ရောင် ပြောင်လက်နေသော ကားကြီးကို ကိုင်း သတိထားမိကြသလိုပဲ မောင်လည်း သတိထားမိပြီး ထူးသဖြင့် ခေမာတို့တိုက်ရှေ့မှာ ဝင်ရပ်တာမို့) ကြည့်နေသဖြင့် မာ ဆင်းလာသည်ကို မြင်သွားပါသည်။ ခေမာသည် မောင့်ဆီ ည့်တည့် မကြည့်မိအောင် ကြိုးစားရင်း ဖျတ်ခနဲ တိုက်လှေ ားတွေကို မြန်မြန်ပြေးတက်လာခဲ့မိသည်။ မျက်လုံးထောင့်မှာ တော့ ချက်ချင်း ခုန်ထလိုက်ကာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသော ောင့်ကို ခေမာ မြင်ဖြစ်အောင် မြင်လိုက်ရသည်တည်း။

ခေမာသည် အယိုင်ယိုင် အလဲလဲ ဖြစ်နေသော ခြေလှမ်းတွေဖြင့် လှေကားတွေကို ပြေးတက်လာခဲ့မိသည်။ အိမ် ခါးသော့ဖွင့်၊ အိမ်ထဲဝင်။ အိမ်ထဲရောက်ရောက်ချင်း လူက ခြေမခိုင်တော့သလိုဖြစ်လျက် နေရာမှာတင် ခွေလဲထိုင်ချလိုက်မိ သည်။ ခေမာ အဲဒီနေရာလေးမှာ မိုထိုင်ရင်း နာရီပေါင်းများစွာ င်ကြွေးနေခဲ့မိလေသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



၁၅

ရာစုသစ်ကလည်း ခမော့ကို နာနာကြည်းကြည်း ဖြင့် လာတွေ့ဖို့၊ ရင်ဆိုင်ဖြေရှင်းဖို့ မကြိုးစားဘဲ ရှောင်သွား သည်။ ငါ့ဘက်က မလွှဲမရှောင်သာလို့ လက်ခံလိုက်ရတဲ့ အခြေ အနေတစ်ခုကို အကြောင်းပြုပြီး ခမော ဒီလိုမလုပ်သင့်ဘူး။ မိုး အာကာကို ချက်ချင်း လက်မခံလိုက်သင့်ဘူးဟု တွေးကာ စိတ် နာပြီးရင်းနာလျက် ခမော့ကို သွားမတွေ့တော့တာ အကောင်းဆုံး ဟု ဆုံးဖြတ်လိုက်ပါသည်။

ဆေးရုံသွား၊ စာသင်စရာရှိသင်၊ လူနာစမ်းစရာစမ်း ဖြင့် သူ့ရဲ့ပုံမှန် နေ့ရက်တွေကို ဖြတ်သန်းပါသည်။ ခမော့ ဖျတ်ခနဲ သတိရတိုင်း မိုးအာကာ ကားပေါ်က ဆင်းလာတဲ့ မြင် ကွင်းကို ပြန်မြင်ယောင် စိတ်နာပြီး တမင်မေ့ပစ်လိုက်ပါသည်





ဒါပေမဲ့ စိတ်ထဲကသာ မေ့ချင်ဟန်ဆောင်နေရတာ သည်။ သူ့ရင်ထဲမှာ ဘယ်လိုမှ မပျော်။ သူ့နှလုံးသားဟာ ယ်လိုမှ အေးစက်ချင်လို့မရ။ "ခမော"ဆိုတဲ့ အမည်နာမတစ်ခု ယောင်ယမ်းပြီး နှလုံးသားမှာ ခေါ်ကြည့်လိုက်တိုင်း နွေးထွေး က်ခုန်နေတော့သည်။

နောက်ဆုံးနှစ် အပိုင်း(ခ) (Final Part II)တက်ရ ည်မို့ စာတွေကလည်း ခက်ခဲများပြားလှကာ စာအုပ်နဲ့မျက်နှာ ရအောင် ကျက်မှတ်တာတောင် စာတွေက မပြီးနိုင်၊ မကုန် င်၊ သင်ယူလို့ မဆုံးနိုင် ဖြစ်နေရသဖြင့် အားလပ်ချိန်က ရှား းလှသည်။ အဲဒီလို ရှားပါးတာတောင် ဦးနှောက်က ဘယ်တော့ မအားရတာတောင် ရာစုသစ်ဟာ ခမော အကြောင်းကိုတော့ ခေါင်းထဲမှာ ပျောက်မရအောင် တသသ တွေးချင်နေမိသည်။

ဒီအချိန်ဆို ခမော ဘာလုပ်နေမလဲ ?။ ကိတ်မုန့် ဆိုင် အနောက်မှာရှိတဲ့ Kitchen (ကစ်ချင်း)ထဲမှာ မုန့်လုပ်သော ven (အာဗင်)ကြီးတွေနဲ့ အလုပ်ရှုပ်နေမလား။

အော်ဒါလာအပ်ထားတဲ့ ကိတ်မုန့်တစ်လုံးကို လှလှ ပ စိတ်ကူးကောင်းကောင်းနဲ့ ပြင်ဆင်ဖို့ စိတ်ဝင်စားနေမလား။

ဒါမှမဟုတ် သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ထိုင်ပြီး ဟို အကြောင်း ဒီအကြောင်း ပြောနေမလား။ ခမော ပျော်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဇါလိုပဲ ပျော်ချင်ဟန် မော့ချင်ဟန်ဆောင်ပြီး ရှင်
မှာတော့ ငိုကြွေးနေမလား။ ငါ့ကို သတိရနေမလား။

"ရှင့်ကို ခေမာ ချစ်လို့ရပါတယ်"

ဟု အဖြေပေးခဲ့စဉ်တုန်းက ခေမာ ပေးသောအ
ကြောင့် ...

"ဟ ... ဘယ်လိုကြီးလဲကွာ၊ ချစ်ပါတယ်လို့ ကြားရမ
ထင်တာ။ ချစ်လို့ရပါတယ်တဲ့၊ ဟား ဟား ... ဒါဖြင့် မ
လို့လည်း ရပါတယ်လို့ ဆက်ပြောမယ် ထင်တယ်"

ရာစုသစ်မှာ ခေမာ့ စကားအဆန်းကို တအံ့တ
ပြန်ဝေဖန်မိသေးတာကို သတိရမိပြန်သည်။

"အံမယ် ... မုန်းစေချင်လို့လား၊ ရတယ်နော်၊ ဒါဆိုလည်း
မုန်းလိုက်လို့ ရတယ်"

"ဟာ ... ဟာ ... ဟာဗျာ၊ မလုပ်ပါနဲ့၊ မုန်းတော့မ
လိုက်ပါနဲ့။ ချစ်တဲ့စကားပဲ ကြားချင်တာပါဗျာ"

ခေမာနဲ့ကျမှ အချစ်ဆိုတာကို သေသေချာ
ခံစားလာတတ်သော ရာစုသစ်သည် တစ်နေ့ကျရင်တော့ ခေ
ကို ဒီလိုပုံစံမျိုးနဲ့ လမ်းခွဲရလိမ့်မည်ဟု ထင်ကိုမထင်ခဲ့မိ
ကျောင်းပြီးရင် ဘာမှစဉ်းစားမနေတော့ဘဲ ခေမာ့ကို လက်ထ
မည်။ ဘဝကို ရင်ဆိုင်မည်။ ခေမာ ရှိနေခဲ့ရင် ဘာကိုမှမ





ကျော်ဖြတ်ရဲသည် စသဖြင့် ဘယ်သူ့အတွက်မှ ခေါင်းထဲမထည့်၊ ထည့်လည်း မတွေးခဲ့ဘဲ သူတို့နှစ်ယောက်ဘဝ ထူထောင်ရဖို့ကိုသာ သူ့ခေါင်းထဲမှာ ရှိနေခဲ့သည်။

သို့သော် ...

"အဖေ လေဖြတ်သွားတယ် သားကြီးရယ်၊ အမေတို့လည်း ရှိသမျှ လက်ဝတ်လက်စားတွေ ထုခွဲရောင်းချပြီး ကုတာပါပဲ၊ မင့်ညီမဆို နားပေါက်ဟောင်းဟောင်း ဖြစ်နေလို့ နားကပ်တုလေးတွေ ဝယ်ပန်နေရတယ် ...

မင်းဦးလေးကို မဖြစ်မနေ အသိပေးမိတော့ သူက စော်တော်စိတ်သဘောကောင်းပါတယ်ကွယ်။ အမေ ဘာမှ တောင် အကူအညီမတောင်းရသေးဘူး။ ချက်ချင်း ပိုက်ဆံ ပို့ပေးပြီး ကုခိုင်းပါတယ် ...

ကျွန်တော် ရှာထား ဖွေထားတဲ့ ပိုက်ဆံတွေဟာ ကျွန်တော်မရှိရင် အစ်ကိုကြီးနဲ့ ညီမကိုပဲ ခွဲဝေပေးရမှာမို့ အစ်ကိုကြီး ဆေးကုစရိတ် ကုန်ရတာကို မနှမြောပါဘူး။ ပေးနိုင်ပါတယ် လိုသလောက် ထပ်မှာပါတဲ့။ ကဲ ... သားကြီး စဉ်းစားကြည့်တော့၊ ဒီလောက်ကောင်းတဲ့ လူမျိုး ရှိဦးမလား၊ သားကြီးပညာရေး နေရေး စားရေးလည်း အကုန်တာဝန်ယူထားရုံမကဘူး သားအဖေရဲ့ ဆေးက



www.burmeseclassic.com

www.burmeseclassic.com



စရိတ်ကိုပါ အစစ်ဆေး အမေးမြန်းမရှိ ကူညီထားတဲ့လူ ကွယ်။ ဒီတော့ သားကြီးလည်း မင့်ဦးလေး စကားကို နားထောင်လိုက်ပါ၊ သူ အမေတို့ကို အသိပေးထားတယ်။ မင်းကို သူ့သူငယ်ချင်းသမီးနဲ့ စီစဉ်ပေးချင်တာကို မင်း က ငြင်းနေတယ်တဲ့။ သူက မိသားစုအားလုံး ကောင်းစား ဖို့ မင်းကို အဲဒီကောင်မလေးနဲ့ ယူစေချင်တယ်တဲ့။ သူ တော်တော် သဘောတူနေတာမို့ သားကြီး သူ့ကို ကျေးဇူး ဆပ်တဲ့အနေနဲ့ သူ စီစဉ်ပေးချင်တာကို လက်ခံပေးလိုက် ပါ သားကြီးရယ်”

ဟူသော စာမရေးစဖူး ရေးလာသည့် အမေ့ဆီက စာတစ်စောင်ရယ်၊ ဦးလေးရဲ့ နေ့တိုင်းလိုလို မေးနေသော ...

“ဘယ်လိုလဲကွ၊ ငွေသိမ်း သမီးနဲ့ လူကြီးချင်း စကား ပြောကြဖို့ ငါ အကြောင်းပြန်လိုက်ရတော့မလား”

ဟူသည့် မေးခွန်းရယ်ကြောင့် ရာစုသစ်လည်း ကြ ရာမရဖြစ်ပြီး ပြီးပြီးရော သဘောနဲ့ အလွယ်တကူပင် ရှေ့နောက် ဘာမှမစဉ်းစားဘဲ ခေါင်းညိတ်လိုက်မိတာဖြစ်သည်။ လောလော ဆယ် ဦးလေးကို မှီခိုပြီး ကပ်နေနေရသည်မို့ ဦးလေး စိတ်ကျေ နပ်အောင် တစ်ခုခု ခဏလုပ်ပေးထားမိလိုက်တဲ့ သဘောလည်း ပါပါသည်။





အခုကျတော့ ခေမာ မသိအောင် ဖုံးထားပါရက် ခေမာ သိသွားသောအခါ ခေမာကလည်း ပြန်အရွဲ့တိုက်သဖြင့် နှစ်ဦးနှစ်ဖက် လွန်ကုန်ကြပြီ။ ရာစုသစ်ဘက်မှာလည်း ခင်ပြည့်စုံ သိမ်း ရှိနေသလို ခေမာ့ဘက်မှာလည်း မိုးအာကာ ရှိနေပြီတည်း။

ခေမာနဲ့ မတွေ့အောင်ရှောင်ရင်း နေ့ရက်တွေကို ကက်ခဲစွာ ဖြတ်သန်းခဲ့တာ တစ်လတောင် ရှိလေပြီ။

တစ်လလုံးလုံး ခေမာ့ကို မတွေ့ရဘဲ နေခဲ့နိုင်သည့် ရာစုသစ်သည် သူ့ကိုယ်သူ ဒီတိုင်းဆက်မတွေ့ဘဲနေဖို့ စိတ်တင်း ထားနိုင်ခဲ့ပြီလို့ ထင်မိနေစဉ် တစ်ရက်မှာတော့ ...။

ခေမာ့ကို မြသော်တာနှင့်အတူ ဈေးဝယ်နေတာ တွေ့လိုက်ရသည်။ အဲဒီနေ့က ရာစုသစ် ကျောင်းကအပြန်မှာ စူပါမားကပ်တစ်ခုကို ခဏဝင်တာဖြစ်သည်။ ညဘက် စာကျက် ချင် ကော်ဖီကို ဓာတ်ဘူးအလတ်စား တစ်ဘူးထဲ ဖျော်ထည့်ပြီး သောက်ကာ စာကျက်သဖြင့် အိမ်မှာ ကော်ဖီမှုန့်ကုန်နေတာနဲ့ စူပါမားကပ်မှာရောင်းသော Nescafe Gold (နက်(စ)ကဖေးဂိုးလ်) ကော်ဖီပုလင်းကို ဝင်ဝယ်တာလည်း ဖြစ်သည်။

ဒါ့အပြင် ဦးလေး မှာထားသော ဘီယာသောက် ချင်မြည်းသည့် ဆိတ်သားအမွှကြော်တို့၊ မြေပဲကြော်တို့လည်း ယ်ရမှာမို့ ဈေးဝယ်ခြင်းတောင်းတစ်လုံးကိုင်ကာ စူပါမားကပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတန်းထဲ၊ ဟိုရှာ ဒီရှာဖြင့် ကြည့်နေစဉ်မှာ သူ့မြင်ကွင်းထဲကို မြသော်တာနှင့် ခေမာ ဝင်လာတာဖြစ်သည်။

ရာစုသစ်သည် ရုတ်တရက်တော့ ဝမ်းသာအား နှုတ်ဆက်လိုက်မလို့ ပြင်မိပေမယ့် သူ နှုတ်ဆက်ခွင့် မရလိုက် ခေမာက သူ့ကို မြင်မြင်ချင်း မြသော်တာကိုတောင် မစောင့်ဘဲ ချက်ချင်းပုန်းရှောင်သွား၍ပင်။

မြသော်တာ တစ်ယောက်တည်း ကြောင်အမ်းအမ်း ဖြင့် ရာစုသစ်ကို ရယ်ပြတော့မလိုလို၊ နှုတ်ဆက်ရတော့မလိုလို ဖြစ်ကာ ရပ်ကြည့်နေလျှင် ရာစုသစ် ရင်ထဲမှာ ခေမာ့ကို ဒေါသ ဖြစ်သွားပါသည်။

ငါက ဘာဖြစ်နေလို့ ဒီလောက် ပုန်းရှောင်နေရတာလဲ၊ ငါနဲ့ ရင်မဆိုင် တွေ့ချင်ရလောက်အောင် ဘာများမုန်းစရာ ရှိလို့လဲ။

"မြသော်တာပါလား၊ မတွေ့တာတောင် ကြာပြီ။ ဘယ်လို လဲ နေကောင်းကြလား"

မြသော်တာမှာ အင်း … အဲနှင့် ရုတ်တရက် ဘာ ပြေရမှန်း မသိသလို ဖြစ်နေလျှင် …

"နေကောင်းလား မေးတာပါဗျာ၊ ခေမာ ဘာဖြစ်လို့ ကျွန် တော့်ကို မြင်တာနဲ့ ထွက်ပြေးသွားသလဲလို့ မမေးပါဘူး"





ခေမာ့အပေါ် ဖြစ်နေသော ဒေါသတွေပုံပြီး မြသော် တာကို ခနဲ့တဲ့တဲ့ ပြောမိတော့လေသည်။

"ကိုရာစုသစ် ဘာလာဝယ်တာလဲ"

"ကော်ဖီမှုန့်တို့ ဘာတို့ပေါ့၊ မြသော်တာတို့ကရော ဘာ လာဝယ်တာလဲ"

"ခေမာက အဖော်လိုက်တာပါ။ သော်တာက ဝယ်စရာလေး ရှိလို့ ဝယ်တာလေ"

"ဆိုင်အစောကြီး ပိတ်ခဲ့တာလား"

"ဆိုင်ကလေ အခု အဲဒီနေရာမှာ မဖွင့်တော့ဘဲ နေရာပြောင်း မှာမို့ ခဏ နားထားတယ်"

"နေရာပြောင်းမှာ ဟုတ်လား၊ ဘယ်နားပြောင်းဖွင့်မလို့ လဲ"

"ဟို … အဲ … ကုန်တိုက်အသစ်တစ်ခုမှာ ကောင်တာဖွင့် ပြီး တင်ရောင်းမှာပါ။ အခုလက်ရှိ ငှားထားတဲ့အခန်းကို တော့ မုန့်ဆိုင် မလုပ်တော့ဘဲ မုန့်လုပ်တဲ့နေရာအဖြစ်ပဲ ထားတော့မယ်"

"ဘယ်ကုန်တိုက်မှာလဲ၊ ဖွင့်ရင် လာဝယ်မယ်လေ"

"ကုန်တိုက်က အသစ်ပါပဲ၊ ကုန်တိုက်ဖွင့်ပွဲ လုပ်မဲ့နေ့မှာ ANGELS မုန့်ဆိုင်ပါ တစ်ပြိုင်တည်းဖွင့်မှာပေါ့။ သော်တာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခေမာပဲ အခု ဦးစီးပြီး လုပ်နေရပြီလေ။ ကျန်တဲ့ နှင်း နှင်းရီတို့ သဉ္ဇာလွှင့်တို့ ခင်လေးငယ်တို့က မုန့်ဆိုင်အလုပ် ကို စိတ်မပါကြတော့ဘူး။ တခြားလုပ်ငန်းတွေပဲ လုပ်တော့ မှာမို့ အခု ANGELS ဆိုင်က သော်တာနဲ့ ခေမာပဲ ဆက် လုပ်နေတာပါ"

ခေမာ ပြောပြဖူးတာကို သွားသတိရသည်။ နှင်း ယောက်တည်း ဦးစီးပြီး လုပ်မယ်ဆိုရင် ကုန်ကျစရိတ် တစ်ယောက် တစ်ဝက်တော့ မျှခံရမှာတဲ့။ ခေမာ့မှာ ဘယ်လိုလုပ် ပိုက်ဆံအများ ကြီး ရှိမှာလဲတဲ့။ ခေမာ အဲဒီလို ပြောဖူးတာ မှတ်မိသဖြင့် အခု တော့ ခေမာဟာ တစ်ယောက်တစ်ဝက် မျှခံနိုင်လောက်အောင် မိုးအာကာ ပိုက်ဆံထုတ်ပေးထားပြီပေါ့လို့ တွေးမိသွားကာ ရာဇ သစ် ရင်ထဲမှာ နာကျင်သွားသည်။

"ခေမာ့ကို မိုးအာကာက အကူအညီ ပေးနေပြီပေါ့ ဟုတ် လား မြသော်တာ။ ခေမာနဲ့ မြသော်တာ တစ်ယောက် တစ်ဝက် မျှခံပြီး ဆိုင်ဖွင့်ဖို့ မိုးအာကာက ခေမာ့ဘက်က တာဝန်ယူပေးနေပြီပေါ့"

ရာဇသစ်သည် စိတ်ထဲတွေးမိတာကို ချက်ချင်းပဲ ထုတ်မေးလျှင် မြသော်တာ တစ်ယောက် အဖြေရခက်ပြီး ဟိုကြည့် ဒီကြည့်ဖြင့် ခေမာ့ကို ရှာနေတော့သည်။





"ခေမာ့ကို ကျွန်တော် စကားပြောရမှ ဖြစ်တော့မယ်"

"ခေမာ ဘယ်ရောက်သွားမှန်း မသိပါဘူး ကိုရာဇသစ် ရယ်။ ရှင်တို့ပြဿနာထဲ သော်တာ့ကို ဆွဲမထည့်ပါနဲ့၊ သော်တာလည်း စိတ်ညစ်နေပါပြီ။ ဘယ်လိုပြောပေးရ မှန်းကို မသိတော့ဘူး"

"ဆောရီး ... မြသော်တာကို ကျွန်တော် အနှောင့်အယှက် ပေးနေတာ မဟုတ်ပါဘူး။ ကျွန်တော့်ကိုမြင်မှ မတွေ့ချင်လို့ ပုန်းသွားတဲ့ ခေမာ့ကို စိတ်ဆိုးလို့ပါ၊ သူသာ ကျွန်တော်နဲ့ ရင်ဆိုင်ပြီး စကားပြောရင် ကျွန်တော် အခုလို မြသော်တာ ကို စိတ်အနှောင့်အယှက် ပေးမိမှာ မဟုတ်ဘူး"

ခေမာသည် အဝေးတစ်နေရာမှ ချောင်းကြည့်နေ သည်ဖြစ်ရာ မြသော်တာ တစ်ယောက် စိတ်ပျက်စွာ ရှုံ့မဲ့စကား ပြောနေဟန် မြင်သဖြင့် မြသော်တာကို အားနာလာသည်။ မောင် ဟာ မဆီမဆိုင် မြသော်တာကို ဂျိုကျောင် လုပ်နေသည်ဟု ထင်သည်။ ကိုယ့်ပြဿနာ ကိုယ့်ဘာသာ မရှင်းဘဲ မြသော်တာ ကို လွှဲချသလိုဖြစ်မှာ စိုးရိမ်မိသည်။ သူငယ်ချင်းချင်း နားလည်မှု ရှိပေမယ့် ခေမာ့အနေနဲ့ မြသော်တာကို အားနာရပါမည်။

ဒါနဲ့ပဲ ခေမာ ချက်ချင်းပဲ မြသော်တာရှိရာဆီ ပြန် ထွက်လာလိုက်သည်။ ခေမာ့ကိုတွေ့တော့မှ မြသော်တာလည်း အားတက်သွားသလိုဖြစ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ခေမာ လာပြီ"

ဟု ရေရွတ်သလိုလို၊ ရာစုသစ်ကိုပဲ ပြောပြသလိုလို အသံဖြင့် ပြောသည်။

"မြသော်တာ ဘာဖြစ်နေတာလဲ၊ ခေမာ့နောက် ပါမလာလို့ ပြန်လာကြည့်တာ၊ ရှင် ဘာတွေ စိတ်အနှောင့်အယှက် ပေးနေတာလဲ"

ရာစုသစ်သည် မတွေ့ရတာ ကြာပြီဖြစ်သော ခေမာ မျက်နှာလေးကို တမ်းတစွာ ကြည့်နေပေမယ့် ခနဲ့တဲ့တဲ့ မဲ့ တရီ အပြုံးကိုတော့ ပြုံးထားပြီး ဖြစ်နေသည်။

"ရှင်ဆိုင်စရာ ရှိတဲ့သူက ရှင်မဆိုင်ဘဲ ရှောင်ပြေးသွားတော့ မဆိုင်တဲ့သူကိုပဲ ရင်ဖွင့်စရာတွေ ရင်ဖွင့်ချင်တာပါ။ စိတ်အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး"

"ရှင်နဲ့ ခေမာ့ကြားမှာ ဘာတွေများ ရှင်ဆိုင်ဆွေးနွေးစရာ ရှိသေးလို့လဲ၊ ဇာတ်လမ်းက ပြီးနေပြီ"

"တစ်ဖက်သတ်ကြီး ပြီးပစ်လိုက်တာလေ၊ ငါ့အပေါ်အပြစ်တွေပုံချပြီး မင်း လုပ်ချင်တာကို လုပ်သွားတာလေ"

"ဘာအပြစ်မှ မပုံချဘူး။ ရှင်ပဲ ခေမာ့ကို လိမ်ညာလှည့်စားထားတာလေ"





"ငါ ပြောပြီးပြီပဲ၊ ငါ့ဘက်က ဘာမှ ငြင်းလို့မရတော့တဲ့ အခြေအနေမို့လို့ ခဏတစ်ဖြုတ် ခေါင်းညိတ်လက်ခံလိုက်ရတာလို့ ပြောပြီးပြီ"

ပြောရင်း ပြောရင်း ခေမာသည် ဝမ်းနည်းမျက်ရည်များဖြင့် မျက်ဝန်းအိမ်မှာ ပြည့်နှက်လာပြီး အသံတွေ တုန်လာသည်။ ထို့အတူ ရာစုသစ်လည်း ယောကျ်ားတန်မဲ့ မျက်ရည်တွေ ဖိတ်ဖိတ်လက်လာပြီး အံတကြိတ်ကြိတ်ဖြင့် မေးကြောကြီးတွေ ငေါ်ထောင်လာတာ တွေ့ရသည်။ ဖြတ်သွားဖြတ်လာ လုပ်နေသော ဈေးလာဝယ်သူတချို့ပင် သတိထားမိကြပြီး အကဲခတ်ကြည့်ရှုသွားတာကို မြသော်တာကတော့ မြင်သည်။

ခေမာနဲ့ ရာစုသစ်ကတော့ ကိုယ့်ဒေါနဲ့ကိုယ် ကိုယ့်အားချက်နဲ့ကိုယ်မို့ ဘေးပတ်ဝန်းကျင်ကို သတိမထားနိုင်ဘဲ တစ်ယောက်မျက်လုံးထဲ တစ်ယောက်စိုက်ကြည့်ပြီး မေ့လျော့နေကြသည်။

"ခေမာနဲ့ ကိုရာစုသစ် လူတွေသတိထားမိကုန်ကြပြီ၊ စကားပြောစရာ ဆွေးနွေးစရာတွေရှိနေရင် အပြင်မှာထွက်ပြောကြပါလား"

"ခေမာ နေခဲ့နော်၊ စကားပြောကြရအောင်၊ ဒီတစ်ခါတည်းပါ။ ဒီတစ်ခါ စကားပြောပြီးရင် မောင် ခေမာ့ကို မနှောင့်ယှက်တော့ပါဘူး။ တကယ်ပြောတာပါ၊ ကတိပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြသော်တာသည် ခေမာ့ကို အကြံဉာဏ်တောင် သလို ကြည့်ပါသည်။ ခေမာလည်း ကြံရာမရဖြစ်နေပြီ။ မော ကို တွေ့တော့လည်း ခေမာ တင်းမထားနိုင်။ ငိုချမိတော့မင ဖြစ်နေတာကို မနည်းစိတ်တင်းထားရသည်။ မောင့်မျက်နှာပေ ခေမာ တစ်ခါမှ မမြင်ဘူးတဲ့ အမူအရာမျိုးနဲ့ ညှိုးချုံးနေတာ တွေ ရလျှင် ခေမာ့အသည်းတွေ အသံမြည်ပြီး ကွဲတော့မလိုတော ဖြစ်လာသည်။

ခေမာ စကားမပြောနိုင်ပါဘူး။ မြသော်တာနဲ ပြန်လိုက်မယ် ဆိုရင်ရော မောင်က လက်ခံမှာတဲ့လား။ မော ပုံစံက မိုက်မိုက်ကန်းကန်းဖြင့် လုပ်ချင်ရာလုပ်တော့မည့်ပုံစံမျိ လို ဖြစ်နေသည်။ ခေမာကို လူကြားထဲ အတင်းဆွဲခေါ်ရရင် ခေါ်ရဆိုတဲ့ မျက်နှာပေးမျိုး ဖြစ်နေသည်။ ခေမာ မောင့်ကိ ကြောက်တော့ မကြောက်ပါ။

မောင် အတင်းဆွဲခေါ်ခဲ့ရင် ပြန်ရုန်းပြီး ထွက်ပြေ လို့ရပေမဲ့ အဲဒီလိုကြီးလည်း မလုပ်ချင်။ ဘေးကလူတွေ အထင မှားပြီး မောင့်ကို ဝိုင်းရိုက်မှာတွေ ဘာတွေ ဖြစ်လာမှာ တွေး ပြန်သည်။

မြသော်တာကလည်း ခေမာ့ မျက်နှာတွေဝေလှတာ ကို ခဏတော့ စိတ်ရှည်လက်ရှည် စောင့်နေပေးပါသည်။





"ခေမာ ... မောင်နဲ့ ခဏစကားပြောမယ် မဟုတ်လား၊ မြသော်တာကို ပြန်ခိုင်းလိုက်မယ်နော်"

ခေမာ ခေါင်းပင် မညိတ်ရသေး။ မောင်က မြ သော်တာကို တောင်းပန်သလို ပြုံးလိုက်ရင်း ...

"ခေမာ့ကို ကျွန်တော်ပဲ အိမ်လိုက်ပို့ပေးလိုက်ပါ့မယ်"

"ခေမာ ... သော်တာ သွားမယ်နော်"

"ခေမာ အိမ်ပြန်ရောက်မှ သော်တာ့ဆီ ဖုန်းဆက်လိုက် မယ်"

"အေး ... ရပါတယ်၊ သော်တာ နားလည်ပါတယ်"

မြသော်တာ တစ်ယောက် ခပ်မြန်မြန်ပဲ ငွေရှင်း ာင်တာ့မှာ သွားရပ်ပြီး ဝယ်ပြီးသမျှတွေ ပိုက်ဆံရှင်းနေစဉ် စုသစ်ကတော့ ခြင်းတောင်းထဲ ဘာမှဝယ်ထည့်မနေတော့ဘဲ ထားလိုက်ကာ ...

"လာ ... ခေမာ၊ အပြင်ထွက်ပြီး တစ်နေရာရာမှာ စကား သွားပြောရအောင်"

ခေမာ့လက်ကို လှမ်းဆုပ်ကိုင်ပြီး ပြောသည်။

ခေမာသည် အယောင်ယောင် အမှားမှားဖြင့် မောင့် က်တွေကို အားကိုးတကြီး ပြန်ဆုပ်ကိုင်လျက် လိုက်လာခဲ့မိ ည်။ မတွေ့ထိရတာ ကြာပြီဖြစ်တဲ့ မောင့်လက်ဖဝါးနုနုထွေး



www.burmeseclassic.com

www.burmeseclassic.com



တွေးတို့ရဲ့ အထိအတွေ့ကို အခုမှ ခေမာ နှမြောတသပြီး ...
လာသည်။

ယောက်ျားလေးပေမဲ့ အိမ်မှာ အလုပ်ကြမ်းလ...
မလုပ်ရသောသူမို့ မောင့်လက်ဖဝါးတွေက နူးညံ့အိတွေးနေ...
ခေမာ့ကို ဆုပ်ကိုင်လိုက်တိုင်း နွေးထွေးနေတတ်သည်။ ...
လက်ဖဝါးတွေလိုပဲ ကိုမိုးအာကာရဲ့ လက်ဖဝါးတွေကလ...
နူးညံ့လှတာကို သွားသတိရမိပြန်သည်။ ဒါပေမဲ့ ခေမာ့အတွ...
နွေးထွေးမနေဘူးဟု ထင်မိသည်။

"ကျွန်တော် အခွင့်အရေးယူတာ မဟုတ်ပါဘူး၊ ဒါ...
လမ်းသွားရင်တော့ ခေမာ့လက်ကိုဆွဲပြီး သွားချင်တ...
ခွင့်ပြုပါနော်"

ဟူ၍ လက်တွဲခွင့်ရဖို့ကိုပင် အရေးတယူ ခွင့်တော...
တတ်သော ကိုမိုးအာကာသည် ခေမာ့ကို သူ့ဘက်က ...
ကြေးရေး အကူအညီတွေ အများကြီး ပေးထားပေမဲ့ ဘာအ...
အရေးမှ မယူ။ ဘယ်နေရာသွားသွား လက်ကိုင်ထားတာ...
ရင် သူဟာ ခေမာ့ ပခုံးကိုတောင် မဖက်ခဲ့ပါ။ သိပ်ကိုယော...
ပီသပြီး တည်ကြည်လှသော လူကောင်းတစ်ယောက်ကို ရ...
ခေမာ့ အသိုင်းအဝိုင်းမှာရော၊ ခေမာ့ ပတ်ဝန်းကျင်မှာရော ...
ဟာ အင်မတန် ကံကောင်းလှသည်ဟု တဖွဖွ ပြောခံရသော...





...သည် ထိုစကားသံတွေကို ကြည်နူးမနေအား။ ကျေနပ်ပီတိ
...မနေအားဘဲ မကြာခဏ နောင်တရနေခဲ့ရတာမို့ ခေမာ တော်
...်မိုက်မဲသည်ပဲ ဆိုပါစို့။

"ခေမာ ... မောင့်ရဲ့ခေမာလေး၊ ဘာတွေ ငြိမ်တွေးနေတာ
လဲကွာ၊ မောင့်ကို စကားပြောပါ၊ ရန်တွေ့ပါ။ မောင့်ကို
ခေမာ ရိုက်ချင်ရင် ရိုက်ပါ၊ ဒီလိုကြီး စိမ်းစိမ်းကားကား
မနေပါနဲ့ကွာ"

ကားထဲဝင်ထိုင်ပြီးသည်အထိ ခေမာ တိတ်ဆိတ်နေ
...င် မောင်သည် ခေမာ့ လက်နှစ်ဖက်ကို ဆွဲယူပြီး သူ့ပါးတွေ
... တဖတ်ဖတ် ရိုက်စေကာ မျက်ရည်တွေဖြင့် ပြောပါသည်။
...ာ ဒီတော့မှ လက်တွေကို ရုန်းကန်ပစ်လိုက်ပေမဲ့ မရ။ မောင်
... လွှတ်မပေးဘဲ ခေမာ့ လက်တွေထဲ သူ့မျက်နှာကို နှစ်ထား
...်သည်။ ခေမာ့ လက်ဖဝါးပြင်မှာ စိုစွတ်မှုတွေ ခံစားရလျှင်
... ငိုနေသည်ဟု ခံစားသိရှိလိုက်သည်။

"မောင် ... ခေမာ့ကို သိပ်ချစ်တယ်၊ လုံးဝမခွဲနိုင်ဘူးဆို
တာ အခုလို မတွေ့ဘဲနေရမှ မောင် သိလာတယ်။ ခေမာ
ရယ် ... မောင်တို့ မဝေးချင်ဘူး ခေမာလေးရယ်။ မောင့်
ဘဝမှာ ခေမာ့လောက် ဘာမှအရေးကြီးတာလဲ မရှိဘူး"

"ခေမာ ... ခေမာက ကိုမိုးအာကာကို ကတိပေးပြီးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကတိပေးပြီးလည်း ဘာဖြစ်လဲ။ ခေမာ သူ့ကို မယူ
ရတာပဲ"

"သူ့ဆီက အကူအညီတွေ အများကြီး ယူမိပြီးနေပြီ"

မောင်က ဆတ်ခနဲ မော့ကြည့်လာကာ အံကို
တင်းကြိတ်နေသည်။ ခေမာ ဆက်ပြောပြမိပြန်သည်။

"မြသော်တာနဲ့ အရင်းအနှီး တစ်ဝက်စီစိုက်ပြီး B
ကိုဆက်လုပ်ဖို့ ကိုမိုးအာကာပဲ ငွေထုတ်ပေးတာ။
တို့ မုန့်တွေကို သူ အခု အသစ်ထပ်ဖွင့်မဲ့ New M
မှာ ကောင်တာကြီးတွေဖွင့်ပြီး တင်ရောင်းဖို့ သူ စီစဉ်
ပြီးပြီ။ ခေမာတို့ အရင်ဖွင့်တဲ့ ဆိုင်နေရာမှာ လုံးဝ
ရောင်းတော့ဘူး။ မုန့်ဖုတ်တဲ့ နေရာအဖြစ်ပဲ အ
သီးသန့်ထားထားတာ မောင်။ ကုန်တိုက်ကြီးတစ်
ကောင်တာဖွင့်ပြီး မုန့်ရောင်းဖို့ဆိုတာ ဘယ်လိုမှ ဝင်
နိုင်ဘူး။ ကိုမိုးအာကာက ကောင်တာဖွင့်ခ ဆိုင်
လုံးဝမယူဘဲ ခေမာ့ကို သီးသန့်လုပ်ပေးထားတာ
ခေမာ ဖြစ်ချင်တာတွေများပြီး သူ့ဆီက အကူအညီ
ဆက်တိုက်လက်ခံမိထားတယ်၊ ခေမာ ဘယ်လိုမှ ငြင်း
မရတော့ဘူး"



ရာစုသစ်သည် ဘာကိုဒေါသဖြစ်မှန်းမသိ ဒေါသ
ဖြစ်သွားကာ "တောက်"တစ်ချက် ခေါက်ပစ်လိုက်မိသည်။ ခေမာ
နဲ့ပြီး တုန်လှုပ်သွားတာမြင်ပေမဲ့ ခေမာ့ကို ချော့မော့မနေချင်။
ခေမာ့ကိုလည်း စိတ်ဆိုးပြီး ဒေါသဖြစ်လာပြန်သည်။

ရာစုသစ် စိတ်တွေက မတည်ငြိမ်ဘဲ Swing (ဆွင်း)
ဖြစ်နေသည်။ တော်ကြာကျ ခေမာ့ကို သိပ်ချစ်မိလာလိုက်၊ တော်
ကြာကျ ခေမာ ချက်ချင်းပြောင်းလဲသွားနိုင်တာကို ဒေါသဖြစ်ကာ
မုန်းလိုက်ဖြင့် အတက်အကျ ဖြစ်နေတာမျိုးပင်။

"မင်း တော်တော်ငွေမက်ပါလား၊ မင်း ငွေမက်မှန်း ခုမှ
သိတယ်"

"မောင့်မှာလည်း ရွေးချယ်စရာလမ်း မရှိဘူး၊ ခေမာ့မှာ
လည်း ရွေးချယ်စရာလမ်း မရှိတော့ဘူး မောင်၊ ခေမာတို့
တစ်ယောက်နဲ့တစ်ယောက် မုန်းမှ မမုန်းကြတာ၊ မမုန်းဘဲ
နဲ့ လမ်းခွဲလိုက်ကြပြီး ကိုယ့်လမ်း ကိုယ်လျှောက်ကြရင်
ကောင်းမယ် မောင်ရယ်"

"မလျှောက်ဘူးကွာ၊ မလျှောက်ဘူး။ တော်ပြီ ဘာမှဆက်
ဆွေးနွေးမနေချင်တော့ဘူး။ ငါ ဘာကိုမှ ခေါင်းထဲမထည့်
တော့ဘူး။ ငါ လုပ်ချင်ရာ လုပ်တော့မယ်"





www.burmeseclassic.com

www.burmeseclassic.com



ရာစုသစ်သည် ဒေါသတကြီးပင် ကားကို အရှိန်မြ… ၍ မောင်းပစ်လိုက်ပါသည်။ ကားမှာ မြန်လွန်းသဖြင့် ခေ… ကြောက်ပြီး ကိုယ်ကိုကျုံ့ထားမိကာ၊ ထိုင်ခုံအစွန်းတွေကို လ… နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ထားမိသည်။ ဘေးမှာရှိသေ… ကားတွေ ကျန်ရစ်ခဲ့အောင် တဝိုးဝိုး အသံမြည်တဲ့အထိ ကော… တက်ကာ မောင်းနေသောကြောင့် ခေမာ အပြင်ကိုပင် မကြည့်ရဲ… ကားမှန်တွေ ချထားပေမဲ့ လေတွေတအားတိုးဝင်နေသဖြင့် မျက်… စပ်လှသောကြောင့် အပြင်ကို မကြည့်ရဲ။ ညနေခြောက်နာရီကျော်… ကျော်ပေမဲ့ ဆောင်းဝင်လာပြီမို့ မှောင်ရီပျိုးပျ ဖြစ်နေသောလ… မှာ မောင်ဟာ ဘယ်ကိုဦးတည်ပြီး မောင်းနေတာပါလိမ့်… ခေမာ သတိထားမိချိန်မှာ ကားဟာ ရန်ကုန်မြို့ပြင်နားကို… ရောက်လှနေပြီ။

ခေမာ ဒီတော့မှ အလန့်တကြားဖြစ်ပြီး ...

"မောင် ... မောင် ဘယ်ကိုမောင်းနေတာလဲ၊ ခေမာ… အိမ်ပြန်ပို့ရမှာလေ"

"မပို့တော့ဘူး"

"ဟင် ... ဘာရယ် ... ဘာပြောတယ်"

"ခေမာ့ကို ခိုးပြေးလာခဲ့ပြီလို့ သဘောထားလိုက်"

"မောင် ..."





ခေမာ အလန့်တကြားပင် အော်ချလိုက်မိသည်။ မောင် ဒီလို မိုက်ရူးရဲ လုပ်လိမ့်မည်လို့ ခေမာ လုံးဝကို ထင်မထားခဲ့မိပါ။ ခေမာသည် မျှော်လင့်မထားသော အခြေအနေတစ်ခုကြောင့် တုန်လှုပ်ချောက်ချားသွားသည်။ ခေမာ ချောက်ချားစွာ အသံထွက် ငိုကြွေးပစ်လိုက်မိပါသည်။

"ခေမာ ... မောင် ခေမာ့ကို မခွဲနိုင်ဘူး၊ ဒါကြောင့် ဖြစ်ချင်ရာ ဖြစ်တော့ဆိုပြီး ဆုံးဖြတ်လိုက်တာပါ။ ခေမာ မငိုပါနဲ့ကွာ၊ မောင် ခေမာ့ကို သိပ်ချစ်လို့ ဒီလိုလုပ်ရတာပါ"

"ဒီလိုလုပ်လို့ ဖြစ်မလား မောင်ရဲ့။ မောင့်မှာ အနာဂတ် ရှိသေးတယ်။ ပညာတစ်ပိုင်းတစ်စနဲ့ မောင် ဘဝကို ဘယ်လိုရင်ဆိုင်မလဲ"

"ယောက်ျားပဲကွာ၊ ဖြစ်သလိုပေါ့"

"အဲဒီလို မိုက်ရူးရဲ မလုပ်နဲ့ မောင်။ ဖြစ်သလိုဆိုတာ ဘယ်လိုရင်ဆိုင်မှာလဲ။ မောင့်ရဲ့ပညာရေးကို ဆုံးခန်းတိုင်အောင် ဘယ်လိုဆက်သင်မလဲ"

ရာစုသစ်သည် ဒီပြဿနာတွေကို မကြားချင်တော့သလိုဖြင့် မျက်မှောင်ကြုတ် ခေါင်းခါပစ်မိသည်။

"ခေမာ့ မိဘတွေကလည်း ခေမာ အခုလိုလုပ်သွားရင် လုံးဝခွင့်လွှတ်ကြမှာ မဟုတ်ဘူး။ မိဘကို အရှက်ခွဲသွားတယ်ပဲ ထင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာက မိဘကို သိပ်ရှေ့တန်းတင်လွန်းတယ်"

"အဲဒီလို မပြောနဲ့ မောင်။ မိဘဆိုတာ မရှိရင် အစားမရဘူးဆိုတဲ့ စကားလည်း မောင် ကြားဖူးပါတယ်"

"ဩော် ... ဒါဖြင့် ချစ်သူတော့ အစားရနိုင်တယ်ပေါ့။ အဲဒီသဘောလား"

"ဒါကတော့ လူတိုင်းလက်ခံလို့ရတဲ့ အမှန်တရားပဲလေ"

"ခေမာ ... ဘာလဲ၊ မင်းက မိုးအာကာကို အစားထိုးပြီး ချစ်လို့ရတယ်ပေါ့၊ အဲဒီလိုလား"

"ခေမာတို့ ခုချိန်မှာ ဒါတွေ ထပ်ခါ ထပ်ခါ ဆွေးနွေးဖို့ မလိုပါဘူး မောင်။ မောင်လည်း သားမိုက်တစ်ယောက် မဟုတ်ပါဘူး။ မောင့်မိဘလည်း ဒီလောက်ဒုက္ခရောက်နေတာ၊ သူတို့အတွက် အားကိုးအားထားရတဲ့ သားတစ်ယောက်ဖြစ်အောင် မောင် ဆုံးဖြတ်သင့်တယ်"

"ခေမာ ... မောင်ကတော့ ချစ်လိုက်ရတာ ခေမာရယ်။ မင်းကတော့ အချစ်အကြောင်း ခေါင်းထဲမှာ ရှိကိုမရှိတော့ဘူးနော်"

ခေမာ ဘယ်လောက်ပြောပြော၊ ဘယ်လောက်နားချချ ရာစုသစ်က ကားဦးတည်ရာလမ်းကြောင်းကို ခုထိမပြောင်းသေးပါ။ ကားက ရန်ကုန်မြို့ပြင်ကို ရောက်နေပြီး လယ်ကွင်းကျယ်ကျယ်ပြန့်ပြန့်ကြီးတွေကိုပင် မြင်နေရပြီ။





"တကယ်တော့ အချစ်က အရေးမကြီးတော့ဘူး မောင်။ ခေမာ တကယ်ပြောတာ၊ နံပါတ်တစ်နေရာမှာ ဘဝတိုးတက်ရေးဆိုတာ ရှိနေတယ်။ အချစ်က နံပါတ်နှစ်လောက်မှာ ထားသင့်တဲ့ အရာပါ"

"မောင့်အတွက်ကတော့ အချစ်ပဲ အရေးကြီးတယ်ကွာ။ ကဲ ... ခေမာ ဘာဆက်ပြောချင်လဲ"

"ခေမာ ဘာမှဆက်ပြောချင်လို့လဲ မရပါဘူး။ ခေမာ့အပြစ်ပါ။ မောင့်ကိုယုံပြီး မောင့်ကားပေါ် ပါလာတာကိုက ခေမာ့အပြစ်ပါ၊ ခေမာ သတ္တိမရှိပါဘူး။ ကားတံခါးဖွင့်ပြီးလည်း ခုန်မချရဲဘူး။ ကားမောင်းနေတဲ့ မောင့်ကိုလည်း ထုရိုက် အနှောင့်အယှက်ပေးပြီး မတားချင်ဘူး။ ဒီလောက်အရှိန်နဲ့ မောင်းနေတဲ့ ကားမှာ အက်ဆီဒင့်ဖြစ်ဖို့ပဲ ရှိတယ်။ တစ်ခါတည်း သေရမှာကို မကြောက်ဘူး။ မသေဘဲ ဝေဒနာခံစားပြီး ဒုက္ခိတဖြစ်မှာကို ကြောက်တယ်။ ဒါကြောင့် ခေမာ မောင့်ကို အရှုံးပေးလိုက်ရဖို့ပဲ ရှိတယ်"

ခေမာ ထိုစကားတွေ ပြောပြီးလျှင် တိတ်ဆိတ်နေမိပါသည်။ လူက တိတ်ဆိတ်ငြိမ်သက်နေရပေမဲ့ ခေမာ့ရင်ထဲမှာ ပူပန်မှုတွေ ရှန်းကြွနေသည်။ ခေမာ ဘာလုပ်ရမလဲ။ ဘယ်လို ဖြေရှင်းရမလဲ။ ဘယ်လိုရင်ဆိုင်ရမလဲ ဆိုတာ ခုထိ တွေးမရသေး။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ချစ်တော့ချစ်သေမဲ့ အချစ်ကို ဦးစားပေးပြီး မိုက်ရူးရဲ လုပ်ရလောက်အောင်ထိ ခေမာ မမိုက်မဲပါ။ အခုမထင်မှတ်ဘဲ ရင်ဆိုင်ရသော အခြေအနေကြောင့် ခေမာ ရူးတောင်ရူးသွားချင်နေသည်။ ခေမာ့မှာ ရင်ဆိုင်ရမှာတွေ အများကြီး။

ကိုမိုးအာကာဆီက ယူထားတဲ့ အကူအညီတွေ ဘယ်လိုဖြေရှင်းရမလဲ။ အဖေနဲ့ အမေကို ဘယ်လိုရင်ဆိုင်ရမလဲ။ အစတည်းက ကိုမိုးအာကာကို လက်မခံဘဲနေလည်း ဘယ်သူမှ အတင်းအကျပ်ကြီး လိုက်စီစဉ်နေတာ မဟုတ်တာမို့ ခေမာ လက်မခံလည်း ရသားနဲ့၊ မောင်လည်း ခင်ပြည့်စုံသိမ်းကို လက်ခံလိုက်ပြီးပြီဆိုတာ သိရပြီး အရွဲ့တိုက်ကာ ကိုမိုးအာကာကို လက်ခံလိုက်တာပါ။ လက်ခံပြီးတော့လည်း သူ့စေတနာအသျှောက်ပေးလာတဲ့ အကူအညီတွေကို ဘယ်လိုလူမျိုးကများ ငြင်းဆန်နိုင်မှာလဲ။

ခေမာ ဖြစ်ချင်သော နာမည်ကြီးမုန့်တိုက်ကြီး ဖြစ်ရဖို့က ငွေကိုတံတားခင်းပြီး တည်ထောင်မှပဲ ဖြစ်တော့မှာမို့ ခေမာ ရည်မှန်းချက်တွေလည်းပြည့်။ အဖေအမေတို့လည်း စိတ်ချမ်းသာရသော အခြေအနေကို ခေမာ မက်မောရပါမည်။

အခုကျတော့ ချက်ချင်းကြီး ကိုမိုးအာကာကို လက်ခံပြီးမှ ရည်းစားဟောင်းနောက် ပါသွားတယ်ဆိုတဲ့ အဖြစ်ဟာ





အင်မတန်မှ ရှက်ဖို့ကောင်းလှပါသည်။ ခေမာတို့ အတိအလင်း မစေ့စပ်ရသေးပေမယ့် ပတ်ဝန်းကျင်မှာ၊ ဆွေမျိုးအသိုင်းအဝိုင်းမှာ တော့ အားလုံးသိပြီးနေကြပြီ။ ဒီတော့ မိဘတွေရော ခေမာရော၊ ခေမာ အခုလို လုပ်သွားသည့်အတွက် အားလုံး အရှက်ရဖို့ပဲ ရှိတော့သည်။

လက်ပတ်နာရီကို ကြည့်လိုက်တော့ ညခုနစ်နာရီ ကျော်လာပြီတည်း။ အဖေနဲ့ အမေကတော့ ခေမာ မြသော်တာနဲ့ အပြင်ထွက်သွားတယ်ဆိုပြီး ဒီအချိန် ပြန်မရောက်သေးလည်း စိတ်ပူဦးမှာ မဟုတ်ဘူး။ ဒီ့ထက် ညဉ့်နက်လာမှသာ စိတ်ပူလာကြမှာ။ မြသော်တာဆီ ဖုန်းဆက်မေးမှသာ ...

"ရာစုသစ်နဲ့ ပါသွားတယ်"

ဆိုတဲ့ အဖြေကိုသိပြီး ယူကျုံးမရ ဖြစ်ကြမှာလား။ ဒေါသဖြစ်ပြီး ချက်ချင်းပဲ သမီးအဖြစ်က စွန့်လွှတ်ဖို့ ကြော်ငြာကို သတင်းစာမှာ သွားထည့်မလား။

"ခေမာ ကားက Heat (ဟိတ်)တွေ တော်တော်တက်နေပြီကွာ။ ဒီဆိုင်လေးမှာ ခဏဝင်နားပြီး အေးအောင် ပြန်စောင့်ရလိမ့်မယ် ထင်တယ်၊ ကားက အဟောင်းဆိုတော့ ခရီးဝေး ကြာကြာမောင်းလို့ မရဘူးဆိုတာ မောင် မေ့သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရာစုသစ်သည် ကားအပူချိန်ပြသော လက်တံမြင့်တက်နေမှုကို သတိထားမိပြီး စိုးရိမ်လာရသည်မို့ ကားကိုခဏရပ်ကာ နားဖို့ဆုံးဖြတ်လိုက်တော့သည်။

တကယ်တော့ သူ မနားချင်။ အဝေးကို အမြန်ဆုံးမောင်းပြေးချင်နေသည်။ အဝေးဆုံးကိုပြေးပြီး အားလုံးကို ခဏမေ့ချင်နေသည်။ ဘာကြောင့်လဲဆိုတော့ ရာစုသစ် ကိုယ်တိုင်လည်း ကားမောင်းလာရင်း ခေမာ ပြောပြခဲ့တာတွေ တွေးလာမိသည်ဖြစ်ရာ တွေဝေလာမိသည်။ ငါ ဒီလိုလုပ်တာ မှားနေသလားလို့ သုံးသပ်ကြည့်လာမိသည်။

ဘာပဲဖြစ်ဖြစ် သူတို့ဟာ အသိဉာဏ်ရှိပြီး နောက်ကြောင်းမှာ ထောက်ထားညှာတာစရာတွေလည်း အသီးသီးရှိနေကြသောသူတွေ၊ ရည်မှန်းချက်ရှိသောသူတွေ၊ အတွေးအခေါ်ရှိသော လူငယ်တွေလည်းဖြစ်ရာ ဘဝကို ဖြစ်ကတတ်ဆန်း မလုပ်လိုက်ချင်ကြပါ။

ဒါပေမဲ့ ဦးနှောက်ထဲက အသိဉာဏ်နဲ့ ရင်တွင်းက ချစ်တတ်သော နှလုံးသားတို့မှာ လွန်ဆွဲနေဆဲ။ တစ်ဖက်ကို ပိုသွားလိုက်၊ ကျန်တစ်ဖက်က လျော့သွားလိုက်ဖြစ်လျက် ချီတုံချတုံ ဖြစ်နေဆဲ။ ဘယ်ဟာကို ဆုံးဖြတ်ရမလဲ။ ဘယ်ဟာကို ဆုံးဖြတ်ရင် အကောင်းဆုံး ဖြစ်မလဲ ဆိုတာကို တွေဝေနေဆဲ။





ခေမာသည် ကားပေါ်မှ အသာဆင်းလိုက်ကာ ရာစုသစ်၏ မျက်နှာကိုလည်း အကဲခတ်လာသည်။ နှစ်ကိုယ့်တစ်စိတ်လိုဖြစ်ပြီး တစ်ယောက်မျက်နှာ အမူအရာကို ကြည့်ရုံနဲ့ သူ့ရင်ထဲမှာ ဘာဖြစ်နေသလဲ ဆိုတာကိုလည်း ခန့်မှန်းလို့ရသည်ဖြစ်ရာ ဘာမှ အနှောင့်အယှက် မပေးဘဲ စောင့်ကြည့်နေလိုက်သည်။

မောင်လည်း အသိဉာဏ်ရှိပြီး ဦးနှောက်အတွေးအခေါ် မြင့်မားတဲ့ သူ့တစ်ယောက်ပဲလေ။ ခေမာ ပြောပြတာတွေရော၊ နားချနေတာတွေရော ကြားရပြီး ပြန်သုံးသပ်ကြည့်မြင်လာတတ်မှာပါ။ ထောက်ထားညှာတာစရာ မိသားစုကြောင့်ပဲဖြစ်ဖြစ်၊ ကျောင်းထားပေးခဲ့တဲ့ ကျေးဇူးရှင်ဦးလေးရဲ့ အရှက်သိက္ခာအတွက်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် မောင် သိပ်ချစ်ရတဲ့ ခေမာတစ်ယောက် ပတ်ဝန်းကျင်မှာ လက်ညှိုးထိုး ကဲ့ရဲ့အပြစ်တင်စရာဖြစ်မှာစိုးလို့ပဲဖြစ်ဖြစ် မောင်ဟာ အဖြစ်သင့်ဆုံးကို ဆုံးဖြတ်လိုက်နိုင်မှာပါလို့ ခေမာ မျှော်လင့်ချင်သည်။

"ခေမာ ... ဒီမှာ မောင့်ဂျာကင် ခဏယူထားပါဦး၊ မောင် ကားဘောနက်ဖွင့်ပြီး ရေဆူနေတာကို ကြည့်လုပ်ရဦးမယ်၊ ခေမာ ဆိုင်လေးထဲ သွားထိုင်ပြီး အအေးပုလင်းဖြစ်ဖြစ် မှာသောက်နေလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



မောင် ချွတ်ပေးလိုက်သော သူ့ဂျင်းန်ဂျာကင်ကို ခေမာ ရင်ဘတ်မှာပိုက်ကိုင်လာပြီး ဆိုင်ထဲ ဝင်ထိုင်လိုက်သည်။ မြို့ပြင်မှာရှိသောဆိုင်မို့ ဘက်ထရီမီးချောင်းတွေသာ ထွန်းထားကာ ဆိုင်က ဘာမှ စုံစုံလင်လင်လည်း ရောင်းတာမဟုတ်။ အသင့်သောက်လို့ရသော အအေးပုလင်း၊ အအေးဘူးလေးတချို့၊ ဆေးလိပ်ကွမ်းယာနဲ့ အချဉ်ထုပ်တချို့ တင်ထားတာ တွေ့ရပြီး အဓိက,ကတော့ ကားတွေ ခရီးသွားရင်း ဘီးပေါက်ရင်ပဲဖြစ်ဖြစ် လေလျော့ရင်ပဲဖြစ်ဖြစ် ပြင်ဆင်လေထိုးဖို့၊ ဘီးအပေါက်ဖာဖို့ ကားရေဖြည့်ဖို့တို့ကို ဆောင်ရွက်ပေးသော နေရာလေးသာဖြစ်သည်။ ဒီလိုဆိုင်မျိုးလေးတွေက အဝေးပြေးကားလမ်းမကြီးတွေမှာဆို ကြိုကြားကြိုကြား တွေ့ရတတ်သော ဆိုင်လေးမျိုးဖြစ်လေသည်။

ခေမာ ဝင်ထိုင်တော့ ဆိုင်ရှင်ထင်ရသော အမျိုးသမီးက ကလေး,ကထစ်ခွင်ချီရင်း ...

"ထိုင် ... ထိုင် ... ညီမ၊ ဘာမှ မှာမသောက်လဲ ရတယ်နော်၊ ဝင်နားလို့ ရပါတယ်"

ဟု ဧည့်ဝတ်ပြုပါသည်။ ခေမာကတော့ အားနာတတ်သူလည်းဖြစ်ရာ ...

"ရေသန့်တစ်ဘူးလောက် ရမလား"

"ရပါတယ်၊ ရေခဲစိမ်ပေးထားတယ်၊ ဘယ်တံဆိပ်ယူမလဲ"

"Alpine (အယ်လ်ပိုင်း)ရှိလား"





"ရှိတယ် ... ရှိတယ် ... ပိုက်တပ်ပေးရမလား"

"ရတယ်၊ ပိုက် မယူတော့ပါဘူး"

ခေမာ ပိုက်ဆံရှင်းဖို့ လက်ကိုင်အိတ်ထဲ နှိုက်ရှာလိုက်သည်။ ထုတ်ပေးလိုက်သော ပိုက်ဆံကိုမြင်တော့ ...

"အစ်မ အကြွေမပါဘူးလား၊ ကျွန်မ အတန်ကြီးဆို ပြန်အမ်းဖို့ မရှိလို့ပါ"

"ဟယ် ... ဟုတ်လား၊ ကျွန်မမှာလည်း အကြွေလုံးဝကုန်နေတာမို့ပါ"

မောင်က ကားရေဖြည့်နေရာမှ ခေမာ ပြောသံကြားပြီး လှည့်ကြည့်ကာ ...

"ခေမာ ... မောင့်အိတ်ထဲမှာတော့ အကြွေရှိတယ်၊ ယူပေးလိုက်လေ"

ဟု လှမ်းပြောသဖြင့် ခေမာသည် မောင့်ဂျင်းန်ဂျာကင်အင်္ကျီအိတ်ထဲမှာ ထည့်ထားသော ယောကျ်ားကိုင် Wallet ကို ရှာဖွေနှိုက်ယူစဉ် အင်္ကျီအိတ်ကပ် နှစ်ဖက်ရှိလေရာ အိတ်ကပ်တစ်ဖက်ထဲမှာတော့ စာတစ်စောင် ခေါက်လျက်သား ထည့်ထားတာ တွေ့ရသည်။ ခေမာ စပ်စပ်စုစု ယူလိုက်ပါသည်။ ကျန်အိတ်ကပ်တစ်ဖက်ထဲမှာရှိသော ပိုက်ဆံအိတ်ထဲမှ ရေဘူးဖိုးငွေချေဖို့ အသေးဆုံးအရွက်ကို ရှာဖွေလိုက်ပြီး ဆိုင်ရှင် အမျိုးသမီးကို ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေမာသည် လက်ထဲမှာ ဆုပ်ကိုင်ထားသော စာရွ... ခေါက်ကိုကြည့်ကာ ဖတ်သင့် မဖတ်သင့် ဇဝေဇဝါ ဖြစ်နေခဲ့သည်... မောင်ကတော့ ခေမာ့ဆီမှာ အာရုံရှိမနေဘဲ ကားကို ဟိုနှိ... ဒီနှိုက် လုပ်နေဆဲ။ ခေမာသည် ဖတ်ချင်စိတ်ကို မျိုသိပ်မထား... သည်ဖြစ်ရာ နောက်ဆုံးတော့ စာရွက်ခေါက်လေးကို ဘက်ထ... ရောင်မှိန်မှိန်အောက်မှာပဲ ဖွင့်ဖတ်မိသွားပါသည်။

"သားကြီး ...

လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက သမီးခင်ပြည့်... သိမ်းရယ် ခရီးသွားရင်း ဒီဘက်လမ်းကြုံလို့ဆိုပြီး ဝင်... တယ်ကွယ်"

ခေမာ့မျက်စိထဲမှာ ယောက္ခမလောင်းအိမ်ကို တကူး... တကဝင်တွေ့ပြီး နှုတ်ဆက်သောမိန်းကလေးတစ်ဦးကို မြင်ယော... ကြည့်မိသည်။ ခင်ပြည့်စုံသိမ်းကို ခေမာ လုံးဝ မတွေ့ဖူးသေ... စိတ်မှန်းနဲ့ မြင်ယောင်ကြည့်မိသည်။

"တကယ်ပဲ လမ်းကြုံလို့လား တကူးတကပဲ ဝင်လာသလ... မသိပါဘူး။ ဒီအိမ်အတွက် ဝယ်လာတဲ့ ပစ္စည်းတွေ... အများကြီးကိုပါလာတာ။ မင်းအဖေအတွက် လိုအပ်... ဆေးတွေကို ဦးလေးဦးဆန်းဦးဆီကမေးပြီး ဝယ်လာတာ... မင်းအဖေ အတွက် လိုအပ်တဲ့ ဆေးတွေပေါ့၊ တကာ...





အကောင်းစား ဈေးကြီးတဲ့ဆေးတွေကွယ်၊ အမေ့အတွက်တော့ အားဆေးတဲ့။ မင်းညီမအတွက် အင်ဒိုနီးရှားအစစ် ပါတိတ်ဝမ်းဆက်တစ်စုံနဲ့ လက်ကိုင်အိတ်တဲ့။ မင့်ညီလေးနှစ်ယောက်အတွက် လက်ပတ်နာရီအကောင်းစားပဲ သားရဲ့၊ ညီလေးတွေပြောတော့ တစ်လုံးကို တစ်သိန်းနီးပါးလောက် တန်ဖိုးရှိတယ်ဆိုပဲ။ အဲဒါ တစ်ယောက်တစ်လုံးစီ ဝယ်လာတာ။ သူဌေးသမီးမို့ အထက်စီးနဲ့လာပေးတဲ့ပုံစံ မဟုတ်ဘူး၊ တကယ့်ကို သေသေချာချာပေးတာ။ အဖေနဲ့အမေ့ကို တရိုတသေ ကန်တော့ပြီးတော့ပေးတာအပြင်အဲဒီဆေးတွေနဲ့ အတူ စာအိတ်တစ်အိတ်ပါပါသေးတယ်။ သူ ပြန်သွားမှဖွင့်ကြည့်တော့ ငွေတစ်သိန်းလည်း ထည့်ပေးသွားတယ်၊ မင်းညီတွေ ညီမတွေကိုလည်း ဂရုတစိုက် လက်ဆောင်တွေ သေသေချာချာ လက်ထဲထည့်ပေးတာပါ၊ အမေတို့မှာ ဝမ်းသာရလွန်းလို့ မျက်ရည်တောင်လည်ပါတယ် သားရယ်။ အမေ့သဘောက အမေတို့ကို အခုလို မထောက်ပံ့ရင်နေပါ ရိုသေလေးစားရင်ပဲ ကျေနပ်ပါပြီလို့ စိတ်ထဲမှာရှိထားတာပါ။ သူက အခုလိုလေး ဂရုတစိုက်ပေးကမ်းလာပြန်တော့ ရင်ထဲမှာ ပီတိဖြစ်ရပါတယ်၊ ဒီမိန်းကလေးဟာ သားကြီးအပေါ် အတော်လေး မေတ္တာရှိရှာလို့ သားကြီးနဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိသားစုအပေါ်မှာသာ ဂရုတစိုက်ရှိတာပဲလို့ အခေ ထင်ပါတယ်၊ ဒီတော့ သားကြီးဘဝဟာ အစစအရာ ကံကောင်းနေပါပြီကွယ် ...

သားကြီး ဖြစ်ချင်တဲ့ ဆရာဝန်တစ်ယောက်လည်း ဖြစ်ရပြီ၊ ပိုက်ဆံချမ်းသာတဲ့ မိန်းကလေး တစ်ယော သားအပေါ်လည်း တကယ်မေတ္တာရှိတဲ့ အိမ်ထောင်ဖ တစ်ယောက်ကို ပိုင်ဆိုင်ရပြီလေ၊ အမေ့သားလောက် ကောင်းတာများ ရှိဦးမလား။ အဖေတို့အမေတို့ မွေးရကျ နပ်ပါတယ် သားရယ်။ သားကြီး ကောင်းစားတာမြင် အဖေ အမေတို့လည်း စိတ်ချမ်းသာရပါတယ်။ မိဘ စိတ်ချမ်းသာအောင်ထားတဲ့ ကလေးဟာလည်း မိဘအ မွေးကျေးဇူးဆပ်တာနဲ့ အတူတူပါပဲကွယ်"

ခေမာသည် ထိုစာကို အဆုံးထိဖတ်ပြီးသောအ ဒီတိုင်းငြိမ်နေလို့မဖြစ်တော့။ မောင့်ကို သေသေချာချာပြော ရှင်းပြပြီးတော့ နားချရမည်။ ခေမာတို့ ရှေ့မတိုးကြဖို့၊ မမှား ဖို့ ဖျောင်းဖျရမည်ဟု ချက်ချင်းပဲ ဆုံးဖြတ်လိုက်ပါသည်။

ဒီလို ဆုံးဖြတ်ရသောအခါ ခေမာ့ ရင်ထဲမှာ အသည်းနှလုံးတွေဟာ ဆုပ်ညှစ်ချေမွခံရသလိုပဲ နာကျင်လာခဲ့ သည်တည်း။





"ရေဆူနေလို့ ရေတော့ထပ်ထည့်ပြီး အေးအောင် စောင့်ရဦးမယ်၊ နာရီဝက်လောက်နားရင် ရပါပြီ။ ခေမာ ဆာပြီလား၊ ညစာကို ပဲခူးရောက်မှ စားမယ်နော် ခေမာ"

ရာစုသစ်သည် ခေမာ့မျက်နှာလေးကို ကြည့်ရင်း နားမှာ ဝင်ထိုင်ကာ မေးလိုက်ပါသည်။

"ခေမာ မောင့်ကို ခွင့်လွှတ်ပါလို့ မပြောနေတော့ပါဘူး၊ ဒါပေမဲ့ ဒီအထိထွက်လာပြီးမှတော့ မောင်တို့ရှေ့ဆက်တိုးလိုက်ကြရဖို့ပဲ ရှိတော့တယ်လို့ ပြောချင်တယ်"

"မောင် ဒီစာကို ဘာလို့ ခေါင်းထဲမထည့်တာလဲ"

ခေမာ ရုတ်တရက်ပင် စားပွဲအောက်ချထားသော လက်ကို စားပွဲပေါ်တင်ဖြန့်ပြလိုက်လျှင် ရာစုသစ် တစ်ယောက် တွေဝေငေးမောသွားပါသည်။

"မောင့်ကို ခေမာ ဘယ်လောက်ပဲချစ်ချစ် ဘယ်တော့မှ မယူဘူးလို့ ဆုံးဖြတ်လိုက်ပြီ မောင်။ မောင့်ကို ခေမာ ရယူလိုက်တာဟာ မောင့်ဘဝတက်လမ်းကို ဖျက်ဆီးပစ်လိုက်ရာရောက်တယ်လို့ ထင်တယ်။ မောင် ဒီလို စွန့်စားပြီး ထွက်ပြေးတာဟာ ကိုယ့်ဘဝကိုယ် ဖျက်ဆီးပစ်လိုက်တာနဲ့ တူနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာရယ် မောင်မှ ခေမာ့ကို မခွဲနိုင်တာ"

"မောင်"

ခေမာသည် စိတ်ဆုံးဖြတ်ထားသော မျက်လုံးတွေဖြင့် စိုက်ကြည့်ပြီး ရာစုသစ် ထင်မှတ်မထားသောစကားကို အေးအေးဆေးဆေး ပြောနိုင်ခဲ့လေသည်။

"မောင့်အတွက် ခေမာ စွန့်စားပြီး ဆုံးဖြတ်ရရင်တော့ မောင် အခု ထွက်ပြေးလာရကျိုး ကျေနပ်အောင် မောင်နဲ့ တစ်နေ့ရာရာမှာ တစ်ရက်လောက်တော့ အချိန်ဖြုန်းပေးနိုင်ပါတယ်။ ပြီးရင်တော့ မောင်လည်း အိမ်ပြန် ခေမာလည်း အိမ်ပြန်မယ်လေ။ မနက်ဖြန်မနက်ကျ အားလုံး ပုံမှန်အတိုင်းပဲ ကိုယ့်ဘဝကိုယ် ဆက်လျှောက်ကြမယ်လေ"

ထိုသို့ အဆုံးစွန် လိုက်လျောသလို ပြောလိုက်သော ခေမာ့စကားတွေကြောင့် ရာစုသစ် ရင်ထဲမှာ နင့်ပြီး နာကျင်သွားသည်။

ခေမာ မောင့်ကို ဒီလောက်ထိ ပေးဆပ်ဖို့မလိုပါဘူး။ မောင် လိုချင်တာ ခေမာ့အချစ်ကိုပါ။ ခေမာနဲ့ တစ်သက်လုံး လက်တွဲရတာကိုပါ။ ခေမာ့ကို ခဏတစ်ဖြုတ်အသုံးချရုံ သဘောနဲ့ ချစ်တာ လုံးဝမဟုတ်ဘူး။





"ခေမာ ... ခေမာ ဘယ်လိုပြောလိုက်တာလဲ၊ ဟာ ... အဲဒီလို မပြောပါနဲ့ကွာ၊ မောင့်ရင်ထဲမှာ မခံစားနိုင်တော့ဘူး။ မောင် ခေမာ့ကို သိပ်တန်ဖိုးထားတာ ခေမာ သိရက်သားနဲ့"

"ခေမာလည်း မောင့်ကို ချစ်ရက်သားနဲ့ ခွဲကြဖို့ချည်း ဖွတ်ပြောနေရတော့ ကိုယ့်ကိုယ်ကိုယ် Guilty(အပြစ်ရှိသလို) ဖြစ်ရတယ် မောင်။ မောင် အသည်းကိုခွဲမိတယ်လို့ ခေမာ ခံစားရပြီး အပြစ်ရှိသလိုထင်မိတယ် မောင်။ ဒါကြောင့် ခေမာ မောင့်ကို သိပ်ချစ်ကြောင်း သက်သေပြချင်လို့ပါ"

"မောင်လိုချင်တာ ချစ်ခြင်းမေတ္တာကွ၊ ခေမာ့ရဲ့ဘဝကို ဖျက်ဆီးပစ်ချင်တာ မဟုတ်ဘူး။ ပြီးတော့ မောင်ဟာ ကိုယ့်ချစ်သူမိန်းကလေးကို တန်ဖိုးမထားဘဲ ပန်းကောင်းအညွှန့်ချိုးမဲ့ လူစားမျိုးလည်း မဟုတ်ဘူး"

"ခေမာတို့ ပြန်ကြရအောင်ပါ မောင်ရယ်"

"ပြန်ရင် မောင်တို့ တစ်သက်လုံး ဝေးကြရမှာလေ"

"လူချင်းဘယ်လောက်ဝေးဝေး နှလုံးသားချင်း နီးနေပါတယ် မောင်ရယ်။ မောင်လည်း ခေမာ့ကို ချစ်တယ်၊ ခေမာလည်း မောင့်ကို ချစ်တယ်လေ။ ခေမာတို့ချစ်ရက်နဲ့ ခွဲခဲ့ကြတယ် ဆိုတာ တစ်သက်လုံး သတိရနေရင် ကျေနပ်ပါတယ်။ ခေမာ့စကားကို နားထောင်ပါ မောင်ရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ခေမာသည် စိတ်တင်းကာပြောရင်း မျက်ရည်ရွ
သွန်ကျလာခဲ့သည်။ ရာစုသစ်က ခေမာ့ ပခုံးကို ထွေးပွေ့ရင်း
သူ့ရင်ဘတ်မှာ ခေါင်းမှီစေကာ အဝေးကအမှောင်ထုထဲကို အကြာ
ကြီးငေးနေမိသည်။ အမှောင်ထုကို ဖြတ်ပြီးသွားရမဲ့ လမ်းနှစ်လမ်း
မှာ ဘယ်လမ်းကို ရွေးရမလဲ ခေမာရယ်။

❖ ❤ ❖





၁၆

ခေမာသည် မောင့်ပခုံးမှာ ခေါင်းတင် ငြိမ်သက်ရင်း
လိုက်ပါလာခဲ့မိသည်။ မောင်ကလည်း ကားကို အမှောင်ထဲမှာ
ဂရုတစိုက်မောင်းရင်း သူ့မေးဖျားတစ်ဖက်ခြမ်းကို လာထိနေသော
ခေမာ့ငယ်ထိပ်ပိုင်းလေးကို မကြာမဏ လှည့်ကာနမ်းရှိုက်လာခဲ့
ကြောင်း ခေမာ ခံစားလို့ရလေသည်။

သူတို့နှစ်ယောက်ကြားမှာ ဘာစကားမှပြောစရာမရှိ
တော့သလိုဖြစ်လျက် တိတ်ဆိတ်နေခဲ့ပါသည်။ အပြင်မှာလည်း
တိတ်ဆိတ်သောပတ်ဝန်းကျင်က ဝန်းရံနေပြီး ဖြတ်သွားဖြတ်လာ
ကားတချို့တလေ၏ အသံကလွဲလျှင် ညရဲ့အသံက တိတ်ဆိတ်
လွန်းနေခဲ့သည်။

Highway(ဟိုက်ဝေး)လမ်းမကြီးမှာ အမှောင်ထုထဲ
မှာပင် နက်မှောင်ပြောင်လက်လျက် ငြိမ်သက်နေပြန်သည်။ ရှေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝေးဝေးခပ်ပျပျလောက်မှာတော့ မီးရောင်တချို့မြင်နေရပြီမို့ ဟိုက်ဝေးလမ်းကြီးဆုံးတော့မည်။ မြို့ထဲဝင်တော့မည်ဆိုတာ ကြိုခန့်မှန်း၍ရပါသည်။

မြို့ထဲဝင်လာခဲ့ပြီ။ ကားတွေရှုပ်ထွေးနေဆဲ။ လူတွေသွားလာလှုပ်ရှားနေဆဲ။ ပတ်ဝန်းကျင်ဆူဆူကို ကြုံရပေမဲ့ ခေမာနဲ့ ရာစုသစ်တို့ကြားမှာတော့ ပြောစရာစကားမဲ့နေဆဲ။ တိတ်ဆိတ်နေဆဲဖြစ်သည်။

ခေမာသည် ငါ ဆုံးဖြတ်တာ မမှားပါဘူးဟု အကြိမ်ကြိမ်အခါခါ စိတ်ထဲမှာ ရေရွတ်ရင်း မျက်ရည်ထပ်မကျတော့ဖို့ ကြိုးစားလာခဲ့ပါသည်။

ရာစုသစ်သည်လည်း ငါ ဆုံးဖြတ်လိုက်တဲ့ အဆုံးအဖြတ်တစ်ခုရဲ့ ကောင်းတာ ဆိုးတာတွေကို ငါ လက်ခံနိုင်ရမယ်။ ကျေနပ်နိုင်ရမယ်။ ရင်ဆိုင်ရဲရမယ်ဟူ၍ စိတ်ထဲမှာ ရေရွတ်ပြီးရင်း ရေရွတ်လျက် အံကို တင်းနေအောင် ကြိတ်ထားမိသည်မှာ မေးကြောတွေပင် ထောင်ထနေတဲ့အထိပင်။

သူတို့ သွားနေခဲ့သော ဦးတည်ရာတစ်ခုသည် သူတို့ဘဝကို အပြီးအပိုင် ဆုံးဖြတ်ပေးတော့မည့် ဦးတည်ရာတစ်ခုသာဖြစ်ခဲ့သည်။

❖ ❤ ❖





(နောင်...(၁၅)နှစ်ခန့်အကြာ...)

သက္ကရာဇ်(၂၀၂၃)ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"ခေမာ ... ဟဲ့ ... နှင်းပဝါကိုပြင်ပြီး ခြုံလိုက်ဦး၊ နှင်းနာမည် ကြေညာခါနီးပြီ"

မဟေမာက ခေမာ့နားကပ်ပြီး သတိပေးလေသည်။ ခေမာလည်း မဟေမာ ပြောသည့်အတိုင်း ဆင်စွယ်ရောင်ပဝါကို တည့်အောင်ပြင်ခြုံလိုက်ပါသည်။

ဟိုတယ်ကြီး၏ ခန်းမကျယ်ကြီးမှာတော့ အခမ်းအနားမှူး ကြေညာမည့် အသံကို အားလုံးငြိမ်၍ နားစွင့်နေကြရသည် ဖြစ်ရာ တိတ်ဆိတ်နေသည်မှာ အံ့သြစရာ။ လူပေါင်းသုံးရာလောက်ရှိနေသည့် ခန်းမကျယ်ကြီးမှာ အခမ်းအနားမှူးအမျိုးသမီး၏ စာအိတ်ဖောက်သံကလွဲရင် ဘာသံမှာ မကြားရပါဘူးတဲ့။

"ဒီနှစ်ရဲ့ အအောင်မြင်ဆုံး အမျိုးသမီးဆုကို ကြေညာတော့မှာဖြစ်ပါတယ်ရှင် ...





"The Most Successful Woman Of The Year" ဆုမှာ ဆန်ခါတင်အနေနဲ့ လေးယောက် ရွေးချယ်ဖြစ်ပါတယ် ...

ဆန်ခါတင် လေးယောက်ရဲ့ အမည်ကို အရင်ဆုံး ဖတ်ပြပါမယ်ရှင်"

မဟေမာက ခေမာ့အစား စိတ်လှုပ်ရှားပြီး ခေမာ့လက်တွေကို လာဆုပ်ကိုင်လိုက်သည်။ ခန်းမ၏ လေအေးစက်ပေးထားသော အအေးဓာတ်ကြောင့်လား၊ စိတ်လှုပ်ရှား၍လားမသိ။ မဟေမာလက်တွေက အေးစက်နေသည်။ ခေမာ ပြုံးရင်း မဟေမာ်ကိုပင် အားပေးပြီး ပြန်ဆုပ်ကိုင်ထားမိသည်။

"ဒေါ်သင်းသဇင် အအောင်မြင်ဆုံး အမျိုးသမီးမဂ္ဂဇင်းတစ်ခုဖြစ်တဲ့ Women's Day ရဲ့ထုတ်ဝေသူဖြစ်ပါတယ်။ ဒေါ်ခင်နှောင်း အအောင်မြင်ဆုံး Myanmar's Next Top Model ဟူသော TV ဇာတ်လမ်းတွဲ။ Reality TV Show (ဖြစ်ရပ်မှန်ရုပ်မြင်သံကြားအစီအစဉ်)၏ မှုပိုင်ဖန်တီးရှင်ဖြစ်ပါတယ်။ ဒေါ်ခေမာ ANGELS BAKERY ကို တည်ထောင်သူ အအောင်မြင်ဆုံးအမျိုးသမီး Pastry Chef ဖြစ်ပါတယ်ရှင်။ ဒေါ်ဝင်းလဲ့ရည် အအောင်မြင်ဆုံး အမျိုးသမီးဗိသုကာပညာရှင် Architectတစ်ဦးဖြစ်သလို Home Style ကုမ္ပဏီရဲ့ အကြီးအကဲလည်း ဖြစ်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားမှူးအမျိုးသမီးက ဆန်ခါတင်ရွေးချယ်ထားသော အမျိုးသမီးတစ်ယောက်စီ၏ အမည်နှင့် ဂုဏ်ပုဒ်များကိုပါ ထည့်၍ကြေညာပေးပါသည်။ တစ်ယောက်အမည်နှင့် ဂုဏ်ထူးဝိသေသများကို ကြေညာပြီးတိုင်း ခန်းမကြီး ပွင့်ထွက်သွားမတတ်တီးလိုက်ကြသော လက်ခုပ်သံများက စိတ်လှုပ်ရှားစရာ။ ကင်မရာမီးရောင်တွေကလည်း တဖျပ်ဖျပ် ဖြစ်လှသဖြင့် မျက်စိတောင်ကျိန်းပါသည်။

"အခုချိန်ကစပြီး The Most Successful Woman Of The Year ဆုရရှိသူကို ကြေညာပါပြီရှင် ...

ဒီနှစ်ရဲ့ အအောင်မြင်ဆုံးအမျိုးသမီးဆု ကိုတော့ ဒေါ်ခေမာ ရရှိပါတယ်ရှင်"

ဟေးခနဲ အော်သံ၊ လက်ခုပ်သံများဟာ ခန်းမကြီးလျှံကျသွားအောင် ထွက်ပေါ်လာခဲ့ကြတော့သည်။ တစ်ဖက်စားပွဲဝိုင်းတွေမှာ ရှိနေသော ခေမာ့တပည့်မများ၏ လက်ခုပ်သံကတော့အကျယ်ဆုံးဖြစ်ပါမည်။ ကင်မရာမီးရောင်များက ခေမာ့နားမှာ စုပြုံကျလာခဲ့လေပြီ။

ကင်မရာမီးရောင်တွေကြောင့် မျက်စိကျိန်းပြီး ဘာမှမမြင်နိုင်ခင်မှာ တစ်စုံတစ်ယောက်က ခေမာ့လက်ထဲကို လှပမွှေးကြိုင်သော ပန်းစည်းလှလှကြီးတစ်စည်း လာထည့်လိုက်တာကို





သိလိုက်သည်။ တစ်စုံတစ်ယောက်က ခေမာ့ကို လာဆွဲခေါ်ပြီး စင်မြင့်ဆီသို့ ဦးဆောင်လမ်းပြသွားတာကိုလည်း အိပ်မက်ထဲမှာလမ်းလျှောက်နေရသလို ခြေလှမ်းတွေနဲ့ လျှောက်လာခဲ့မိသည်။

စင်မြင့်ပေါ်ရောက်တော့ ကမ္ဘာလုံးပုံစံပေါ်တွင် မတ်တတ်ရပ်နေသော အမျိုးသမီးရုပ်လေးပါသည့် ပလက်တီနမ်စစ်စစ်ဖြင့် လုပ်ထားသော ရုပ်တုကို လက်ခံရရှိပါသည်။ ရုပ်တု၏အောက်ခြေမှာတော့ "The Most Successful Woman Of The Year 2023" ဟူသော စာလုံးကို ထွင်းထားပါသည်။

ဆုကတော့ ဒါပဲ။ ပန်းစည်းတစ်စည်းရယ် ရုပ်တုရယ်ပါပဲ။ ဒါပေမဲ့ ဒီရုပ်တုကို မိန်းမတိုင်း မက်မောနေကြတာ။ အထူးသဖြင့် စီးပွားရေးမှာပဲဖြစ်ဖြစ်၊ ဖျော်ဖြေရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ်၊ ကျန်းမာရေးလောကမှာပဲဖြစ်ဖြစ် သူများနဲ့မတူအောင် ထွန်းပေါက်ပြီး အောင်မြင်မှုရလွန်းနေတဲ့ မိန်းမတိုင်းဟာ ဂုဏ်သိက္ခာတစ်ခုအဖြစ် ဒီရုပ်တု ဒီဆု ဒီဂုဏ်ပုဒ်ကို တစ်သက်မှာ တစ်ခါတော့ ပိုင်ဆိုင်လိုက်ချင်နေကြတာဖြစ်သည်။

ခေမာ့ကို ဆုရွေးချယ်ရေးအဖွဲ့၏ နာယက အမျိုးသမီးကြီးများက လက်ဆွဲနှုတ်ဆက်၊ ဓာတ်ပုံတွဲရိုက်၊ ဂုဏ်ပြုစကားတွေပြောပြီးလျှင် ခေမာကလည်း ပရိသတ်ကို ကျေးဇူးတင်စကားပြောကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေမာ စင်အောက်ဆင်းလာသောအခါ စာနယ်ဇင်းများ၏ ဝိုင်းဝန်းမေးမြန်း အင်တာဗျူးလုပ်ခြင်းကို ဖြေရပါသည်။ မေးမြန်းမှုတွေပြီးသွားမှပဲ ခေမာလည်း လူအုပ်ကြားထဲမှ ထွက်လာခွင့်ရတော့လေသည်။

မဟေမာ ထိုင်နေရာ စားပွဲမှာ ပြန်လာထိုင်တော့ မဟေမာသည် ခေမာ့လက်နှစ်ဖက်ကို ဝမ်းသာအားရ ဆုပ်ကိုင်ထားရင်း ...

"ဝမ်းသာလိုက်တာ ခေမာရယ်။ ငါ နင့်အစား သိပ်ဝမ်းသာတာပဲ၊ ငါသိတယ်၊ သိကိုသိနေတယ်၊ ဒီဆုကို ဒီနှစ်အတွက် နင်ပဲရရမှာလို့၊ အဖေတို့အမေတို့လည်း ခုချိန်မှာ တီဗီရှေ့ထိုင်ကြည့်ပြီး အရမ်းဝမ်းသာ ဂုဏ်ယူနေကြမှာပဲနော်"

ဟု တဖွဖွပြောပါသည်။

ဆုပေးပွဲအခမ်းအနား ပြီးသောအခါ ညစ်ခံကျွေးမွေးခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ညစ်ခံဖျော်ဖြေခြင်းတွေ ဆက်တိုက်ကျင်းပပါသည်။ ခေမာမှာ အေးအေးဆေးဆေး ထိုင်မနေရ။ ခေမာနဲ့ ဆန်ခါတင်ရွေးချယ်ခံရသော အမျိုးသမီးများက လာနှုတ်ဆက်ကြ၍ စကားပြောရခြင်း၊ ဓာတ်ပုံအတူတွဲရိုက်ရခြင်းတွေဖြင့် မနားရပါ။ အခမ်းအနားက ညကိုးနာရီတွင် လုံးဝပြီးစီးပါသည်။ ညနေ ခြောက်နာရီအတိမှာ စ,ကာ ခုနစ်နာရီအတိမှာ ဆုကို ကြေညာပြီး ညကိုးနာရီအတိတွင် အခမ်းအနားပြီးပါသည်။





ခေမာနဲ့ မဟေမာတို့ ဟိုတယ်ခန်းမကြီး၏ အပြင်ကို ထွက်လာကြသည်။ ဟိုတယ်၏ အောက်ဆုံးထပ်ထောင့်ချိုးတစ်နေရာမှာတော့ ဟိုတယ်ကဖွင့်ထားသည့် ကော်ဖီဘားရှိနေသည်။ ကော်ဖီဘားကတော့ ညလုံးပေါက်ဖွင့်သဖြင့် အခုချိန်မှာ လူစည်ကားကုန်း၊ သီချင်းသီဆို ဖျော်ဖြေရသော တီးဝိုင်းမှ သီချင်းသံ ငြိမ့်ငြိမ့်ကို ကြားရတုန်းဖြစ်ပါသည်။

ကော်ဖီဘားကိုဖြတ်ပြီးမှ ဟိုတယ်အဝင်ဝကို ရောက်မည်ဖြစ်ရာ ညီအစ်မနှစ်ယောက် အဲဒီရှေ့မှာဖြတ်စဉ် ကော်ဖီဘားထဲမှာ ထွက်လာသူတွေနှင့် အမှတ်မထင်ဆုံသွားပါသည်။ အမှတ်မထင်ပဲ မျက်နှာချင်းဆိုင် ကြည့်မိလိုက်ကြလျှင် တစ်ဖက်နဲ့ တစ်ဖက်မှာ အံ့သြမှင်တက်ပြီး ငေးမောငြိမ်သက်သွားခဲ့ပါသည်။

အတန်ကြာမှ မဟေမာကပဲ ...

"ခေမာ"

ဟု သတိပေးသလို ခေါ်လိုက်တော့မှ ခေမာတစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားသလို တစ်ဖက်မှာလည်း အခုမှ အသက်ဝင်လာသလိုဖြစ်သွားသည်။

"ခေမာ ... ခေမာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက စတင်နှုတ်ဆက်လိုက်သံသည် ခေမာ့ကို ကာလများစွာသို့ ဆွဲခေါ်သွားသည့်နှယ်။ ခေမာ ထိုအသံကို လွင့် သွားပြန်သည်။

"ခေမာ ဟုတ်ပါတယ်"

"မတွေ့ဖြစ်ကြတာ တော်တော်ကြာသွားပြီနော်၊ ဒါပေမဲ့ ခေမာက သိပ်မပြောင်းလဲသလိုပဲ"

"ပြောင်းလဲပါတယ် ... ဟင်း ဟင်း ... ခေမာ ဆံပင်တွေ နည်းနည်းစပြီး ဖြူနေပြီ။ ပြီးတော့ ခေမာ ဆယ်ပေါင်း လောက်လည်း ဝိတ်တက်လာပြီ"

မဟေမာသည် ခေမာ စကားရပ်ပြောနှုတ်ဆက်သည် မမှတ်မိလှဘဲ ဘယ်သူမှန်းမသိပေမဲ့ ယဉ်ကျေးမှုအရ ပြုံး၍ နှုတ် ဆက်နေလျှင် ခေမာသည် တည်ငြိမ်သောအသံဖြင့် ...

"မဟေမာ ... ဒါ ကိုရာစုသစ်လေ"

ဟု မိတ်ဆက်ပေးလိုက်သည်။ ထိုအခါ မဟေမာ ထံမှ ...

"သြော် ... ဟုတ်လား"

ဟူသော အာမေဍိတ်သံကို ကြားရတော့သည်။ ရာစုသစ် အသာအယာပြုံးရင်း ...

"ပြန်တွေ့ရတာ ဝမ်းသာပါတယ် မဟေမာ"





"သြော် ... အင်း ... အင်း ... အစ်မလည်း ဝမ်းသာပါတယ်"

"နှစ်ယောက်တည်းလား"

"ဟုတ်တယ်"

"ခေမာ့မိသားစု မပါဘူးလား"

ခေမာ လှို့ဝှက်စွာပြုံးလိုက်ပါသည်။

"ခေမာ့မှာ ဒီမိသားစုပဲရှိတာလေ။ ခေမာ့မိသားစုဆိုတာက အဖေ အမေရယ်၊ မဟေမာနဲ့ မဟေမာရဲ့သမီးနှစ်ယောက် ရယ် ဒါပဲ ရှိပါတယ်"

"ခေမာ့ အမျိုးသားရော"

ရာစုသစ်သည် သိချင်စိတ်ကို မထိန်းနိုင်ဘဲ မေးလိုက် မိသည်။ ခေမာက အပြုံးမပျက်ဘဲ ...

"ခေမာ့မှာ ဘယ်တုန်းကမှ အမျိုးသားတစ်ယောက် မရှိခဲ့ ပါဘူး"

ဟု ဖြေလိုက်သောအသံသည် ရာစုသစ်အား များစွာ တုန်လှုပ် အံ့သြရစေတော့သည်။

"ခေမာ ကိုမိုးအာကာနဲ့ လက်ထပ်ဖြစ်တယ် မဟုတ်လား"

"ခေမာတို့ လက်မထပ်ဖြစ်ပါဘူး"

"သြော် ..."



www.burmeseclassic.com

www.burmeseclassic.com



ရာစုသစ်မှာ ရင်ထဲတွင် နာကျင်ကြေမွသွားသလို အသံဖြင့် ရေရွတ်မိလေသည်။ ခေမာကတော့ ခံနိုင်ရည်ရှိနေဟန် မျက်လုံးတွေဖြင့် ပြန်ကြည့်ရင်း ရာစုသစ် နံဘေးမှာ လက်မောင်း ကြီးချိတ်လျက် ခေမာ့ကို စူးစမ်းသလိုကြည့်နေသူအား ပြုံးရင်း ခေါင်းဆတ်နှုတ်ဆက်နေလေသည်။

"သူလေးက ဘယ်သူလဲ"

"ဪ ... အင်း ... ဒါ ကျွန်တော့်သမီး အကြီးဆုံးလေ ကျွန်တော့်မှာ သမီးနဲ့သား ရှိတယ်"

ခေမာသည် ကလေးမလေးရဲ့ မျက်လုံးတွေကိုကြည့် ရင်း ဪ ... သူ့အဖေနဲ့ တော်တော်တူတာပဲလို့ မှတ်ချက်ချမိ သည်။

"ဖေဖေ အဲဒါ ဒေါ်ခေမာမဟုတ်လား၊ ANGELS BAKERY လုပ်တဲ့ ဒေါ်ခေမာ မဟုတ်လား"

ခေမာသည် သူမကို သိနေသော ကလေးမလေး၏ မေးခွန်းကြောင့် မျက်ခုံးတွေမြင့်တက်သွားပါသည်။ အသက် ဆယ့်နှစ်နှစ်အရွယ် ကလေးမလေး၏ မျက်လုံးထဲမှာတော့ ခေမာ ကို အထင်ကြီး အားကျရိပ်တွေ အထင်းသားတွေ့နေရပါသည်။

"ဟာ ... သမီး သိတယ်လား၊ ဘယ်တုန်းကသိလဲ"





"အာ ... ဖေဖေကလည်း သမီးက မဂ္ဂဇင်းတွေ ဂျာနယ် တွေ အရမ်းဖတ်ထားတာလေ။ အဲဒီထဲမှာ ဒေါ်ခေမာ့ အကြောင်း အမြဲပါတယ်။ ဒီနှစ်အတွက် The Most Successful Woman Of The Year Award ကို ရဖို့တောင် တစ်ပေးခံထားရတယ်။ သမီးက အဲဒီလို အောင်မြင်တဲ့ အမျိုးသမီးတွေကို သိပ်အားကျတာလေ၊ ဒါကြောင့် သူတို့ အကြောင်းဆို အမြဲရှာပြီးဖတ်ထားတာ"

ရာစုသစ်သည် ကိုယ့်သမီးကိုယ် အံ့သြနေပြီး သမီး ပြောပြသမျှပင် ပြန်နားထောင်ရတဲ့သူ ဖြစ်နေသည်။ ကြည့်စမ်း သမီးရဲ့စိတ်ထဲမှာ ခေမာဟာ Hero တစ်ယောက် ဖြစ်နေခဲ့ပါလား ဆိုသော အတွေးကိုလည်း ပီတိဖြစ်စွာ တွေးလိုက်မိသည်။

"အန်တီ သိပ်အောင်မြင်တာပဲနော်၊ သမီးလည်း ကြီးလာ ရင် အဲဒီလိုမျိုးအောင်မြင်မှုရတဲ့ မိန်းမတစ်ယောက် ဖြစ်ချင် တယ်"

"ကြိုးစားပေါ့ သမီးရယ်၊ ဘယ်အရာမဆို ဇွဲရှိရှိနဲ့ ကြိုးစား ရင် ဖြစ်ပါတယ်။ အန်တီလည်း ဘဝမှာ အများကြီးပေးဆပ် ခဲ့ရတာပါ၊ ဇွဲမလျှော့ဘဲနဲ့ ဖြစ်ကိုဖြစ်ရမယ်ဆိုပြီး စိတ်ဝ ပြီး ကြိုးစားခဲ့လို့ ဒီနေ့ ဒီနေရာကို ရောက်ရ



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဆုပေးပွဲ ရှိတယ်နော်၊ အန်တီ အဲဒီဆုကို ရခဲ့လား ဟင်"

ခေမာသည် ပန်းစည်းကြီးနဲ့ ရောကိုင်ထားသဖြင့် ကွယ်နေသော ရုပ်တုကို မြင်သာအောင် ထုတ်ပြလိုက်ပါသည်။

"အို ... သိပ်ဂုဏ်ယူစရာ ကောင်းတာပဲနော်၊ အန်တီ ဒီဆုကို တကယ်ရခဲ့ပြီနော်"

"ဒီဟိုတယ် အပေါ်ဆုံးထပ်ခန်းမမှာ လုပ်တာလေ။ အခု ပွဲပြီးလို့ ပြန်ဖို့ဆင်းလာတာ"

"သမီး သိပ်ဝမ်းသာတာပဲ အန်တီနဲ့ ဒီနေ့ဆုံရတာ သိပ်ဂုဏ်ယူတာပဲ။ သမီး ကျောင်းမှာ သူငယ်ချင်းတွေကို ပြန်ပြောပြရမယ် ပြန်ကြွားရမယ်၊ ရုပ်တုလေးကို သေသေချာချာ မြင်ခဲ့ရတယ်လို့ ပြောရမယ်"

"ကိုင်ကြည့်ချင်ကြည့်လေ"

"ကျေးဇူးတင်ပါတယ် အန်တီ"

ကလေးမလေးက ရုပ်တုကို တရိုတသေ ပွေ့ဖက် ကိုင်ကြည့်ပါသည်။

ခေမာသည် ချစ်ရသောမောင့်ကို လွမ်းခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်လောက်မှာသာ နောက်ဆုံးမြင်ခဲ့ရပြီး အခုချိန်မှာ မျက်နှာချင်းဆိုင်ပြန်ဆုံရတာဟာ ပထမဦးဆုံးဖြစ်သဖြင့် ရင်ထဲမှာ ဝမ်းသာ





ခြင်း၊ ဝမ်းနည်းခြင်းတွေ ရောပြွမ်းခံစားနေခဲ့ရသည်။ ဒီလောက် အကြာကြီးမတွေ့ဘဲ နေခဲ့ကြတာဟာ တမင်ပဲ နှစ်ဦးနှစ်ဖက်စလုံးက တစ်ယောက်နဲ့တစ်ယောက် မဆုံအောင် ရှောင်ခဲ့ကြလို့ပဲလား။ ဒါမှမဟုတ် ကံကြမ္မာကပဲ ပြန်မဆုံဖြစ်ကြအောင် ဖယ်ရှားပေးခဲ့လို့လား။

မောင် ... ဟု ရင်ထဲမှာ ဆွေးဆွေးမြည့်မြည့် တမ်းတမ်းတတ ခေါ်နေမိသည်မှာ ဘယ်နကြိမ်လောက်တောင် ရှိနေပြီလဲ မသိတော့ပြီ။ ခေမာ့ မျက်နှာမှာ အပြုံးတွေလှိုင်လှိုင် ဆင်မြန်းထားရပေမဲ့ ခေမာ့ ရင်ထဲမှာတော့ ငိုသံတွေ ပြည့်နေခဲ့သည်။ ကြည့်စမ်း ... ခေမာ မောင့်ကို သိပ်ချစ်နေဆဲပါလား။ မောင့်နေရာမှာ ဘယ်သူမှ အစားထိုးလို့မရအောင် ချစ်နိုင်ခဲ့တာပါလား။

မောင်ဟာ အခုတော့ အသက်သုံးဆယ့်ရှစ်နှစ်အရွယ် ယောကျ်ားတစ်ယောက်၏ ရင့်ကျက်တည်ငြိမ်မှုတွေနဲ့ ကြည့်ကောင်းနေပါသည်။ မောင့်နားသယ်စပ် ဆံပင်တွေကြားထဲမှာ အဖြူတချို့ ဖွေးခနဲ ရိပ်ခနဲ မြင်ရတော့ မောင်တောင် ဆံပင်ဖြူတွေပေါက်နေပြီပဲလို့ တွေးမိပြန်သည်။

"ကျေးဇူးတင်ပါတယ် အန်တီ။ အန်တီ့ ရုပ်တုလေးကို ကိုင်ကြည့်ခွင့်ရတာ သမီး သိပ်ဝမ်းသာတာပဲ"

"သမီးနာမည်က ဘယ်သူလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ခေမာ နာမည်မေးလိုက်တော့ ရာစုသစ်တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။

"ဖေဖေ သမီး နာမည်ကြားရင် အန်တီ အံ့သြမှာပဲနော်"

ခေမာ နားမလည်သလိုကြည့်နေတုန်း ကလေးမလေး ကပဲ သွက်လက်စွာပင် ...

"သမီးနာမည်နဲ့ အန်တီ့နာမည် အတူတူပဲ၊ သမီးနာမည်က လည်း ခေမာပါပဲ၊ ဒါကြောင့် သမီးက အန်တီနဲ့နာမည်တူ လို့ အန်တီ့ကို အပြင်မှာ မမြင်ဖူးခင်ကတည်းက ခင်နေ တာပါ"

ခေမာသည် ထိုသို့သိခွင့်ရလိုက်သောအခါ များစွာ တုန်လှုပ်အံ့သြသွားပြီး မောင့်ကို စိုက်ကြည့်လိုက်မိပါသည်။

ထိုအခါ မောင်သည် ခေမာ့ကို ကြေကွဲဆွေးမြည့်စွာ ပြန်ကြည့်ပြီး ...

"ဟုတ်တယ် ခေမာ။ သမီးနာမည်ကို ကျွန်တော့်ဘာသာ ခေမာလို့ နာမည်မှည့်ထားလိုက်ပါတယ် ...

ကဲ ... သွားရအောင်သမီး၊ နောက်ကျနေရင် သမီး မေမေနဲ့ မောင်လေး ဖေဖေတို့ဝယ်လာမဲ့ မုန့်တွေမစောင့်ဘဲ အိပ်ကုန်ကြလိမ့်မယ်"





ဟု ခေမာ့ကို ရှင်းပြပြီးသောအခါ သမီးဖြစ်သူကိုပါ တစ်ဆက်တည်း ပြောလိုက်လေသည်။ မောင်ဟာ ခေမာ့ကို နောက်ဆုံးအကြိမ်အနေနဲ့ မှိုင်းညို့စွာ စိုက်ကြည့်ပြီးလျှင် သမီးနှင့် အတူ အရင်ထွက်သွားနှင့်တော့သည်။ ခေမာကား နေရာမှာပင် ကျောက်ရုပ်တစ်ရုပ်လိုပဲ တောင့်တောင့်ကြီးရပ်ကျန်ခဲ့တော့သည်။

သူတို့သားအဖ ထွက်သွားပြီးသည်အထိပင် ခေမာ မလှုပ်မရှားဘဲ ရပ်နေမိ၍ ...

"ခေမာ သွားရအောင်လေ"

လို့ မဟေမာက သတိပေးစကားပြောလိုက်တော့မှပဲ ခေမာ ပြန်သတိဝင်လာခဲ့ပါသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

အပြန်လမ်းမှာ တိတ်ဆိတ်လာလွန်းသော ခေမာ့ကို မဟေမာက အရင်စကားစပြောသည်။

"နင်တို့ အဲဒီလိုပြန်ဆုံရတာမြင်တော့ ငါ့ရင်ထဲမှာတောင် စိတ်မကောင်းဖြစ်ရတယ်"

ခေမာသည် အစိမ့်ပွာယ်မဲ့ ခပ်အက်အက်ရယ်မိသည်။

"တကယ်တော့ နင် ကိုမိုးအာကာကို လက်ထပ်ရင်ရသားနဲ့ လက်မထပ်နိုင်ဘူးလို့ ငြင်းလိုက်တာရဲ့ တရားခံကို ရာစုသစ် လို့ ငါမြင်ပြီး သူ့ကို အဲဒီတုန်းကတော့ တော်တော်အမြင် ကတ်မိတာလေ။ ဒါပေမဲ့ အခုကျတော့ အဖြစ်အပျက်တွေ ဟာ ဆယ့်ငါးနှစ်လောက်ကြာတော့လည်း ဘာမှ မဟုတ် တော့သလိုပါပဲ၊ သူ့ကို အခုမှ ငါ သေသေချာချာ မြင်ဖူး





တာပေမဲ့ သူ့မျက်လုံးတွေကို ကြည့်လိုက်တာနဲ့ ငါ သိသွားတယ်။ သူလည်း နင့်ကို တော်တော် ချစ်ခဲ့တာပဲ လို့"

"ပြီးသွားပါပြီ မဟေမာရယ်။ သူ့လည်း သူ့မိသားစုနဲ့သူ ပျော်နေပါပြီ။ သူ ဖြစ်ချင်တဲ့ အထူးကုဆရာဝန်ကြီးတစ် ယောက်လည်း ဖြစ်နေပါပြီ။ ခေမာ သူနဲ့ ခွဲခဲ့ရကျိုးနပ်ပါ တယ်"

"အေးနော် သူကတော့ သူနဲ့စေ့စပ်ထားတဲ့ မိန်းကလေးနဲ့ ပဲလက်ထပ်ဖြစ်သွားတာကို သတင်းစာထဲမှာ တွေ့လိုက် တာ မှတ်မိပါတယ်။ နင့်သတင်းကျတော့ သူ လုံးဝ နား မစွင့်ထားတော့တာလား မသိဘူး။ ကိုမိုးအာကာနဲ့ လက် မထပ်ဖြစ်ဘူးဆိုတာ သူ ခုမှသိသွားတယ်နော်"

"ခေမာကတော့ သူ ခုမှ သိသွားတာကို ကျေနပ်ပါတယ်"

ခေမာသည် ဘဝမှာ အဖော်မပါဘဲ လျှောက်နိုင်ခဲ့ တာကြာပြီမို့ အခုတော့ ခံနိုင်ရည်ရှိနေပါပြီ။

ကိုမိုးအာကာကို လက်တွဲရင်ရပေမဲ့ ဘယ်လိုမှလက် မခံနိုင်ခဲ့တာကြောင့် လက်ထပ်ဖို့စီစဉ်မယ်ဆိုတော့မှ ပြန်ငြင်းပစ် ခဲ့မိတာတွေ ...။

အဲဒီအတွက် ဒေါ်မိုးမြင့်ရဲ့ ဒေါသတရားတွေ...



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးအာကာရဲ့ ခွင့်လွှတ်မှုတွေ ...။

ခေမာ ယူထားခဲ့သော ကိုမိုးအာကာဆီက အကူအညီမှန်သမျှကို ကိုယ့်လုပ်အားနဲ့ပဲ ကြိုးစားပြန်ရှာဖွေရင်း အကုန်လုံး ပြန်ဆပ်နိုင်ခဲ့တာတွေ စသဖြင့်ကို ရုပ်ရှင်ပြကွက်တွေလိုပဲ ခေမာ ပြန်မြင်ယောင်မိပါသည်။

ခေမာ ဒီလို အောင်မြင်မှုရခဲ့တာဟာ ... ကိုမိုးအာကာရဲ့ ကူညီမှုတွေကြောင့် ရလာခဲ့တယ်ဆိုပေမဲ့ ခေမာ သူ့ဆီကယူခဲ့တဲ့ငွေကြေး အကူအညီတွေ အကုန်လုံးကိုတော့ ပြန်ဆပ်နိုင်ခဲ့ပါသည်။

“ကိုမိုးအာကာဟာ ခေမာရဲ့ ကျေးဇူးရှင်တစ်ယောက်ပါပဲ၊ ကိုမိုးအာကာရဲ့ သိတတ်နားလည်မှုတွေနဲ့ ကူညီခဲ့တာတွေကို ခေမာ တစ်သက်လုံး မမေ့ပါဘူး”

ကိုမိုးအာကာက ခေမာ့အပေါ် အတော်ကြီးနားလည်မှုရှိကာ တကယ့်ကို သည်းခံခွင့်လွှတ်စိတ်ရှိသော ယောကျ်ားကောင်းတစ်ယောက်ပဲ ဖြစ်ပါသည်။

ခေမာသည် သူ့အပေါ် ဘယ်လိုမှ ချစ်လို့မရနိုင်ခဲ့တာမို့ တစ်သက်လုံး လက်တွဲသွားရဖို့ကို မဆုံးဖြတ်ချင်ခဲ့ပါ။

အခုချိန်မှာ ခေမာသည် တစ်ယောက်တည်းနဲ့ ဘဝကို ကျေနပ်စွာ ဖြတ်သန်းကုန်ဆုံးနိုင်ခဲ့သူသာ ဖြစ်တော့လေသည်။





ခေမာသည် ကားပြတင်းပေါက်မှတစ်ဆင့် မှောင်မည်းနေသော ကောင်းကင်ကြီးကို မော့ကြည့်လာခဲ့မိသည်။ ပြည့်ခါနီးဆဲဆဲ လမင်းကြီးနဲ့ ပတ်လည်မှာ ကြယ်ရောင်စုံတို့ လင်းလက်တောက်ပနေဆဲဖြစ်သော ညရဲ့ကောင်းကင်သည် လှပသာယာနေခဲ့သည်။

ခေမာသည် ကြယ်ကလေးများစွာထဲမှ ထူးခြားစွာ တောက်ပလွန်းနေတဲ့ ကြယ်ပွင့်လေးတစ်ပွင့်အဖြစ် ကိုယ့်ကိုယ်ကိုယ် စိတ်ကူးယဉ်ကြည့်မိသောအခါ လွတ်လပ်ပေါ့ပါးသော ပျော်ရွှင်မှုကို ခံစားလိုက်ရလေသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# ကြယ်တစ်ပွင့်ရဲ့ တောက်ပချိန်

www.burmeseclassic.com

www.burmeseclassic.com



"ကြယ်တစ်ပွင့်ဟာ အတောက်ပဆုံး အချိန်တစ်ချိန်ကို ရောက်ရှိလာတဲ့အခါ ဘယ်အကူအညီမှမလိုဘဲ ကိုယ်ပိုင်အလင်းရောင်နဲ့ တောက်ပလင်းလက်နိုင်တယ်ဆိုတာတော့ အသေချာဆုံးဖြစ်ပါတယ်"

(ဒေမာ)

❖ ❤ ❖



(ဆေးတက္ကသိုလ်)
17th October,
Wednesday,
2007.

www.burmeseclassic.com

www.burmeseclassic.com

"ရှင် အဲဒီလို မတရား လုပ်မနေနဲ့
ရတနာသိုက် သေသွားခဲ့တာ မှန်တယ်၊
အေး... ဒါပေမယ့်...
သူဟာ မကောင်းဆိုးဝါးဘဝနဲ့
အားလုံးကို ခြောက်လှန့်နေတာလည်း အမှန်ပဲ"
"ဟေ့...ရတနာသိုက်
ဒီအိမ်မှာ မင်းတကယ် ရှိနေတယ်ဆိုရင်
ထွက်လာခဲ့စမ်းကွာ...
ထွက်လာခဲ့၊ အခု ထွက်လာခဲ့..."
စိုင်းဝဏ္ဏ ဘာသံများ ထပ်ကြားရလိမ့်မလဲဟူသော ပုံစံနှင့်
အပေါ်ထပ်ကို နားစွင့်နေမိသည်၊ အတန်ကြာလျှင်
အိမ်ပေါ်မှ လမ်းလျှောက်သွားသော ခြေသံများကို
စိုင်းဝဏ္ဏအပါအဝင် တစ်အိမ်သားလုံး
နားနှင့်ဆတ်ဆတ် ကြားလိုက်ရလေသည်၊
သိုက်သည် သူမ၏ ဝိညာဉ်ရှိနေကြောင်း
တကယ်ပဲ သက်သေပြလိုက်တာပဲလား...၊



# သုမြတ်မွန်မွန်

နေမဝင်ချယ်ရီ

(၃၀) မြောက် ပုလဲရတု အထိမ်းအမှတ်

ထွက်တော့မည်

www.burmeseclassic.com